# မိစ္ဆာဂါဟဘေဒနီကျမ်း

(တမ္ဗနယုဂန္ဓ၈)

မန္တလေးမြို့၊

"သံလျက်မှော်အနောက်ပိုင်း၊ ရွာဝတီ တာရိုးအနီးရှိ"

သာသနာ့ဝဇ္ဇကထိကအကျော်၊ ပေပင်ကျောင်းတိုက်၊ ပေပင် ဆရာတော်

ဘုရားကြီး၏၊ အန္တေဝါသိက — တပည့်ကြီး



သိက္ခာတော် — ၂၅ ဝါရ၊ ဂဏဝါစကာ၊ ဓမ္မကထိက,

"ဘဒ္ဒန္တသုဂန္တရ၊ မဟာထေရ်မြတ်၊ ရေးသား စီရင်သော၊"

# မိစ္ဆာဂဟာဏဆေဒနီကျမ်း။

သက္ကရာဇ် — ၁၃၁၄ ခု၊ တပေါင်းလတွင်၊ ရေးသားပြီးစီးပါကြောင်း၊

၁၃၁၅ ခု၊ ဒုတိယဝါဆိုလတွင်၊ စက်တင်ပုံနှိပ် ပြီးစီးသည်၊

"မျိုးစေ့ပုံနှိပ်တိုက်တွင်၊ ပုံနှိပ်သည်၊" စာစီ — "ဆရာပေါ်၊"

# အမှာစကားရပ်။

———000———

ကြို့ဥက္ကာဗ္ဗ ဥပဒုဇ္ဇမ၊ အနုဋ္ဌာရမှန်ကူ။ သယဏ္ဍူ့ထွန့်ထား။ ရှင်တော်မြတ် ဘုရားသည်။ လူနတ် ဗြဟ္မာ၊ သတ္တဝါတို့၏။ အကျိုးစီးပွါးအလို့ငှါ။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပါတ်လုံး။ ပါရမီဗိန်ှုံးကို၊ လက်သုံး ကိုင်စွဲပြီးလျှင်။ ငါးအင်မာရ်ယုတ်၊ ရန်ခလုပ်ကို။ ပါယ်နှုတ်သုတ်သင်၊ အောင်မြင်တော်မူပြီး၍၊ လေးဆဲ့ငါးဝါ ရှည်မြင့်ကြာအောင်၊ ဒေသနာအမြိုက်ဆေးဖြင့်။ တိုက်ကြွေးတော်မူသော-တရားတော်သည်ကား။ ဝိမုတ္တိရသအားဖြင့်တပါး။ ဓမ္မဝိနယအားဖြင့်နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး။ အင်္ဂါအားဖြင့်-ကိုးပါး။ ဓမ္မက္ခန္ဓာအားဖြင့်။ ရှစ်သောင်းလေးထောင်၊ များပြောင်သချေ။ ဝေနေအများ။ သတ္တဝါအားကို၊ သနားကရုဏာ၊ ပုဗ္ဗဂ်မစေတနာဖြင့်။ ခေမာသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့၊ တက်လှမ်းလိုသူ။ များမိုးလ်လူတို့။ စည်ဖြူနှုလုံး။ ကျင့်သုံးအညီ။ ပါရမီကို။ အလီလီ-အဝဝ။ ပြည့်ပုံကြ၍။ ပေးလှူစာဂ၊ မြတ်သီလနှင့်။ ပွါးကြဘာဝနာ။ အဖြာဖြာကို။ မကွာနေ့ည အားထုတ်ကြရန်။ ရုပ်နှင့်-နာမ်ကို။ အမှန်တိဘိ၊ ဧကန်သိမှ။ ပြည်မ-နိဗ္ဗာန်၊ ရောက်လွယ်ကူသည်။ သူတော်ကလျာဏ၊ ဟူသမျှတို့။ ဘဝတိုတို၊ မဂ်နှင့် ဖိုလ်ကို။ လိုအင်ဆန္ဒ၊ ပြည့်ပုံကြ၍။ ခနမကြာ၊ မြတ်ချမ်းသာကို၊ လျှင်စွာဆောရောက်၊ ကူးမြောက်နိုင်ကြပါစေကုန်သတည်း။

၎င်း ကျမ်းစာအုပ်ကို။ ကြည့်ရှုကြသူ၊ ရှင်—လူ—ခပ်သိမ်း-တို့သည်။ ပုထုဇဉ်တို့၏ သဘာဝဖြင့်။ ပမာဒလေ၍။ ရွင်းမှားသော, ပုဒ်၊ ပါဒ်၊ အက္ခရာ၊ ဝါကျ-စကားများတွေ့ရှိကြပါက။ အပြစ်မတင်၊ မေတ္တာစိတ်ဝင်ပြီးလျှင်။ ပြင်ဆင်၍ ဘတ်ရှုတော်မူကြစေရန်။ မေတ္တာရပ်ခံလိုက်ပါသည်။ ။

**No. A.**

# မာတိကာ။

| ဦးရေ၊ | ကျမ်းခေါင်းစဉ်၊ | စာမျက်နှာ၊ |
|---|---|---|
| ၁။ | ဘုရားမည်ခြင်း၏အကြောင်း–ခွဲပြချက်။ | ၁။ |
| ၂။ | တရားမည်ခြင်း၏အကြောင်း။ | ၂။ |
| ၃။ | သံဃာမည်ခြင်း၏အကြောင်း။ | ၃။ |
| ၄။ | ရတနတ္တယ–ပဏာမနိဒါန်းကိုပြခြင်း။ | ၄။ |
| ၅။ | မြတ်စွာဘုရားသခင်အား၊ ကာယကံဖြင့်၊ ရှိခိုး–ပူဇော်ရသော,စေတနာကံကြောင့်၊ ပါယ်ငရဲမှ လွတ်ကင်း၍။ တာဝတိံသာ နတ်ပြည်သို့ ရောက် ရသော–စဏ္ဍာလိ–ဝတ္ထု။ | ၁၀။ |
| ၆။ | မြတ်စွာဘုရားသခင်အား။ ကာယကံဖြင့်–အင်ကြင်းပန်း––လှူဒါန်း ရသော စေတနာကံ ကြောင့်။ ဒုဂ္ဂတိဘဝမှလွတ်မြောက်၍။ သုဂတိဘဝ သို့ရောက်ရသော၊ စက္ကဝါက်ငှက်မင်းဝတ္ထု။ | ၁၅။ |
| ၇။ | မြတ်စွာဘုရားသခင်အား၊ ကာယကံဖြင့်။ ရှိခိုး ပူဇော်ရသော,စေတနာကံကြောင့်၊ ပစ္စေကဗုဒ္ဓါ ဖြစ်လတံ့ဟု ဗျာဒိတ်ရသော,ခင်ပုတ်ငှက်ဝတ္ထု။ | ၂၆။ |
| ၈။ | မြတ်စွာဘုရား သခင်အား၊ ဝစီကံဖြင့်–ရှိခိုး ပူဇော်၍၊ ဂုဏ်တော်အပေါင်းကို၊ ချီးမွမ်းခြင်း ဝစီကံကြောင့်။ သတရံသီ–ရဟန္တာဝတ္ထု။ | ၂၇။ |
| ၉။ | မြတ်စွာဘုရားသခင်၏ဂုဏ်တော်ကို၊ ရွတ်ဘတ် သရဇ္ဈာယ်၍၊ သေဘေးမှလွတ်မြောက်ပြီးလျှင်၊ ချမ်းသာသုခကိုခံစားလျက်၊ သောတာပန်တည် သွားသော၊ ထင်းလှည်းသွား,သားအဖတို့ဝတ္ထု။ | ၃၂။ |
| ၁၀။ | မြတ်ဘုရားသခင်၏–ရောင်ခြည်တော်ကို၊ မနော ကံဖြင့်၊ ကြည်ညို ရခြင်းကြောင့်။ တာဝတိံသာ | |

ဦးရေ၊ ကျမ်းခေါင်းစဉ်၊ စာမျက်နှာ၊

နတ်ပြည်သို့ရောက်၍၊ သောတာပန်တည်သွားသော-မဋ္ဌကုဏ္ဍလီဝတ္ထု။ ၃၇။
၁၁။ မြတ်စွာဘုရားသခင်၏ အသံတော်ကိုအာရုံပြု၍ ကြည်ညိုရသော, စေတနာကံကြောင့်။ ဒုဂ္ဂတိဘဝမှ လွတ်ကင်း၍။ တာဝတိံသာ နတ်ပြည်သို့ရောက်ရသော-ဖါးနတ်သားဝတ္ထု။ ၄၉။
၁၂။ ဒုလ္လဘတရားငါးပါးကိုခွဲပြချက်။ ၅၃။
၁၃။ တရားဟောပုဂ္ဂိုလ်တို့၏အင်္ဂါကိုခွဲပြချက်။ ၆၂။
၁၄။ တရားတော်ကို မှောက်လှန်၍။ မွှေကို၊ အမွှေ။ အမွှေကို၊ မွှေ-ဟုပြောဆိုသော၊ ကပိလရဟန်းကြီးဝတ္ထု။ ၆၃။
၁၅။ အသေဝနာစ ဗာလာနံ-ဟူသောပုဒ်အရ။ မမှိုဲမဆည်းကပ်အပ်သောသူကို၊မှိုဲဆည်းကပ်ခြင်းကြောင့်၊ ငရဲသို့ကျရသော,အဇာတသတ်ဝတ္ထု။ ၆၈။
၁၆။ ပဏ္ဍိတာနဉ္စသေဝနာ-ဟူသောပုဒ်အရ၊ သပ္ပုရိသပနိသျှကို မှိုဲဆည်းကပ်ခြင်းကြောင့်။ အပိစိငရဲသို့မကျဘဲ။ ရဟန္တာဖြစ်သွားသော, အင်္ဂုလိမာလဝတ္ထု။ ၇၂။
၁၇။ တရားနာကြသော ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကိုခွဲပြခြင်း။ ၇၃။
၁၈။ ပုညကြိယာ ဆယ်ပါးကိုခွဲပြခြင်း။ ၇၄။
၁၉။ ပါရမီအပြားသုံးဆယ်ကိုခွဲပြခြင်း။ ၇၆။
၂၀။ ဒါနမည်ခြင်း၏အကြောင်းကိုခွဲပြခြင်း။ ၈၅။
၂၁။ စေတနာသုံးချက်ကိုခွဲပြခြင်း။ ၉၀။
၂၂။ ငဋ္ဌနိဿိတ၊ ဝိဝဋ္ဋနိဿိတ-နှစ်ပါးကိုခွဲပြခြင်း။ ၉၄။

ရုပ်အစရှိသော၊ ခန္ဓာငါးပါးတို့ကို။ ဥပဒါယ၊ စွဲ၍။ ဘဂဝတိ၊ ဘုရားဟူ၍။ ပညတ္တော၊ ပညတ်အပ်သော။ သဗ္ဗညုတညာဏာဒိ အပရိမေယျ ဂုဏဂဏာဓါရော၊ သဗ္ဗညုတဉာဏ် အစရှိသော၊ မနှိုင်းယှဉ်အပ်သော ဂုဏ်အပေါင်းတို့၏တည်ရာဖြစ်သော။ ခန္ဓသန္တာနေဝ၊ ခန္ဓာသန္တာန်တော်သည်သာလျှင်။ သမ္မာသမ္ဗုဒ္ဓေါနာမ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။

၂။ “အဘယ်ကြောင့်–တရားမည်သနည်း။”

အတ္တာနံ ဓါရေန္တေ စတုသု အပါယေသု၊
ဝဋ္ဋဒုက္ခေသုစ၊ အပတမာနေ ကတွာဓါရေတီ
တိ ဓမ္မော။ ။(ဋီကာကျော်။)

ယောသဘာဝေါ၊ အကြင်သဘောတရားသည်။ အတ္တာနံ၊ မိမိကို။ ဓါရေန္တေ၊ ဆောင်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ စတုသု၊ လေးပါးကုန်သော။ အပါယေသုစ၊ အပါယ်ဘုံတို့၌၎င်း။ ဝဋ္ဋဒုက္ခေသုစ၊ ဝဋ်ဆင်းရဲတို့၌၎င်း။ အပတမာနေ-မကျစေသည် တို့ကို။ ကတွာ၊ ပြု၍။ ဓါရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောသဘာဝေါ၊ ထို သဘောတရားသည်။ ဓမ္မော၊ ဓမ္မမည်၏။

(တနည်း။) သောအတ္ထတော အရိယမဂ္ဂေါစေဝ နိဗ္ဗာနဉ္စ။ (သံလက္ခံအဋ္ဌကထာ။) သောဓမ္မော၊ ထိုတရားသည်။ အတ္ထတော၊ မုချဖြစ်သောအနက်အားဖြင့်။ အရိယမဂ္ဂေါစေဝ၊ အရိယာမဂ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်လည်း။ ဟောတိ၊ ဖြစ်၏။

(တနည်း။) နကေဝလဉ္စ၊ အရိယမဂ္ဂေါစေဝ၊ နိဗ္ဗာနဉ္စ၊ အပိစ ခေါ အရိယ ဖလေဟိ သဒ္ဓိံ ပရိယတ္တိ ဓမ္မောပိ။

(သီလက္ခန္ဓအဋ္ဌကထာ။) ။ကေဝလဋ္ဌ၊ သက်သက်ကား၊ အရိယာဝမပ္ပေါဝေဝ၊ အရိယာမဂ်သည် ဂုင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်ဂုင်း။ ဓမ္မော၊ ဓမ္မမည်သည်။ နှ၊ မဟုတ်သေး၊ အပိစခေါ၊ စင်စစ်သော်ကား။ အရိယာဖလေဟိ၊ အရိယာဖိုလ်တို့နှင့်၊ သဒ္ဓိံ၊ တကွ၊ ပရိယတ္တိဓမ္မောပိ၊ ပရိယတ်ဓမ္မ သည်လည်း၊ ဓမ္မော၊ ဓမ္မမည်၏။ မဂ်လေးပါး နိဗ္ဗာန်သည်၊ မုချတရားမည်၏။ ဖိုလ်လေးပါး ပရိယတ်သည်၊ ဥပစာရတရားမည်၏။ ပေါင်း ဆယ်ပါးသည်၊ တရားချည်းမည်၏။

၃၊ "အဘယ်ကြောင့် သံဃာမည်သနည်း။)

စတုဝဂ္ဂါဒိအရိယ နရိယဘူတာဘိက္ခု သမူ
ဟော သမဂ္ဂံ ကမ္မံ သမုပ ဂစ္ဆတီတိ သံဃော။ ၊
(ပုဂ္ဂလပညတ်အဋ္ဌကထာ။)

စတုဝဂ္ဂါဒိအရိယ နရိယဘူတာဘိက္ခုသမူဟော၊ စတုဝဂ်အစရှိသော၊ အရိယာ ပုထုဇဉ် ဖြစ်၍ ဖြစ် သော၊ ရဟန်းအပေါင်းသည်။ သမဂ္ဂံကမ္မံ၊ အညီအညွတ်။ ဥပုသ် ပဝါရဏာစသောကံသို့။ သမုပဂစ္ဆတိ၊ ကောင်းစွာရောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ သော သမူဟော၊ ထိုအရိယာပုထုဇဉ် ရဟန်းအပေါင်းသည်။ သံဃော၊ သံဃာ မည်၏။

(တနည်း။) ကော အယံ တာတာဘိက္ခုသံဃော နာမာတိ၊ ယံ နိဿာယ မဟာရာဇာ အမှာကံ အာစရိယ ပဏ္ဍာယာ နဋ္ဌမမဝ ပဗ္ဗဇ္ဇာဝ ဥပသမ္ပဒါစာတိ၊ ။ပါရာဇိကကဏ်၊ ။တာတ၊ ချစ်သား နိဂြောဓသာမဏေ။ အယံဘိက္ခု သံဃော နာမ၊ ဤ ဘိက္ခုသံဃာ မည်သည်ကား၊ ကော၊ အဘယ်သို့ သဘောရှိသနည်း။ ဣတိ၊ ဤသို့မေးလျှောက်၏။ မဟာရာဇာ၊

မွှာသောက မင်းကြီး။ ယံ ဘိက္ခု သံဃာံ၊ အကြင် ဘိက္ခုသံဃာကို။ နိဿာယ၊ အမှီပြု၍။ အမှာကံ၊ ငါတို့၏။ အာစရိယုပဇ္ဈာယာနဉ္စ၊ ဆရာဥပဇ္ဈာယ်တို့၏ရင်း။ မမစ၊ ငါ၏ရင်း။ ပဗ္ဗဇ္ဇာစ၊ ရှင်အဖြစ်သည်ရင်း။ ဥပသမ္ပဒါစ၊ ရဟန်း အဖြစ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ သဘော ရှိသည့်လျှင်။ ဘိက္ခုသံဃောနာမ၊ ဘိက္ခုသံဃာမည်၏။

## ဘုရား တရား သံဃာ-ရတနာသုံးပါး မည် ခြင်း အကြောင်း ပြီးပြီ။

---

၄။ "ရတနတ္တယ-ပဏာမနိဒါန်း။"

အရဟာဒိ နဝ ဂုဏံ၊ ဇိနံ ဓမ္မဉ္စ သံဃညံ၊
အာစေရံ ဝန္ဒ ဂုဏာတံ၊ ဘာသမ္မာလေတုမံသဒ္ဒါ။ ။

အရဟာဒိနဝဂုဏံ-အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့၏ တည်ရာဖြစ်တော်မူထသော။ ဇိနဉ္စ၊ သဗ္ဗာလေးတန်။ မြိုက်နိဗ္ဗာန်ကို။ ကြေနံသိမြင်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုရင်း။ အမလံ၊ ညစ်ကျေးမထင်၊ ဖြူစင်သန့်ရှင်းသော။ ဓမ္မဉ္စ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ္တိ တည်းဟူသော။ ဆယ်ပါးသော တရားတော် မြတ်ကို ရင်း။ ဥတ္တံ-ဥတ္တမံ၊ နှပ်အပ်ပြီးသော အင်္ဂါရှိသော။ သံဃဉ္စ၊ မဂ္ဂ လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော။ ရှစ်ယောက်သော-ပရမတ္ထသံဃာတော်မြတ် အပေါင်းကိုရင်း။ ဂုဏတံ-ဂုဏနန္တာနံ၊အနန္တဂုဏ်းဝင်။ကျေးဇူးရှင်ဖြစ်တော်မူကြပေကုန်သော။ အာစေရံ-အာစေရဉ္စ၊ ငယ်စဉ်ကလေးက ဆုံးမပဲ့ပြင်။ သွန်သင်ပေကြသော။ အဂ္ဂမဟာပဏ္ဍိတ၊ မဟာ

အောင်မြေဘုံစံ ဆရာတော် ဘုရားကြီးကို ၎င်း။ အာစရေ၊ အာစရေရဋ္ဌ၊ ဖါးကူးဓွာန။ ဿဂါမန္ဒ။ ထာဝရမွေ့လျော်။ ပထ မကျော်ပြန်။ မိုးယ်းကောင်း ဆရာတော် ဘုရားကြီးကို ၎င်း။ အာစေ၍–အာစရေရဋ္ဌ၊ မန္တလဒွာနိ။ မင်းနေပြည်ဝယ်။ တင့် တယ်သိုက်မြိုက်။ ယာပိုက်လေးထီ။ မြတ်ဝသိဖြင့်။ အညီကျင့် မှု။ တကာ-တကမ-အများ။ တပည့်သားတို့အား။ တရားခမ္ဘ ဟောညွှန်ပြလျက်။ သိက္ခာကာမ၊ လဇ္ဇီပေသလ၊ ရုရနှစ်ဖြာ၊ ပြည့်ဂုံတော်မူပါပေသော။ ဩဝါဒစရိယ။ ပေပင်—ဆရာ တော်ဘုရားကြီးကို ၎င်း။ အာစေ၍–အာစရေရဋ္ဌ၊ ဇစ်ကိုင်း– ဒိစကြဘ်။ နယ်နိမိတ်၏။ ဂုဏ်ပတိတ်တင့်ဖြာ။ တောင်ကြား ဿဂါမန္ဒ။ ယာပိုက်လေးထီ။ မှုညီသွင်ပြုး။ သိတင်းသုံးနေ ထိုင်တော်မူပေသော။ ဩဝါဒစရိယ။ တောကျောင်း–ဆရာ တော်ဘုရားကြီးကို၎င်း၊ ဝဿ-ဝဿာမိ၊ ဘယလာဘ• ကုလ ကြည်ရှောင်း။ ဂုဏ်တော် အပေါင်းကို။ အောင်းမေ့ သဖြင့်။ အသင့်နှစ်သုံး။ ဆို့ပိတ်ဖုံးသျှက်။ သုံးတန်စေဘနာ။ သုံးဖြာ ဌါရ။ ပဏာမဖြင့်။ ကြည်ဆွသဋ္ဌါ။ ၍ခိုးပါ၏- အရှင်ဘုရား။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ တော၊ ထုံ–ဥဋ္ဌ၊ မွေ့၊ သိဿ-သုံးဖြာ။ အနန္တ ဂိုဏ်းဝင်။ဆရာတော်သခင်။အရှင်သူမြတ်တို့သည်။သဋ္ဌါ၊ အ ခါခပ်သိမ်း။မဘိန်းမစောင်းရအောင်။ မံ၊အနဂ္ဃအငစ်။ငကန် ဖြစ်သည့်။ အနှစ်သာရ။ ရှာမရ၍။ အတ္တမဟုတ်။ အကျွန်ုပ် ကို။ သမ္မာလေတု၊ နိဗ္ဗာန်သာခေါင်။ ဘေးမဲ့တောင်ကို။ရေဲ အောင်ဗိတ်သား။ သမာဓိဘာရားဖြင့်။ ထင်ရှားစောင့်ရှောက် တော်မူပါစေသတည်း။ ။

No 2.

## ရတနတ္တယ-ပဏာမ-ဂန္ထနာ။

ပူဇနီယျ၊ ပူဇေတဗ္ဗ၊ ပူဇာရဟ၊ ဝန္ဒနီယျ၊ ဝန္ဒေတဗ္ဗ၊ ဝန္ဒာရဟ ဖြစ်တော်မူသော။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဟုဆိုအပ်သော။ သိက္ခာသုံးရပ်။ ဤဆိုအပ်ခဲ့ပြီးသော။ ပူဇော်အပ်-ပူဇော်ထိုက်။ ရှိခိုးအပ်-ရှိခိုးထိုက်-သော။ ရတနာသုံးပါး၊ အနန္တဂိုဏ်းဝင်။ ဆရာတော် အရှင် သူမြတ် တို့အား။ ကာယပဏာမ။ ဝစီပဏာမ။ မနောပဏာမ။ ကာယကံ။ ဝစီကံ။ မနောကံ။ ကာယဒွါရ။ ဝစီဒွါရ။ မနောဒွါရ-ဟုဆိုအပ်သော။ ရှိခိုးခြင်းကြိယာသည်။ ပဏာမဝန္ဒာ-စေတနာကံဟုမှတ်။ (တာကြောင့်။— အဘိဓမ္မတ္ထသင်္ဂြိုဟ်—အဋ္ဌကထာ၌။) ကာမာဝစရကုသလမှိ၊ ကာယဒွါရေပဝတ္တံ၊ ကာယကမ္မံ၊ ဝစီဒွါရေပဝတ္တံ၊ ဝစီကမ္မံ၊ မနောဒွါရေပဝတ္တံ၊ မနောကမ္မဉ္စာတိ၊ ကမ္မဒွါရ ဝသေန၊ တိဝိဓံ ဟောတိ။ ။

၎င်း အဋ္ဌကထာ၏ အနက် ကား။ ။ကာမာဝစရ ကုသလမှိ။ ကာမာဝစရ ကုသိုလ်ကံသည်လည်း။ ကာယဒွါရေ၊ ကာယဒွါရ၌။ ပဝတ္တံ၊ ဖြစ်သော။ ကာယကမ္မံ၊ ကာယကံရင်း။ ဝစီဒွါရေ။ ဝစီဒွါရ၌။ ပဝတ္တံ။ ဖြစ်သော။ ဝစီကမ္မံ။ ဝစီကံရင်း။ မနောဒွါရေ။ မနောဒွါရ၌။ ပဝတ္တံ။ ဖြစ်သော။ မနောကမ္မံ။ မနောကံရင်း။ ဣတိ။ ဤသို့။ ကမ္မဒွါရဝသေန။ ကမ္မဒွါရ၏ အစွမ်းအားဖြင့်။ တိဝိဓံ။ သုံးပါးအပြားရှိသည်။ ဟောတိ။ ဖြစ်၏။ ဤသို့ ရှိခိုးခြင်း ပူဇော်ခြင်း အရိုအသေ ပြုခြင်း အလေးအမြတ်ပြုခြင်း။ မိမိကိုယ်ကို။ နိဝါတတရားဖြင့်။ သက္ကစ္စ ဂါရဝ ပြုရသော။ စေတနာကံ သုံးပါးသည်။ ပစ္စုပ္ပန်လောက၌။ အာယု-ဝဏ္ဏ-သုခ-ဗလ-ပဋိဘာန-ဆိုတဲ့။ အကျိုးထူး တရား တို့ကို ခံစားရခြင်း။ တမလွန်

လောကဝ်၌။ ကောင်းမြတ်သော သုဂတိဘဝကို ရ၍။ အဆုံး
၌နိဗ္ဗာနဝ်၌။ မင်္ဂဖိုလ်တရားကို ရကြဲ၍။ အကျိုးထူး မဟာမွ
လ-တရားတို့ကို ခံစားရခြင်းသည်။ ရှိခိုးခြင်း ကြံယာ စေတ
နာက်ဟုမှတ်။ ဤတွင် ရတနတ္တယပဏာမကို ပြုရခြင်း။ ဖွံဖိ
အလိုဆန္ဒ ပြည့်ဝပုံလင်ခြင်း၊ ပရိညာတဗ္ဗဟုဆိုအပ်သော။ ဤ
ကျမ်းငါ့အရဲ့ကို ရေးသားသည့်အခါမှာ။ ကျမ်းပြုဆရာတို့၏
ထုံးဘန်းစဉ်လာ။ မွေ့တာသဘောဖြင့်။ ရှေ့ဦးအစ၊ ရတ
နတ္တယ၊ ပဏာမ၊ ပုဗ္ဗက၊ ဂန္ထာရမ္ဘ၊ အန္တရာယဝိသောဓနဖွင့်ာ
ယ-အလို့ငှါ။ ရှိခိုးခြင်းဝန္ဒနာကို ပြုအပ်သည်ဟုမှတ်။

## ရှိခိုးခြင်း၏ အင်္ဂါငါးပါးကို ပြဦးအံ့။

ပဉ္စပတိဋ္ဌိတ-ပဏာမအရမ့်ာ။ ရတနာသုံးပါး၊ ဆရာ
သွား၊ အမိ-အဖ, တို့အား။ ဂါရဝတရား ရှေ့သွား၍။ ရှိခိုး
သောအခါ။ ပုဆစ်ဒူးနှစ်ဘက်၊ လက်နှစ်ဘက်။ နဖူးပြင်။ ဤ
ငါးပါးသော-ထိခြင်းတို့ဖြင့် ရှိခိုးခြင်းသည်။ ပဉ္စပတိဋ္ဌိတမည်
၏။ ထို့ကြောင့်။ ။ပဋိသမ္ဘိဒါမဂ်-ဂဏ္ဌိပုဒ်၌။ ။ပဉ္စပတိဋ္ဌိ
တေနာတိ၊ ဒွိဇာဏူ၊ ဒွိဟတ္ထ၊ နလာတေဟိ၊ ပဉ္စပတိဋ္ဌိတံ
ကတွာ-ဟုလာသည်။ ။

(အနက်ကား။) ပဉ္စပတိဋ္ဌိတေနာတိ၊ပဉ္စပတိဋ္ဌိတေန ဟူ
သည်ကား။ ဒွိဇာဏူ၊ ဒွိဟတ္ထ၊ နလာတေဟိ၊ ပုဆစ်ဒူးနှစ်
ဘက်။ လက်နှစ်ဘက်၊ နဖူးပြင်တို့ဖြင့်။ ပဉ္စပတိဋ္ဌိတံ၊ ငါးပါး
သောတည်ခြင်းကို။ ကတွာ၊ ပြု၍။ ဤသို့-အင်္ဂါငါးပါးနှင့်ညီ
ညွတ်အောင် ရှိခိုးမှုသာလျှင်။ ကာယဒွါရ၊ ကာယကံ။ ဝစီ
ဒွါရ၊ ဝစီကံ။ မနောဒွါရ၊ မနောကံ-ဟုမှတ်။

တနည်းပြဦးအံ့။ ။သီလက္ခန်-ဋီကာသစ်-သာမညဖလ
သုတ်၌။ ။ပဉ္စပတိဋ္ဌိတေနာတိဇဏ္ဏု၊ ပဉ္စဟင်္ဂေဟိ၊ အဘိမုခံ

ဋ္ဌိတောနာဘိအင်္ဂုဋ္ဌာ၊ ပါဒ၊ ဇာဏု၊ ကပ္ပရ၊ ဟတ္ထ၊ သီသ၊ သန္ဓိ တာနိ၊ ပဉ္စအင်္ဂါနိ၊ သမံကတွာ၊ ဩနာမေတွာ၊ အဘိမုခံ ဋ္ဌိတေန ပထမံ၊ ဝန္ဒိတွာဘိ၊ ဝုတ္တံ ဟောတိ။ ။

(အနက်ကား။) ပဉ္စပတိဋ္ဌိတေနာဘိဋ္ဌော၊ ပဉ္စပတိဋ္ဌိတေ နာ-ဟူသော ဤပါဌ်၌။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့ဖြင့်။ အဘိမုခံ၊ ပူဇော်ရာဌာနသို့ရှေ့ရှု၊ ဋ္ဌိတေန၊ တည် သဖြင့်။ ဣတိအယံ၊ ဤသည်ကား။ အင်္ဂုဋ္ဌာ၊ အနက်တည်း။ ပါဒ၊ ဇာဏု၊ ကပ္ပရ၊ ဟတ္ထ၊ သီသ၊ သန္ဓိတာနိ။ ခြေ၊ ပုဆစ်၊ တတောင်ဆစ်၊ လက်၊ ဦးခေါင်း-ဟုဆိုအပ်သော။ ပဉ္စအင်္ဂါနိ၊ ငါးပါးသော အင်္ဂါတို့ကို။ သမံကတွာ၊ ညီစွာပြု၍။ ဩနာမေ တွာ၊ ညွတ်ခါကွား၍။ အဘိမုခံ၊ ရှေ့ရှု၊ ဋ္ဌိတေန၊ တည်သဖြင့်။ ပထမံ၊ ရှေးဦးစွာ။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဣတိအယံအဓိပ္ပါယံ၊ ဤသို့သော အလိုကို။ ဝုတ္တံ ဝုစ္စတ္တာ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

## ဣရိယာပထ-လေးပါးဖြင့်။ ရှိခိုးခြင်းစေတနာကံကို ပြဦးအံ့။

ဣရိယာပထ လေး ပါး ဖြင့် ရှိခိုးရ ခြင်း သည်။ ဝစီဒွါရ၊ မနောဒွါရ-ဖြင့် ရှိခိုးခြင်းမည်၏။ အရဟံအစရှိသော-ဘုရား ဂုဏ်တော်။ သွာက္ခာတော-အစရှိသော၊ တရား တော် ၏ ဂုဏ် တော်။ သုပ္ပဋိပန္နော-အစရှိသော၊ သံ ဃာ တော်-ဂုဏ် တော်စသည်တို့ကို။ အိပ်သောအခါ၌ အဖန်ဘလဲလဲ အောင်း မေ့ခြင်း။ ထိုင်သောအခါ၌ အဖန်တလဲလဲ အောင်းမေ့ နှစ်သုံး သွင်းခြင်း။ ရပ်သောအခါ၌ အဖန်ဘလဲလဲ အောင်းမေ့ ဆင် ခြင်၍ ပွါးများခြင်း။ သွားသောအခါ၌ အဖန်ဖန် အောင်းမေ့

ပွါးများခြင်းသည်။ အကျိုးထူးမဟာပ္ဖလကို။ ရအပ်-ခံစားအပ်သည်ဟုမှတ်။

ဝစသာ မနသာစေဝ ဝန္ဒာမေ တေ တထာဂတေ။
သယနေ ဌာနေ အာသနေ ဂမနေစာပိသဗ္ဗဒါ။ ။
(ပရိတ္တသုတ်ပါဠိတော်။)

(အနက်။) ပုရိသုတ္တမေ၊ ယောက်ျားတကာ၊သတ္တဝါတို့ထက် မြတ်ကုန်ထသော။ ဧတေတထာဂတေ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို။ သယနေစ၊ အိပ်သောအခါ၌၎င်း။ ဌာနေစ၊ ရပ်သောအခါ၌၎င်း။ အာသနေစ၊ ထိုင်သောအခါ၌၎င်း။ ဂမနေစာပိ၊ သွားသောအခါ၌၎င်း။ သဗ္ဗဒါ၊ ဘယ်ခါမပြတ်၊ အခါခပ်သိမ်း။ ဝစသာစေဝ၊ ဝစီဒွါရဖြင့်၎င်း။ မနသာစေဝ၊ မနောဒွါရဖြင့်၎င်း။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ယခုပါဠိတော်-အဋ္ဌကထာလာသော။ အဓိပ္ပါယ်ယတ္တ၊ ဝါကျစကားအရမှာ။ ရတနာမြတ်သုံးပါးတို့အား။ ကာယကံ၊ ဝစီကံ၊ မနောကံတည်း ဟူသော။ စေတနာကံ သုံးပါးတို့ဖြင့်။ ဓါတုစေတီ။ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ။ ပရိဘောဂစေတီ။ ရုပ်ပွါးတော်-ဆင်းတုတော်မြတ်တို့ကို။ အင်္ဂါငါးပါးဖြင့် ညီညွတ်အောင် ရှိခိုးရမည်ဟုဆိုရာ၌။ ပုဆစ်ဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးပြင်။ ဤငါးပါးတို့ဖြင့်၊ ရှိခိုးပူဇော်။ ဖူးမြော်မန်လျော့၊ ကတော့ခြင်းသည်သာလျှင်။ ရှိခိုးခြင်းကြိယာ ပဏာမဝန္ဒနာမြောက်၏ဟုမှတ်။

ယခုကာလလူများ ရှိခိုးကြသော အခြင်းအရာကို ကြည့်ရှု၍ ပြောဆိုရမည်မှာ။ ရဟန်းသံဃာနှင့်၊ လမ်းမှာတွေ့ဆုံတဲ့

အခါမှာ။ ဆောင့်ကြောင့်ထိုင်၍ လက်နှစ်ဘက်ကို၊ မြေကြီးမှာ ထိရုံမျှ ထိပြီး။ မလှဲသာ မရှောင်သာ၍။ လူအများ မြင်သွားခဲ့လျှင်။ ငါ့အား မိဿာအယူရှိ၍။ ဤသူသည်၊ သံဃာကို ရှိခိုးခြင်း ကတော့ခြင်း မပြုတာဘဲလို့။ ကဲ့ရဲ့မည်ကို ရှက်စနိုး ထင်၍ ကတော့ခြင်း။ အားနာ၍ ကတော့ခြင်း။ မလွှဲသာ၊ မရှောင် သာ၍ ကတော့ခြင်း။ ဤ သို့ သော အကြောင်း ရင်းကြောင့်။ ကတော့ခြင်းသည်။ ပါဠိတော်-အဋ္ဌကထာတို့နှင့် မညီညွတ်ခြင်းကြောင့်။ အကျိုးတရားကို မျှားစွာမရအပ်ဟု မှတ်။

ပရိဏ္ဏသုတ် ပါဠိတော်အရဆိုလျှင်။ အိပ်သောအခါ၌ငှ်း။ ထိုင်သောအခါ၌ငှ်း။ ရပ်သောအခါ၌ငှ်း။ သွားသောအခါ၌ငှ်း။ အခါခပ်သိမ်း၊ ဘယ်ခါမပြတ်။ ဝစီက-နှုတ်မြွက်၍သော်ငှ်း။ မနောက-နှစ်လုံးသွင်း၍ သော် ငှ်း။ ရှိခိုးအပ်သည်ဟု ဆိုသောကြောင့်။ ရှိခိုးခြင်းကြွယာ ပဏာမ ဝန္ဒနာ ဖြစ်၏ဟုမှတ်အပ်၏။

**ရှိခိုးခြင်း၏ အင်္ဂါပြီးပြီ။**

---ooo---

**ကာယကံ ဖြင့် ရှိခိုးခြင်းကို ပြဦးအံ့။**

၁။ "စဏ္ဍာလိ-ဒါယိကာမကြီးဝတ္ထု။"

မြတ်စွာဘုရားသည်။ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌။ ကိမ်းအောင်းမွေ့လျော်၊ စံနေတော်မူသောအခါ။ နံနက်စောစော-သပိတ်သင်္ကန်းယူဆောင်၍။ နောက်ပါ သံဃာတော် အခြံအရံနှင့်တကွ။ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူရာတွင်။ ဒွန်းစဏ္ဍားမ-စဏ္ဍာလီအမည်ရှိသော။ ဒါယိကာမကြီးကို၊ မြို့၏ အပြင်ပ၌ တွေ့လေ၏။ ထိုအခါ၊ မြတ်စွာဘုရား

သည်။ နွှန်းစဏ္ဍာလမ-စဏ္ဍာလိ ဒေါယိကာမ ကြီးကို။ သနား ကြင်နာသော မဟာကရုဏာ ရှိတော်မူသည် ဖြစ်၍။ ရုတ် တရက် ဆွမ်းခံမဝင်သေးဘဲ ရပ်တော်မူ၍။ ထိုဒေါယိကာမ ကြီးသည်၊ ကောင်းမှုကုသိုလ်ကံဟူ၍ ဘာမျှမရှိ၊ ယူ့နေ့ပင် ရတော၍၊ ငရဲ၌ ဖြစ်ရလိမ့်မည်။ ငါဘုရားအား၊ ကာယကံမှု ဖြင့် ရှိခိုးပူဇော် ဖူးမြော်မန်လျှင် ကဘော့ရသော ပဏာမ ကုသိုလ်ကံစောနာကြောင့်။ ပါယ်ငရဲမှလွှတ်၍။ တာဝတိံ သာနတ်ပြည်၌ ဖြစ်သတ္တံ့ သည်ကို။ ရွှေဘဏ်တော်စကြွဖြင့်၊ မြင်သဖြင့် ရပ်တော်မူ၏။ ထိုအခါ။ လက်ဝဲရန်-ရှင်မောဂ္ဂလ္လာ ကိုယ်တော်မြတ်သည်။ မြတ်စွာဘုရား၏ အလိုတော်ကိုသိသ ဖြင့်။ စဏ္ဍာလိ ဒေါယိကာမကြီး။ ငါတို့၏သခင်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး—ရပ်တော်မူနေသည်။ လက်အုပ်ချီမိုး၊ ရှိခိုးခြင်းအမှုကို၊ ပြုလိုက်လို့-တိုက်တွန်းတော်မူလို၍။—

စဏ္ဍာလဝန္ဒပါဒါနိ၊ ဂေါတမဿ ယသဿိနော၊
တမေဝ အနုကမ္ပာယ၊ အဋ္ဌာသိ၊ ဈာတိသတ္တမော။ ။

စဏ္ဍာလိ၊ စဏ္ဍာလိအမည်ရှိသော ဒေါယိကာမကြီး။ယသဿ သိနော၊ အခြံအရံ အကျော်အစောနှင့်ပြည့်စုံတော်မူပေသော။ ဂေါတမဿ၊ ဂေါတမ အမည်ရှိတော်မူသော။ ငါတို့အစိမ်းတော် ယျ၊ သုံးလုတွင်ထား၊ မြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော် အစုံ၊ ကြာပဒုမ္မတို့ကို။ ဝန္ဒ၊ သဒ္ဒါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး လိုက်ပါတော့လော၊ ၊တမေဝ၊ သင်စဏ္ဍာလိ အမည်ရှိသော ဒေါယိကာမကြီးကို သာလျှင်။ အနုကမ္ပာယ၊ ကရုဏာပွါး၊ အစဉ်သနားတော်မူသည်ဖြစ်၍။ ဈာတိသတ္တမော၊ ဉာဏ်ရှုနှစ်ဆူ မြောက် ပွင့်တော် မူသော။ ငါတို့ အစိမ်းတော်ယျ၊ သုံးလုတွင် ထား၊ ရှင်တော်မြတ်ဘုရားကြီးသည်။ အဋ္ဌာသိ၊ မယိမ်းမရိုင်၊

ကျောက်စာတိုင်ကြီးကဲ့သို့။ ခိုင်ခိုင်မတ်မတ်၊တည်တန့်တော်မူပါပေ၏။

ဤကဲ့သို့ ရှင်မောဂ္ဂလံ-ကိုယ်တော်မြတ်က။ စဏ္ဍာလီဒါယိကာမကြီး။ ငါတို့ အစိန္တေယျ၊ ဂုဏ် ပေါင်းခ သည့်။ သုံးလောကသင်းကျစ်။ ဓမ္မရာဇ်မှန်ဘူ။ သယမ္ဘူသခင်၊ ဘုရားရှင်ကို။ ဦးတင် လက်တား၊ သဏ္ဍဃ-ဂါရဝ တရားဖြင့် ရှိခိုးလိုက်။ သင်စဏ္ဍာလီ-အမည်ရှိသော, ဒါယိကာမကြီး သည်။ သေရမည်ဘေးက မဝေးတော့ဘူး။ သေရဘို့အချိန်က နီးလှပြီ။ ရှိခိုးလိုက်—ရှိခိုးလိုက်လို့၊ အကြိမ်ကြိမ် တိုက် တွန်းတော့မှ။ ဘုရားဟည်း ဟူသော အာရုံကို၊ အာရုံ ပြု လျက်။ သောမနဿပီတိဖြင့်။ ကြည်လင်ရွှင်လန်းစွာ ရှိခိုးခြင်း အမှုကိုပြုသတဲ့။ ထိုအခါ။ မြတ်စွာဘုရားသည်။ ငါ့အား ရှိခိုးပူဇော်ခြင်းကြောင့်။ သုဂတိဘဝသို့ရောက်ခြင်း၌သင့်လျော်ပေပြီဟု၊ နှလုံးပြုလျက်။ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေ၏။ ထိုအခါ။ နွှန်းစဏ္ဍားမ-စဏ္ဍာလီ ဒါယိကာမကြီးအား။ ပျိုနုသော, သားငယ်ရှိသော။ တရသော နွားမ-သည်။ ဈေးရှုပြေးလာပြီးလျှင်။ ချို-ဖြင့် ဇော့ကော်လျက်။ အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ထို့ကြောင့်။— ဝိမာနဝတ္ထုအဋ္ဌကထာ၌။

အထနံ ဓေနုဂါဝီ တရုဏဝစ္ဆာ ဝတာဝေ အဘိဓါဝန္တီ၊ သိင်္ဂေန ပဟရိတွာ၊ ဇီဝိတာ ဝေါရောပေသိ။ ။

အထ၊ ထိုအခါ၌။ နံ၊ ထိုနွှန်းစဏ္ဍားမ—စဏ္ဍာလီကို။ တရုဏဝစ္ဆာ၊ နုပျိုသော, သားငယ် ရှိသော။ ဓေနုဂါဝီ၊ နွားမတကောင်သည်။ ဝတာဝေ၊ ထိုအရပ်မှသာလျှင်။ အဘိဓါဝန္တီ၊ ဈေးရှုပြေးလာသည် ဖြစ်၍။ သိင်္ဂေန၊ ဦးချိုဖြင့်။ ပဟာ

ဒ်ိထွာ၊ တိုး၄ေ့တိုက်ခက်၍၊ ဇိဒ်တာ၊ အသက်၄၊ ဝေါရော ပေသိ၊ ချသတ်၏။

ယင်းသို့ခွား၄ေ့၍ သေလွန်သော, စဏ္ဍာလိ-ဒါယိကာသမ ကြီးသည်၊ ဘုရားရှင်၌ ကြည်ညိုသောစေတနာကာ၊ ကာယ ကံမှုဖြင့်၊ လက်အုပ်ချီမိုး၊ ရှိခိုးရသော၊ ကာယကံစေတနာတို့ ကြောင့်၊ တာဝတိံသာနတ်ပြည်၌၊ နတ်သွီး တထောင် ခြံရံ လျက်၊ နတ်၏ စီးစိမ်ကို ခံစားရလေ၏၊ ထိုစဏ္ဍာလိ, ဒါယိ ကာမကြီးသည်၊ မိဿာဒိဋ္ဌိ အယူဖြင့် သေ လျှင်၊ ငရဲ သွားရ မည်မှာ၊ မလွဲကေန်၊ အမှန်စင်စစ်ဖြစ်၏၊ သို့သော်၊ ဘုရား သခင်၏ ဂုဏ်တော် ကျေးဇူး တော် တို့သည်၊ အံ့ဩ လို့ မကုန်၊ ချီးမွမ်းလို့ မကုန်နိုင်အောင်၊ ကြီးကျယ် မြင့်မြတ် ကြောင်း ထင်ရှားစွာ သိရပေပြီဟု၊ နှလုံးပိုက်လျက်၊ ပူဇော် ကတော့ခြင်းကို အမြဲပြုအပ်၏ဟုမှတ်၊ ထိုနောက်၊ တာဝတိံ သာနတ်ပြည်က၊ နတ်သွီးအပေါင်းခြံရံလျက်၊ ဗိမာန်နှင့်တကွ ဆင်းလာပြီး၊ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်၏ ခြေရင်း၌ ရှိခိုးလျက်တည်၏။

ထိုသို့ ရှိခိုး လာ သော–နတ်သွီးကို၊ ရှင်မောဂ္ဂလာန်မြင် တော်မူလျှင်၊ ငါ့အား, ရှိခိုးလာသောသူကား၊ အသူနည်းဟု မေးလေသော်၊ ၊အရှင်ဘုရား၊ အကျွန်ုပ်ကား၊ အခြားသူ မဟုတ်ပါ၊ အရှင်ဘုရား–တိုက်တွန်း၍၊ သဗ္ဗညုဘုရားရှင် အား၊ ကြည်လင် မြတ်နိုး၊ လက်ရုံမိုး လျက်၊ ရှိခိုးခဲ့ဘူးပါ သော၊ စဏ္ဍာလိ–ဒါယိကာမကြီးပါဘုရားလို့၊လျှောက်ထား ရှာသတဲ့၊—

***No 4.***

အပဟံဘဒ္ဒန္တေ့ စတ္တာဝလီ ဘာရာ ထေရေန ပေသိတာ။
ဝန္ဒိ အရဟာတောပါဒေ၊ဂေါတမဿယာဿသိနော။

ဘဒ္ဒန္တေ၊ အရှင်ကောင်း အရှင်မြတ် ဘုရား။ ထေရေန၊ မထေရ်မြတ် ဖြစ်တော်မူသော" ဘယာ၊ အရှင်ဘုရားသည်။ ပေသိတာ၊ စေခိုင်းတိုက်တွန်းအပ်သည်ဖြစ်၍။ အရဟာတော၊ လူနတ်တို့၏ ပူဇော်ရာအထူးကို ခံတော်မူထိုက်သော။ ယာဿ သိနော၊ အခြံအရံ အကျော် အစောနှင့် ပြည့်စုံတော်မူသော။ ဂေါတမဿ၊ ဂေါတမအမည်ရှိတော်မူသော-မြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော်အစုံ-ကြာပဒုံတို့ကို။ ဝန္ဒိ၊ ရှိခိုးခဲ့ဘူးပါသော။ အဟံ၊ အကျွန်ုပ်သည်။ စတ္တာဝလီ၊စတ္တာဝလီအမည်ရှိသော-ဒါယိကာမကြီးပါဘုရား။ သို့ကလို-လျှောက်ထားသတဲ့။ ။ဒီဥပဒါယ်က။-

အရှင်ဘုရားသည်။ တပည့်တော်မအား။ တိုက်တွန်းနှိုးဆော်သည်ဖြစ်၍။ အထုမရှိတဲ့ မြတ်စွာဘုရားကို။ လက်အုပ်ချီမိုး၍၊ ရှိခိုးရသော ကောင်းမှုကံစေတနာကြောင့်။ ထူးကဲလွန်မြတ်သော-နတ်၏ စီးစိမ်ကို ခံစားရပါသည်ဘုရားလို့-လျှောက်ထားလေသည်။ ထိုအခါ၊ ရှင်မောဂ္ဂလာန်-ကိုယ်တော်မြတ်က၊ တရားဟော၍လွှတ်လိုက်၏။ ထိုအကြောင်းကို- မြတ်စွာဘုရားသခင်အား လျှောက်ထားလေသော်။ မြတ်စွာဘုရားသခင်သည်။ ရောက်လာသော ပရိသတ်တို့အား။ တရားဟောတော်မူ၍ အကျွတ်တရားရကြကုန်၏။

ယခုထုတ်ဆောင်၍ပြအပ်သော၊ စတ္တာဝလီဒါယိကာမကြီးသည်။ မြတ်စွာဘုရားအား၊ ကာယကံမှုဖြင့် ရှိခိုးခြင်း ဝန္ဒနာကြောင့်၊ အပါယ်ငရဲသို့ကျရောက်မည်မှာ၊ အမှန်ပင်ဖြစ်လင့်ကစား။ ဘုရားတည်းဟူသောအာရုံကို၊ တကြိမ်တခါအာရုံ

ပြု၍၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း။ ကြည်ညိုခြင်း။ မြတ်နိုးခြင်းအမှု
တို့ကို ပြုလုပ်မှိသည့် စေတနာကံကြောင့်။ ကြီးကျယ်မြင့်မြတ်
သော အကျိုးထူးတရားကို ခံစားရလေသည်။ စဏ္ဍာလဒေါယိ
ကာမကြီးသည်။ မြတ်စွာဘုရားအား၊ ရှိခိုးခြင်း စေတနာကံ
သည်။ အကြောင်းတရားဖြစ်၏။ ရှိခိုးခြင်းစေတနာကံကြောင့်၊
နတ်ပြည်၌၊ နတ်၏စီးစိမ်ကို၊ ခံစား စံစားရခြင်းသည်။ အကျိုး
တရားဟူ၍မှတ်။ ထို့ကြောင့်။ ပစ္စည်း ပစ္စယုပ္ပန်။ အာရုံ၊
အာရမဏိက အားဖြင့် ကျေးဇူးပြုပုံကို။ သိသင့် သိထိုက်၏၊
သိကြလေ၊ သိမှသာလျှင်။ ပဋ္ဌာန်အကျိုး။ တမလွန်အကျိုးကို။
ဖွံ့ဖြိုးစွာ အကျိုးပေးနိုင်သည်ဟုမှတ်။ ပစ္စည်းတရားနှင့် တူ
သော၊ အကြောင်းတရားမရှိပါက။ ပစ္စယုပ္ပန်နှင့်တူသော-
အကျိုးတရား သည်။ မခံစားရဟုမှတ်။ ။(ဥပမာ။) ယှဉ်
ကာလ၊ ကုန်ရောင်း-ကုန်ဝယ်။ တောင်သူ လယ်လုပ် ခြင်း
သည်၊ အကြောင်းတရား ဟူ၍မှတ်။ နောင်အခါ။ အမြတ်
အစွန်း၊ စပါး၊ ဆံ-အစရှိသည်တို့၏ပေါများစွာ ဖြစ်လာခြင်း
သည်။ အကျိုးတရားဟူ၍ မှတ်အပ်၏။ ။

စဏ္ဍာလိဝတ္ထု ပြီး၏။

---

၆။ မြတ်စွာဘုရားသခင်၏ အဆင်းသဏ္ဍာန်ကို ကြည်ညို၍၊

**အင်ကြင်းပန်းလှူဒါန်းသောဝတ္ထု။**

ဝေံအစိန္တိယာဒုဋ္ဌါ၊ ဗုဒ္ဓါဂုဏာ အစိန္တိယာ အစိန္တိ
ယေ၊ ပသန္နာနံ၊ ဝိပါကောပိ အစိန္တိယော။ ။
အစိန္တေယျ-ပါဠိ။ ။

ဝေံ၊ ဤသို့ပြဆိုမည့် အတိုင်းသာလျှင်။ ဗုဒ္ဓါ၊ ဘုရားသခင်

၏ ဂုဏ်တော်အပေါင်းတို့သည်။ အစိန္တေယျာ၊ မကြံစိနိုင်ကြ လေကုန်။ ဗုဒ္ဓဂုဏာ၊ ကိုယ်တော်မြတ် ဘုရား၏ ကျေးဇူး တော်-ဂုဏ်တော် အပေါင်းတို့သည်။ အစိန္တေယျာ၊ အတွေး ဉာဏ် မရောက်အားနိုင်ဘု။ ထော်ထားစရာဉာဏ်မှီအောင်၊ ကြံစီခြင်းမပြုနိုင်ကြသေကုန်။ အစိန္တေယျေ၊ မတွေးဝန့် မကြံ သာ။ ဉာဏ်ပတျာဖြန့်မရသည့်။ အနန္တဂုဏ်တော်အပေါင်း ဌ၊ ပသန္နာနံ၊ ဗိတ်စေတနာ-သဒ္ဓါမျှ၍။ အနိဋ္ဌေ ဘယာပကြ ရအောင်။ ဂါရဝမှီခိုလျှက်။ ကြည်ညို လေးစားကြသောသူ တို့၏။ ဝိပါကောပိ၊ လောကီနှင့် လောကုတ္တရာ၊ နှစ်ဖြာသော အကျိုးထူး တရား သည် လည်း။ အစိန္တေယျော၊ တံခိုးတော် အစုံစုံ။ ဂုဏ်တော်တွေ အနန္တဟာမို့။ ကြံသမျှ မပြီးနိုင် ဘဲ။ ညည်းမှိုင်၍နေစရာသည်။ ဟောဘိ၊ ဘယ်လိုမှ ဉာဏ် မကာ စားနဲ့တော့။ အမှန်အားဖြင့် ဖြစ်နိုင်လေတော့သတည်း။

---

## အစိန္တေယျဂုဏ်တော်။

ယှဉ်အစိန္တေယျ-ဂုဏ်တော် အပေါင်းသည်၊ ချိုးမွမ်းအံ့ ဩ၍လည်း မကုန်နိုင်။ ကြံစည်၍ လည်း မကုန်နိုင်။ တွေး တောကြံစည်၍သိခြင်းငှါ၊အလွန်တရာခဲယဉ်းသော၊သဗ္ဗညု တဉာဏ်တော် ဖြစ်လေသည်။ ဘုရား တဆူ၏-ဂုဏ်တော် ကျေးဇူးတော်တို့သည်။ ဝါဆူသော ဘုရားသခင် ပင်လျှင်၊ ချီးမွမ်း အံ့ဩ၍ မကုန်နိုင်အောင်၊ ကြီးကျယ် မြင့်မြတ် သော ဂုဏ်တော်ဖြစ်ပါသဖြင့်။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ချီးမွမ်းအံ့ဩ ၍ အဘယ်မှာလျှင် ကုန်နိုင်ဘွယ်ရာရှိပါအံ့နည်း။

အဘယ်ကြောင့်ဆိုသော်။—ပါရမီဖြည့်စဉ်အခါက။ သူ တပါးတို့ ပြုနိုင်ခဲသော။ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမ ပါ

ရပိ–အဝရှိသော။ ပါရမီဆယ်ပါး, အပြား သုံးဆယ်ဟု ဆို အပ်သော။ စရိယ တရားတွေက။ အဆုံးဘဝ၊ သဗ္ဗညုတ ဉာဏ်တော်-ရသည့်နှင့်အပြိုင်နက်။ သူကအကျိုးပေးမည်။ ငါက အကျိုးပေးမည်နှဲ့။ တပြုံလုံးပိုင်းအုန်ပြီး အကျိုးတရား တွေပေးလိုက်တော့။ အတုမရှိတဲ့ ဘုန်းတော်။ အတုမရှိတဲ့ ကံတော်။ အတုမရှိတဲ့ ဉာဏ်တော်။ အတုမရှိတဲ့ဂုဏ်တော်။ အတုမရှိတဲ့ တံခိုးတော်။ အတုမရှိတဲ့ ဝကားတော်။ အတု မရှိတဲ့ အဆင်းတော်။ အတုမရှိတဲ့ အသံတော်တွေဟာ။ ချိုး မွမ်းအံ့ဩ၍ပို့မကုန်နိုင်ဟုချီမှတ်။ ။ဘာကြောင့်။ (သဗ္ဗိုဟ် အဋ္ဌကထာ၌။) သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ ဟု။ ရှင်အနုရုဒ္ဓါ–ဆိုလေသည်။ ။အတုမရှိသော-ဂုဏ်တော်တို့ ကြောင့်။ သမ္မာသမ္ဗုဒ္ဓဟု။ အမည်နာမ၊ ဝိသေသကို၊ ရတော် မူသည့်ဟုမှတ်။ ။(ဋီကာ၌။) တုလာယ သမ္မိတာတုလျာ၊ သောယေဝတုလော ယကာရလောပဝသေန၊ အထဝါ၊ သမ္မိ တဗ္ဗော၊ အကာရ ပစ္စယ ဝသေန၊ တုလာယ သမ္မိတာ တု လော၊ နတုလော၊ အတုလော၊ သီလာဒိဂုဏ၊ ဂုဏေဟိ ကေန စိ၊ အသဒိသော၊ နပ္ပဋိဘာဂေါ၊ တုလောသဒိသောတိ အတု လော။ ။ဋီကာပါဌ်ကို။ အဆင်သင့်ရုံမျှ ကျမ်းကိုးလိုက် သည်။ ။အနက်ကား။–

(ဋီကာကျော်အနက်။) တုလာယ၊ ချိန်နှင့်တူသောဉာဏ် ဖြင့်။ သမ္မိတော၊ နှိုင်းယှဉ်အပ်သည်ကည်း။ တုလျော၊ ချိန်နှင့် တူသောဉာဏ်ဖြင့် နှိုင်းယှဉ်အပ်သည်။ သောဧဝ၊ ထိုတု လျသည့်ပင်လျှင်။ ယကာရလောပဝသေန၊ ယအက္ခရာကြေ သည့်၏အစွမ်းအားဖြင့်။ တုလော၊ တုလမည်၏။ အထဝါ၊

*No 5.*

တနည်းကား။ သမ္မိဘက္ကေ၊ သမ္မိ ဘအနက်၌။ အကာရပစ္စယ ဝသေန၊ အပေနည်း သက်သည့်၏အစွမ်းအားဖြင့်၊ တုလာယ၊ ချိန်နှင့်တူသော ဥာဏ်ဖြင့်။ သမ္မိးတာ၊ နှိုင်းယှဉ် အပ်သည့် တည်း။ တုလော ချိန်နှင့်တူသော ဥာဏ်ဖြင့် နှိုင်းယှဉ်အပ် သည်။ တုလျော၊ ချိန်နှင့်တူသော ဥာဏ်ဖြင့် နှိုင်းယှဉ်အပ် သည်။ န၊ မဟုတ်။ အတုလော၊ ချိန်နှင့်တူသော ဥာဏ်ဖြင့် နှိုင်းယှဉ်အပ်သည့်မဟုတ်။ သီလာဒိဟိ၊ သီလ–အစရှိကုန် သော။ ဂုဏေဟိ၊ ဂုဏ်တို့ကြောင့်။ ကေနစိ၊ တစုံတယောက် သောသူနှင့်။ အသဒိသော၊ တူတော်မမူ။ ဝါ၊ တနည်းကား။ တေသ သမ္မာသမ္ဗုဒ္ဓသော၊ ထိုမြတ်စွာဘုရားသခင်အား။ တုလောသဒိသော၊ တူသောသူသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ အတုလော၊ အတုလမည်တော်မူပါပေ၏။ ။

ဝိကာကျော် ကျမ်းမြတ်၏–အဓိပ္ပါယ်မှာ။ ။ကိုယ်တော်မြတ်ဘုရား၏၊ သဗ္ဗညုတ ရွှေဥာဏ်တော်သည်။ နှိုင်းယှဉ်ခြင်းငှါ စွမ်းနိုင်ကုန်။ အဘယ့်ကြောင့်ဆိုသော်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့်-ပြည့်စုံတော်မူသောကြောင့်။ အခြေ နှစ်ချောင်း ရှိသော သတ္တဝါ။ အခြေ လေး ချောင်း ရှိသောသတ္တဝါ။ အခြေအများရှိကုန်သောသတ္တဝါ။ အခြေမရှိသော သတ္တဝါတို့ထက်၊ အထူးသဖြင့် မြင့်မြတ်တော်မူသောကြောင့်။ လူ၊ နတ်၊ ဗြဟ္မာ-တို့၏ ဦးခိုက်ရာ၊ ပူဇော်ရာ၊ ကိုးကွယ်ရာဖြစ်တော်မူပါပေသော။ မြတ်စွာဘုရား၏ဂုဏ်တော်တွေအနန္တကို။ ဗုဒ္ဓဘာသာဝင်၊ သူတော်စဉ်-လူ မှန်သမျှတို့သည်။ အဘယ်မှာလျှင်၊ ရှိမခိုးဘဲ၊ မကြည်ညိုဘဲ၊ ပန်းနံ့သာတို့ဖြင့် မလှူဒါန်းဘဲ၊ ဆွမ်းဘောဇဉ်-ချိုချင် သစ်သီး တို့ဖြင့်၊ လှူဒါန်းပူဇော်ခြင်း မပြုဘဲ–နေနိုင်ပါအံ့နည်း။ လှူဒါန်းပူဇော်ခြင်း၊ မြတ်နိုးခြင်းအမှုကိုပြုမည်သာလျှင်တည်း။ ထို့ကြောင့်-

အဆိုင်တို့သျှ၊ အဆိုင်ထွေးသျှ၊ အပုမေယျှ၊ အပ္ပမေယျှ၊ ကျေးဇူး တော်အပုံ၊ ဂုဏ်တော် အနန္တနှင့်၊ ပြည့်စုံတော် မူပေသော မြတ်စွာဘုရား။

အရဟံအစ၊ ဘဂဝါ အဆုံးရှိသော၊ ကိုးပါးသော-ဂုဏ် တော်တို့နှင့်၊ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ-ဟူ၊ ခြောက် ဝတုန်းဂုဏ်၊ ပြည့်စုံတော်မူပေသော-မြတ်စွာဘုရား။

ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိ သင်္ခါရမာရ်တည်းဟူသော၊ မာရ်ငါးပါးကို၊ အောင်မြင်တော် မူပေသော-မြတ်စွာဘုရား။

နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ- တည်းဟူသော၊ ခြောက်သွယ်သော-ရောင်ခြည်တော်အပေါင်း တို့နှင့်၊ ပြည့်စုံတော်မူပေသော-မြတ်စွာဘုရား။

ဝါစာအဆိုင်ထွေးသျှ၊ ရူပအဆိုင်ထွေးယျှ၊ ညာဏအဆိုင်ထွေးယျှ၊ ဣဒ္ဓိအဆိုင်ထွေးယျှ-တည်းဟူသော၊ အဆိုင်ထွေးယျှ-လေးပါးနှင့် ပြည့်စုံတော်မူပေသော-မြတ်စွာဘုရား။

အဟံ၊ နိဗ္ဗာန် ရောက် ရန်၊ မွေ့ဘွန်ကို၊ စိမ် ရေးထုတ်၊ အကျွန်ုပ်သည်၊ နမော-နမာမိ၊ ကာယဝစီ၊ မနောချီလျက်၊ အဉ္စလိညွတ်လျှိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

ငါတို့ အမြဲမပြတ်ရှိခိုးသော-ပဏာမဝန္ဒနာ၊

---

ကလျာဏ-သူတော်ကောင်းဟူသမျှတို့၊ ရှိခိုး ပူဇော်လိုပါက၊ အဟံ၊ ခန္ဓာငါး၀၊ သမှုဟကို။ စွဲ

ထမှည့်ခေါ်၊ ဘုရားတပည့်တော် သည်။ နမော နမာမိ၊ ကာယဝစီ၊ မနောချိလျက်။ အညွှလီညွှတ် လျှိုး၊ လက်ရုံချီး၍ ရှိခိုးပါ၏အရှင်ဘုရား။

## အမှာစကားရပ်။

သောဘာပန်အရှိသာဖြစ်သော၊ ညီတော်အာနန္ဒာ-သည်။ မြတ်စွာဘုရားသခင်အား၊ ချီးမွမ်းတော်မူသည်မှာ။ လူ၊ နတ်၊ ဗြဟ္မာ-တို့၏အလယ်၌။ အဒိဘလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာန-ကလျာဏဟုဆိုအပ်သော။ ကောင်းခြင်းသုံးပါးနှင့်-ပြည့်ပုံတော်မူပေသော-မြတ်စွာဘုရား သခင်သည်။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊ ကာမာနံအာဒိနဝကထာဟု ဆိုအပ်သော။ ဒေသနာတော် မြတ် ကို၊ ဟောကြား ဆုံးမတော် မူသည့်တွင်။ ကြည်လင်တောက်ပသော၊ ရူပကာယတော်မြတ်ကို။ ချီးမွမ်းအံ့ဩတော်မူသည်မှာ။ ဗွေပဒပါဠိတော်။—

ဒိဝါ တပတိအာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြဟ္မဏော၊ အထ သဗ္ဗမဟောရတ္တိံ ဗုဒ္ဓေါ တပတိ တေဇသာ။ ။

အာဒိစ္စော၊ လေးကျွန်းမှန်ကင်း၊ ရှင်နေမင်းသည်။ ဒိဝါ၊ နေ့အခါမှသာလျှင်။ တပတိ၊ ထွန်းလင်းတောက်ပတော်မူပါ ပေ၏။ စန္ဒိမာ၊ အရောင်ပဝင်း။ ရှင်လမင်းသည်။ ရတ္တိံ၊ ညဉ့် အခါမှသာလျှင်။ တပတိ-အာဘာတိ၊ ထွန်း လင်း တောက်ပ တော်မူပါပေ၏။ ခတ္တိယော၊ ရေမြေသနင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ မင်းမြောက်တန်းဆာ ဆင်ယဉ်မှသာလျှင်။ တပတိ၊

ထွန်းလင်း တောက်ပတော်မူပါပေ၏။ ဗြဟ္မာဘောာ၊ ကိလေသာကို ပယ်ချပြီးသော-ရဟန္တာ အရှင်မြတ် သည်။ ဈာယီ၊ ဈာန်ယဉ်ဝင်စားမှသာလျှင်။ တပဘိ၊ ထွန်းလင်း တောက်ပတော်မူပါပေ၏။ အထ၊ စင်စစ်သော်ကား။ ဗုဒ္ဓေါပန၊ မြတ်စွာဘုရားသခင်-ကိုယ်တော်မြတ်ကြီးမှာမူကား။ သဗ္ဗမဟောရတ္တံ၊ အလုံးစုံသော နေ့ ညဉ့် ပါတ်လုံး။ တေဇသာ၊ တံခိုးတော်အားဖြင့်။ တပတိ၊ တထိန်ထိန် တဝင်းဝင်း-ထွန်းလင်း တောက်ပတော်မူပါပေ၏ အရှင်ဘုရား။

ဤကဲ့သို့—ညီတော်အာနန္ဒာသည်။ မြတ်စွာဘုရား, ကြက်သရေမင်္ဂလာ အဖြာဖြာ တို့ကို။ ဥပမာ—ဥပမေယျ—တို့ဖြင့်၊ နှိုင်းယှဉ်၍ မရအောင်။ ချီးမွမ်းခြင်းအမှု ပြုတော် မူသည်ဟု မှတ်။

ယူဇနာငါးဆယ်ရှိသော, ရှင်နေမင်းသည်။ရောင်ခြည် တထောင်နှင့်ပြည့်စုံသော်လဲ။ နေ့အဘို့-နေ့အခါမှသာလျှင်၊ ထွန်းလင်းတောက်ပနိုင်တယ်။ နေ့အခါ လွန်မြောက်၍။ ညဉ့်အခါသို့ရောက်လျှင်။ အနည်းငယ်မျှ-မထွန်းလင်း မတောက်ပနိုင်ဟုမှတ်။

လေးဆယ့်ကိုးယူဇနာ ရှိသော၊ လဗိမာန်-သည်၊ ညဉ့်အခါမှသာလျှင်။ မိမိ၏ အရောင်အဝါတို့ဖြင့်၊ထွန်းလင်းတော်ပတော်မူနိုင်၏။ နေ့အခါမှာမူကား။ ထွန်းလင်း တော်ပခြင်းကို မစွမ်းဆောင်နိုင်ဟုမှတ်။

ရေမြေသနင်း၊ ပြည့်ရှင်မင်းသည်လည်း။ မှူးမတ်ပရိသတ်တို့၏အလယ်မှာ။ မင်းမြောက်တန်းဆာငါးပါးကို-ဆင်ယဉ်မှသာလျှင်၊ တင့်တယ်နိုင်ပါပေ၏။

လောဘာ၊ ဒေါသာ၊ မောဟာ၊ ရာဂ-အစရှိသော။ ကိလေသာ အညစ်အကြေးတို့မှ-ကင်းဝေးတော်မူကြကုန်သော။ ရဟန္တာ အရှင်မြတ်တို့မှာမူကား။ ဈာန်အဘိညာဏ် သမာပါတ်တို့ဖြင့်။ အကြိမ်ကြိမ်-ဝင်စားသုံးသပ်တော်မူမှသာလျှင်။ ထွန်းလင်းတောက်ပတော်မူပါပေသည်။

ယှဉ်-ကိုယ်တော်မြတ်ကြီးမှာမူကား။ ။နေမင်း, အရောင်နှင့်လဲ-မတူ။ လမင်း, အရောင်နှင့်လဲ-မတူ။ မင်းကြေရာဇ်တို့၏ အရောင်နှင့်လဲ-မတူ။ ဈာန် သမာပါတ် ဝင်စားပြီး သော ရဟန္တာပုဂ္ဂိုလ်၏ အရောင်အဆင်းနှင့်လဲ-မတူ။ နေ့ရောညဉ့်ပါ၊ ဘယ်အခါမပြတ်။ ထွန်းလင်း တောက်ပတော် မူပါ ပေသည်ဘုရားဟု၊ ချီးမွမ်းတော်မူသည်ကို၊ ထောက်ထားသောအားဖြင့်။ ကလျာဏပုထုဇဉ်၊ သူတော်စဉ်-လူအပေါင်း တို့သည်။ တံခိုးတော် အရုံရုံ၊ ဂုဏ်တော်တွေအနန္တ၊ စံမမှု-တုမပြင်၊ သုံးလူ့ရှင် ကိုယ်တော်မြတ်ကြီးအား။ နေ့ရော-ညဉ့်ပါ၊ ဘယ်အခါမလပ်၊ အထပ်ထပ်-ဆည်းကပ် ကိုး ကွယ် ထိုက်သည်ဟုမှတ်။

ယှဉ်လောက်ဖြင့် တန့်ရပ်ဦးအံ့။

———ooo———

နောက်ပိုင်းဝိပဿနာခန်းမှာ၊ ဂုဏ်တော်ကို
ထပ်၍ရေးဦးအံ့။

သို့စဉ်ကလောက်။ ထွန်းတောက်တော်မူသော၊ ဂုဏ်တော်အနန္တ။ တံခိုးတော်အနန္တ။ ဘုန်းတော်အနန္တ။ ကံတော်အနန္တ။ ဉာဏ်တော်အနန္တ-တို့ဖြင့်၊ တင့်တယ်တော် မူပေသော မြတ်စွာဘုရား သခင်အား။ ရှိခိုးပူဇော်၊ ဖူးမျှော် မန်လျှော၊ ကတော့ကြခြင်း။ သောက်တော်ရေ၊ ပန်း၊ ဆီမီး၊

ဆွမ်း ဘောဇဉ်၊ ချို ချဉ် သစ်သီးတို့ဖြင့်။ လှူဒါန်းခြင်းအမှုကို ပြုခြင်းသည်။ အကျိုးမရှိဟု—ပြောဆိုကြသော သတ္တဝါ·တို့သည်။ ကလျာဏသူတော်စင်၊ လူ—အမှန်ပင် ဟုတ်မှ-ဟုတ်လေရဲ့လား။ ဗလိဝင် လူမျိုးခြား၊ မိစ္ဆာဒိဋ္ဌိ တို့၏—အယူကို၊ ယူမှားသော—လူတမျိုးလားဟု။ ငါဆရာ—ထင်မိ လေသည်။

ယျှလို—သုဂတိအပတ်ပဋိသန္ဓေဖြင့်။ လူ့ဘုံလူ့ဘဝ၊ လူ့ပြည်သို့ ရောက်လာရသော, သုဂတိဘုံသား၊ မနုဿလူများကိုမဆိုဘိနှင့်။ ဒုဂ္ဂတိအပတ်ပဋိသန္ဓေဖြင့်၊ ပေါက်ဖွားသော တိရစ္ဆာန် သတ္တဝါများ တောင်မှ။ မြတ်စွာဘုရား၏—ရုပဒ္ဓေစိန္တေယျ၊ ဂုဏ်အစိန္တေယျ-ဟု ဆိုအပ်သော။ ဒ္ဓေစိန္တေယျဂုဏ်တော်ကို အာရုံပြု၍။ ကြည်ညိုခြင်း။ လှူဒါန်းခြင်း။ ပူဇော်ခြင်း။ ကတော့ခြင်းများကို ပြုလုပ်ကြသော, သက်သေသာဓကကို။ ထုတ်ဆောင်၍ ပြဦးအံ့။ ။

---

## စက္ကဝက်ငှက်မင်း–ဝတ္ထု။

ဝိပဿီ–မြတ်စွာဘုရား, လက်ထက်တော် အခါ၊ တခုသော—စက္ကဝက်ငှက်မင်းသည်။ ဂင်္ဂါမြစ်ကမ်း နှုန်း၌၊ ပန်းဥယျာဉ် အတွင်းဝယ်၊ အင်ကြွင်းပင်တခု၌။ အသိုယ်ပြုလျက်၊ ရေမှော်ကိုသာ စားဘိ၍။ မိမိဝမ်းစာအတွက်၊ ပိုး·သတ္တဝါတို့အား။ ဘေးမဲ့ချမ်းသာပေး၍ နေရှာလေသတည်း၊ တနေ့သ၌။ သုံးဘုံလုံးမကိုင်၊ သုံးတိုက်လုံးမှန်ကူ။ သယမ္ဘူအစစ်ဖြစ်တော်မူသော။ ဝိပဿီ မြတ်စွာဘုရား သည်။ ကောင်းကင်ခရီးဖြင့်၊ ဂင်္ဂါမြစ်ကို ဖြတ်ကျော်ကူးသန်း၍၊ ဒေသစာရီ ကြွမြန်းတော်မူ သည်ကို။ စက္ကဝက်ငှက်မင်း-သည်။ ဘုရားသခင်ကို မြင်တဲ့လျှင်၊ ကြည်လင်နှစ်သက်၊ သဋ္ဌါဖော ထတ်

ပျက်၍၊ အင်ကြင်းခက်ပန်းငုံကို၊ လှမ်းခုံကာ, ဆွတ်ရူးပြီးလျှင်။ နှုတ်သီးဖြင့် ချိကိုက်လျှက်။ နောက်တော်မှလိုက်ပြီးလျှင်။ ဦးခိုက်ပူဇော်ဘူးလေသည်၊ ထို ငှက်မင်း သည်။ ငှက်ဘဝမှ ရတေလေသော်။ ကြီး ကျယ် လှစွာသော–နတ်၏–စီးစိမ်။ စကြာမင်း၏ စီးစိမ် တွေ ကို။ အကြိမ်ကြိမ်-ခံစား ပြီးသည့် အဆုံး၌။ ငါတို့–မြတ်စွာဘုရား လက် ထက် တော် အခါမှာ။ သမိဒ္ဓိ မည်သော, ပုဏ္ဏားၡ၏သား။ သောဏပုဏ္ဏမာသဟု၊ အမည်တွင်လေ၏။ ထိုသောဏပုဏ္ဏမာသ-သတို့သားသည်၊ ငါတို့ မြတ်စွာဘုရား တရားတော်ကို ကြားနာရတဲ့အခါမှာ။ ဘုရားတော်၌၊ အလွန့်အလွန် ကြည်ညိုခြင်း သဒ္ဓါဇော ဖြစ်လာပြီးလျှင်။ သာသနာတော်၌ ရဟန်းပြုလေ၏။ သာသနာတော်ထမ်း ရဟန်းပြုပြီး၍၊ ဂန္ထဓုရ၊ ဝိပဿနာဓုရ တို့ကို။ နေ့ညမယုတ်၊ အားထုတ်လုံးလ၊ ဝိရိယကြောင့်။ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ၊ ရဟန္တာဖြစ်လေ၏။ ၊ငှင်းဝတ္ထုများကို ထောက်ထား၍၊ ဘုရားဂုဏ်ကျေးဇူးကိုသိအပ်၏။ ။

အတိဓမ္မာပါဠိတော်၌၊

ကတမေဓမ္မာ၊ ကုသလာ၊ ယသ္မိံသမယေ၊ ကာမာဝစရံ ကုသလံ ဥပ္ပန္နံ ဟောတိ၊ သောမနဿ သဟဂတံ၊ ဉာဏသမ္ပယုတ္တံ၊ အသင်္ခါရိကံဝါ၊ သသင်္ခါရိကံဝါ၊ ရူပါရမ္မဏံဝါ၊ သဒ္ဒါရမ္မဏံဝါ၊ ဂန္ဓာရမ္မဏံဝါ၊ ရသာရမ္မဏံဝါ၊ ဖေါဋ္ဌဗ္ဗာရမ္မဏံဝါ၊ ဓမ္မာရမ္မဏံဝါ၊ယံယံဝါပန အာရဗ္ဘ၊တသ္မိံသမယေ၊ အလောဘော ဟောတိ၊ အဒေါသော ဟောတိ၊ အမောဟော ဟောတိ၊ ဣမေဓမ္မာကုသလာ။ ။

(ခနက်။) ကတမေ၊ အဘယ်သို့သဘော ရှိကုန်သော။

ဓမ္မာ၊ တရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သနည်း။ ယသ္မိံ သမယေ၊ အကြင်နာမက္ခန္ဓာ၊ ပစ္စယသမ္ပဇ္ဇခဏာ၊ ပစ္စည်း တရားတို့၏ ညီညွတ်သောခဏာ၌။ အသင်္ခါရိကံဝါ၊ သူတပါး တို့ မတိုက်တွန်းအပ်သည်ဖြစ်၍ရင်း။ သသင်္ခါရိကံဝါ၊ သူတ ပါးတို့တိုက်တွန်းအပ်သည်ဖြစ်၍ရင်း။ ရူပါရမ္မဏံ ဝါ၊ ရူပါ ရုံကိုရင်း။ သဒ္ဒါရမ္မဏံ ဝါ၊ သဒ္ဒါရုံကိုရင်း။ ဂန္ဓာရမ္မဏံ ဝါ၊ ဂန္ဓာရုံကိုရင်း။ ရသာရမ္မဏံ ဝါ၊ ရသာရုံကိုရင်း။ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ၊ ဖောဋ္ဌဗ္ဗာရုံကိုရင်း။ ဓမ္မာရမ္မဏံ ဝါ၊ ဓမ္မာရုံကိုရင်း။ ယံယံဝါ ပနအာရမ္မဏံ၊ အကြင်အကြင်သို့သောအာရုံကို။ အာရဗ္ဘ၊ အာ ရုံပြု၍။ သောမနဿသဟဂတံ၊ ဝမ်းမြောက်ခြင်းနှင့်တကွဖြစ် သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်ယှဉ်သော။ ကာမာဝစ ရံ၊ ကာမာဝစရဟုဆိုအပ်သော။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုကုသိုလ်ဖြစ်သောအခါ၌။ အလောဘော၊ လော ဘမဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဒေါသော၊ ဒေါသ မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အမောဟော၊ မောဟမဖြစ် ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။

ဤသို့ဟောတော်မူအပ်သော အဓိပ္ပါယ်ကား။ ။ကုသိုလ် သည်။ ကာမာဝစရကုသိုလ်။ ရူပါဝစရကုသိုလ်။ အရူပါဝ စရကုသိုလ်။ လောကုတ္တရာ ကုသိုလ်ဟူ၍။ လေးပါးအပြား ရှိ၏။ ထိုလေးပါးတို့တွင်။ ယျှကောင်းမှုကုသိုလ်ပြုကြသော သူတို့၏ ကုသိုလ်သည်ကား။ ကာမာဝစရကုသိုလ်မည်၏။ ထိုကာမာဝစရကုသိုလ်သည်လည်း။ သာမညအားဖြင့်တပါး

သာတည်း။ ဝိသေသအားဖြင့်-ရှစ်ပါးအံပြားရှိ၏။ထိုရှစ်ပါး တို့တွင်၊ တခုခုသောစိတ်၌၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာ ရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ–ဟူ၍။ ခြောက်ပါး အပြားရှိ၏။ ထို ခြောက်ပါးတို့တွင်။ ရူပါရုံကို အာရုံပြု၍၊ ချမ်းသာသုခရဘူး သော၊ ဝတ္ထုသက်သေ သာဓက ထုတ်ပြဦးအံ့။ ။

---

## ၇။ ခင်ပုတ်ငှက်ဝတ္ထု။

ငါတို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး–သည်။ **ဝေဒိဿက**–တောင်၌၊ သီတင်းသုံးနေတော်မူသောအခါ၊ ထို **ဝေဒိဿက**–တောင်၌နေသော။ ခင်ပုတ်ငှက်-တခုသည်၊ သုံး ဆယ့်နှစ်ပါးသော, ယောကျ်ားမြတ်တို့၏–လက္ခဏာတော် ကြီး။ ရှစ်ဆယ်သော–လက္ခဏာတော် ငယ်တို့ ဖြင့်၊ တင့် တယ်စမ့်ယ်လျက်။**ဆွမ်း**ခံကြွတော်မူသော, မြတ်စွာဘုရားကို မြင်တော်မူ၍။ အလွန်တရာဝမ်းမြောက်ဝမ်းသာ၊သဒ္ဒါကြည် ညိုသည်ဖြစ်၍၊ လူတို့သွားသော ခရီးတိုင်အောင်ပို့လိုက်၏။ **ဆွမ်း**ခံရာမှ ပြန်သည်ရှိသော်။ ခရီးဦးကြိုဆိုလင့်၏။ ထိုဝေ **ဒိဿက**–တောင်၌နေတော်မူသောအခါ၊ အတောင်နှစ်ဘက် ကိုရှက်၍။ ရိုသေခြင်း မြတ်နိုးခြင်းကိုပြု၏။ ထိုသို့ ရှိခိုးခြင်း၊ မြတ်နိုးခြင်း အချင်းအရာကိုမြင်၍၊ ပြုံးတော်မူ၏။ ထိုသို့ပြုံး တော်မူသော အချင်းအရာကို။ အရှင်အာနန္ဒာ–မေးလျှောက် သည်ရှိသော်၊ ချစ်သား–အာနန္ဒာ။ ဤ–ခင်ပုတ် ငှက်သည် ကား၊ အတုမရှိသော–ငါဘုရားကိုလည်းကောင်း၊ ရဟန်း သံဃာတော်တို့ကိုလည်းကောင်း။ ရိုသေစွာ ရှိခိုး ပူဇော်ရ သော ကောင်းမှုကံကြောင့်၊ ကမ္ဘာတသိန်းပတ်လုံး၊အပါယ် လေးပါးသို့ မလားဘဲ။ လူမင်း၊ နတ်မင်းတို့၏–စီးစိမ် ချမ်း

သာကို ခံစား စံစားပြီးလျှင်၊ အဆုံးဘဝ၊ မနောမယ-အမည်ရှိသော၊ အဓိက-ပစ္စေကဗုဒ္ဓါဘုရားဖြစ်လတ္တံ့ဟု၊ ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်၊ ရတနာသုံးပါး တို့၏ဂုဏ်ကျေးဇူးတော်သည်။ ဤရွေ့-ဤမျှ၊ ဂဏန်းချ၍ မရနိုင်လောက်အောင်။ အကျိုးပေးကြီးကြယ်ကြောင်းကို၊ ထင်ရှားစွာပြလိုက်သည်၊ ။တာကြောင့်၊ အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးသော, သူငယ်-တိရစ္ဆာန်တို့သည်။ သိ၍ငင်း၊ မသိ၍ငင်း၊ ရှိခိုးသော စေတနာကံ-သည်။ ကုသိုလ်မည်၏ဟု၊ ရူပါရမ္မဏံဝါ ဟူသောပါဌ်ကိုပြတော်မူ၏။

---

## ၈။ မြတ်စွာဘုရားအား၊ လက်အုပ်ချီမိုး၊ ရှိခိုးရုံမျှနှင့်၊

## **သတရံသီရဟတ္ထာ-ဝတ္ထု။**

သုကရံ သာဓုနာ သာဓုံ၊ သာဓုံ ပါပေန ဒုက္ကရံ။
ပါပေန သုကရံ ပါပံ၊ ပါပမရိယေန ဒုက္ကရံ။ ။

ဓမ္မပဒပါဠိတော်။

သာဓုနာ၊ စိတ်နှလုံး၌၊ ကျင့်သုံး သင့်လျော်၊ သူတော်ကောင်းသည်၊ သာဓုံ၊ ချီးမွမ်းဘွယ်ရှောင်း၊ ကောင်းသောအမှုကို၊ သုကရံ၊ စရိုက်အသင့်၊ အဆင့်ဆင့်ဖြင့်၊ ပြုကျင့်လွယ်ပါပေ၏။ ပါပေန၊ အကျင့်နုတ်စွာ၊ ယုတ်မာသောသူသည်၊ သာဓုံ၊ သူတော်နှလုံး၊ ကျင့်သုံး ရည်ပြု၊ ကောင်းသောအမှုကို၊ ဒုက္ကရံ၊ ပြုနိုင်ခဲပေ၏။ ပါပေန၊ အကျင့်နုတ်စွာ၊ ယုတ်မာသောသူသည်၊ ပါပံ၊ ပါပညစ်ကျူး၊ မကောင်းမှုကို၊ သုကရံ၊ အမြိုက်သုဒ္ဓါ၊ ပမာထင်ရှု ပြုလွယ်ပေ၏။ အရိယေန၊ ဖြူစင်နှလုံး၊ ကျင့်သုံးပေရှောင်း၊ သူတော်ကောင်းသည်၊ ပါပံ၊

ယုတ်မာ ညစ် ကျူး။ မကောင်းမှုကို။ ဒုက္ခရုံ၊ အဆိပ်ပမာ။ ကြောက်ရွံ့ကာဖြင့်။ လွန်စွာပြုကျင့်နိုင်ခဲပေ၏။

ဓမ္မပဒပါဠိတော်၊အဓိပ္ပါယ်ကား။ ။သူတော်ကောင်းတို့မည်သည်မှာ။ မကောင်းသော-ဒုစရိုက် တရား တို့ကို ပါယ်ရှား၍။ ကောင်းသော-သုစရိုက်တရားတို့ကို။ ခနမကြာ။ ပြုလွယ်တတ်ကြလေသည်။ အကျင့်ယုတ်မာ။ ဒုစရိုက် အဖြာဖြာတို့ကို ပြုကျင့်၍နေသော။ ဒုဿီလ၊ လူ့ပါပ-တို့ကား။ သူတော်ကောင်းတို့၏ ပြုကျင့်ကြသော။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန-အစရှိသော၊ သုစရိုက်တရားတို့ကို။ ပြုလုပ်အားထုတ်မှာ-အလွန်ခဲယဉ်းလေစွ။ မကောင်းမှု အကုသိုလ် ဒုစရိုက်တရားများကို။ ပြုလုပ်ကျင့်ကြံရမည် ဆိုပါက။ ဝမ်းမြောက် ဝမ်းသာ၊ ပျော်ရွှင်စွာနှင့်၊ နင်လား, ငါလား၊ စိတ်အာရုံထားလျက်။ ထင်ရှားစွာ ပြုလုပ်နိုင်ကြပေ၏။ သူတော်ကောင်းတို့၏ စိတ်နှစ်လုံးမှာ။ ဟိရိ-ဩတ္တပ္ပ-တရား တို့ကို၊ အမြဲစောင့်ထိန်းလျက်ရှိကြ၏။ ငါသည်။ မကောင်းမှု-ဒုစရိုက် ပါပကို ပြုကျင့်ခဲ့ပါလျှင်။ သူတော်ကောင်းများ, တွေ့မြင်သွားခဲ့ပါက။ ရှက်ဖွယ်လိလိ ဖြစ်မှာပါကလားဟု။ ဟိရိ တရားကို စောင့်ရှောက်ကြ၏။ နောင်သံသရာ၊ ဆက်များစွာ တို့၌။ ယုတ်မာသောသူတို့၏ ခံစားရာ ပါယ်ငရဲသို့၊ ဆင်းရဲကြီးစွာခံရမည်ကို ကြောက်ရွံ့ခြင်း ဩတ္တပ္ပ-တရားတို့ကို။ အမြဲစောင့်ရှောက်ကြကုန်၏ဟုမှတ်။ ။ဤနေရာမှာ။ သူတော်ကောင်းမည်ခြင်း၊ ဒုစရိုက်-သုစရိုက်တို့ကို ခွဲပြရန်။ သူတော်ကောင်းဟူသည်။—

ကိလေသေ သမေတိတိ သဏ္ဍော။ ။(သဒ္ဒနီတိကျမ်း။)

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကိလေသေ၊ ကိလေသာတို့ကို။ သမေတိ၊ ငြိမ်းသက်စေတတ်၏။ ဣတိတသ္မာ၊

ထိုကြောင့်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သန္တော၊ သတ္တိမည်၏။ ဝါ၊ သူတော်ကောင်းမည်၏။

ဒုစရိုက်တရားဆိုသည်မှာ။ ။ဒုဋ္ဌု စရိတံ ဒုစ္စရိတံ။ ။(ပါရာဇိကာဏ်အဋ္ဌကထာ။) ။ဒုဋ္ဌု၊ မကောင်းသော။ စရိတံ၊ အကျင့်တည်း။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်၊ဒုစရိုက်လေးဆယ်သည်။ အပါယ်သို့ ဆောင်တတ်၏။ ထိုကြောင့်။ (ဒသအင်္ဂုတ္တရပါဠိတော်၌။) ။စတ္တာလီသာယဘိက္ခဝေ၊ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ၊ နိက္ခိတ္တော ဧဝံနိရယေ။ ။(အနက်ကာ ။) ။ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာလီသာယ၊ လေးဆယ်ကုန်သော။ ဓမ္မေဟိ၊ ဒုစရိုက်တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော သူသည်။ အာဘတံ၊ ရွက်ဆောင်အပ်သောဝန်ကို။ နိက္ခိတ္တောသထာ၊ ဧကံ ချအပ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ နိရယေ၊ ငရဲ၌၊ နိက္ခိတ္တော၊ ချအပ်၏။ ဝါ၊ ကျ၏။ ပါဏာတိပါတာ–အစရှိသော၊ ဒုစရိုက်ဆယ်ပါးတို့တွင်။ သူတပါးအသက်ကို။ ကိုယ်တိုင် သတ်ခြင်း။ သူတပါးကို သတ်စေခြင်း။ ဝမ်းမြောက်ခြင်း။ သတ်သေသူ၏ဂုဏ်ကို ချီးမွမ်းခြင်းအားဖြင့်။ ပါဏာတိပါတ၌ လေးပါး ဖြစ်၏။ ကြွင်းသော ဒုစရိုက်ကိုးပါး၌။ ဤနည်းအတိုင်းလေးပါးစီဖြစ်၍။ ဒုစရိုက်လေးဆယ် ဖြစ်၏ဟုမှတ်။

(သုစရိုက်-၁၀-ပါးကိုပြဦးအံ့။) ။သုဋ္ဌု စရိတံ သုစရိတံ။ (ပါရာဇိကဏ်အဋ္ဌကထာ။) ။သုဋ္ဌု၊ ကောင်းသော။စရိတံ၊ အကျင့်တည်း။ သုစရိတံ၊ ကောင်းသော အကျင့်။ သုစရိုက်လေး ဆယ် တို့ သည်။ သုဂတိသို့ ဆောင် တတ်ကုန်၏။ ။ထိုကြောင့်။- (ဒသအင်္ဂုတ္တရပါဠိတော်၌။) ။စတ္တာလီသာရ ဘိက္ခဝေ၊ ဓမ္မေဟိ၊ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော၊

ဖြဲ့သငွေ။ ။(အနက်ကား။) ။ဘိက္ခုဝေ၊ ချစ်သားတို့။ စက္ခာ လိသာယ၊ လေးဆယ်သော။ ဓမ္မေဟိ၊ သုစရိုက်တရားတို့နှင့်။ သမ္မန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ရွက်ဆောင် သောဝန်ကို။ နိက္ခိတ္တော့ယထာ၊ ကြေနံချအပ်သကဲ့သို့။ ဖြဲ့ တထာ၊ ထို့အတူ။ သဂ္ဂေ၊ နတ်ပြည်၌။ နိက္ခိတ္တော၊ ချအပ်၏။ ဝါ၊ ကျ၏။

သူ့အသက်ကိုသတ်ခြင်းမှ။ ကိုယ်တိုင် ရှောင်ကြဉ် ခြင်း။ သူတပါးကို ရှောင်ကြဉ်စေခြင်း။ ရှောင်ကြဉ်သည်ကို ဝမ်း မြောက်ခြင်း။ ရှောင်ကြဉ်သော သူ၏ ဂုဏ်ကို ချီးမွမ်းခြင်း အားဖြင့်။ ပါဏာတိပါတ၌ ရှောင်ကြဉ်ခြင်းလေးပါး။ ကြွင်း သော သုစရိုက်တရားတို့၌။ ၎င်းနည်းအတိုင်း လေးပါးစီသို လျှင်။ ကြွင်းကိုးပါး၌ သုစရိုက်တရား လေးဆယ်ဖြစ်၏။

တခြောင့်။ သူတော်ကောင်းတို့မည်သည်။ ကောင်းမှု တရားကို။ ဘယ်အခါမျှ-မမေ့မလျော့သော လုံ့လဖြင့်။ သတိ သမ္ပဇညတရားရှေ့ထား၍။ ကောင်းမှုတရားကိုသာ ပွါးများ အားထုတ်လေ့ရှိသည်။ ဘုရားတည်းဟူသောအာရုံကို၊ အာ ရုံပြု၍ ရှိခိုးပူဇော် ရသော ကောင်းမှုကြောင့်။ သတရံသိ= ရဟန္တာပုဂ္ဂိုလ်၏–အတိတ်ကိုဆောင်၍ ပြဦးအံ့။

လွန်လေပြီးသော ကမ္ဘာဘသိန်းထက်၌။ ပဒုမုတ္တရ၊ နာ မည်ရှိထူးနှင့်။ လူသုံးဦးတို့၏ အဓိပတိ။ မုနိပုင်္ဂဝ၊ လောကထွဋ် ထား။ ရှင်တော်ဘုရားသည်။ သစ္စာလေးပါး၊ မြတ်တရားကို။ ပိုင်းခြားထင်ထင်။သိမြင်တော်မူ၍။ဘုရားအဖြစ်သို့ရောက်တော် မူသတည်း။ ထိုဘုရားရှင်လက်ထက်တော်အခါ၌။ အညတရ မထင်ရှားသော-ဒါယကာယောကျ်ားတယောက်သည်။ ဝမ်း မြောက် ဝမ်းသာ၊ ကြည်ညိုခြင်းဖြင့်။ ဘုရားရှင်ကို မြင်လေ လျှင်။ အရဟံအစ၊ ဘဂဝါအဆုံးရှိသော။ ကိုးပါးသောဂုဏ်

တော်ကို အံ့ဩချီးမွမ်း၍။ ချီးမွမ်းအံ့ဩ၊ ထောမနာ၍။ လက်အုပ်တင်ချီ၊ အဥ္စလိပဏာမ၊ ဂါရဝပြုလေ၏။ ထိုအခါ။ မြတ်စွာဘုရားသည်။ ဒါယကာ၊ ငါဘုရားအား။ ချီးမွမ်းအံ့ဩ၊ ထောမနာခြင်း။ လက်အုပ် ချီမိုး၊ ရှိခိုး ခြင်း၏ မြတ်ပြည ကြောင့်။ ကမ္ဘာ သုံးသောင်း တိုင်တိုင်။ အပါယ် လေးပါးသို့ မလားမရောက်ရဘဲ။ လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစားပြီး၍။ အဆုံးဘဝ၊ အနှိမ္မ၌။ "သတရံသိ—ရဟန္တာ" ဖြစ်၍။ ပရိနိဗ္ဗာန်ပြုရလတ္တံ့။ သို့ကလို—ဗျာဒိတ်စကား ရတော်မူပြီး။ ထိုဘဝမှရတေလျှင်။ တာဝတိံသာနတ်ပြည်၌။ နတ်၏စည်းစိမ်ကို ခံစားပြီးလျှင်။ ငါတို့မြတ်စွာဘုရား-လက်ထက်တော်အခါ။ သာဝတ္ထိပြည်၌။ သူကြွယ်၏သား—ဖြစ် သော အခါ။ မြတ်စွာဘုရား သာသနာတော်ကို လွန်စွာ ကြည်ညို သဖြင့်။ သာသနာတော်ထမ်းဆောင်၍။ ရဟန်းဘောင်သို့ ရောက်ပြီးလျှင်။ အသသဝေါလေးတန်၊ ပါယ်လှန်ခွါပြီး။ "သတရံသိ" ရဟန္တာကြီး-ဖြစ်သွားလေ၏။ ထိုအခါ။ ရဟန္တာအရှင်မြတ်သည်။ နောက်နောက်သောဘဝက။ မြတ်စွာဘုရားသခင်အား။ လက်အုပ်ချီမိုး၊ ရှိခိုးခြင်း။ အရဟံ-အစရှိသော-ဂုဏ်တော်ကိုးပါးကို။ အံ့ဩပြုရတဲ့ စေတနာကံကြောင့်၊သုံးဆယ်တစ်ဆုံမှ လွတ်မြောက်၍။ နိဗ္ဗာန်သို့ရောက်ရပေပြီဟု။ ဝမ်းမြောက်သောစိတ်နှလုံးဖြင့်။ ဥဒါန်းကျူးလိုက်သည်မှာ။—

သင္ဂြိကပ္ပ သဟဿမှိ၊ စတုရောနာမ အဟောသိ။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိ မဟဗ္ဗလော။ ။

သင္ဂြိကပ္ပသဟဿမှိ၊ ကမ္ဘာ ခြောက် သောင်း ထက် ၌။ သတ္တရတနသမ္ပန္နော၊ ရတနာ ခုနစ်ပါး နှင့် ပြည့်စုံ သော။ မဟဗ္ဗလော၊ များသောဗိုလ်ပါရှိသော။ စတုရောနာမ၊ စတု

ရ-အမည်ရှိသော။ စက္ကဝတ္တိ၊ စကြဝတေးမင်းသည်။ အဟော
သိ၊ ဖြစ်ဘူးခဲ့လေပြီ။ ဣဒံ၊ ဤသို့ ဖြစ်ရခြင်း သည်။ အဉ္ဇလိ
ကမ္မဿ၊ လက်အုပ်ချီမိုး၊ ရှိခိုးရသော ကောင်းမှု၏။ ဖလံ၊
လောကီမကြွင်း၊ နိဗ္ဗာန်နင်းအောင်–ပေးစွမ်းနိုင်သောအကျိုး
ထူးတရားပေတည်း။

ယခုပြဆိုအပ်သော-သာဓက ကိုထောက်ဆ၍။ ကလျာဏ
သူတော်စဉ်အပေါင်းတို့သည်၊ မိမိတို့၏ ပါရမီအားလျော်စွာ၊
ကောင်း မြတ်သော စေတနာ ဖြင့်။ ရတနာ သုံးပါးကို အမြဲ
မပြတ် ဆည်းကပ်ကိုးကွယ်ကြလေကုန်။

———ooo———

၉။ ထိုမှတပါး၊ ဘုရား ဂုဏ်တော်ကို၊
ယောင်ယန်း ရွတ်ဆိုမိ၍။ သေဘေးမှ-လွတ်မြောက်ပြီး လျှင်။
အရိယာဖြစ်သွားသော,

**ထင်းလှည်းသမား-သားအဖ-နှစ်ယောက်ဝတ္ထု။**

ဧဝံဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံသံဃဉ္စ ဘိက္ခဝေါ။
ဘယံဝါဆမ္ဘိတတ္တံဝါ၊ လောမဟံသော န ဟေဿတိ။ ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။
ပရိတ္တသုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ဗုဒ္ဓံ-ဗုဒ္ဓဂုဏဉ္စ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုလည်း။ ဓမ္မံ-ဓမ္မဂုဏဉ္စ၊ တရားတော်၏ ဂုဏ်တော်ကို လည်း။ သံဃံ-သံဃဂုဏဉ္စ၊ သံဃာတော်၏ ဂုဏ်တော်ကိုလည်း။ သရန္တာနံ၊ အောင်းမေ့ရွတ်ဖတ်။ မပြတ် သရဏ္ဍာယ်ကုန်သောသူတို့အား။ ယံဘယံဝါ၊ အကြောင်ကြော ခြင်းသည်လည်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြောင်ကိုယ်ခက်တရော်

ရှိခြင်းသည့်ဂုဏ်း။ ယော လောမဟံသော၀ါ၊ အကြွင် ကြွက်သီး မွေးညှင်း ထခြင်း သည့် ဂုဏ်း။ အဋ္ဌိ၊ ရှိ၏။ သော၊ ထိုကြောက်ခြင်း-ကိုယ်ခက် [illegible]ရော် ရှိခြင်း။ ကြွက်သီး မွေးညှင်း ထခြင်းသည်။ တဿ၊ ထို ရတနာ သုံးပါး ဂုဏ်ကို အာရုံပြုသောသူအား။ နဟောဿတိ၊ မဖြစ်လတံ့သတည်း။

ဤသို့ဘုရားရှင်ဟောတော်မူရာ-ဒေသနာတော်မှာ။ ရတနာသုံးပါးဂုဏ်တော်ကို၊ အောင်းမေ့ဆင်ခြင်ပွါးများသောသူအား။ ကြောက်ရွံ့ထိပ်လန့်ခြင်းမရှိ။ ကိုယ်ခက်တရော်-မဒိမသာ-မရှိခြင်း။ ကြွက်သီး မွေးညှင်း ထခြင်း မရှိ။ ပကတိသဘောကို မစွန့်ဘဲ။ ဂုဏ်တော်၏ အာနိသံသ-အကျိုးမဟာမွလကို။ ဒိဋ္ဌမျက်မြင် ခံစားရကြောင်း၊ သတ်သေ သာဓကဝတ္ထုကား။—

အတုလသခင်။ ငါတို့ဂေါတမ-ဘုရားရှင်သည်။ ရာဇဂြိုဟ်ပြည်။ ဝေဠုဝန်ကျောင်း၌။ ကိမ်းအောင်းမွေ့လျော်၊ စံနေတော်မူသောအခါ။ ထင်းလှည်းသမား၏-သားသူငယ်-သည်၊ သွား၊ ရပ်၊ နေထိုင်၊ ကြံ့ခိုင်သော-ဣရိယာပုဒ်တို့၌။ ရတနတ္တယ,ပဏာမဖြင့်။ အမြဲအောင်းမေ့ပွါးများလေ့ရှိ၏။ ။တရံရောအခါ။ သားအဖ, နှစ်ယောက်တို့သည်။ ထင်းတောသို့သွား၍။ လှည်းနှင့်တကွ-ထင်းကိုယူဆောင်လာရာ။ မိုးချုပ်၍။ မြို့ပြင်ဘက်-လှည်းအောက်၌ အိပ်နေကြလေ၏။ ထိုအခါ။ မိစ္ဆာဒိဋ္ဌိ နတ်ဘီလူးနှင့်။ သမ္မာဒိဋ္ဌိ နတ်ဘီလူး-နှစ်ယောက်တို့သည်။ မြို့ပြင်သို့ လှည့်လည်လာရာ။ သူငယ်-သား-အဖ, လှည်းအောက်၌ အိပ်နေသည်ကို မြင်လျှင်။ မိစ္ဆာဒိဋ္ဌိ နတ်ဘီလူးသည်။ သူငယ်ကို စားလို၍။ အလျှင်အမြန် စားလိုသော

ဆန္ဒနှင့်။ သူငယ်၏-ခြေကိုဆွဲယူရာ။ သူငယ်သည်။ အမိ-အဘ-တို့ကို-တမ်းတ ရောင် ရန်း ခြင်း မရှိ။ မုနိထွဋ်ထား။ ရှင်တော်ဘုရား၏-ဂုဏ်တော်ကို-ရွတ်ဆိုသည်မှာ။ · နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ ဟူ၍။တ-သ-ယောင် ယန်းကာ-ဟစ်အော်လိုက်သော်။ မိဿကဒိဗ္ဗ နတ်ဘီလူးသည်။ လွန်စွာတုန်လှုပ်ထိပ်လန့်သောကြောင့်၊နောက်သို့ဆုပ်ချက်၊ ရပ်တည်၏။

ထိုကြောင့်။ ဓမ္မပဒအဋ္ဌကထာ၌။—

သော ဗုဒ္ဓါနုဿတိ၊ ပရိစိတဘာ၀၊ တသ္မိံခဏေ၊
နမောဗုဒ္ဓဿာတိ၊ အာဟ၊ အမနုဿော၊ မဟာ
ဘယာဘိတော ပဋိက္ကမိတွာ၊ အဋ္ဌာသိ။ ။

(အနက်။) ။သော၊ ထို-လှည်းအောက်၌ အိပ်ပျော်နေသော-သူငယ်သည်။ ဗုဒ္ဓါနုဿတိပရိစိတဘာ၀၊ ဗုဒ္ဓါနုဿတိ အစရှိသော ဂုဏ်တော်ကို။ လေ့လာ ဆည်းပူး။ အထူးအား ထုတ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ တသ္မိံခဏေ၊ ဘီလူးဆွဲသောခဏ၌။ နမောဗုဒ္ဓဿတိ၊ နမောဗုဒ္ဓဿ-ဟူ၍။ အာဟ၊ တ-သ-ယောင်ယန်း အော်မည်တန်း လေ၏။ အမနုဿော၊ မိဿကဒိဗ္ဗ ဘီလူးကြီး သည်။ မဟာဘယာဘိတော၊ ကြီးစွာ လန့်ခါ။ ဘေးဘယာကို။ လွန်စွာအပြင်း ကြောက်လန့် ခြင်း ကြောင့်။ ပဋိက္ကမိတွာ၊ နောက်သို့ ဆုတ်ခွါ၊ ရှောင် လွှဲပါ ၍။ အဋ္ဌာသိ၊ စိန့်စိန့်ကြည့်ခါ ရပ်တည်ရှာလေ၏။

ထိုအခါ။ သမ္မာဒိဋ္ဌိ ဘီလူးသည်။ မိဿကဒိဋ္ဌိ နတ်ဘီလူးကို၊ ဤသို့ဆို၏။ ယုတ်မာသော-အသင်ဘီလူး။ မြတ်စွာဘုရား၏ တပည့်သားကို။ အသင်သည်၊ ကျူးလွန်စော်ကား၊

ပြစ်မှားချေပြီ။ အသင် ဘီလူးအား, ဒါဏ်ကို ထား၍အပြစ်
ပေးမှ တော်မည်ဟု။ မြိမ်းခြောက်ခေါက်ငန်း၍။ ဘေးမသန်း
ရအောင်။ သူငယ်ကို စောင့်ရှောက်လျက် တည်၏။ ထိုအခါ။
မိစ္ဆာဒိဋ္ဌိ ဘီလူးသည်။ အထူးကြောက်လန့်သဖြင့်။ ဝန်ချပါ
အံ့ဟု ဆိုသော်။ သမ္မာဒိဋ္ဌိ နတ်ဘီလူးက။ အသင့် ဒါဏ်
ထားအံ့။ ရှင်ဘုရင် ပွဲတော်အုပ်ကို ယူချေလို့ စေခိုင်းလိုက်
တဲ့ခါ။ မိစ္ဆာဒိဋ္ဌိ နတ်ဘီလူး သည်။ နန်းတော်အတွင်းက,
ဗိမ္ဗိသာရမင်း၏ ပွဲတော်အုပ်-ခွက်ကြီး ကို။ ဘောဇဉ် နှင့်
အပြည့်ထည့်လျက် ယူဆောင်၍လာပြီးလျှင်။ သမ္မာဒိဋ္ဌိ နတ်
ဘီလူးနှင့် အတူကကွ၊ မိဘသဖွယ်၊သူငယ်ကြေအေးအောင်
ကတော့တောင်းပန်၍။ ဤ—အက္ခရာတို့သည်။ မင်းကြီးသာ
မြင်၍။ တပါးသောသူတို့ မမြင်ပေသတည်းဟု။ အက္ခရာစာ
နှ၊ အဓိဋ္ဌာန်ပြုပြီးလျှင် ပြန်ကြလေ၏။ ထိုနေ့မိုးသော်၊ နံနက်
ရောက်က။ စားတော်ခွက်ကြီး၊ ပျောက်ချက်မှန်သဖြင့်။ မြို့တံ
ခါးများကို လုံခြုံစွာ ပိတ်ပြီးလျှင်။ မြို့တွင်းမှာ ရှာမရ။ မြို့ပြင်
သို့ထွက်ခါရှာကြတော့။ သူငယ်နှင့်တကွ၊ သားအဖ-နှစ်ယောက်
တို့၏ ထင်းသည်းပေါ်၌တွေ့ရှိကြရာ။ ခွက်ကြီးနှင့်အတူတကွ။
သူငယ် သား အဖ, ကို။ ဗိမ္ဗိသာရမင်းကြီးထံသို့။ ဘမ်းယူ
ဆက်သရာ။ မင်းကြီးသည်။ ဘီလူးခိုးကြောင်းကို၊ ခွက်ကြီး
၌ နှံထားသော အက္ခရာကို မြင်သဖြင့်။ အံ့သြဘွယ် ရှိပေစွ။
အပြစ်ကို မပေးဘဲ။ ဆုလာဘ်များစွာပေးပြီးလျှင်။ သူငယ်နှင့်
တကွ။ မိဘ-သုံးဦးတို့ကို။ မုနိပုင်္ဂဝ။ သမ္ဗုဒ္ဓသခင်။ ဘုရားရှင်
ထံသို့ ဆောင်ယူပြီးလျှင်။ အကြောင်းမျိုးရုံကို လျှောက်ထား
လေသော်။ မြတ်စွာဘုရားသခင်သည်။ ဗုဒ္ဓါနုဿတိ, ဘုရား
ဂုဏ်ကို။ အဖန်တလဲလဲ အောင်းမေ့ရခြင်း။ ဓမ္မာနုဿတိ, တ
ရားတော်၏ဂုဏ်ကို။အဖန်တလဲလဲအောင်းမေ့ရခြင်း။ သံဃာ

နှ သတိ, သံဃာတော်၏ ဂုဏ်ကို။ အဖန်ဘလဲလဲ အောင်းမေ့ရခြင်း။ ကာယဂတာသတိ၊ ဆံ မွေးညှင်း စသော။ကောဋ္ဌာသအရကို။ အဖန်ဘလဲလဲ အောင်းမေ့ရခြင်း။ ကရုဏာဘာဝနာဖြင့်။ အတိုင်းမသိသော–ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍။ ကရုဏာကို ပွါးများရခြင်း။ မေတ္တာဘာဝနာ ဖြင့်။ အတိုင်းမသိသော သုခိတ-ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ မေတ္တာဘာဝနာကို ပွါးများရခြင်း။ ဤသို့ဒေသနာအစဉ်ကို ဟောတော်မူသည် အဆုံး၌။ သား-အဖ, သုံးယောယ်တို့သည်။ သောဘာပန် တည်ကြလေ၏။ ယျှ ပြဆိုအပ်သော ဝစိကံသည်။ မြတ်စွာဘုရားနှင့်တကွ။ရတနာသုံးပါး၏ဂုဏ်တော်ကို လေ့ ကျက်ခြင်း ပရိစယဥာဏ်၊ အမြဲ မပြတ် ပြုလုပ်အားထုတ်အပ်သော အာစိဏ္ဏကံ၊ ရတနာသုံးပါး၌ကြည်ညိုသောသဒ္ဓါ၊ ထက်သန်သောစေတနာ၊ ယုံကြည်နှစ်သက်ခြင်း ပီတိ၊ အမြဲ မပြတ် အောင်း မေ့ခြင်း သတိ၊ ရတနာသုံးပါး၌ ကြည်ညိုခြင်းသည်။ မြင့်မြတ်သော အကျိုးရှိ၏ဟု သိခြင်း–ပညာ။ ဤသို့–ရတနာသုံးပါး၌ ကိုးကွယ် ဆည်းကပ်ခြင်းသည်။ ကောင်းသော ဆည်း ကပ် ခြင်း ဟု မှတ်။ အယူကို ဖြောင့်မှန်စွာယူခြင်းသည်၊ သမ္မာဒိဋ္ဌိ ဟူ၍မှတ်။ ဤသို့သောသက်သေ သာဓကတို့ကို ထောက်ထား၍။ ဗုဒ္ဓဘာသာဝင်၊ သူတော်စဉ်တို့သည်ရှင်း။ မိစစ်၊ ဘစစ်၊ မိကောင်း၊ဘကောင်းက, မွေးလာကြတဲ့–သူတော်စဉ်တို့သည် ၄င်း။ ဆရာကောင်း သမားကောင်း, နည်းပေး လမ်းပြ၊ အယူဝါဒ, ဖြောင့်မှန်ကြသော ပုဂ္ဂိုလ်မြတ်တို့၏ တပည့်သားမြေးဖြစ်သော၊သူတော်စဉ်တို့သည်ရင်း။ ကျွန်းဂန်ကို လမ်းမှန်သိမှ။ မှန်းရာအထိ ရောက်လိမ့်မည်ဟူ၍ မှတ်ကြလေကုန်။

## ၁၀။ မဋ္ဌကုဏ္ဍလီ-ဝတ္ထု။

မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ၊ မနောမယာ၊
မနသာစေ ပသန္နေန၊ ဘာသတိဝါ၊ ကရောတိဝါ၊
တတောနံ သုခ မန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။ ။
ဓမ္မပဒ–ပါဠိတော်။

(အနက်။) ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာ၊ နာမက္ခန္ဓာတရားသုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာလျှင် ပြဓာန်းခြင်းရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာလျှင်အမြတ်ဆုံးရှိကုန်၏။ မနောမယာ၊ စိတ်ဖြင့်ပြီးကုန်၏။ စေ၊ အကယ်၍။ ပသန္နေန၊ သဒ္ဓါ အစရှိသည်တို့ ကြောင့် ကြည် လင် သော။ မနသာ၊ စိတ်ဖြင့်။ ယောကောစိ၊ အမှတ်မထင် အကြင်တစုံတယောက်သောသူသည်။ ဘာသတိဝါ၊ ဆိုမူလည်းဆိုငြားအံ့။ ကရောတိဝါ၊ ပြုမူလည်း ပြုငြားအံ့။ စိန္တေတိဝါ၊ ကြံမူလည်း ကြံငြားအံ့။ ဧဝံသတိ၊ ဤသို့ကြည်လင်သောစိတ်အလိုဖြင့်။ ဆိုသည်၊ ပြုသည်၊ ကြံစည်သည်ရှိသော်။ အနုပါယိနီဆာယာဝ၊ သွားလေရာရာ။ မကွာ ဝိုက်ဝိုက်။ လိုက်ဘိသကဲ့သို့။ သုခံ၊ လူနတ်နိဗ္ဗာန်။ သုံးတန်သော ချမ်းသာသည်။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်သို့။ အန္ဝေတိ၊ အစဉ်တစိုက်လိုက်လေ၏။

ယှုပြဆိုအပ်သော–ပါဠိတော်အရမှာ။ မနောဒွါရ၌ ဖြစ်သော–မနောကံဟုမှတ်။ ထိုမနောကံသည်လည်း။ စိတ်သာလျှင် ပြဓာန်းခြင်းရှိ၏။ (တာကြောင့်။)—

အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ ။ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ အာရမ္မဏံ၊ အာရုံကို။ စိန္တေတိ၊ သိတတ်ကြံကတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊

ထိုတရားသဘောသည်။ စိတ္တံ၊ စိတ်မည်၏။ ။တာကြောင့်။ သင်္ဂြိုဟ်အဋ္ဌကထာ၌။—

နွါဒသာ ကုသလာနေဝံ၊ ကုသလာနေဝိသတိ၊ဆတ္တိံသေ ဝ၊ ဝိပါကာနိ၊ ကြိယာစိတ္တာနိဝီသတိ—ဟုဆိုသည်။ ၎င်း အဓိပ္ပါယ်ကိုပြအံ့။ ။အကုသိုလ်စိတ်=၁၂။ ။ကုသိုလ်စိတ် ၂၁။ ။ဝိပါက်စိတ်–၃၆။ ။ကြိယာစိတ်––၂၀။ ။ပေါင်း စိတ်တရာယုတ်ကိုးဆယ်ဟုမှတ်။

၎င်းစိတ်သည်။ စေ့ဆော်ခြင်းလက္ခဏာရှိသော။ စေတ နာ စေတသိက်နှင့် ယှဉ်မှသာလျှင်။ ကောင်း သော အာရုံ၊ မကောင်းသောအာရုံသို့ ပြေးသွားတတ်သော သဘောရှိ၏။ (တာကြောင့်။ ဋီကာကျော်၌။)—

စေတသိကဝံ တဒါယတ္တဝုတ္တိတာယာတိ စေတသိကံ—ဟု လာသည်။ ။ယံဓမ္မဇာတံ၊ အကြင် တရား သဘော သည်။ တဒါယတ္တဝုတ္တိတာယ၊ စိတ်နှင့် စပ်ခြင်း ရှိသည်၏ အ ဖြစ် ကြောင့်။ စေတသိကံ၊ စိတ်၌။ ဘဝံ၊ ဖြစ်၏။ ဣတိတသ္မာ၊ထို့ ကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသဘော သည်။ စေတသိ ကံ၊ စေတသိက်မည်၏။

နောက်ကပြဆိုခဲ့သော—အဋ္ဌကထာ၌။ ကာမာဝစရကု သလဝ္ဂိ၊ ကာယဒွါရေပဝတ္တံ၊ ကာယကမ္မံ၊ ဝစီဒွါရေပဝတ္တံ၊ ဝစီကမ္မံ၊ မနောဒွါရေပဝတ္တံ၊ မနောကမ္မဉ္စေတိ၊ ကမ္မဒွါရဝ သေနတိဝိဓံ ဟောတိ။ ။ဤအဋ္ဌကထာအရမှာ။ မနောဒွါ ရေ၊ မနောဒွါရ၌။ ပဝတ္တံ၊ ဖြစ်သော။ မနောကမ္မဉ္စ၊ မနော ကံသည်၎င်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ဤသို့-မနောဒွါရ၌ ဖြစ်သော စေတနာ ကံသည်သာလျှင်။ မနောကံဟုမှတ်။ ထိုမနောကံသည်။ရတ

နာသုံးပါးတို့၌ ကြည်လင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ယုံကြည်ခြင်းသည်။ သဒ္ဓါစေတသိက်ဟူ၍မှတ်။

တနည်း၊အားဖြင့်။ဟာဒယဝတ္ထုရုပ်ကိုမှီ၍ဖြစ်သော။ ဘဝင်ပဉ္စဒွာ–တဆယ့်ကိုးခုဟုဆိုအပ်သော- မနောဒွါရဝဇ္ဇာန်း–စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်–ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ ၎င်းနှစ်ပါးဆုံမှိမှသာသျှင်။မနောဝိညာဏ်စိတ်နာမ်သည်ဖြစ်၏ဟုမှတ်။

တနည်း။ သူတော်ကောင်းတို့၏ စိတ်နှလုံးသည်၊ ဘုရားအစရှိသော ကောင်းသော အတိဋ္ဌာရုံကိုမြင်သည်ရှိသော်။ ဝမ်းမြောက်ခြင်း သောမနဿဖြသည် ဖြစ်၏။ တိတ္ထိတက္ကဒွန်းတို့သည်၊ ဘုရားအစရှိသော အတိဋ္ဌာရုံကိုရင်း။ အသံတော်ကိုရင်း။ မြင်ခြင်းကို အလိုမရှိ။ မျက်စိကို မှိတ်ထား၏။ အသံကို မကြားလို၍ နားကို ပိတ်ထား၏။ ထိုတိတ္ထိ တက္ကဒွန်းတို့မှာ။ ဒေါသဖြသာဖြစ်၏ဟုမှတ်။

နောက်ကပြဆိုကဲ့သော၊ မနောပုဗ္ဗင်္ဂမာဓမ္မာ-ဟူသောပုဒ်အရ။ တရုံတယောက်သောသူသည်။ ကြည်လင်သော-စိတ်၊ စေတနာ၊သဒ္ဓါ၊သတိ၊ပညာဟုဆိုအပ်သော သူတော်ကောင်းတို့၏ အကျင့်ကို။ ကာယကံဖြင့် ပြုလုပ်ခြင်း။ ဝစီကံဖြင့် ရွတ်ဆိုခြင်း။ မနောကံဖြင့် ကောင်းသောအာရုံကို နှလုံးသွင်းခြင်းသည်။ လူ၊ နတ်၊ နိဗ္ဗာန်၊ သုံးတန်သောချမ်းသာကို။ ပေးစွမ်းနိုင်သည်ကို။ မြတ်စွာဘုရားဟောတော်မူသည်ဟုမှတ်။

ယွှုဆိုလတ့်သော စကားအရမှာ။ မနောကံဖြင့် မြတ်စွာဘုရား၏ ရောင်ခြည်တော်။ ကိုယ်တော်မြတ်ကြီး၏ ရူပကာယ အဆင်းတော်ကို။ မနောကံဖြင့် ကြည်လင်ရွှင်လန်း ဝမ်းမြောက်ခြင်း သောမနဿ။ နှစ်သက်မြတ်နိုးခြင်းပီတိ။ ဤသို့သော စေတနာကံကြောင့်။ နတ်၏စည်းစိမ်ခံစားပြီး။ သော

တာပန်အရိယာကြီးဖြစ်သွားသော၊ မဇ္ဈကုဏ္ဍလီ-သတိုးသားဝတ္ထုကိုဆိုဦးအံ့။

ငါတို့မြတ်စွာဘုရားသခင်သည်။ သာဝတ္ထိပြည်။ ဇေတဝန ကျောင်း၌။ ကိန်းအောင်းမွေ့လျော်။ စံပါယ်တော်မူသော ကာလအခါဝယ်။ သာဝတ္ထိပြည်၌။ ပစ္စည်းဥစ္စာကြွယ်ဝသော အဒိန္နပုဗ္ဗက-ပုဏ္ဏားကြီးသည်ရှိ၏။ ထိုပုဏ္ဏားကြီးသည်။တစုံ တယောက်သောသူအား။ အနည်းငယ်မျှသော ပစ္စည်း ဥစ္စာကို၊ ပေးဘူးသည်မည်သည်မရှိ။ ထို့ကြောင့်။အဒိန္နပုဗ္ဗက-ပုဏ္ဏားကြီးဟူ၍ အမည်တွင်လေ၏။ ထိုပုဏ္ဏားကြီး၌။ အလွန် ချစ်မြတ်နိုးအပ်သော, သားတယောက်သည်-ရှိသတတ်။ ထိုအခါ။ သားငယ်ဝတ်ဆင်ဘို့ရာ၊ နားဒေါင်းတရန် ပြုလုပ်လိုသဖြင့်။ ရွှေပန်းတိမ်သည်တို့ကိုခိုင်းစေပါလျှင်။လက္ခငွေကျေးများစွာပေးရလိမ့်မည်။ မိမိကိုယ်တိုင်၊ ရွှေကိုခတ်လျက်၊နားဒေါင်းပြုလုပ်ပေးရာတွင်။ နားဒေါင်းနှင့်မတူ။ လက်ညှိုးနှင့်တူနေသော ကြောင့်။ နားဒေါင်းကို အကြောင်းပြု၍။ မဇ္ဈကုဏ္ဍလီ-ဟူသော အမည်တွင်လေ၏။ ထိုသူငယ်အား။ တဆဲ့ခြောက်နှစ်အရွယ်သို့ ရောက်သည် ရှိသော်။ ကနေ့သဒ္ဒ ဖြော့တော့သော-ပဏ္ဍုရောဂါသည်ဖြစ်၏။ ထိုအခါ။ မိခင် ပုဏ္ဏေးမကြီးသည်။ သား၏ရောဂါဝေဒနာအတွက်။ ဆေးဆရာ-ပင့်ခေါ်ရန်၊ ပုဏ္ဏားကြီးအားပြောလေသော်။ အိုရှင်မ။ ဆေးဆရာတို့ မည်သည်မှာ။ အတိုးအခ-များစွာ ပေးမှ သာလျှင်။ ဟုတ်ဟုတ်ငြားငြား ကုသလိမ့်မည်။ သို့အတွက်။ ငါ့သားကို၊ ငါကိုယ်တိုင် ကုသမည်ဟုဆိုပြီးလျှင်။ ဆေးသမားများအထံသို့သွား၍။ ဤအမည်ရှိသောရောဂါကို။ အသင်တို့ ဘယ်ဆေးကိုပေး၍။ အဘယ်သို့သော, အစာကို ကြွေးပါသနည်းဟု-မေးလေသော်။ ဆေးဆရာတို့ကလည်း။ဟုတ်ဟုတ်

ပြားပြားသော–သစ်သီး, သစ်ရွက်, သစ်ခေါက်, သစ်မြစ်တို့ဖြင့်။ ထု ထောင်း ဖော်စပ်၍ ပေးသည်ဟု၊ ပြောလိုက်ကြလေ၏။

ထိုအခါ၊ ပုဏ္ဏားကြီးသည်။ မိမိသားအတွက်၊ ဆေးဖော်ပြီးလျှင်။ သားကို ဆေးကုလေရာ။ တနေ့ထက်တနေ့-ရောဂါသည်၊ ကြီးပွါး၍လာလေ၏။ ထိုအခါ၊ ပုဏ္ဏားကြီး–သည်။ မလွဲမကင်းသာသဖြင့်၊ ဆေးသွားကို ခေါ်လေ လျှင်။ ဆေးသွားတို့ကလဲ။ ကုသတို့ရာ-လွန်စွာခဲယဉ်းသဖြင့်။ ငါတို့မှာ။ ပြုဘွယ်ကိစ္စမျှားနေသေးသည်။ တခြားသော-ဆေးသွားကို ခေါ်ကြပါဟု ပယ်ကြလေ၏။

ထိုအခါ။ ဆွေမျိုး ညာဘကာ အပေါင်းတို့ သည်။ မဋ္ဌကုဏ္ဍလီ၏–ရောဂါ ဝေဒနာကို၊ မေးမြန်းကြရန် လာကြလေသော်။ ပုဏ္ဏားကြီးသည်။ ဤသို့ကြံ၏။ ငါတို့၏ ပစ္စည်းဥစ္စာတွေကို မြင်ပြန်လျှင်၊ လိုချင်ကြလိမ့်မည်။သို့အတွက်။ သူငယ်ကို အိမ်ကျမ်းပြင်သို့ ထုတ်ဆောင်၍ထားလေ၏။ ၎င်းအဋ္ဌကထာ၌။ ။ဗဟိန် ကရိယာ ဘိတိ၊ ပုတ္တံ နိဟာရိတွာ၊ ဗဟိအာလိန္ဒေနိပ္ပဇ္ဇာပေသိ။ ။(အနက်။) ။နံ၊ ထိုသား မဋ္ဌကုဏ္ဍလီကလေးကို။ ဗဟိ၊ ဥစ္စာမထား၊အိမ်ကျမ်းပြင်တည်းဟူသော ပြင်ဘက်နား၌။ ကရိယာဘိ-ဌပယိဿာမိ၊ သူနာကြည့်လာ။ မြင်ဘို့ရာကို၊ ထုတ်ဆောင်၍ ထားပေ တော့အံ့။ ဣတိမနသိကတွာ၊ ဤသို့နှလုံးပြု၍။ ပုတ္တံ၊ သား မဋ္ဌကုဏ္ဍလီကို။ နီဟရိတွာ၊ အိမ်တွင်းမှ ထုတ်ဆောင်ခဲ့ပါ၍။ ဗဟိအာလိန္ဒေ၊ အိမ်ကျမ်းပြင်၌။ နိပဇ္ဇာပေသိ၊ အိပ်စေရလေ၏။ ။ထိုအခါ။ မြတ်စွာဘုရားသခင်သည်။ ဘုရားတို့တံထွာ၊ဓမ္မဘာသဘောအားဖြင့်။ နံနက် မိုးစင်သောက် ရောက် လတ်သော အခါ။

ရွှေညာဏ်တော်စက္ခုဖြင့်။ လောကကို ကြည့်ရှုတဲ့အခါ။ အိမ်ကျမ်းပြင်၌ ဝေဒနာ နှိပ်စက်အပ်သော, မဋ္ဌကုဏ္ဍလီ-သတိုးသားကိုမြင်တော်မူလေသော်။မဇ္ဈိမဒေသ၌ ပုဏ္ဏားကြီးနှင့်တကွ ရှစ်သောင်းလေးထောင်သော-ပရိသတ်တို့အား။တရားဟောတော်မူရလျှင်။ အကြွတ် တရား ရကြ လတံ့။ မဋ္ဌကုဏ္ဍလီ သတိုးသား ကလေးမှာလဲ။ ငါဘုရားအား ကြည်ညိုရသည့်အတွက်။ သော တာ ပတ္တိ ဖိုလ်၌ တည်လတံ့ဟု–နှလုံးပြု၍။ သာဝတ္ထိပြည်တွင်းသို့။ ဆွမ်းခံကြွဝင်တော်မူလေ၏။

ထိုအခါ။ မဋ္ဌကုဏ္ဍလီ-သတိုးသားကလေး သည်။ အိမ်အတွင်းသို့ မျက်နှာမူလျက်။ ဝေဒနာ ခံစား၍ နေရှာလေ၏။ တာကြောင့်။– ၎င်းအဋ္ဌကထာ၌။—

တသ္မိံခဏေ မဋ္ဌကုဏ္ဍလီ အန္တောဂေဟာဘိမုခေါ၊
နိပ္ပန္နောဟောတိ။ ။

(အနက်။) တသ္မိံခဏေ၊ ထိုသာဝတ္ထိပြည် ဆွမ်းခံလှည့်လည်တော်မူသောအခါ၌။ မဋ္ဌကုဏ္ဍလီ၊ ရောဂါကြီးမားနာဖျားတာရှည်၊ သား-မဋ္ဌကုဏ္ဍလီ ကလေးသည်။ အန္တောဂေဟာဘိမုခေါ၊ အိမ်တွင်းသို့ရှေးရှုနေလျက်။ နိပ္ပန္နော၊မထသော အိပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ထိုအခါ။ မြတ်စွာဘုရားသခင်သည်။ မဋ္ဌကုဏ္ဍလီ–သတိုးသားကလေး, ဝေဒနာခံစားလျက်–အိမ်တွင်းသို့ မျက်နှာပြုပြီး နေတော့။ ငါဘုရားမြင်ရလိမ့်မည်မဟုတ်။ ငါဘုရား ရောင်ခြည်တော်–လွှတ်အံ့ဟု။ ရောင်ခြည်တော်–လွှတ်တော်မူလေ၏။

တာကြောင့်။– ၎င်းအဋ္ဌကထာ၌။ ။အထသတ္ထာအဿ နော အပဿနဘာဝံ ဉတွာ ဧကရသ္မိံ ဝိသဇ္ဇေသိ။ ။

(အနက်။) အထ၊ ထိုသို့ မဥ္စကုဏ္ဍလိ–သတိုး သား က လေး–အိမ်တွင်းသို့ ရှေးရှုနေသောအခါ၌။ သတ္တာ၊ လူ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော၊ မြတ်စွာဘုရား သခင်သည်။ အတ္တနော၊ မိမိအား။ အပဿနဘာဝံ၊ မဥ္စကုဏ္ဍ လိ–သတိုးသားကလေး, မမြင်သည်၏အဖြစ်ကို။ ဉတွာ၊ မိုင်း ခြားထင်ထင်၊ သိမြင်တော်မူ၍။ ဧကရသ္မိံ၊ တပါးသောရောင် ခြည်တော်ကို။ ဝိသဇ္ဇေသိ၊ စွန့်လွှတ်တော်မူလေ၏။ ။ဤကဲ့ သို့–မဥ္စကုဏ္ဍလီ သတိုးသာကလေး–ကြည်ညို့ရန်။ နေ–၏ အရောင်။ လ–၏, အရောင်တို့ထက်။ သိန်းသန်းမက၊ ထွန်း လင်း တောက်ပတော် မူတဲ့–ရောင်ခြည်တော် တပါးကိုသာ၊ လွှတ်တော်မူသတဲ့။ ။မြတ်စွာဘုရား ရောင်ခြည်တော်မှာ– သုံးပါးရှိသတဲ့။—

ဗျာမပ္ပလက္ခဏာရံသိယော၊ အသီတိနိဗ္ဗလဠိတံရံသိယော၊ အနန္တဒိသဖရဏာရံသိယောတိ၊ တိဝိဓါ ဟောန္တိ။ ။

(အနက်။) ဗျာမပ္ပလက္ခဏာရံသိယော၊ ရှေနောက်ဝဲယာ၊ ထွန်းလင်းဖြာလျှက်။ လေးတောင်ပမာဏ ရှိသော။ ဗျာမပ္ပ ရောင်ခြည်တော်ရင်း။ အသီတိနိဗ္ဗလဠိတံရံသိယော၊အတောင် ၅စ်ဆယ်၊ ကွန့်မြူး တြွယ်လျှက်၊ တင့်တယ် တောက်ပ သော၊ အသီတိနိဗ္ဗလ–အမည်ရှိသော–ရောင်ခြည်တော်ရင်း။ အနန္တ ဒိသဖရဏာရံသိယော၊ စကြဝဠာ လောကဓာတ် အတွင်း၌။ အဆုံးမရှိ ပြန့်နှံ့၍ လင်းသော။ အနန္တဒိသဖရဏာ–အမည်ရှိ သော–ရောင်ခြည်တော်ရင်း။ ဣတိ၊ ဤသို့။ တိဝိဓါ၊ သုံးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုမဥ္စကုဏ္ဍလီ–သတိုးသား ကလေး, ကြည်ညို့ရန်၊ ပူ ဇော်ရန်၊ ကြီးကြွယ်မြင့်မြတ်သော အကျိုးထူးတပါးကိုခံစား

ရရှိစေရန်၊ ရည်သန်တော်မူလျှက်။ ဗျာမပ္ပ-ရောင်ခြည်တော်ကို။ ကွန့်မြူးတော်မူသတည်း။

ဗျာမပ္ပ-ရောင်ခြည်တော် ဆိုသည်မှာ။ ရှေ့နောက်ဝဲယာ၊ လေးတောင်မျှ ပမာဏ လောက်။ ထွန်းလင်း တောက်ပတဲ့ ရောင်ခြည်တော်က။ ဗျာမပ္ပ-ရောင်ခြည်တော်ဟုမှတ်။

အသီတိနိစ္စလ–ရောင်ခြည်တော် ဆိုသည်မှာ။ အတောင်ရှစ်ဆယ်ခန့်မျှ ပမာဏလောက်။ ထွန်း လင်း တောက် ပတဲ့ ရောင်ခြည်တော်က။ အသီတိနိစ္စလ-ရောင်ခြည်တော်ဟုမှတ်။

အနန္တဩဘသဖရဏ–ရောင်ခြည်တော်ဆိုသည်မှာ။ အဆုံးမရှိ-စကြဝဠာ အတွင်း၌ ပြန့်နှံ့၍ ထွန်းလင်းတဲ့ ရောင်ခြည်တော်က။ အနန္တဩဘသဖရဏ–ရောင်ခြည်တော်ဟုမှတ်။

ထိုကဲ့သို့ မြတ်စွာဘုရားသခင်-ရောင်ခြည်တော်ကွန့်မြူးတဲ့ အခါမှာ။ မန္ဒကုဏ္ဍလီ-သတိုးသားကလေးသည်။ ရောင်ခြည်တော်ကို မြင်လတ်သော်။ ဤ အရောင်သည်။ "နေ" ရောင် "လ" ရောင်။ ပတ္တမြားရောင်-မဟုတ်။ အလွန်ထူးဆန်း အံ့ဩဘွယ် ကောင်းသော, အရောင် ပေ တည်းဟု-အောင်းမေ့လျှက်။ အိမ်ရှေ့သို့ ရှေးရှုလျှက် ကြည့်ရှုသောအခါ။ အတုမရှိသော, မြတ်စွာဘုရားကို-မြင်လေသော်။ ဩော်—ငါသည်ကား။ အလွန်တရာ ဝန်တိုမိဿာ များတဲ့ ပုဏ္ဏားမျိုး၌ ဖြစ်ရခြင်းကြောင့်။ ကာယကံဖြင့် ပူဇော်သောကုသိုလ်။ ဝစီကံဖြင့် ရွတ်ဆို၍ ဆောက်တည်အပ်သော သီလကုသိုလ်။ ဤဆိုအပ်ခဲ့ပြီးသော။ ကာယကံမှု ဝစီကံမှု တို့ဖြင့်၊ မပြုရလေခြင်းဟု စိတ်နှလုံး ပိုက်ပြီး လျှင်။ မနောကံဖြင့်–ကိုယ်တော်မြတ်ကြီးအား။ ကြည်ညိုခြင်း ဖရဏာပီတိသည်ဖြစ်၍။ ထိုသို့ ရောင်ခြည်တော် နှင့် တကွ၊ ဘုရားသခင်အား, ကြည် ညို သော မနောကံ-စေတနာဖြင့်။ တာဝတိံသာ–နတ်ပြည်သို့ ရောက်

ကြောင်း၊ ကောင်း မြတ် သော-ဥပနိသျကို မြင်တော်မူ၍၊ မြတ်စွာဘုရားသခင်သည်၊ သာဝတ္ထိပြည်တွင်းသို့၊ ဆွမ်းခံဝင်တော်မူလေ၏။

ထိုအခါ၊ မဋ္ဌကုဏ္ဍလီ-သည်၊ ဝေဒနာ ပြင်းထန် သည်အတွက်၊ ရှတော်စိတ် ကြည်ပြီးလျှင်၊ တာဝတိံသာ နတ်ပြည်တွင်၊ နတ်သွီး-တထောင်ခြံရံလျက်၊ နတ်၏စည်းစိမ်ကိုခံစားရလေ၏။

ဓမ္မပဒအဋ္ဌကထာ၌၊—

သောတထာဂတော၊ စက္ခုံ ပတံ ဝိဇဟာန္တေ ယေဝ၊
ပသန္နမနော၊ ကာလကတ္ဝာ သုဇုဋ္ဌဗျာနေ ဝိမာနေ၊
ဒေဝလောကေ၊ တိံသယောဇနိကေ၊ ကနကဝိမာ
နေ၊ နိဗ္ဗတ္တိ။ ။

(အနက်။) သော၊ ထိုမဋ္ဌကုဏ္ဍလီ—သတို့ သား ကလေးသည်၊ တထာဂတော၊ ထိုသို့လာခြင်း ကောင်းတော် မူသော မြတ်စွာဘုရားသခင်—သည်။ စက္ခုံ ပတံ၊ ကောင်းစွာ တိတိ၊ ကြည့် ရှုပြီး သော မျက်စိ ခရီး ကို၊ ဝိဇဟာန္တေ ယေဝ၊ စွန့်ခြင်းသို့ ရောက်တော်မူသော အခါ၌သာလျှင်၊ ပသန္နမနော၊ ကြည်လင်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍၊ ကာလကတ္ဝာ၊ ဇတေ ပြောင်းကြွေ၊ သေလွန်ခြင်းကိုပြု၍။ သုဇုဋ္ဌဗျာနေ ဝိမာနေ၊ အိပ်ပျော် ယောကျ်ား၊ နိုးသောလားကဲ့သို့၊ ဒေဝလောကေ၊ နတ်ပြည်၌။ တိံသယောဇနိကေ၊ ယူဇနာသုံးဆယ်၊ အပြောကျယ်သော၊ ကနကဝိမာနေ၊ ရွှေဗိမ္မာန်ကြီး၌၊ နိဗ္ဗတ္တိ၊ ရောင်ခြည်ကွန့်ယက်၊ နှစ်သက်ကြည်ညို၊ မြတ်ကုသိုလ် ကြောင့်၊ နှစ်လိုဖွယ်သော ဖြစ်ရလေတော့သတည်း။

*No 12.*

ထိုအခါ၊ ဘခင်ဖြစ်သော ပုဏ္ဏားကြီးသည်၊ မဋ္ဌကုဏ္ဍလီ သတိုးသားကလေး၏ ရုပကာယကို၊ ကောင်း မွန်စွာ ဖုတ်ကြည်းသင်္ဂြိုဟ်စေပြီး၍၊ သုသာန်သို့ နေ့တိုင်းမပြတ် သွားပြီးလျှင်၊ မြေကြီး၌–လူးလှိမ့်ခါ၊ အိုု–တယောက်ထည်းသော သား၊ ငါဘခင်ကို စွန့်ပြစ်၍၊ အဘယ်သို့ သွားလေသနည်း ချစ်သား-ဟု၊ ငိုကြွေး မြည်တန်း လျှက် နေ၏။ မဋ္ဌကုဏ္ဍလီ–နတ်သားသည်၊ ၊ဘခင် ပုဏ္ဏားကြီးအား၊ ပရိဒေဝမီး တောက်လောင်နေသည်ကို မြင်သဖြင့်၊ သက်သာရာ-ရစိမ့်သောငှါ၊ တာဝတိံသာ နတ်ပြည်မှ သက် ဆင်း ပြီး လျှင်၊ ပုဏ္ဏားကြီးအနီး၌ နေလျှက်၊ လက်မောင်းနှစ်ဘက်ကို မြှောက်လျှက်၊ ငိုကြွေး၍ နေလေ၏။ ၊ထိုအခါ၊ပုဏ္ဏားကြီးက၊ ဤသူငယ်သည်၊ ဘယ့်အတွက်ကြောင့် ငါကဲ့သို့ ငိုကြွေးခြင်း ပြုပါလိမ့်မည်နည်းဟု၊ အနည်းသို့ချင်းကပ်၍ မေးလေ၏။ ထိုအခါ၊ နတ်သားက၊ အကျွန်ုပ်သည်–အခြားမဟုတ်၊ နေနှင့်–လ, နှစ်ပါးကို အလိုရှိ၍၊ ရလိုသောဆန္ဒဖြင့်ငိုကြွေး၏။ အသင့်ပုဏ္ဏားကြီးမှာကော, ဘယ်အတွက်ကြောင့်၊ဤသုသာန်၌ လူးလှိမ့်ကာ-ငိုကြွေးသနည်းဟု မေးသောအခါ၊ ကျွန်ုပ်၏သား-မဋ္ဌကုဏ္ဍလီ-သည်၊ ရဘောမနေ သေလွန်ခြင်းကြောင့်၊ သားအတွက် ပူဆွေး၍ ငိုကြွေးပါသည်ဟု၊ ပုဏ္ဏားကြီးက, ပြောလေ၏။ ထိုအခါ၊ ပုဏ္ဏားကြီးက, အသင်လုလင်၊အသင်သည်ကား၊ နေ-လ နှစ်ပါးကို လိုချင်တောင့်တ၍ ဘယ်လိုပင် ငိုကြွေးခြင်းပြုသော်လဲ၊ ရနိုင်မည်မဟုတ်၊အသင်လုလင်မိုက်ခဲ တွေဝေခြင်းကြောင့် သာလျှင်၊ ငိုကြွေးခြင်းအမှုကိုပြုလေသည်ဟု၊ ပုဏ္ဏားကြီးက-ပြောဆိုသောအခါ၊ နတ်သားလုလင်က၊– အိုပုဏ္ဏားကြီး၊ ငါကား၊ နေ–လ–နှစ်ပါးကို မရသော်လည်း၊ စက္ခု ပသာဒ ဖြင့် မြင်ရကောင်းသေး၏။

သင်ပုဏ္ဏားကြီးမှာမူကား။ ရတောမနေသေလွှန်၍သွားသော သားငယ်သည်၊ ဘယ်ဘုံ-ဘယ်ဘဝသို့ ရောက်မှန်း မသိရ၊ မမြင်ရဘဲနှင့် ငိုကြွေး၍ နေခြင်းသည်။ ကွယ်လွန်ထက်သာလွန်၍ မိုက်မဲတွေဝေရာရောက်သည်ဟု-ပြောဆိုတော့မှ။ သတိသံဝေဂ ရပြီးလျှင်။ အသင် လုလင် ပြောသော စကားသည်-ကောင်းလေစွ။- ငါသည်။ ဤနေ့ကစ၍ ငိုကြွေးခြင်း မပြုတော့ပါဟု။ ဝန်ခံစကားပြောရှာလေ၏။ ထိုအခါ။ ပုဏ္ဏားကြီးသည်။ နတ်သား လုလင်အား မေးလိုသည်ဖြစ်၍၊အသင်နတ်သား။ အသင်သည်။- ဘယ်ကောင်းမှု-ဘယ်ကုသိုလ်ကြောင့်၊ ဤသို့သော, နတ်၏ စည်းစိမ်ကို ရပါ သနည်း၊ အသင်၏ နာမည်က, အဘယ်သို့ ခေါ်သနည်းဟု မေး လေသော်။ အကွန်ုပ်သည်။ အခြားသူမဟုတ်၊ အသင်ပုဏ္ဏားကြီး၏ သား-မဋ္ဌကုဏ္ဍလီ-ဖြစ်လေ သည်။ အကွန်ုပ်သည်၊ ရတောစိတ် ကျခါနီး တွင်။ အတုမရှိတဲ့-ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို။ စိတ်ဖြင့် ကြည်ညို မိသော, စေတနာကြောင့်။ နတ်၏စည်းစိမ်ကို ခံစားရလေ၏။ အသင်ပုဏ္ဏားကြီးမှာလဲ။ ယနေ့ကစ၍။ ရတနာသုံးပါးကို။ ဆည်းကပ်ကိုးကွယ်ခြင်း၊ လှူဒါန်းပူဇော်ခြင်းအမှုကို ပြုလေတော့ဟု။ဘခင်ပုဏ္ဏားကြီးအား။ ဆုံးမစကား, ပြောကြားပြီးလျှင်၊ တာဝတိံသာ နတ်ပြည်သို့ပြန်သွားလေ၏။

ထိုအခါ။ ပုဏ္ဏားကြီးသည်။ မြတ်စွာဘုရားနှင့် တကွ၊ သံဃာတော်များ ပင့်ဆောင်ပြီးလျှင်။ ဆွမ်းဘောဇဉ်၊ အချိုအချဉ်-အရသာတို့ဖြင့်၊ လှူဒါန်းကျွေးမွေးပြီးလျှင်။ သရဏဂုံသုံးပါးနှင့်တကွ။ ငါးပါးသီလတို့ကို ဆောက်တည်၍။တရားတော်ကို ကြားနာလေ၏။ ထိုအခါ။ မြတ်စွာဘုရားသခင်သည်။ မဋ္ဌကုဏ္ဍလီ-နတ်သားသည်။ ရွှေဗိမ္မာန် နှင့် တကွ၊

သက်ဆင်း၍ လာစေသတည်းဟု။ အဇ္ဈာန်ပြုလေသော်။ မဇ္ဈကုဏ္ဍလိ-နတ်သားသည်။ အခြွေအရံနှင့်တကွ။ တရားတော်ဟောကြားနေစဉ်။ ရွှေဗိမ္မာန် နှင့် တကွ လာလေ၏။ ဘခင်ပုဏ္ဏားကြီး နှင့် တကွ၊ ပရိသတ်တို့သည်။ အံ့ဩ ချီးမွမ်း၍ မကုန်နိုင်အောင် ပြော ဆို ကြ လေ၏။ မြတ်စွာဘုရားသခင်သည်။ အသင်နတ်သား။- အသင်သည်။ ဘယ် အမည် ရှိသနည်း။ ဘယ်ကောင်းမှု-ဘယ်ကုသိုလ်ကြောင့်။ ယခုကြီးကြယ်သော, ဘုံဗိမ္မာန်၌ ခံစားစံစားရ လေသနည်းဟု-မေးတော်မူတဲ့အခါ။ နတ်သားက။ တပည့်တော်-မဇ္ဈကုဏ္ဍလီ-ဖြစ်ပါသည်ဘုရား။ အရှင်မြတ်အား။ မနောကံဖြင့်ကြည်ညို မြတ်နိုးရသော စေတနာကံကြောင့်။ ယခုကဲ့သို့သော နတ်ဘုံနတ်နန်းနှင့်တကွ။ စံစားရကြောင်း လျှောက်ထားလေသော်။ မြတ်စွာဘုရားသခင်သည်။ မဇ္ဈကုဏ္ဍလိ၏ အကျိုးထူးတရားခံစားရပုံ။ ငါဘုရား၌ မနောကံဖြင့် ကြည်ညိုခြင်းသည်။ အကျိုးထူး မဟာပွဲသကို။ ရအပ်-ခံစားအပ်သည်ဟု။ ဒေသနာတော်အစဉ်အတိုင်းဟောကြားတော်မူသည်အဆုံး၌။မဇ္ဈကုဏ္ဍလိ-နတ်သားနှင့်။အဒိန္နပုဗ္ဗက-ပုဏ္ဏားတို့-သောတာပန်တည်ကြလေကုန်၏။ ရှစ်သောင်းလေးထောင်သော၊ ပရိသတ်တို့သည်လည်း။ အကျွတ်တရားရကြလေကုန်၏။ ဤ-ယခုရေးသားသော, သာဓက-သည်။ မြတ်စွာဘုရားသခင်အား။စိတ်သက်သက်မျှ ကြည်ညိုရသော မနောကံ စေတနာကြောင့်။ နတ်ပြည်၌ဖြစ်ပြီးလျှင်။ မဂ်လေးပါးတို့တွင်။ ပထမဆုံးဖြစ်သော၊ သောတာပတ္တိမဂ်သို့ ရောက်ရခြင်းသည်။ စိတ်သက်သက်မျှ ကြည်ညိုရုံဖြင့်။ အကျိုးထူးတရားကို ရအပ် ခံစားအပ်သည်ဟုမှတ်။

ooo

## ၁၁။ အသံတော်ကို-ကြည်ညိုရုံမျှဖြင့်၊ အပါယ်ဒုဂ္ဂတိဘဝမှ လွတ်မြောက်၍။ သုဂတိဘဝသို့ ရောက်ရသော,

## မဏ္ဍုက-ဖါးနတ်သားကို သာကေဆောင်၍ ပြဦးအံ့။

---

စမ္ပာနဂိုရ်ပြည်တွင်။ ဂဂ္ဂရ-ရေကန်၏ အနီးမှာ။မြတ်စွာဘုရားသည်။ တရားဓမ္မ-ဟောပြတော်မူနေစဉ်။ နွားခြေရာ ထိုင်ထဲက။မျက်လုံး-ကြောင်တောင်တောင်နှင့်။ရေဖါးကောင်ကလေးသည်။ တရားတော်၏ အသံကို ကြားရသောအခါ။ ဘုရားတည်းဟူသော, အမှတ်သညာဖြင့်။ နာယူ မှတ်သား၍နေတဲ့အခါ၌။ နွားကျောင်းသား, တယောက်သည်။ ဒုတ်လှံတန်ဖြင့် ထောက်မိသောကြောင့်။ စုတိ ပြတ်ကြွေ၊ သေလွန်သည်ကာလ။ တာဝတိံသာနတ်ပြည်မှာ။ တဆယ့်နှစ်ယူဇနာရှိသော။ ဘုံဆောင်ပြာသာဒ်ကြီး၌ သွား၍ဖြစ်လေ၏။

ထိုမဏ္ဍုက-ဖါးနတ်သားသည်။ မိမိရအပ်သော။ နတ်စည်းစိမ်၊ နတ်ဘုံဗိမ္မာန်၊ နတ်သမီးအခြွေအရံတို့ကို မြင်ရလျှင်။ ငါသည်။ ယခုရအပ်သော-စည်းစိမ်ချမ်းသာသည်။ဘယ်သို့သော, ကောင်းမှုကုသိုလ်ကြောင့် ရလေသနည်းဟု။ဆင်ခြင်နှလုံးသွင်းတဲ့အခါ။ လူ့ပြည်၌။ တိရစ္ဆာန် ဖါးကလေးဘဝက။ မြတ်စွာဘုရားသခင် — တရားတော်၏—အသံတော်ကို။ အာရုံပြု၍နာကြားခဲ့ရသော, စေတနာကံကြောင့်။ကြီးကျယ်မြင့်မြတ်သော-စည်းစိမ်ကို။ ခံစား စံစားရပေသည်ဟု။နှလုံးပြုလျက်။ မိမိ၏ ဘုံဗိမ္မာန် နှင့် တကွ။ မြတ်စွာဘုရား-ထံသို့။

*No 13.*

တရားနာရန်လာခဲ့လေ၏။ ထိုအခါ။ မြတ်စွာဘုရားသခင်က။ ကိုယ်ရောင် ကိုယ်ဝါ၊ တောက်ပစွာနှင့်၊ ငါဘုရားအား။ ဖူးမျှော်ကတော့သော, အသင်နတ်သားသည်။ အဘယ်သူနည်းဟု။ မေးတော်မူလေသော်။ မဏ္ဍုကဖါးနတ်သားက-လျှောက်ထားသည်မှာ။——

မဏ္ဍူကောဟံပုရေဟောသိ ဥဒကေ ဝါရိဂေါစရော၊
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။ ။

ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ပုရေကာလေ၊ ရှေး လူ့ပြည် ရင်ရှာ ဖြစ်သော အခါ၌။ ဥဒကေ၊ ကဂ္ဂရာ-အမည်ရှိသော, ရေကန်၌။ ဝါရိဂေါစရော၊ ရေဝယ်ပျော်ပါး။ ကျက်စားသော။ မဏ္ဍူကော၊ ဖါးသူငယ်သည်။ အသိ၊ ထင်ရှား မသွေ၊ ဖြစ်ပါပေ၏။ တဝ။ အရှင်ဘုရား၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သုဏန္တဿ၊ နာခံမှတ်သား, နှလုံးထားလျက် နာကြားစဉ်။ ဝစ္ဆပါလကော၊ နွားကျောင်းသား-တယောက်သည်။ အဝဓိ၊ လှန်တန်ထောက်မှီ။ အောက်ကရှိ၍။ မချိပြင်းစွာ—ဝေဒနာကြောင့်။ ခန္ဓာ ပြောင်းရွေ့၊ ရပေရလေ၏။ တဝ၊ ရှင်တော်မြတ်ဘုရား၏။ ဓမ္မ၊ တရားတော်ကို။ မုဟုတ္တံ၊ တခဏမျှ။ စိတ္တပသာဒနသ စိတ်ကြည်ညို ခြင်းနှင့်တကွ-နာခံရသော။ မေ မမ၊ အကျွန်ုပ်၏။ ဣဒ္ဓိစ၊ တံခိုးကိုရင်း။ ယသဥ္စ၊ အခြံအရံကိုရင်း။ အာနုဘာဝဥ္စ၊ အာနုဘော်ကိုရင်း။ ပဿ၊ ရှုတော်မူပါလော။ မေ မမ၊ အကျွန်ုပ်၏။ ဝဏ္ဏဥ္စ၊ အဆင်းကိုရင်း။ ဇုတိံ စ၊ အရောင်အဝါကို ရင်း။ ပဿ၊ ရှုတော်မူပါလော။ ဂေါတမော၊ ဂေါတမ-အမည်ရှိတော်မူသော, မြတ်စွာဘုရား။ တမေဝ၊ အရှင်ဘုရား၏ သာလျှင်။ ဓမ္မ၊ တရားတော်ကို။ ဒီဃမဒ္ဓါနံ၊ ကြာမြင့်စွာသော

ကာလပတ်လုံး၊ ယေသဗ္ဗာ၊ အကြင် သဗ္ဗဝါ အပေါင်း တို့သည်၊ ယတ္ထ၊ အကြင်အရပ်၌။ အစလဋ္ဌာနံ၊ တုန်လှုပ်ခြင်းကင်းသော နိဗ္ဗာန်သည်၊ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနိဗ္ဗာန်အရပ်သို့၊ ပတ္တာ၊ ရောက်၍။ နုသောစရေ၊ မစိုးရိမ်ရပြီ။

ထိုကဲ့သို့-ဖါးနတ်သားက,— မြတ်စွာဘုရားသခင်အား၊ လျှောက်ထားလေသော်၊ များစွာသော-တရားနာ-ပရိသတ်တို့သည်၊ အကျွတ်တရား ရကြလေကုန်၏။ ယဿုဒေသနာတော်၌၊ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေနေသော, ဖါးသဗ္ဗဝါကလေးသည်၊ မနုဿ လူများကဲ့သို့၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ-တို့ကို၊ ခွဲခြား၍မသိသော်လည်း၊ မြတ်စွာဘုရားသခင်၏ အသံတော်ကို အာရုံပြုလျက်၊ စိတ်၏ကြည်ညိုခြင်း၊ စိတ်၏ နှစ်သက်ခြင်း၊ ကောင်း မြတ် သော မနသိကာရဖြင့် နှလုံးသွင်းခြင်း၊ ဤသို့သော စေတနာကံ အာနုဘော်ကြောင့်၊ နတ်ရွာ သုဂတိရောက်ရှိရခြင်းသည်၊ ဘုရားသခင်၏—အသံတော်ကို အာရုံပြုရခြင်း-မနောကံ-စေတနာဟူ၍မှတ်၊

## မြတ်စွာဘုရား၊အသံတော်— ၈-ပါး။
## အဘိဓာန်-သဂ္ဂဇဏ္ဍာဝင်၊

ဝိဿဋ္ဌ၊ မဉ္ဇု၊ ဝိညေယျ၊ သဝနီယာ၊ ဝိသာရိနော၊ ဗိန္ဒု၊
ဂမ္ဘီရ၊ နိန္နာဒိတ္တေဝ၊ မဋ္ဌဂီကော၊ သရော။ ။

(အနက်။) ဝိဿဋ္ဌ၊ သန့်ရှင်းစည်ကြယ်သည်။ မဉ္ဇု၊ သာယာနာပျော်ဘွယ်ရှိသည်။ ဝိညေယျ၊ သိလွယ်-မြင်လွယ်-ထင်လွယ်သည်။ သဝနီယာ၊ သာယာနာဘွယ်ရှိသည်။ အဝိသာရိနော၊ ဖရိဖရဲ မရှိသည်။ ဝါ၊ ပရိသတ်မှ-ပြင်ပသို့ မထွက်သည်။ ဗိန္ဒု၊ လုံးသော အသံ ရှိသည်။ ဂမ္ဘီရ၊ နက်နဲသည်။ နိန္နာဒိ၊ ပဲ့တင်ထပ်သည်။ ဣတ္ထေဝံ ဣတိဧဝံ၊ ဤသို့လျှင်။

သရော၊ အသံတော်သည်။ အဠဂီကော၊ အင်္ဂါ၇စ်ပါးနှင့်ပြည့် ရုံပါပေ၏။

---

ယှဉ်ထုတ်ဆောင်၍ပြအပ်သော။ သာဓက-ဝတ္ထုသွားတို့ ဖြင့်။ ကလျာဏ သူတော်စဉ် အပေါင်းတို့—သိသင့်လောက် ပေပြီ။ ထုတ်ဆောင်၍ပြဘွယ်ရာ, သာဓက-များစွာပင်ရှိသေး ၏။ သို့သော်။ ကျမ်း လေးမည် စိုး၍။ လစ်လျူ ရှုလိုက်လေ တော့၏။

**ငင်း ဝတ္ထုများ အ လို ရှိလျှင်။ ဓမ္မပဒအဋ္ဌကထာ၌ ကြည့်လေ။**

(၁) ပါလိလေယျ-ဆင်မင်း၊ မြတ်စွာဘုရား သခင်ကို။ ဝါတွင်းသုံးလ-လုပ်ကျွေး၍။ နတ်ပြည်သို့ရောက်ကြောင်း။

(၂) ငင်းပြင်။ တခုသော-မျောက်တကောင် သည်။ မြတ်စွာဘုရားသခင်အား။ ပျားကောင်မရှိသော။ ပျားအုံ—တခုကိုလှူ ဒါန်းသော, စေတနာကြောင့်။ မဣဋ္ဌ— နတ်သားဖြစ်ကြောင်း၊

(၃) အလ္လကပ္ပတိုင်း၌။ ငတ်မွတ် ခေါင်းပါး ၍။ ကောတုဟလိက-နှင့်၊ မယား-ကာ သီတို့၊ သားအဖ-သုံးယောက်တို့သည်။ ကောသမ္ဗီပြည်သို့သွားရာ၊ တခုသော နွားကျောင်းသားရွာရောက်၍။ ကော တုဟလိက-သေလွန်သော်၊ ခွေးဖြစ်၍ ပစ္စေကဗုဒ္ဓါကို ကြည်ညိုသော, စိတ် ဖြင့်။ ခွေးဘဝမှ—သေလွန်သော်။ တာ ဝတိံသာ နတ်ပြည်၌ ဖြစ်ခြင်းသည်။

ပဒွေကဇုဒ္ဓါ–ကြည်ညိုသော စေတနာ
ကံကြောင့်ဟုမှတ်။

---

## ၁၂။ ဒုလ္လဘ–တရားငါးပါးကို–ခွဲပြချက်၊

အပ္ပမာဒေန ဘိက္ခဝေ၊ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော။
လောကသ္မိံ၊ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ။
သဒ္ဓါသမ္ပတ္တိ၊ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ၊
အတိဒုလ္လဘံ၊ ဧဝံ ဒိဝသေ၊ ဒိဝသေ၊ ဩဝါဒိ။ ။

အင်္ဂုတ္တိုရ်–ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းတည်းဟူသော–အပ္ပမာဒ တရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြကုန်လော။ လောကသ္မိံ၊ လောကသုံးပါး၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်တော် မူသော ကာလကို။ ဒုလ္လဘော၊ တွေ့ကြုံရခဲပေ၏။ မနုဿတ္တဘာဝေါ၊ လူ၏ အဖြစ်ကို၊ ဒုလ္လဘော၊ ရခဲပေ၏။ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော သူတော်ကောင်းအဖြစ်ကို။ ဒုလ္လဘာ၊ ရခဲပေ၏။ ပဗ္ဗဇ္ဇိတဘာဝေါ၊ သာသနာတော်ထမ်း-ရဟန်းအဖြစ်ကို။ ဒုလ္လဘော ရခဲပေ၏။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတို့၏-တရားစကားကို ကြားနာရခြင်းသည်။ အတိဒုလ္လဘံ၊ အလွန်တရာ-ကြားနာရခဲပေ၏။ ဧဝံ၊ ဤသို့။ ဒိဝသေ–ဒိဝသေ၊ နေ့တိုင်း–နေ့တိုင်း။ ဘဂဝါ၊ ဘုန်းတော်ကြီးသော, မြတ်စွာဘုရားသည်။ ဩဝါဒိ၊ ဆုံးမတော်မူ၏။

ဤဒေသနာတော်အရမှာ။ ဘုရားတဆူ–တဆူ–ပွင့်တော်

*No 14.*

မှုရခြင်းသည်။ ကမ္ဘာ့အသချေ-ကမ္ဘာအနန္တ ကြာမြင့်သော်လဲ။ ဘုရားဟူသောအသံကို ကြားတို့ရန်၊ လွန် ခွာ ခဲ ယဉ်းသည်ဟုမှတ်။ ဘာကြောင့်လဲဆိုလျှင်။ ပညာဓိက-ဘုရား။ သဒ္ဓါဓိက=ဘုရား။ ဝိရိယာဓိက-ဘုရား-ဟူ၍ သုံးပါးအပြားရှိ၏။ ပညာဓိက-ဘုရားသည်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပါရမီတော်ကို ဖြည့်ကျင့်ရသည်ဟုမှတ်။ သဒ္ဓါဓိက-ဘုရားသည်။ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ကျင့်ရသည်ဟုမှတ်။ ဝိရိယာဓိက-ဘုရားသည်။ တဆယ့်ခြောက်သင်္ချေ နှင့် ကမ္ဘာတသိန်း ပါရမီတော်ကို-ဖြည့်ကျင့်ရသည်ဟုမှတ်။

သမ္မာသမ္ဗောဓိဆု။

———ooo———

ပစ္စေကဗုဒ္ဓါ တို့မှာ။ ဘုရားကြီးများကဲ့သို့။ ပညာဓိက။ သဒ္ဓါဓိက။ ဝိရိယာဓိက—ယူနိုင်၏။ ပစ္စေကဗုဒ္ဓါတို့မှာ။ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ရ၏။

အဂ္ဂသာဝကတို့မှာ။ တစ်သင်္ချေနှင့် ကမ္ဘာတသိန်းပါရမီ ဖြည့်ကျင့်ရ၏။

မဟာသာဝက တို့မှာ။ ကမ္ဘာတသိန်း ပါရမီ ဖြည့်ကျင့်ရ၏။

ပကတိသာဝကဆုမှာ။ အပိုင်းအခြားမရှိ။ ကမ္ဘာ–အရာ, ကမ္ဘာ–အထောင် ပါရမီဖြည့်ကျင့်ရ၏ဟုမှတ်။

ဤကဲ့သို့ ပါရမီ ဆယ်ပါး၊ ခွန့်ခြင်းကြီး ငါးပါး။ ပါရမီအပြားသုံးဆယ်တို့ကို။ ကျင့်ကြံ ကျိုးကုတ်၊ အားထုတ်တော်မူမှသာလျှင်။ ဘုရားအဖြစ်သို့ ရောက်တော် မူသည်ဟု မှတ်။

အရပ်အစ၊ ဘဂဝါအဆုံးရှိသော-ဘုရားသခင်တို့သည်။ လူတို့၏ အသက်တသိန်းတမ်းအထက်၊ ရာ-တမ်း၏အောက်၌၊ ပွင့်တော်မမူကြကုန်။ [ဘာကြောင့်လဲဆိုသော်]..

အသက် တသိန်းတမ်း အထက်။ အသက်ကလည်း ရှည်။ ချမ်းသာသုခလည်းများ၍။ တရား ဟောကြား သော်လည်း။ လက္ခဏာရေးသုံးပါးကို ထင်ရှားစွာ မသိနိုင်။ ရာတမ်းအောက် လူများမှာ၊ ရာဂ ပြောထူ၍။ တရားဟောသော်လည်း၊ မသိနိုင်သောကြောင့်တည်း။ ဤဘဒ္ဒကမ္ဘာ၌။ မဟာသမတနွယ် ရိုး၊ မင်းမျိုး မပျက်။ ဆက်လက် တည့်လေ လျှင်။ ဆုပ်ကပ် အခါ။ အန္တရကပ် ကကပ်စိ ခြားလျှက်။ အန္တရကပ်-ကိုး ကပ်မြောက် လူတို့၏အသက်-လေးသောင်းတမ်း၌။ ကောဏ္ဍ သန်ဘုရား၊ လူသုံးပါးတွင်၊ ထင်ရှား ပွင့်တော် မူလာ ၏။ အန္တရကပ် ဆယ်ခုမြောက်။ လူတို့၏ အသက်-ကိုးသောင်း တမ်း၌။ ကောဏာဂုံဘုရား၊ လူသုံးပါးတွင်၊ ထင်ရှားပွင့်တော် မူလာ၏။ အန္တရကပ်-ဆယ့်တစ်ကပ်မြောက်၊ လူတို့၏ အသက်-နှစ်သောင်းတမ်း၌။ ကဿပ-ဘုရား၊ လူတွင်ထင်ရှား၊ ပွင့်တော်မူလာ၏။ အန္တရကပ်-ဆယ့်နှစ်ကပ်မြောက်။ လူတို့၏အသက်တမ်း-တရာ, တမ်း၌။ ဂေါတ္တ-ဂေါတမမြတ်စွာ ဘုရား၊ လူသုံးပါးတွင်၊ ထင်ရှား ပွင့်လာ၏။ ဤ-အသက် တရာ့တမ်းမှဆုပ်၍၊ ဆယ်နှစ်တမ်း။ ဆယ်နှစ်တမ်းမှတက် ၍ အသင်္ချေယျတမ်း။ ထိုမှတခါ ဆုပ်လာ၍။ အန္တရကပ်-တဆယ့်သုံးကပ် မြောက်၊ လူတို့၏ အသက်ဘမ်း-တသိန်း တမ်းသို့ရောက်သောအခါ။ အရိမေတ္တေယျ-မြတ်စွာဘုရား၊ လူသုံးပါးတွင်၊ ထင်ရှားပွင့်လတံ့။ ယခုလူများ, အန္တရကပ် ဆယ့်နှစ်ကပ်အတွင်း နေကြရ၏။ အသက်-အသင်္ချေယျ တမ်းကျလျှင်။ ဆယ့်နှစ်ကပ်ပြည့်၍။ အရိမေတ္တေယျဘုရား၊

အနှံ့ရကပ်–ဆယ့်သုံးကပ်မြောက် ပွင့်ပြီးနောက်။ အနန္တရ ကပ်–ခြောက်ဆယ်လေးကပ်ပြည့်၍။ ဘုရားမပွင့်သော,သုည ကပ္ပာဟုမှတ်။ ဘုရားပွင့်တော်မူတဲ့ အခါ နှင့် တွေ့ ကြုံရန်။ ဘယ်လောက် ခဲယဉ်းပါသလဲဆိုတော့။ လယ်ထွန်ယောက်ျား တယောက်သည်။ စပါးကောက်ပင်တို့ - ရိပ်သိမ်းပြီးတဲ့အခါ မှာ။ ထွန်တုံး၊ ထွန်သွား၊ ထွန်သန်၊ ထွန်ကိုင်းတို့ကို။ တပုံ တခုသော သစ်ပင်၌၊ ဆွဲတင် ချိပ်ထားလေရာ။ မိုးသည်းကျ၍ မိုးကြီး သည်းထန်စွာ ရွာသွန်းတဲ့ အခါမှာ။ ၎င်းသစ်ပင် မှာ ချိပ်ထားတဲ့။ လယ်ထွန် ယောက်ျား၏–ထွန်ကရိယာအစုံ တို့သည်။ သစ်ပင်မှ ပြုတ်ကျ၍ ရေဝယ်မျောလေရာ။ မဟာ သမုဒ္ဒရာအတွင်းသို့ကျရောက်ပြီးလျှင်။ တကွဲတခြားစီဖြစ်ရာ မှ။ ပကတိမူသအတိုင်း တဖန်ပြန်၍အလိုအလျောက်ပေါင်းစပ်မိ လျှင်၊ ပေါင်းစပ်မိစရာအကြောင်းရှိသေး၏။ ဘုရားပွင့်တော် မူတဲ့အခါနှင့် တွေ့ကြုံဘို့ရာမှာ။ အလွန်တရာခဲယဉ်းလေစွဟု မှတ်။ ဇုဋ္ဌုပ္ပါဒနပဝမခလာ-ပြီး၏။

---

မနုဿတ္တဘာဝဒုလ္လဘ-ဆိုသည်မှာ။ လူ၏ဘဝကို။ ရခဲ လေစွ။ ။ဥပမာ။ ။အနှစ်တရာမှ တကြိမ်ပေါ်လာသော, လိပ်ကန်း-တကောင်သည်။ တောင်သမုဒ္ဒရာမှာ-လှည့်လည် ကျက်စား၏။ ထမ်းပိုးတုံး တခုသည်။ မြောက်သမုဒ္ဒရာမှ မျောလာ၏။ ထို–အနှစ်တရာပြည့်မှ၊ တကြိမ်ပေါ်လာသော၊ တခုသော-လိပ်ကန်း သည်။ လှည့် လည် ကျက် စား ရာမှ။ အနှစ်တရာပြည့်၍-ပေါ်လာစဉ် အခိုက်အတန့်နှင့်။ ယှဉ်က, ထမ်းပိုးတုံး အပေါက်နှင့် တိုက်ဆိုင်၍ စွပ်မိလျှင် စွပ်မိတန် ရာ၏။ လူ၏–ဘဝကို ရဘို့ရန်မှာ၊ အလွန်ခဲယဉ်း၏ဟု မှတ်။ ဘာကြောင့်လဲဆိုသော်။ လူ ဆိုသည်မှာ။—

သတိသူရဘာဝ ဖြီဟွစရိယ၊ ယောဂျာဘာဒိဂုဏောပေါ်၊
ဥဏ္ဏဗ္ဗမနတာယ၊ မနောဥဿန္နဓာတောသတ္တ်မနုဿာ။ ။
ဂိုကာကျော်။

(အနက်။) သတိ သူရ ဘာဝ ဖြီဟွစရိယ၊ ယောဂျတာဒိ ဂုဏောပေါ်၊ သတိရှိသည်၏အဖြစ်။ ကုသိုလ်ကောင်းမှုတို့၌ ရဲရင့်သည်၏အဖြစ်။ ရဟန်းပြုခြင်း၌ လျောက် ပါတ် သည်၏ အဖြစ် အစရှိသော ဂုဏ်တို့ဖြင့်။ ဥဏ္ဏဗ္ဗမနတာယ၊ မြတ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်၊ ဓာတော၊ ထိုပုဂ္ဂိုလ်တို့အား။ ဥဿန္န၊ ပြန့်ပျောသော၊ ဝါ၊ များသော။ မနော၊ စိတ်သည်။ အတ္တိ၊ ရှိ၏။ တ္တာဘိတဿာ၊ ထို့ကြောင့်။ မနုဿာ၊ မနုဿ-မည်ကုန်၏။ ဝါ၊ လူမည်ကုန်၏။

---

ဤဆိုအပ်ခဲ့ပြီးသော-စကားအရမှာ။ သမ္မာသတိနှင့်ပြည့်စုံခြင်း။ ကုသိုလ်ကောင်းမှုတို့၌ မတွန့်တိုခြင်း။ နှမြောစုံမက်ခြင်းမရှိ။ စေတနာ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။ သာသနာတော်ထမ်း ရဟန်းပြုခြင်း၌ ထိုက်သည်၏အဖြစ်။ မြင့်မြတ်သောစိတ် ရှိသည်၏ အဖြစ်။ နူးညံ့သိမ်မွေ့ သော စိတ်နှစ်လုံးရှိခြင်းကြောင့်။ မနုဿ-ဟူသော အမည်ကို ရပေသည်ဟု မှတ်။

ကဗ္ဗည်းကျမ်းအလို။

ကုသလာ ကုသလေ ဓမ္မေ၊ မနတိ၊ ဇာနာတီတိ၊
မနုဿော၊ ကရဏာ၊ ကရဏံ၊ မနာတိ၊ ဇာနာ
တီတိ မနုဿော၊ အတ္တ နတ္တ၊ မနတိ၊ ဇာနာတီ
တိ မနုဿော။ ။

***No 15.***

(အနက်။) ကုသလာ ကုသလေ၊ ကုသိုလ် အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ မနတိ ဓာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မနုဿော၊ မနုဿမည်၏။ ဝါ၊ လူ-မည်၏။ ။ကာရဏာ ကာရဏံ၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို။ မနတိ ဓာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မနုဿော၊ မနုဿမည်၏။ ဝါ၊ လူ-မည်၏။ ။ အတ္ထံ နတ္ထံ၊ အကျိုးရှိသည် မရှိသည်ကို။ မနတိ ဓာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မနုဿော၊ မနုဿ မည်၏။ ဝါ၊ လူ-မည်၏။ ။

မနုဿတ္တ-ဒုလ္လဘ ပြီးပြီ။

---

ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ အရမှာ။ သဒ္ဓါဆိုတဲ့ စေတသိက်သည်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ-ဟုဆိုအပ်သော။ ရတနာမြတ် သုံးပါးတို့၌ သက်ဝင် ယုံကြည်ခြင်း။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကို ကြည်ညိုခြင်း။ အလေးအမြတ်ပြုခြင်း။ သဒ္ဓါပသန္နနှင့်ပြည့်စုံခြင်း။ လောက၌။ ရတနာသုံးပါးသာလျှင်။ အမြတ်ဆုံးဟု-နှလုံးသွင်းခြင်း။ရတနာသုံးပါး၌။ သက္ကစ္စ ဂါရဝတရားဖြင့် လှူဒါန်း ပူဇော် ခြင်းသည်။ အကျိုးမဟာဖလ အာနုဘာဝကို ခံစားရခြင်းတည်းဟူသော စေတနာသဒ္ဓါတရားသာလျှင် ရှေ့သွားပြု၍ ကြည်ညိုလေးစားခြင်းသည်သာလျှင်။ သဒ္ဓါစစ်-သဒ္ဓါမှန်ဟူ၍မှတ်။

ဉပမာဆိုဦးအံ့။ ။သုပ္ပဗုဒ္ဓ-လူနူသည်။မြတ်စွာဘုရားသခင်ဝေဠုဝန် ကျောင်း၌။ သိတင်းသုံးတော်မူသောအခါ။ လူ၊နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား။ တရား ဟောတော် မူနေစဉ်။ ပရိသတ်အစွန်အဖျားမှာနေလျက်-တရားတော်ကြားနာစဉ်။

သောတာပတ္တိဖိုလ်သို့ရောက်လေ၏။ ထိုအခါ။ သုပ္ပဗုဒ္ဓ-သည်။ မိမိ, ရအပ်-သိအပ်သော။ တပေါးသော တရားမြတ်ကို။ ဘုရားသခင်အား, လျှောက်ထားလို၍။ တဖန်-ကျောင်းတော်သို့ပြန်လာရာတွင်။ သိကြားမင်းသည်။ သုပ္ပဗုဒ္ဓ-အား, ရုံစမ်းလို၍။ ကောင်းကင်မှနေ၍။— အို အချင်း-သုပ္ပဗုဒ္ဓ။ အသင်သည်။ သူဆင်းရဲ-အထီးကျန်သောသူ တယောက် တည်း။ ငါသည်။ သင်—သုပ္ပဗုဒ္ဓ-အား။ အပိုင်းအခြားမရှိသော, ရွှေ၊ ငွေ၊ ကျောက်သန့ ပတ္တမြား-တို့ကို။ အသင့်အား, ပေးအံ့။ အသင်သည်။ ဘုရားမဟုတ်။ တရားမဟုတ်။ သံဃာမဟုတ်။ ငါ့အား၊ဘုရားဖြင့်—အဘယ်အကျိုးရှိအံ့နည်း။ ငါ့အား၊ တရားဖြင့်-အဘယ်အကျိုးရှိအံ့နည်း။ ငါ့အား၊ သံဃာဖြင့်—အဘယ် အကျိုး ရှိအံ့နည်းဟု။ သင် သုပ္ပဗုဒ္ဓ—ဆိုပါလော။ သို့ကလို-သိကြားမင်းက, ရုံစမ်းလေ၏။

ဓမ္မပဒ—အဋ္ဌကထာ၌။ သိကြားမင်း၊ တိုက်တွန်းသည်မှာ။—

သုပ္ပဗုဒ္ဓ တွံ မနုဿဒလိဒ္ဒေါ၊ မနုဿစရကော၊ အဟာနွေ့ အပရိယန္တံ ဓနံ၊ ဒဿာမိ၊ ဗုဒ္ဓေါ န ဗုဒ္ဓေါ၊ ဓမ္မော န ဓမ္မော၊ သံဃော န သံဃော၊ အလံမေ ဗုဒ္ဓေန၊ အလံမေ ဓမ္မေန၊ အလံမေ သံဃေနာတိ ဝဒေဟိ။

ယခုပါဠိကို ရွတ်ဆိုလျှက်။ သိကြားမင်းက, သုပ္ပဗုဒ္ဓအား၊ ပြောကြားလေသော်။ ထိုစကားကို ကြားလေလျှင်။ အသင်ဘယ်သူလဲဟု—မေးတဲ့အခါ။ ငါ, သိကြားမင်း-ဟု၊ ပြောဆိုလေသော်။ အသင်-သိကြားမင်း သည်။ ငါ့အား၊ သူဆင်းရဲအထီး ကျန် သော သူ။ အသင်သည်။ ရတနာသုံးပါးအား,

မကြည်ညိုလင့်။ များစွာသော–ရတနာရွှေငွေ–ပေးမည်ဟု ဆိုခြင်းသည်။ မလျောက်ပါတ်သောစကားကိုဆိုလေသည်။ အသင်-သိကြွားနှင့်–ငါသည်။ စကားပြောဆိုခွင့်မရှိ။ သွား လေတော့ဟုဆိုက။ ဘုရားကျောင်းတော်သို့ သွားလေ၏။ ယှုလို–သုပ္ပဗုဒ္ဓ-သဋ္ဌါတရားလို။ သဋ္ဌါစစ်၊ သဋ္ဌါမှန်ကို နည်း ယူပြီးလျှင်။ အတုလိုက်၍၊ သဋ္ဌါတရားနှင့်ပြည့်စုံရန်မှာ။ လွန် စွာခဲယဉ်းသည့်ဟုမှတ်။

ဒုလ္လဘာသဋ္ဌါသမ္ပတ္တိ ပြီးပြီ။

---

ပဋိရူပဒေသဝါသဒုလ္လဘောအရမှာ။ ရှင်သာမဏေအဖြစ်၊ ရဟန်းအဖြစ်ဆိုသည်မှာ။ မြတ်စွာဘုရား,သာသနာဘော်နှင့် လဲ ကြုံကြိုက်ပါမှ။ မိမိကလဲ၊ ၁၀-၁၀က, ဆည်းပူးခဲ့သော ပါရမိဒုက္ခ သင်္ခါရ-အဆောက်အဦးကလဲ, ပြည့်စုံလုံလောက် ပါမှ။ ယှုပစ္စုပ္ပန်၌လဲ၊ လူသားကောန် စင်စစ်မှန်ပါမှ။ မြတ် စွာဘုရားသခင်၏ သာသနာတော်ကိုလဲ၊ ကြည်ညိုသော စေ တနာကလဲ ရှိပါမှ။ ယောကျ်ားကောင်း စင်စစ်၊ ကောန်လဲဖြစ် ပါမှ။ ၎င်းပြင်။ ဝိနည်းပါဠိတော်အရဆိုလျှင်။ ကုဋ္ဌ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော၊ မနုဿောသိ၊ ပုရိ သောသိ၊ ဘုဇိဿောသိ၊ အနဏောသိ၊ နသိရာဇဘဋော၊ ပရိ ပုဏ္ဏဝီသတိဝဿော၊ ပရိပုဏ္ဏံတေ၊ ပတ္တစီဝရံ၊ အစရှိသော။ မဟာဝါပါဠိတော်နှင့်။ ၎င်းအင်္ဂါ အရပ်ရပ် တို့ဖြင့်။ မညှိ မစွန်းရဘဲ။ သန့်ရှင်းစင်ကြယ်၍။ ရဟန်းဘဝသို့ ရောက်ဘို့ ရန်မှာ။ လွန်စွာခဲယဉ်း၏ဟုမှတ်။

၎င်းပြင်။ ဥဘတောဗျည်း၊ နှပုန်းပဏ္ဍုပ်၊ ထေယျသံဝါ သက၊ အန္တိမဝတ္ထု ပဏ္ဍပဏ္ဍက၊ မာတုဃာတက၊ ပိတုဃာ

တက အရဟန္တဃာတက၊ ဘိက္ခုနိဒူသက၊ သံဃဘေဒက၊ လောဟိတုပ္ပါဒက။ ၎င်းအင်္ဂါများနှင့် ညီညွှန်းသော သူများကိုလည်း။ ရဟန်း ခံခြင်း၌ မထိုက်။ ယျှ ဆိုအပ်ခဲ့ ပြီးသော အကြောင်းအရာ တို့ကြောင့်။ ပဗ္ဗဇ္ဇိတ ဒုလ္လဘဟု—ဆိုရလေသည်။

ရှေးရှေးသော ဆရာတော်ကြီးများ။ ဥပမာ-ဥပမေယျ-ပြဆိုကြသည်မှာ။ ယျှပဗ္ဗဇ္ဇိတဘာဝကို ရခဲခြင်းမှာ။ တယူဇနာဝမျှမက—ကြီးကျယ်သော, ကျောက်ဖျာကြီးကို။ အကြိမ်တရာဖတ်အပ်သော, ဝါဂွမ်းဖြင့်တို့၍ပြစ်ခဲ့သော်။ ၎င်းကျော်ဖျာကြီးသာ, ကုန်ဘွယ်ရာရှိ၏။ ရဟန်း ဘဝကို ရဘို့ရန်၊ လွန်စွာခဲယဉ်း၏ဟုမှတ်။

ပဗ္ဗဇ္ဇိတဘာဝဒုလ္လဘပြီးပြီ။

———ooo———

သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ—ဟူသော။ ဒေသနာတော်အရမှာ။ သူတော်ကောင်း တရားကို ကြားနာရခဲ၏။ သူတော်ကောင်းတရားဆိုသည်မှာ။—

သတံ သပ္ပုရိသာနံ အရိယပုဂ္ဂလာနံ ဓမ္မော သဒ္ဓမော။

သတံသပ္ပုရိသာနံ၊ သူတော်ကောင်းဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ဓမ္မော၊ တရားတည်း။ သဒ္ဓမော၊ သူတော်ကောင်းဖြစ်ကုန်သော, အရိယာပုဂ္ဂိုလ်တို့၏တရား။ ။တနည်း။ ။သန္တော သံဝိဇ္ဇမာနော၊ ဓမ္မော၊ သဒ္ဓမ္မော။ ။သန္တော သံဝိဇ္ဇမာနော၊ ပရမတ္ထအားဖြင့်ထင်ရှားရှိသော။ ဓမ္မော၊ တရားတည်း။ သဒ္ဓမ္မော၊ ပရမတ္ထအားဖြင့်

ထင်ရှားရှိသောတရား။ ။တနည်း။ ။သင်္ခတ ပသဋ္ဌော၊ ဓမ္မော သင်္ခတမ္မော။ သင်္ခတပသဋ္ဌော၊ ချိုးမွမ်းအပ်သော။ဓမ္မော၊ တရားတည်း။ သင်္ခမ္မော၊ ချိုးမွမ်းအပ်သော တရား။ ။ငင်း ဝိဂ္ဂြိုဟ်ဝစနတ္ထအရမှာ။ သူတော်ကောင်းဖြစ်ကုန်သော—အရိယာပုဂ္ဂိုလ်တို့၏ သဏ္ဍာန်၌ ကိန်းအောင်း၍နေသော၊ သစ္စာလေးပါးတရားကို ရအပ်၏။ ။တနည်း။ ။ရုပ်နာမ်၊ဓမ္မ၊ သင်္ခါရတရားသည်။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး။ အာယတနတဆယ့်နှစ်ပါး။ ဓာတ်တဆယ့်ရှစ်ပါး။ သစ္စာလေးပါး။ ငင်း တရား အရတို့သည်။ ပရမတ္ထသစ္စာအားဖြင့်ထင်ရှားရှိ၏ဟုမှတ်။ ထိုသူတော်ကောင်းတရားသည်လည်း။ သူတော်ကောင်းတို့၏ စိတ်သဏ္ဍာန်၌ ကိန်းအောင်းပြီးလျှင်။ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းဖြစ်စေရန်။ အယူဖြောင့်မှန်စေရန်။ မယဉ်ကျေးသော ပုဂ္ဂိုလ်များ ယဉ်ကျေးစေရန်။ မသိမလိမ္မာသော ပုဂ္ဂိုလ်များ, အသိ အလိမ္မာတိုးတက်လာစေရန်။ သဒ္ဓါတရားနည်းပါးသောပုဂ္ဂိုလ်များ, သဒ္ဓါတရားတိုးတက်၍။ ဒါနမှု၊ သီလမှု၊ ဝိပဿနာမှုတို့ကို။ အထူး အားထုတ် ကြစေရန်။ စိတ်ကောင်း စေတနာကောင်းနှင့်ဟောကြားမှသာလျှင်။ တရားဟောသော ပုဂ္ဂိုလ်မှာလဲ၊ အကျိုးကြီး၏။ ကြားနာသော ပုဂ္ဂိုလ်များ မှာလဲ၊ ဓမ္မသဝန ဖြစ်၍။ အကျိုးထူးတရားများကို ရနိုင်၏ဟုမှတ်။

---

၁၃။ တရားဟောပုဂ္ဂိုလ်၏ အင်္ဂါကို ဆိုပြဦးအံ့။

**ဓမ္မပဒပါဠိတော်-အဋ္ဌကထာ။**

အဏ္ဏွနာမေဝ ပထမံ၊ ပဋိရူပေနိဝေသယေ၊
အထညမနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။

(အနက်။) အဠွနာမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ သူတပါးတို့ကို မဟောမှီ ရှေးဦးစွာ။ ပတိရူပေ၊ သင့် လျော်လျောက်ပါတ်။ ကောင်းမြတ်သော အကျင့်၌။ နိဝေသယေ၊ သွင်းထားရာ၏။ ဝါ၊ အကျင့်နှင့် ပြည့်ရုံအောင် ကျင့်ထားရာ၏။ အထပဠွာ၊ ထိုနောက်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမဟောပြောရာ၏။ ပဏ္ဍိတော၊ ကျိုးကြောင်းသိမြင်၊ ပညာရှင်သည်။ နကိလိဿေယျ၊ မညစ်ညူး မယုတ်မာစေရာ။

ၒင်းပါဠိတော်အဓိပ္ပါယ်မှာ။ ။တရားဟောသောပုဂ္ဂိုလ်သည်။ သူတပါးတို့အား, တရားမဟောမှီ–ရှေးဦးစွာ။ မိမိကိုယ်ကို၊ သင့်တင့်လျောက်ပါတ်သောအကျင့်တရား၌။ အမြဲနှစ်လုံးသွင်းပြီး လျှင်။ ဖြောင့်မှန်သော, ဘုရားဒေသနာတော်ကို။ ကျင့်ကြံ ကျိုးကုတ်၊ အားထုတ်ကြံစေရန် ရည်သန်စိတ်ထား၍ ဟောကြားရာ၏။ သို့တည်းမဟုတ်။ မိမိကိုယ်ကို။ ဂုဏ်ပကာသန လိုခြင်၍ၒင်း။ လာဘ်လာဘ-များပြားစေရန်ၒင်း။ အသင်းအပွဲ၊ ဂိုဏ်းဂဏပါတီ-ရှဆောင်းလိုသောစိတ်ဖြင့်ၒင်း။ ဘုရားသာသနာတော်ကြီး-ပျက်ပြားစေရန်-ရည်သန်၍သော်ၒင်း။ မကောင်းသော အဓမ္မဝါဒ်ဖြင့် သော်ၒင်း၊ ဟောကြားခဲ့ပါလျှင်။ မဟာအပိစိ–ငရဲကြီး၌။ မိုခနောက်ဖြစ်မှာ အမှန်မုချမှတ်။ ။သိသာထင်လျှားအောင်-ကျမ်းကိုး၍ ပြဦးအံ့။

---

၁၄။ တရားတော်ကို–မှောက်သွန်၍။
ဓမ္မ–ကို၊ အဓမ္မ။ အဓမ္မ–ကို၊ ဓမ္မ-ဟု၊ ပြောဆိုသော,

**ကပိလ—ရဟန်းကြီးဝတ္ထု။**

ကဿပ-ဘုရားသခင်၊ ပရိနိဗ္ဗာန်ပြုတော်မူသော ကာလ။

အမျိုးသား, ညီနောင်—နှစ်ယောက်တို့သည်။ သာသနာတော်သို့ဝင်၍။ ရဟန်းပြုကြလေ၏။ အကိုကြီးကား၊ သာဂတ-မည်၏။ ညီအငယ်ကား၊ ကပိလ—မည်၏။ အမိကား၊ သာဂတိ-မည်၏။ နှမ•ငယ်ကား၊ တပနာ—မည်။ သားအမိ-နှစ်ယောက်တို့သည်။ ဘိက္ခုနီမတို့အထံ၊ ရဟန်းပြုကြလေ၏။ အကိုကြီးကား။ ဂန္ထဓုရ-ဝိပဿနာဓုရ-နှစ်ပါးတို့ကို။ အားထုတ်ကျင့်ကြံသဖြင့်။ အရဟတ္တဖိုလ်သို့ရောက်လေ၏။ ညီအငယ်-ကပိလမှာကား။ ဂန္ထဓုရကို-အားတုတ်၍။ ပရိယတ် အခြေ အရံ နှင့် တကွ။ ပိဋကတ်သုံးပုံကို ပို့ချ၍နေ၏။ နောင်အခါ။ ကပိလ-သည်။ တရားတော်ကို-မှောက်လှန်ခြင်း၊ မအပ်သည်ကို၊ အပ်သည်ဟုဆိုခြင်း။ အပ်သည်ကို၊ မအပ်ဟု-ဆိုခြင်းဖြင့်။ဖေါက်ပြန်သော အယူဝါဒကို—လက်ကိုင် ပြုလုပ်၍။ လဇ္ဇီပေသလ၊ သိက္ခာကာမ-ဖြစ်တော် မူကုန်သော။ သီလဝန္တ ပုဂ္ဂိုလ်တို့အား။ ဆဲရေး-ငေါက်ငန်း၍ ပြောဆိုလေ၏။

ကပ္ပိယံပိ၊ အကပ္ပိယန္တိ၊ ဝဒတိ၊ အကပ္ပိယံပိ၊ ကပ္ပိယန္တိ၊
သာဝဇ္ဇံပိ အနဝဇ္ဇန္တိ၊ အနဝဇ္ဇံပိ၊ သာဝဇ္ဇန္တိ။ ။
ဓမ္မပဒပအဋ္ဌကထာ။

ကပ္ပိယံပိ၊ အပ်သည်ကိုလည်း။ အကပ္ပိယန္တိ၊ မအပ်ဟူ၍။ ဝဒတိ၊ ဆို၏။ အကပ္ပိယံပိ၊ မအပ်သည်ကိုလည်း။ ကပ္ပိယန္တိ၊ အပ်၏ဟူ၍။ ဝဒတိ၊ ဆို၏။ သာဝဇ္ဇံပိ၊ အပြစ်ရှိသည်ကိုလည်း။ အနဝဇ္ဇန္တိ၊ အပြစ်မရှိဟူ၍။ ဝဒတိ၊ ဆို၏။ အနဝဇ္ဇံပိ၊ အပြစ်မရှိသည်ကိုလည်း။ သာဝဇ္ဇန္တိ၊ အပြစ်ရှိ၏ဟူ၍။ ဝဒတိ၊ ဆို၏။

ဤသို့ ကပိလ—ရဟန်းသည်။ ဖေါက်ပြန်သောစကားဖြင့်၊ ရဟန်းကောင်းတို့အား။ ဆဲရေးလှည့်လည်နေသော်။ နောင်တော်ကြီး—သာဂတ, မထေရ်ကြား၍။ ကပိလ-အား။ ဆုံးမ

လေ၏။ ငါ့ရှင် ကပိလ။ သင်သို့သဘောရှိကုန်သော။ များသောအကြားအမြင်ရှိသော၊ရဟန်းတို့၏-သမ္မာပဋိပတ်သည်၊ သာသနာတော်၏ အသက်မည်၏။ ထို့ကြောင့်။ မအပ်သည်ကို၊ အပ်သည်ဟု-မပြောဆိုပါလင့်ဟု။ သုံးကြိမ်-ဆုံးမပါသော်လည်း, မရ၍။ ခွဲခွါသွားလေ၏။ ဒုမိ-သာဂတ်, နှင့်၊ နှမ-တာပန, တို့သည်လည်း။ ကပိလ, နှင့်၊ တူသော အယုဝါဒရှိ၍။ ရဟန်းကောင်းတို့အား။ ဆဲရေး ငေါက်ငန်း ပြောဆိုသည်အတွက်။ အသက်၏အဆုံး၌။ သားအမိ-သုံးယောက် မဟာအဝီစိငရဲ၌-ကျခံရလေ၏။ ထိုကြောင့်။—

ဧဝံ ကပိလော ကဿပဿ ဘဂဝတော ပရိယတ္တိ သာသနံ၊ ဩသက္ကာပေသိ၊ သောအတ္တနော အာယု ပရိယောသာနေ အဝိစိမှိ မဟာနိရိယေ နိဗ္ဗတ္တိ။ ။

ဓမ္မပဒအဋ္ဌကထာ။

ဧဝံ၊ ဤသို့။ ကပိလော၊ ကပိလ-ရဟန်းသည်၊ ကဿပဿ ဘဂဝတော၊ ကဿပ-ဘုရားရှင်၏။ ပရိယတ္တိသာသနံ၊ ပရိယတ္တိ သာသနာတော်ကို။ ဩသက္ကာပေသိ၊ ဆုတ်ယုတ်ကွယ်စေ၏။ သော ထို ကပိလ-သည်။ အတ္တနော၊ မိမိ၏။ အာယုပရိယောသာနေ၊ အသက်၏ အဆုံး၌။ အဝိစိမှိ မဟာနိရိယေ၊မဟာအဝိစိငရဲကြီး၌။နိဗ္ဗတ္တိ၊ ဖြစ်ရလေ၏။ ထိုကပိလ ရဟန်းကြီးသည်။ အကုသိုလ်ကံ၏ အကျိုး အကြွင်းမကုန်၍။ အစိရဝတီမြစ်၌။ ရွှေအဆင်းနှင့်တူသော, ငါးကြီး-ဖြစ်လေ၏။ တနေ့သ၌။ တံငါသည်-တို့သည်။ ပိုက်ကွန်ဖြင့် ငါးဖမ်းကြကုန်သည်ရှိသော်။ ထို ရွှေအဆင်း နှင့် တူသော, ငါးကြီးကို။ ပိုက်ကွန်၌ မိလေသော်။ ငါး၏ကိုယ်ကား၊ ရွှေအဆင်း။ ငါး

*No 17.*

၏ ခံတွင်းကား, အလွန်ပုတ်၏။ ဒင်း ငါးကြီးကို မသတ်ဘဲ၊ ငါတို့ မင်းကြီးအား, ဆက်သခဲ့ ပါလျှင်။ များစွာသော–ဆု လာဘ် ပေး သနား အံ့ဟု။ ငါးကို–စကျဉ်းသို့ ထည့်ပြီးလျှင်။ ဘုရင်မင်းကြီး အထံ သို့၊ ယူဆောင်လာရာ။ ဘုရင်မင်းမြတ်သည်။ ဤငါးကြီးကား၊ အလွန်အဆင်းလှ၏။ အာခံတွင်းကား အလွန်ပုတ်၏။ အကြောင်းချင်းရာကို သိရလေအောင်။ မြတ်စွာဘုရား အထံသို့ ယူဆောင် သွား လေ၏။ မြတ်စွာဘုရား အထံသို့ရောက်လျှင်။ မြတ်စွာဘုရားက၊ မေးတော်မူသည်မှာ။ အသင်–ကပိလ, မဟုတ်လားဟု–မေး၏။ တပည့်တော်–ကပိလ, ပါဘုရားဟု-လျှောက်၏။ အသင့် မိခင်-နှင့်၊ အသင့် နှမ, တို့သည်။ ယခု အဘယ်မှာနည်းဟု-မေး၏။ မဟာအဝီစိ ငရဲမှာ–ရှိပါသေးသည်ဘုရားဟု-လျှောက်၏။ အသင်သည်၊ ယခု -ငါးဘဝမှ-ရတောလျှင်။ ဘယ်ကို သွားရအံ့မည်လဲဟု– မေးလေသော်။ တပည့်တော်-အဝီစိ, ငရဲသို့။ သွားရမှာပါ ဘုရားဟုလျှောက်၏။ ယခုလို လျှောက်ထား ပြီးလျှင်။ နှလုံး မသာယာခြင်းနှိပ်စက်သဖြင့်။ ဖွေနံကို-ဥက္ကောင်းဖြင့် ခပ်ပြီး လျှင်။ ပြင်ု ပြင်ု–ပြန့် ပြန့်–မည်၍။ ရတောပြီးလျှင်။ မဟာအဝီစိ ငရဲသို့သွားရလေ၏။ ထို့ကြောင့်။—

အဗုဒ္ဓသာသနံ ဗုဒ္ဓသာသနန္တိ၊ ဝတွာ
ကတပဂ္ဂဟာ သာသနပစ္စတ္ထိကာနာမ။ ။
ပါဝိတ်အဋ္ဌကထာ။

အဗုဒ္ဓသာသနံ၊ ဘုရားဆုံးမတော်, မဟုတ်သည်ကို။ ဗုဒ္ဓသာသနန္တိ၊ ဘုရား ဆုံးမတော်ဟု။ ဝတွာ၊ ပြောဟော၍။ ကတပဂ္ဂဟာ၊ ပြုအပ်သော–ချီးမြှောက်ခြင်း ရှိသော သူတို့သည်။ သာသနပစ္စတ္ထိကာနာမ၊ သာသနာ့တော်၏ ရန်သူ

မည်၏။ ဝါ၊ သာသနာတော်ဖျက်ဆီးသော, သာသနရန်သူ မည်၏။

ယျှု၊အဋ္ဌကထာအလိုမှာ။ တရားဟောသောပုဂ္ဂိုလ်သည်။ ဘုရားဟော ဒေသနာတော်ကို ပြစ်ပါယ်၍။ ဘယ်တရားမှ၊ နိဗ္ဗာန်ထုတ်ချော် ရောက်နိုင်တယ်။ ဘယ်တရားက-ဘယ်လို သံသရာရှည်တယ်။ အဘိဓမ္မာတရားမှ-နိဗ္ဗာန် ရောက်တယ်။ သုတ္တန်တရားက၊ နိဗ္ဗာန်မရောဘူး။ သုတ္တန်ဟောသောပုဂ္ဂိုလ် တို့သည်။ တိရစ္ဆာနကထာစကားကို။ ဟောပြောသည်ဟု။ မဆိုကောင်း–မဆိုအပ်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ–တရား တို့သည်၊ ဘုရားသခင်၏–ရွှေနှုတ်တော်က။ ဟောမြွက်တော် မူသော-ဒေသနာတော်အမှန်ဖြစ်သည်ဟုမှတ်။

၎င်းစကားအရ–ရှင်းပြဦးအံ့။ ။ဘုရားသခင်ကိုယ်တော် မြတ်သည်၊ ဗောဓိပင်နှင့်-ရွှေပလ္လင်ကို၊ အောင်မြင်တော်မူပြီး။ သဗ္ဗာလေးချက်၊ တရားနက်ကို။ ပြက်ပြက်ထင်ထင်။ သိမြင် တော်မူပြီးလျှင်။—

မိဂဒါဝုန်တောသို့။ ကိုယ်တော်တပါးတည်း–ကြွတော်မူ ပြီးလျှင်။ ပဉ္စဝဂ္ဂီ-ငါးဦးတို့အား။ တရားဦးဟောတော်မူသော ဒေသနာတော်ကား။ ဓမ္မစက္ကပဝတ္တန-သုတ္တန်ဘဲမဟုတ်လား။ ၎င်း ငါးဦးစလုံး, အနာဂါမိဖိုလ်သို့ ရောက်ပြီးလျှင်။ ဝါဆိုလ ပြည့်ကျော် (၄) ရက်နေ့၊ အနတ္တလက္ခဏ သုတ္တန်ဒေသနာ တော်ကိုဟောတော်မူ၍။ ရဟန္တာကြီးဖြစ်ကုန်သော-ပဉ္စဝဂ္ဂီ တို့သည်။ ဘယ်တရားဟောလို့-ရဟန္တာဖြစ်တာလဲဆိုဘာ, သတိထား။ ၎င်းပြင်။ မဟာသမယသုတ်ကို။ မြတ်စွာဘုရား သခင် ဟောတော်မူသောအခါ။ လူ၊ နတ် ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့သည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊

အရဟတ္တမိုလ်သို့ရောက်ကြကုန်သော ပုဂ္ဂိုလ်တို့သည်။ မရေ တွက်နိုင်အောင်များပြားသည်ကို။သတိချပ်လေ။

ထို့ကြောင့်။-စတုသစ္စဝိနိမုတ္တော၊ မေဝ္ဝာနာမနတ္ထိ-ဟု၊ ဟောတော်မူသည်။ ။စတုသစ္စဝိနိမုတ္တော၊ သစ္စာလေးပါး မှလွတ်သော။ မေဝ္ဝာနာမ၊ တရားမည်သည်။ နတ္ထိ၊မရှိ။ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို၊ ပြစ်မှားပုတ်ခတ်ပြောဆို ခြင်းသည်။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ။ မေဝ္ဝဿ အဝဏ္ဏံ ဘာ သတိ။ သံဃဿ အဝဏ္ဏံ ဘာသတိ။ (မဟာဝါပါဠိတော်၌) ဘုရားဟောတော်မူသည်။ ။ထို့ကြောင့်။ ဆရာကောင်းထံ၊ နည်းမခံ၊ ဂုဏ်မာန်တကြွားကြွား။ သံကို သံဖျက်၊ သံခြေး တက်၊ မှားချက်အလွန်များ။

တရားဟောပုဂ္ဂိုလ်၏အင်္ဂါပြီးပြီ။

---

၁၅။ အသောဝနာစ ဗာလာနံ၊ မဇ္ဈဲ မဆည်းကပ်အပ် သောသူကို။ မှီဝဲဆည်းကပ်မိ၍။ ငရဲသို့ရောက်ရခြင်း၊

**အဇာတသတ် ဝတ္ထု။**

နိပတိယတိ ပုရိသော၊ နိပါတိနသေဝိ၊
နစ ဟာယေထ ကဒါစိ၊ တုလျသေဝိ၊
သေဋ္ဌ မုပ ဂမ္မ၊ ဥဒေတိ ခိပ္ပံ၊
တသ္မာ တ္တနော၊ ဥတ္တရိတ ရံ ဘဇေထ-တိ။ ။

အလက်ာဝိုက။

နိပါတိနသေဝိ၊ မိမိထက်ယုတ်ညံ့သောသူကို မှီဝဲဆည်းကပ် လေ့ရှိသော။ ဧကော၊ တယောက်သော။ ပုရိသော၊ ယော ကျ်ားသည်။ နိပတိယတိ၊ ယုတ်၏။ တုလျသေဝိ၊ မိမိနှင့်တူမျှ

သောသူကို မှိဝဲဆည်းကပ်လေ့ရှိသော။ ဧကော၊ တယောက် သော။ ပုရိသော၊ ယောက်ျားသည်။ ကဒါစိ၊ တရံတဆစ်မျှ။ နစဟာပယေထ၊ မယုတ်ရာ။ ဓီရော၊ ပညာရှိသော သူသည်။ သေဝံ၊ မြတ်သောသူကို။ ဥပဂမ္မ၊ အစွဲပြု၍။ ဝါ၊ အမှီတကဲ သဟဲပြု၍။ ဥဒေတိ၊ ကြီးပွါး၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တနော၊ မိမိထက်။ ဥတ္တရိတရံ၊ လွန်မြတ်သောသူကို။ ဘဇေထ၊ မှိဝဲဆည်းကပ်ရာ၏။ ဣတိ၊ ဤသို့။ ဒါတဗ္ဗံ၊ မှတ်အပ်၏။

အသက်ဘိုကာ အလိုအား ဖြင့်။ မိမိထက်-အသိအလိမ္မာ ပညာဉာဏ်နည်းပါး၍။ ကုသိုလ်မှန်း အကုသိုလ်မှန်း မသိ။ အကြောင်းတရား, အကျိုးတရားကိုလဲမသိ။ ပစ္စုပ္ပါန်အကျိုး၊ တမလွန်အကျိုးလဲမသိ။ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကိုလဲ မသိ။ ၎င်းတိတိ-လူ့ဗာလ-ကို၊ မှိဝဲ ဆည်း ကပ် ခြင်း သည်။ ကောင်းကျိုး ချမ်းသာကို မခံစားရ သည့် အပြင်။ လောကီ အကျိုး၊ လောကုတ္တရာအကျိုးများ, ပျက်ပြား ဆုတ်ယုတ်စေ ရာ၏။ ထို့ကြောင့်။ အာသေဝနာစ ဗာလာနံ -ဟု။ မြတ်စွာ ဘုရားဟောတော်မူသည်။ မမှိဝဲအပ်သောသူကို၊ မှိဝဲဆည်း ကပ်ခြင်းသည်။ မိမိ၏ အကျိုးတရားသာလျှင် ပျက်ပြားစေရာ ၏။ ထို့ကြောင့်။ "ရှင်မဟာရဋ္ဌ-ဆုံးမစာ၌။ သူတော်ကောင်း နှင့်။ ပေါင်းဘော် ယှဉ်တွဲ။ သူမိုက်မဲကို။ ရှောင်လွှဲပါလေ။ ဤသူ-အမြတ်။ ဤသူ-လတ်ဟု။ ညှစ်ကပ် ကြမ်းကြုတ်။ ဤသူ ယုတ်ဟု။ အဟုတ်အမှန်။ မသွေလွှန်သည်။ ဧကန်ဆတ်ဆတ်။ လူသုံးရပ်ကို။ သိတတ်စေ။" ။၎င်းဆုံးမစာကို။ နှစ်လုံးသွင်း ၍ စဉ်းစားလေ။ ။

***No 18.***

## ဓမ္မပဒပါဠိတော်—ပဏ္ဍိတဝဂ်။

နဘဇေ ပါပကေ မိတ္တေ၊ နဘဇေ ပုရိသာဓမေ၊
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။ ။

အနက်။ ပါပကေ၊ ယုတ်မာကုန်သော။ မိတ္တေ၊ အဆွေခင်ပွန်းတို့ကို။ နဘဇေ၊ မဆည်းကပ်ရာ။ ပုရိသာဓမေ၊ ယောကျ်ားယုတ်တို့ကို။ နဘဇေ၊ မဆည်းကပ်ရာ။ ကလျာဏေ၊ သူတော်ကောင်းဖြစ်ကုန်သော။ မိတ္တေ အဆွေခင်ပွန်းတို့ကို။ ဘဇေထ၊ ဆည်းကပ်ရာ၏။ ပုရိသုတ္တမေ၊ ယောကျ်ားမြတ် တို့ကို။ ဘဇေထ၊ မှီဝဲ ဆည်းကပ်ရာ၏။ ။ဤပါဠိတော် အရမှာ။ ယုတ်မာညစ်ညမ်း၊ ကြမ်းထမ်းဖျင်းသောင်း၊ မကောင်းသောစိတ်ရှိသော-သူမိုက်တို့ကို၊ မမှီဝဲ-မဆည်းကပ်လင့်။ မှီဝဲဆည်းကပ်မိပါက။ သံသရာတရှောက်လုံး, ရုံးရုံးမြုတ်မည် ဟူ၍မှတ်။ ။တာကြောင့်။ ရှေးပညာရှိများ စကားပုံမှာ။ ကုန်ရှုံးတော့—တခေါက်။ လင်ကုန်ရှုံးတော့-တသက်လုံးမှောံ။ ဆရာ-အကိုးကွယ်မှားတော့။ သံသရာတရှောက်လုံး မှောက်တတ်သည်ဟု—ဆိုတာပေါ့။

ဥပမာပြဦးအံ့။ ။အဇာတသတ်မင်း—သည်။ မမှီဝဲအပ်၊ မဆည်းကပ်အပ်သော, ရှင်ဒေဝဒတ်ကို။ ကိုးကွယ် ဆည်းကပ်မိ၍။ ပိတုဃာတက—ကံကြီးကို။ ပြစ်မှား လွန်ကျူးမိ၍။ ပါယ်ငရဲ၌ကျရခြင်းသည်။ ပါပကမိတ္တ၊ ပုရိသဓမ္မ-ကြောင့်သာလျှင်။ ငရဲ၌ ဖြစ်ရသည် မဟုတ်တုံလော။ ။မြတ်စွာဘုရားသခင်ကို။ အသေသတ်ပြီးလျှင်။ ငါက—ဘုရားသစ် လုပ်မည်။ အသင်-ဇာတသတ်က, အဖကို—သတ်ပြီး၊ တကာသစ် လုပ်ပေတော့လို့။ ရှင်ဒေဝဒတ်-ဆုံးမ ဟောပြောတဲ့ ဒေသနာတော်ကို ထောက်ဆ၍ ကြည့်လိုက်မည်ဆိုလျှင်။ ယွှကာလ,

အရိယာလက်သစ်တွေ–ဘုရား မကိုးကွယ်·မဆည်းကပ်ခြင်းသည်။ ရှင်ဒေဝဒတ်လိုတော့–အသက်မသတ်တာ, ကျေးဇူးတင်ရဦးမည်။

ထိုအခါ၊ အဇာတသတ်မင်း သည်။ ပိတုဃာတက–ကံကြီးကို ပြုမိမှားပြီး။ မကြာမီ– ဘုရားသစ်လုပ်တဲ့–ရှင်ဒေဝဒတ်ကို။ မြေမျို သော–အခါ။ အဇာတသတ်–သည်။ အိပ်မပျော်–စားမဝင်–ဖြစ်ပြီး။ ငါ့ဆရာ-ရှင်ဒေဝဒတ်ဖြင့်။ အရှင်လတ်လတ်–မြေမျို လေပြီ။ ငါ့ကိုလဲ၊ မြေမျို အုံးမည်လားမသိဟု။ စိတ်ထဲမှာ–သံသယ, ဖြစ်ပြီး။ ငါ၏ အပြစ်ကြီးကို၊ မည်သူမျှ–သက်သာခွင့် ရအောင်၊ ကြံဆောင် နိုင် မည့် သူ၊ မတွေ့မမြင်ပါတကားဟု။ စိတ်နှလုံးပူပန်၍။ အကြံ ဒိုက်ပြီး။ ဒုက္ခကြီးစွာရောက်၍ နေတဲ့အခါ။ ဆရာဇီဝက-အမှီပြုလျက်။ ဘုရားသခင်အထံသို့ ရောက်သွားသောအခါ။ မြတ်စွာဘုရားသည်။ သီလက္ခန္ဓဝဂ်၌။ သာမည ဖလသုတ်ကို ဟောတော်မူ၏။ ထိုအခါ။ အဇာတသတ် ·သည်။ ကြီးစွာသော–ပိတုဃာတက-ကံကိုမပြုမိပါက။ ဒေသနာတော်အဆုံးမှာ။ သောတာပတ္တိဖိုလ်သို့ရောက်ရာ၏။ သူယုတ်မာနှင့် ပေါင်းဘော်မိခြင်းကြောင့်။ မဂ္ဂအန္တရာယ် ဖြစ်ရလေသည်။

မြတ်စွာဘုရား တရားတော်ကိုကြားနာရ၍။ မဟာအဝိစီငရဲသို့မကျဘဲ။ လောဟကုမ္ဘီ ငရဲငယ်တွင်။ ကျခံရလေ၏။ သရဏဂုံ ဆောက်တည်ရခြင်း ကြောင့်။ ငရဲမှ လွတ်လျှင်။ ဝိဇိတာဝီ-ပစ္စေကဗုဒ္ဓါ ဖြစ်လတံ့ ။

အသေဝနာစ ဗာလာနံ ပုဒ်အ·ရ ပြီ·ပြီ။

———— ၀၀၀ ————

၁၆။ ပဏ္ဍိတာနဥ္စ သေဝနံဟူသော, ပုဒ်အရ၊
သပ္ပုရိသူပနိသျကို၊ မှီဝဲ ဆည်းကပ် ခြင်းကြောင့်။
အဝိဇ္ဇာရေဲသို့-မကျဘဲ။

**ရဟန္တာဖြစ်သွားသော-အင်္ဂုလိမာလ-ဝတ္ထု။**

သေဝနံ မှုပဂ္ဂမ ဥဒေတိ ဓိရော၊
တသ္မာတ္တနော၊ ဥတ္တရိဘာရံ ဘဇေထ-တိ။ ။
အလင်္ကာဝိုက်ကာဆရာ၏-ပါဌ်အရ။—

ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။
ဓမ္မပဒပါဠိတော်အရ။

သပ္ပုရိသူပနိသျကိုရ၍။ များစွာသော—လူတွေကို သတ်လျှက်။ အဝိဇ္ဇာရေ၌ ကျခံရမည်ဖြစ်သော။ "ခိုးသူကြီး-အင်္ဂုလိမာလ-ဝတ္ထု" ကို။ ထောက်ဆ၍သိအပ်၏။

ဂုင်း—အင်္ဂုလိမာလ, သည်။ အမိ-မန္တာဏီ, ပုဏ္ဏေးမကြီးအား။ သတ်တော့မည်ဟု—ကျန်စိနေစဉ်။ ကိုယ်တော်မြတ်ဘုရား, ကြွတော်မူ၍။ အင်္ဂုလိမာလအား, ဆုံးမတော်မူပြီး။ (ဖေတိတတ္တု သမာစရထ၊ ဒုက္ခသာ အန္တကိရိယာယ-ဟု။သုံးကြိမ် ခေါ်တော်မူသဖြင့်။ လူဝတ် လူစား, ဆံ မှတ်ဆိတ်တို့သည်။ အကုန်ကွယ်ပ၍။ သပိတ်၊ သင်္ကန်း၊ ရဟန်းပရိက္ခရာ-အစုံနှင့်တကွ။ ဝိပ္ပါဘိညာ၊ ရဟန္တာအဖြစ်သို့ရောက်လေ၏။)

ဂုင်း အင်္ဂုလိမာလ·သည်။ ပန္တိမဘာဝိကသား ဖြစ်သော်လည်း။ မိမိ ကိုးကွယ် ဆည်းကပ် သော။ ဒိသာပါမောက္ခဆရာ၏ အဆုံးအမကို လိုက်နာမိ၍။ မကောင်းမှု အကုသိုလ်တရားတွေကို ပြုဘျင့် မှားလေသည်။ ထို့ကြောင့်။ ပန္တုပ္ပန်

သံသရာ။ နှစ်ဖြာသော ကောင်းကျိုးကို လိုလား ကြ သော သူတော်ကောင်း တို့သည်။ တရားဟောသော ပုဂ္ဂိုလ် တို့၏ စကားကို။ ဟုတ် မဟုတ်၊ မှန် မမှန်၊ ပညာဉာဏ်ရှေ့သွား၍။ ချင်းစားနိုင်းချိန်ကြလေ။

---

### ၁၇။ တရားနာကြသော-ပုဂ္ဂိုလ်တို့၏၊ အဇ္ဈာသယကို။ စရိုက်အား လျော်စွာ ခွဲပြချက်။

တရားတော်ကြားနာ၍။ လူ၊ နတ်၊ နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာကို ပေးစွမ်းခြင်း၏အကြောင်းရင်းကား။ ပါရမီသာလျှင် အရင်း မူလ တည်း။ ဘာကြောင့်ဆိုသော်။ မြတ်စွာဘုရားသခင်-ကိုယ်တော်တိုင် ဟောတော်မူမှ။ ကျွတ်တန်းဝင်သောပုဂ္ဂိုလ်။ သာဝက-ဟောတော်မူမှ။ ကျွတ် တန်း ဝင်သောပုဂ္ဂိုလ်ဟူ၍။ နှစ်မျိုး နှစ်စားရှိ၏။ ပုဂ္ဂိုလ်၏စရိုက်မှာ။ ရာဂ စရိုက်၊ ရာဂများသောပုဂ္ဂိုလ်။ ဒေါသစရိုက်၊ ဒေါသများသောပုဂ္ဂိုလ်။ မောဟစရိုက် မောဟများသော ပုဂ္ဂိုလ်။ သဒ္ဓါစရိုက်၊ သဒ္ဓါများသောပုဂ္ဂိုလ်။ ဗုဒ္ဓိစရိုက်၊ ပညာများသောပုဂ္ဂိုလ်။ ဝိတက်စရိုက်. ဝိတက်များသောပုဂ္ဂိုလ်။ ၎င်းပုဂ္ဂိုလ်တို့၏ စရိုက်အားလျော်စွာ။ မိမိတို့၏ အဇ္ဈာသယနှင့်၊ နောက်နောက်ဘဝတွေက၊ ဖြည့်ကျင့်ဆည်းပူးခဲ့သောပါရမီအားလျော်စွာ။ ပုဂ္ဂိုလ်၏ ပါရမီကို သိသင့် သိထိုက်၏။ ထို့ကြောင့်။ ပုဂ္ဂိုလ်အပြားမှာ။ ဥဃဋိတညူပုဂ္ဂိုလ်။ ဝိပဉ္စိတညူပုဂ္ဂိုလ်။ နေယျပုဂ္ဂိုလ်-တို့တွင်။ ဥဃဋိတညူပုဂ္ဂိုလ်ဖြစ်ခဲ့ပါက။ မြတ်စွာဘုရားသခင်သည်။ အကျဉ်းသင်္ခေပအားဖြင့်ဟောတော်မူသည့်အဆုံး၌၊ မဂ်ဖိုလ်ရ၏။ ဝိပဉ္စိတညူ

ပုဂ္ဂိုလ်မှာ။ အကျဉ်းသင်္ခေပကို၊ အကျယ် ဝိတ္ထာရ အားဖြင့် ဝေဘန်၍ ဟောတော်မူသည့်အဆုံး၌ မဂ်ဖိုလ်ရ၏။ နေယျပုဂ္ဂိုလ်မှာ၊အကျဉ်းအကျယ်အားဖြင့်။ဝိသုဒ္ဓိအစဉ်ကိုနှုပ်တက်ရအောင်၊ အာရုဏ်ဆောင်၍ အားထုတ်မှသာလျှင်၊ မဂ်ဖိုလ်ရ၏။

နေယျပုဂ္ဂိုလ်မှာလဲ။ သုံးမျိုး သုံးစား ရှိ၏။ ဥက္ကဋ္ဌပုဂ္ဂိုလ်။ မဇ္ဈိမပုဂ္ဂိုလ်။ မုဒုပုဂ္ဂိုလ်-ဟူ၍ သုံးပါးရှိ၏။ ဥက္ကဋ္ဌပညာနေယျပုဂ္ဂိုလ်မှာ။ နံနက်အခါ-တရားအားထုတ်ပါက။ ညချမ်းအခါ-မဂ်ဖိုလ်ရ၏။ မဇ္ဈိမပညာနေယျပုဂ္ဂိုလ်မှာ။ခုနစ်ရက်ကစ၍၊ ခုနစ်နှစ်တိုင်အောင် ကျင့်ကြံအားထုတ်မှ၊ မဂ်ဖိုလ်ရ၏။

မုဒုပညာ-နေယျပုဂ္ဂိုလ်မှာ။ ခုနစ်နှစ်ကစ၍၊ သေသည့်တိုင်အောင် အားထုတ်မှသာလျှင်၊ မဂ်ဖိုလ်ရ၏။

ပဒပရမ ပုဂ္ဂိုလ် ဖြစ်ပါက၊ ဒုတိယဘဝ-မဂ်ဖိုလ် ရ၏ဟု မှတ်။

---

## ၁၀။ ပုညကြိယာ-ဆယ်ပါး ခွဲပြချက်။

အတ္တနော သန္တာနံ၊ ပုနာတိ သောဓေတီတိ ပုညံ။ ။

ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ အတ္တနော၊ မိမိ၏။ သန္တာနံ၊ အစဉ်ကို။ သံကိလေသမလတော၊ ကိလေသာတည်းဟူသော အညစ်အကြေးမှ၊ ပုနာတိ-သောဓေတိ၊ ဖြူစင်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ပုညံ၊ ပုညမည်၏။

ဝင်း ဝိဂြိုဟ်အရ ဆိုလျှင်။ မိမိ၏ ခန္ဓာကိုယ်တွင်း၌။ အမြဲမပြတ် ကိန်းအောင်း၍နေသော, ကိလေသာ ဆယ်ပါးတို့ကို၊

ရှုစင်စေခြင်း၊ မကောင်းသော အညစ်အကျေးတို့ကို၊ သုတ်သင်ခြင်းအနက်ကြောင့်။ ပုညဟုဆိုအပ်၏။

---

## သပ္ပုရိသေဟိ ကာဘဗ္ဗန္တိ ကြိယံ။

ယံပုညံ၊ အကြင်ကောင်းမှုကို။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံပုညံ ထိုကောင်းမှုသည်။ ကြိယံ၊ ကြိယာမည်၏။

---

ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့ကို။သူတော်ကောင်းဟုသမုတ်သည်၊ မပြုကောင်းဟူ၍ မဆို။ ပြုကောင်းသောတရားဖြစ်ခြင်းကြောင့်။ပြုအပ်-ပြုထိုက်သောတရားဟူ၍မှတ်။ ကောင်းမှု ကုသိုလ် တရားကိုပြု၍ ပါယ်ငရဲသို့ ကျ သည်ဟု။ မြတ်စွာဘုရား-ဟောတော်မမူ။ ကောင်းမှု ကုသိုလ်ကိုမပြုဘဲ နေမှသာလျှင်။ ပါယ်ငရဲသို့ ကျသည်ဟူ၍ ဟောတော်မူ၏ဟု မှတ်။ (နောက်၌ဆိုသတည်း။)

### တေတေ အာနိသံသေ ဝသန္တိဘိဇ္ဈန္တိ၊ဧတ္တောဘိ၊ဝဍ္ဎု။

ဧတ္တေပုညေ၊ ဤကောင်းမှု၌။ တေတေအာနိသံသေ ထိုထိုအကျိုးအာနိသင်တို့သည်။ ဝသန္တိ၊တိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံပုညံ၊ ထိုကောင်းမှုသည်။ဝဍ္ဎု၊ ဝဍ္ဎုမည်၏။

ကုသိုလ်ကောင်းမှုသည်။ လောကီအကျိုး လောကုတ္တရာအကျိုး၊ပစ္စုပ္ပန် အကျိုး၊ တမလွန်ဘဝ၌ခံစားအပ်သောအကျိုးတရားတို့၏တည်ရာဌာန၊ ဘုံဘဝကိုယူ။

ပုညကြိယဝတ္ထုတံဝတ္တုစေတာတိ၊ ပုညကြိယဝတ္ထု။

ပုညကြိယဝတ္ထု၊ ပုညကြိယာသည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုပုညကြိယာဟူသည်။ ဝတ္တုစ၊ အကျိုးတရား၏ တည်ရာသည်လည်း ဟုတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပုညကြိယာဝတ္ထု၊ ပုညကြိယာဝတ္ထုမည်၏။

ဧင်းပုညကြိယာဝတ္ထုသည်။ ဒါန၊ အလှူပေးခြင်း။ သီလ၊ ငါးပါးသီလ၊ ရှစ်ပါးသီလ-ကျင့်သုံးဆောက်တည်ခြင်း။ ဘာဝနာ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်ပါးကိုပွါးများခြင်း။ အပစာယန၊ ရတနာသုံးပါး ဆရာ-မိဘစသော-သူတို့အား။ အရိုအသေပြုခြင်း။ ဝေယျာဝစ္စ၊ ရတနာသုံးပါး ဆရာမိဘစသော သူတို့၏ အမှုကြီးငယ်ကိုရွက်ဆောင်ခြင်း။ ပတ္တိဒါန၊ မိမိပြုသော ကုသိုလ်အဘို့ဘာဂကို၊ သူတပါးအား ပေးဝေခြင်း။ ပတ္တာနုမောဒန၊ သူတပါး ပြုသော ကုသိုလ် အဘို့ဘာဂကို၊ ဝမ်းမြောက်ခြင်း။ ဓမ္မဿဝန၊ တရားနာခြင်း။ ဓမ္မဒေသနာ၊ တရားဟောခြင်း။ ဒိဋ္ဌိဇုကမ္မ၊ အယူကို ဖြောင့်မတ်စွာယူခြင်း၊ ဤဆယ်ပါးတည်း။

---

၁၉။ ပါရမီအပြားသုံးဆယ်ကို-ဖွင့်ပြဦးအံ့။

ပုတ္တဒါရဓနာဒိဗာဟိရဝတ္ထုပရိစ္စာဂေါ၊ဒါနပါရမီ၊
အင်္ဂနေတ္တာဒိပရိစ္စာဂေါ၊ ဒါနဥပပါရမီ၊ အတ္တ
နောဇီဝိတပရိစ္စာဂေါ၊ ဒါနပရမတ္ထပါရမီ။ ။
သုတ္တသင်္ဂဟအဋ္ဌကထာ။

ပုတ္တဒါရဓနာဒိဗာဟိရဝတ္ထုပရိစ္စာဂေါ၊ သား သမီး ဥစ္စာ-အစရှိသော ဗာဟိရဝတ္ထုကိုစွန့်ခြင်းသည်။ ဒါနပါရမီ၊ ဒါနပါ

ရမိမည်၏။ အညွှနေ၁၊ မိမိ၏။ အင်္ဂပရိစ္စဂေါ၊ အင်္ဂါကြီး ငယ်ကိုစွန့်ခြင်းသည်။ ဒါနဥပပါရမီ၊ ဒါနဥပပါရမီမည်၏။ အတ္တနော၊ မိမိ၏။ ဇီဝိတပရိစ္စဂေါ၊အသက်ကိုစွန့်ခြင်းသည်။ ဒါနပရမတ္ထပါရမီ၊ ဒါနပရမတ္ထပါရမီမည်၏။ ရင်းအဋ္ဌကထာအရ။ သား သမီး ပစ္စည်းဥစ္စာ၊ ရတနာ၁ရွှေငွေ၊ ကျောက် သံပတ္တမြား၊ ဆင်၊ မြင်း၊ ဝေါ၊ ယဉ်-အစရှိသော။ ဗာဟိရ ဝတ္ထု၊ အရပ်ရပ်တို့ကို။ စွန့်ကြဲပေးကမ်းခြင်း သည်။ ဒါနပါရမီ ဟူ၍မှတ်။

မိမိ၏ ဥကျောင်း၊ မျက်စိ၊ အသား၊ အသွေးတို့ကို၊ စွန့်ကြဲ ပေးကမ်းခြင်းသည်။ ဒါနဥပပါရမီဟူ၍မှတ်။

မိမိ၏ အသက်ကို၊ ဘယ် ့ က လောက်မျှ–မငဲ့ ကွက် ဘဲ။ သတ္တဝါဝေဏေယျတို့အကျိုးကို ရှေးရှုသဖြင့် ပေးလှူ စွန့်ကြဲ ခြင်းသည်။ ဒါနပရမတ္ထပါရမီဟူ၍မှတ်။

ဒါနပါရမီသုံးပါးပြီး၏။

———ooo———

သီလပါရမီသုံးပါးကို ပြဦးအံ့။

တထာ တိဝိဓာနံ ဝတ္ထူနံ ဟေတု အဝိတိက္ကမဝသေန
တိဿော သီလပါရမိယော။ ။
(သုတ္တသင်္ဂဟ အဋ္ဌကထာ။)

တထာ၊ ထို ့အတူ။ တိဝိဓာနံ၊ သုံးပါးအပြားရှိကုန်သော။ ဝတ္ထူနံ၊ ဝတ္ထုတို့၏။ ဟေတု၊ အကြောင်းကြောင့်။အဝိတိက္ကမ ဝသေန၊ မလွန်ကြူးသည်၏ အစွမ်းအားဖြင့်။ တိဿော၊ သုံး ပါးကုန်သော။ သီလပါရမိယော၊ သီလ ပါရမီ တို့ သည်။

No 20.

ဟောန္တိ၊ ဖြစ်ကုန်၏။ ၎င်းအဋ္ဌကထာအရ။ သီလပါရမီ၊ သီလ ဥပပါရမီ၊ သီလပရမတ္ထပါရမီဟူ၍။ သုံးပါးအပြားဖြင့်မှတ်။ ထိုသုံးပါးတို့တွင်။ ဗာဟိရဝတ္ထုကိုစွန့်ကြဲပေးကမ်းပြီးလျှင်။ သီလကိုဆောက်တည်ခြင်းသည်ကား၊ သီလပါရမီဟုမှတ်။

မိမိဥကျောင်း၊ မျက်စိ၊ အသား၊ အသွေးတို့ကိုစွန့်၍။ သီလ ဆောက်တည်ခြင်းသည်။ သီလဥပပါရမီဟူ၍မှတ်။

မိမိ၏ အသက်ကို စွန့်လွှတ်၍ ဆောက်တည်သော–သီလ သည်။ သီလပရမတ္ထပါရမီ-မည်၏ဟုမှတ်။

---

နိက္ခမပါရမီ သုံးပါးကိုပြဦးအံ့။

တထာဂတောသုယောဝ၊ အာလယံဥပန္ဆိန္ဒိတွာ၊
နိက္ခမဝသေန၊ နိက္ခမပါရမီယော။ ။
ရင်းအဋ္ဌကထာ။

တထာ၊ ထို့အတူ။ ဂေါသုယောဝ၊ ထိုသုံးပါးသောဝတ္ထု တို့၌သာလျှင်။ အာလယံ၊ ကပ်ငြိခြင်းကို။ ဥပန္ဆိန္ဒိတွာ၊ ဖြတ် ၍။ နိက္ခမဝသေန၊ ထွက်မြောက်သည်၏ အစွမ်း အား ဖြင့်။ နိက္ခမပါရမီယော၊ နိက္ခမပါရမီ တို့သည်။ ဟောန္တိ၊ ဖြစ် ကုန်၏။

ရင်း အဋ္ဌကထာအရ။ နိက္ခမပါရမီ။ နိက္ခမဥပပါရမီ။ နိက္ခမပရမတ္ထပါရမီ-ဟူ၍၊ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်။ ဗာဟိရဝတ္ထု၌ ငြိကပ်စွဲလမ်းနေသော လောဘ။ မိမိ၏အင်္ဂါ ကြီးငယ်အပေါ်၌ စွဲလမ်းငြိတွယ်နေသော လောဘ။ မိမိ၏ အသက်ကို ငဲ့ကွက်နေသော လောဘ။ တနည်း။ ငါ့အသက် ဟု-စွဲလမ်းနေတဲ့ သဏ္ဌာယ။ ထိုတရားအပေါင်းမှ–ထွက် မြောက်ခြင်းသည်။ နိက္ခမပါရမီဟူ၍မှတ်။

## ပညာပါရမီ သုံးပါးကို ပြဦးအံ့။

တေသုယေဝတဏှ သမုဟာနိတွာ၊ ဟိတာဟိတ
ဝိနိစ္ဆယ ကရဏာဝသေန၊ ပညာပါရမိယော။ ။
ရင်းအဋ္ဌကထာ။

တေသုယေဝ၊ ထိုသုံးပါးသော ဝဏ္ဏတို့၌ သာလျှင်။ တဏှာ၊ တပ်ခြင်းကို။ သမုဟာနိတွာ၊ နုတ်၍။ ဟိတာဟိတဝိနိစ္ဆယကရဏာဝသေန၊ စီးပွါး ရှိမရှိကို ဆုံးဖြတ်ခြင်းကို ပြုသည်၏အစွမ်းအားဖြင့်။ ပညာပါရမိယော၊ ပညာပါရမီတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပညာပါရမီ၊ ပညာဥပပါရမီ၊ ပညာပရမတ္ထပါရမီ-ဟူ၍ သုံးပါးဖြစ်၏။ ထိုဝဏ္ဏသုံးပါး၌တပ်ငြိနေသော။ လောလုပ္ပတဏှာကို ပါယ်နုတ်၍။ အကျိုး စီးပွါးများလတံ့သည်ကို။ ပညာဉာဏ်ဖြင့်ဆင်ခြင်၍၊ နှိုင်းချိန်ရောက်ကြောင်း ကောင်းမြတ်သော အကျိုးတရားကို ဆင်ခြင်၍ သိသောဉာဏ်သည်။ ပညာပါရမီမည်၏ဟုမှတ်။

---

## ဝီရိယပါရမီသုံးပါးကို ပြဦးအံ့။

တေသံ ပရိစ္စာဂါဒိ အတ္ထာယ၊ ဝါယမဝသေန၊
ဝိရိယပါရမိယော။ ။
ရင်း အဋ္ဌကထာ။

တေသံ၊ ထိုသုံးပါးသော ဝဏ္ဏတို့ကို။ ပရိစ္စာဂါဒိ အတ္ထာယ၊ စွန့်ကြဲခြင်းအစရှိသောအကျိုးငှါ။ ဝါယမဝသေန၊ လုံ့လပြုသည်၏ အစွမ်းအားဖြင့်။ ဝိရိယပါရမိယော၊ ဝိရိယပါရမီတို့သည်။ ဟောန္တိ ဖြစ်ကုန်၏။ ဝိရိယပါရမီ။ ဝိရိယ-ဥပပါရမီ။ ဝိရိယ-ပရမတ္ထပါရမီ-ဟူ၍ သုံးပါးဖြစ်၏။ ထိုသုံး

ပါးသော ဝတ္ထုတို့ကို ဝွန့်ကြဲခြင်း အစရှိသည်တို့သည်။ မုချကောင်းမြတ်သော အကျိုးတရားပေတည်း။ ထိုအကျိုးတရားကို ခံစားစိမ့်သော ငှါ။ အကြောင်းတရား တည်း ဟူသော။ လှူဘွယ် ဝတ္ထု တို့ကို။ လုံ့လဥဿာဟ စိုက်ထုတ်၍ ရှာမှီးရဆောင်းခြင်း။ ကျိုးကျိုးကုတ်ကုတ် ပြုလုပ်ခြင်းသည်။ ဝိရိယ ပါရမီဟူ၍မှတ်။

---

ခန္တီပါရမီသုံးပါးကို ပြဦးအံ့။

တေသံယေဝ အန္တရာယ ကရဏံ ခမနဝသေန၊ ခန္တီပါရမိယော။ ။

ရင်း အဋ္ဌကထာ။

တေသံယေဝ၊ ထိုသုံးပါးသောဝတ္ထုတို့၏သာလျှင်။ အန္တရာယကရဏံ၊ အန္တရာယ်ကိုပြုခြင်းကို။ ခမနဝသေန။ သည်းခံသည်၏ အစွမ်း အားဖြင့်။ ခန္တီပါရမိယော၊ ခန္တီပါရမီတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ခန္တီပါရမိ။ ခန္တီဥပပါရမိ၊ ခန္တီပရမတ္ထပါရမီ ဟူ၍ သုံးပါးအပြားရှိ၏ဟူ၍မှတ်။

ထိုသုံးပါးသော-ဝတ္ထုတို့၏ အပေါ်၌။ တွယ်တာ ကပ်ငြိနေခြင်းကြောင့်။ များလှစွာသော, ဘေးဥပါဒ် အန္တရာယ်တို့သည်။ မကြာခန-တွေ့ကြုံခံစားရလေ၏။ ထိုဝတ္ထု၌ စွဲလမ်းနေသော, သတ္တဝါ၊ ထိုသတ္တဝါ သည်ပင်လျှင်။ မိမိကိုယ်ကို။ ပါယ်ငရဲသို့ဆွဲချတတ်၏။ ပစ္စုပ္ပန်ဘဝ၌လည်း၊ မိမိကိုပင်လျှင်၊ ကြီးစွာသောအန္တရာယ်ကိုပြုတတ်ကုန်၏။ ထို့ကြောင့်။ ၎င်းဝတ္ထုကိုမည်မျှပင်စွဲလမ်း၍ နှိပ်စက်ခြင်းကိုပြုသော်လည်း။ သည်းခံ၍ စွန့်လွှတ်ခြင်းသည်။ ခန္တီပါရမီမည်၏ဟုမှတ်။

သစ္စာပါရမီ သုံးပါးကို ပြဦးအံ့၊

တေသံယေဝစ ဟေတု သစ္စာပရိစ္စာဂဝသေန၊
သစ္စာပါရမိယော၊ ၊

ရင်းအဋ္ဌကထာ၊

တေသံယေဝစ၊ ထိုသုံးပါးသော ဝတ္ထုတို့၏ သာလျှင်လည်း၊ ဟေတု၊ အကြောင်းကြောင့်။ သစ္စာပရိစ္စာဂဝသေန၊ သစ္စာကို မစွန့်သည်၏ အစွမ်းအားဖြင့်။ သစ္စာပါရမိယော၊ သစ္စာပါရမီတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။

သစ္စာပါရမီ၊ သစ္စာဥပပါရမီ၊ သစ္စာပရမတ္ထပါရမီ-ဟု၍၊ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးသော ဝတ္ထုတို့ကို၊ ငါသည်၊ လှူဒါန်းအံ့၊ စွန့်ကြဲ ပေးကမ်းအံ့၊ ထိုဝတ္ထု တည်း ဟူ သော အကြောင်းကြောင့်၊ ဗိုးရိမ်ခြင်း၊ ကြောင့်ကြဗျာပါဒများလှ၏။ ထိုဝတ္ထုကို စွဲလမ်းခြင်း, နှစ်သက်ခြင်း, မပြုတော့ပြီဟု စိတ်ကို ပိုင်းဖြတ်သည်အတိုင်း၊ မဆိုင်းမတွ၊ အသက်ကိုပင်-မငဲ့ကွက်ဘဲ၊ သစ္စာဂတိရှိသည်အတိုင်း၊ မှန်ကန်သောကုသိုလ်ကောင်းမှု အရပုတ်ကို၊ ကျင့်ကြံကျိုးကုတ်၊ အားထုတ် လုပ်ကိုင်ခြင်းသည်၊ သစ္စာပါရမီမည်၏။

---

အဓိဋ္ဌာနပါရမီသုံးပါးကိုပြဦးအံ့။

တေသံယေဝ ဝိနာသေပိ၊ အစလအဓိဋ္ဌာနဝသေန၊
အဓိဋ္ဌာနပါရမိယော။

ရင်းအဋ္ဌကထာ၊

တေသံယေဝ၊ ထိုသုံးပါးသောဝတ္ထုတို့၏သာလျှင်၊ ဝိနာ

သေပိ ပျက်စီးခြင်း၌လည်း။ အစလမိဋ္ဌာနဝသေန၊ မတုန်လှုပ်သောဆောက်တည်ခြင်း၏ အစွမ်းအားဖြင့်။ အဓိဋ္ဌာနပါရမိယော၊ အဓိဋ္ဌာနပါရမီမည်၏။ အဓိဋ္ဌာနပါရမီ။ အဓိဋ္ဌာနဥပပါရမီ။ အဓိဋ္ဌာန ပရမတ္ထပါရမီ-ဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးသောဝတ္ထုတို့၏ ပျက်စီးခြင်း၊ ချွတ်ယွင်းခြင်းရှိခဲ့သော်လည်း။ တုန်လှုပ်ခြောက်ခြားခြင်းမရှိ။ မိမိ၏ ပကတိသဘောကိုမစွန့်ဘဲ။ ငါသည်။ ဤနေ့ ဤအချိန်၊ ဤအခါ၌။ မကောင်းမှုကို ငါသည်-မပြုအံ့။ ကောင်းသော အမှုကိုသာလျှင်။ ငါသည်၊ မပျက် မကွက် ပြုတော့အံ့ဟု။ အဓိဋ္ဌာန်ဖြင့်ဆောက်တည်ပြုလုပ်ခြင်းသည်။ အဓိဋ္ဌာန်ပါရမီမည်၏။

---

မေတ္တာပါရမီသုံးပါးကိုပြဦးအံ့။

တေသံယေဝ ဥပဃာတကေသုပိ၊ သတ္တေသုမေတ္တာ
အပိဇဟမာနဝသေန၊ မေတ္တာပါရမိယော။ ။
ရင်းအဋ္ဌကထာ။

တေသံယေဝ၊ ထိုသုံးပါးသောဝတ္ထုတို့၏သာလျှင်။ ဥပဃာတကေသု၊ သတ်ပုတ် ညှင်းဆဲ ကုန်သော။ သတ္တေသုပိ၊ သတ္တဝါတို့၌လည်း။ မေတ္တာအပိဇဟမာနဝသေန၊မေတ္တာကိုမစွန့်သည်၏အစွမ်းအားဖြင့်။ မေတ္တာပါရမိယော၊ မေတ္တာပါရမီတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မေတ္တာပါရမီ၊မေတ္တာဥပပါရမီ။ မေတ္တာ ပရမတ္ထပါရမီဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးသော ဝတ္ထုတို့အား။ သတ်ပုတ်ညှင်းဆဲခြင်း။ နှိပ်စက်ဖျက်ဆီးခြင်း အမှုကိုပြုသော သူတို့အား။ အမျက်ဒေါသမထွက်၊ ငြိမ်သက်သော မေတ္တာစိတ်ကို မစွန့်လွှတ်ဘဲ။ အဖန်တလဲလဲ မေတ္တာဖြေရှုခြင်းသည်။ မေတ္တာပါရမီမည်၏။

ဥပေက္ခာပါရမီသုံးပါးကိုပြဦးအံ့၊

တေသံယေ၀၊ ဥပကာရာနုပကာရေသု၊ သတ္တသင်္ခါရေသု၊ မဇ္ဈတ္တပဋိလာဘ၀သေန၊ ဥပေက္ခာပါရမီယော၊ ၀ေမိဒသပါရမီယော၊ ၀ေဗိတဗ္ဗာ။ ။

ဝှင်းအဋ္ဌအကထာ။

တေသံယေ၀၊ ထိုသုံးပါးသော ၀ဏ္ဏုတို့အား သာလျှင်၊ ဥပကာရာနုပကာရေသု၊ ကျေးဇူးပြု-ကျေးဇူးမပြု ဖြစ်ကုန်သော။ သတ္တသင်္ခါရေသု၊ သတ္တ၀ါသင်္ခါရတို့၌။ မဇ္ဈတ္တပဋိလာဘ၀သေန၊ လစ်လျူရှုခြင်းကိုရသည်၏ အစွမ်းအားဖြင့်၊ ဥပေက္ခာ ပါရမီယော၊ ဥပေက္ခာ ပါရမီတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧ၀ံ၊ ဤသို့။ ဣတိ၊ ဤအရာ၌။ ဒသ ပါရမီယော၊ ဆယ် ပါး သော ပါရမီ တို့ကို။ ၀ေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဥပေက္ခာပါရမီ။ ဥပေက္ခာ ဥပပါရမီ၊ ဥပေက္ခာ ပရမတ္ထပါရမီဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးသော ၀ဏ္ဏုတို့အား။ ကျေးဇူးပြုသည်ဖြစ်စေ။ ကျေးဇူးမပြုသည်ဖြစ်စေ၊ အလုံးစုံသော သတ္တ၀ါ သင်္ခါရ တရားတို့၌။ ချစ်ခြင်း, မုန်းခြင်းမရှိ၊ ပကတိ သဘောကို မစွန့်ခြင်းသည်၊ ဥပေက္ခာပါရမီ မည်၏ ဟုမှတ်၊

ပါရမီဆယ်ပါး—အပြားသုံးဆယ်ပြီးပြီ။

---

အချို့သောကေ စိဆရာတို့က, ပြောကြဲဟောကြသေးသဗျ။ ဒါနဆိုတာ။ သူတပါးပေးကမ်းလှူဒါန်းတာဟာ, ဒါနမဟုတ်ဘူးတဲ့။ မိမိခန္ဓာကိုယ်ကို၊ ပိုး၊ ဖဲ ကတ္တီပါတို့ဖြင့်၀တ်ဆင်ခြင်း။ ဆီဦးထောပါတ်တို့ဖြင့် ကျွေးမွေးခြင်းသည် သာလျှင်။ ဒါန မည်တယ်လို့ ပြောဆို ကြ တာ ဟာ—စဉ်းစား ကြည့် လျှင်။

သဏ္ဌာယဒိဋ္ဌိလွတ်ပမလား ဆရာတို့။— ဆရာတို့ဟောတာ, ယောက်ျားလဲ မဟုတ်၊ မိန်းမလဲ မဟုတ်။ ဘာမှမရှိဘူးလို့လဲ ဆရာတို့ ပါးစပ်က ဟောသေးတယ်။ခန္ဓာကိုယ်ကြီးကိုကျွေး မွေးရမယ်။ ငါ့ခန္ဓာကိုယ်ကြီးကို ဝတ်ဆင်ရမယ်လို့လဲပြော ဆိုကြသေးတယ်။ ဘယ့်နှယ်လဲ ဆရာတို့။— ခါးတောင်း ကြိုက်တခြား, ဖင် တခြားဖြစ်နေပါပကောလား ဆရာတို့။— ဆရာတို့ ဟောပြောတာဟာ,— ဘာမျှမရှိဘူး, ယောက်ျား, မိန်းမ မရှိ။ ကုသိုလ်-အကုသိုလ် မရှိ။ ဤဘဝတွင်၊ သုခ, ဒုက္ခ—ဖြတ်သည်ဟုဆိုပါလျှင်။ ဥစ္ဆေဒဒိဋ္ဌိ လွတ်ပမလား— ဆရာတို့။ ငါ့ခန္ဓာကိုယ်ကြီး ဝတ်ဆင်ရမယ်။ ကျွေးမွေးရ မယ်ဆိုတာ, သဿတဒိဋ္ဌိလွတ်ပမလား။ ဆရာတို့-သတိ ထား စဉ်းစား ပြောပါ။ စာ မတတ်ဘူးလို့ ဝန်ခံထားပြီး။ အလွဲလွဲ အချော်ချော်နဲ့။ မတော်တာတွေ-မဟောကြပါနဲ့။ [ဓမ္မသင်္ဂဏီပါဠိတော်၌။] သနိဒဿနာဓမ္မာ၊ အနိဒဿနာ ဓမ္မာ။ ။သနိဒဿနာ၊ မျက်စိဖြင့် မြင်ခြင်းရှိကုန်သော။ ဓမ္မာ၊ ဝဏ္ဏာရုပ်တို့သည်။ သံဝိဇ္ဇန္တိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိကုန် ၏။ အနိဒဿနာ၊ မျက်စိဖြင့် မြင်ခြင်း မရှိကုန်သော။ ဓမ္မာ၊ ဝဏ္ဏာမှ တပါးသော ရုပ်နာမ် တို့သည်။ သံဝိဇ္ဇန္တိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိကုန်၏။ ဤပါဠိတော် ထောက်သောအား ဖြင့်၊ သတိထားစဉ်းစားပါ။ တရားဟောသောသူတို့သည်။ ဆပ်ပြာခွက်နှင့် တူသည်။ ဆပ်ပြာခဲတို့မည်သည်။သူတပါး တို့၏ အညစ်အကြေးကိုသာ, ဖြူစင်အောင် လျှော်ဆေးနိုင်၏။ မိမိနေသော-ဆပ်ပြာခွက်ကိုတော့၊ ဖြူစင်အောင်မလျှော်ဆေး နိုင်ဟုမှတ်လေ။

## ၂၀။ ဒါနမည်ခြင်း၏အကြောင်းကိုခွဲပြခြင်း။

နောက်ကပြခဲ့သော၊ ပုညကြိယာ ဆယ်ပါးတို့တွင်။
ဒါနပါရမီကို။ ရှေးဦးစွာပြလို၍။—

ဒိယတိဧတေနာတိ·ဒါနံ၊ ပရိစ္စာဂဝသေန။
(ငိုကာကျော်။)

ဧတေနစေတနာဒယ၊ ဤသို့သောစေတနာဖြင့်။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒိယတိ၊ ပေးလှူတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာစေတနာ၊ ထိုစေတနာသည်။ ဒါနံ၊ ဒါနမည်၏။ ပရိစ္စာဂဝသေန၊ စွန့်ကြဲ သည်၏ အစွမ်းအားဖြင့်။ လက္ခတိ၊ ရအပ်၏။

ဒါတဗ္ဗန္တိဒါနံ။ ယံဒါနံ၊ အကြင်လှူဘွယ်ဝတ္ထုကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဣတိတသ္မာ ထို့ကြောင့်။ တံဒါနံ၊ ထိုလှူဘွယ်ဝတ္ထုသည်။ ဒါနံ၊ ဒါနမည်၏။

ဒေတိ ဧတာယာတိဒါနံ။ ပဋ္ဌမဂြိုဟ်အဗ္ဘကထာ။ ။ဧတာယစေတနာယ၊ ထိုစေတနာဖြင့်။ ဝါ၊ ထိုစေတနာ ကြောင့်။ ဒေတိ၊ လှူဒါန်းပူဇော်၏။ ဣတိတသ္မာ၊ ထိုသို့ လှူဒါန်းပူဇော် ကြောင်းဖြစ်သောသတ္တိကြောင့်။ သာစေတနာ၊ ထိုစေတနာ သည်။ ဒါနံ၊ ဒါနမည်၏။

---ooo---

ဝိရတိ၊ အဝခဏ္ဍာနဏ္ဍေန လဝနဏ္ဍေနစဒါနံ၊ သာပတိ ဥပဋ္ဌမာနာ၊ ဘာယဘောရဝါဒိသမ်ါတံ၊ ဒုဿီလျစေ တနံ၊ ခဏ္ဍတိ လုနာတိ စာတိဒါနံ။ (မင်္ဂလတ္ထဒီပနီ။)

**No. 22,**

(အနက်။) ဝိရတိ၊ ဝိရတိသည်။ အဝခဏ္ဍာနဋ္ဌေနု၊ ပိုင်း ဖြတ်တတ်သော အနက်ကြောင့် ၎င်း။ လဝနဋ္ဌေနစ၊ ရိတ် ဖြတ်တတ်သောအနက်ကြောင့်၎င်း။ ဒါနံ၊ ဒါနမည်၏။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုဝိရတိသည်။ ဥပ္ပန္နမာနာ၊ ဖြစ်သည်ရှိသော်။ ဘယဘေရဝါဒိ သင်္ခါတံ၊ ကြောက်မက်ဘွယ်သောဘေးရန် စသည်ဟု ဆိုအပ်သော။ ဒုဿီလျစေတနံ၊ မပေးလို=မလှူ လိုသော-ပျက်သောအလေ့အကျင့်ဟုဆိုအပ်သော, ဒုဿီ လစေတနာကို။ ခဏ္ဍေတိစ၊ ဖြတ်လည်းဖြတ်တတ်၏။ လုနာ တိစ၊ ရိတ်လည်း ရိတ်တတ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ သော၊ ထိုဝိရတိသည်။ ဒါနံ၊ ဒါနမည်၏။

၎င်းဒေသနာတော် အရမှာ။ ဝိရတိ သည်။ အကုသိုလ် တရားကိုပိုင်းဖြတ်တတ်သောကြောင့်၎င်း။ အကုသိုလ်တရား ကို။ ပယ်လှီးရိတ်ဖြတ်တတ်သောကြောင့်၎င်း၊ ဒါနမည်၏ဟု မှတ်။ ထိုဝိရတိဖြစ်သည်ရှိသော်။ ကြောက်မက်ဘွယ်သော၊ မပေးလို၊ မလှူလို၊ ဝန်တိုမိစ္ဆာ၊ ဣဿာ-တရား တို့ သည်။ အကုသိုလ် စေတနာ ဖြစ်၍။ ကုသိုလ်တရားတို့၏ ဆန့်ကျင် ဘက်ဖြစ်သော, ဒုဿီလစေတနာကို၊ ပယ်ဖျက်ဖြတ်တောက် ခြင်းကိုပြု၍။ ပေးလှူ အပ်သော, ဝိရတိ-သည်။ ဒါနမည်၏ ဟုမှတ်။

---

အတိက္ကမေတုကာမော၊ သံသာရံ ဒုရတိက္ကမံ၊
ဒါန သီလဥ္စ ဘာဝနံ၊ ပရိပူရေထ ပဏ္ဍိတော။
နိကာယပါဠိတော်။

ဒုရတိက္ကမံ၊ လွန်မြောက်နိုင်ခဲလှစွာသော။ သံသာရံ၊ သံ သရာကို။ အတိက္ကမေတုကာမော၊ လွန်မြောက်ခြင်းငှါ အလို

ရှိသော၊ ပဏ္ဍိတော၊ ပညာရှိသည်၊ ဒါနဉ္စ၊ ဒါနကုသိုလ်ကို ၎င်း၊ သီလဉ္စ၊ သီလ ကုသိုလ်ကို ၎င်း၊ ဘာဝနံစ၊ ဘာဝနာ ကုသိုလ်ကို၎င်း၊ ပရိပူရေထ၊ ပြည့်ပုံစေရာ၏။

၎င်းပါဠိတော်အရမှာ။ သံသရာတည်းဟူသော·ခရီးခဲမှ လွတ်မြောက်ခြင်း၌အလိုရှိသော။ အမျိုးကောင်းသား-အမျိုး ကောင်းသမီးတို့သည်၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝ နာကုသိုလ်ဟုဆိုအပ်သော, ကုသိုလ်တရားများကို။ မိမိတို့၏ အဇ္ဈတ္တသန္တာန်၌၊ အမြဲမပြတ်နိုင်အောင်းလျှက်။ ရတနာသုံးပါး တို့အား။ မပြတ်မလပ်-ကိုးကွယ်ဆည်းကပ်ပြီးလျှင်။ကောင်း မြတ်သောကုသိုလ်တရားတို့ကို။အားထုတ်ကြရမည်ဟုမှတ်။

သံသရာဆိုသည်မှာ။—

ခန္ဓာနဉ္စ ပဋိပါဋိ ဓာတုအာယတနာနစ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသရောတိပဝုစ္စတိ။
အဋ္ဌသာလိနီ-အဋ္ဌကထာ။

(အနက်။) ခန္ဓာနဉ္စ၊ ခန္ဓာငါးပါး တို့၏ လည်းကောင်း။ ဓာတုအာယတနာနစ၊ ဓာတ်-တဆယ့်ရှစ်ပါး၊ အာယတန-တဆယ့်နှစ်ပါးတို့၏ လည်းကောင်း။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်။ ဝတ္တမာနာ၊ ဖြစ်သော။ ပဋိပါဋိ၊ အစဉ်ကို။ သံသရောတိ၊ သံ သရာဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့်မိန့်အပ်၏။

သံသရာဆိုသည်မှာ၊ ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ ဓာတ်-တဆယ့်ရှစ်ပါးတို့ ၏-မပြတ်ဖြစ်နေခြင်းကို။ သံသရာဟူ၍မှတ်။

တနည်း။— သံအဝေဘဿိန္နံ၊ သရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ သံသရာ။ ။

ယေခမ္မာ၊ အကြောင်–ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန-ခတ်တရားတို့သည်။ သံအဖော်နှင့် ၊ မပြတ်။ သရုက်ဂန္ဓတ်ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဇာတိဘာသာ၊ ထို့ကြောင့်။ တေခမ္မာ၊ ထို–ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ခတ်တို့သည်။ သံသရာ၊ သံသရာမည်၏။

---

ဒါနံ့နာမ၊ ထိဒဲ၊ စာဂစေတနာပိ၊
ဝိရတိပိ၊ ဒေယျာခမ္မောပိ။ ။
ကထာဝတ္ထုအဋ္ဌကထာ။

ဒါနံ့နာမ ဒါနမည်သည်ကား။ စာဂစေတနာပိ၊အလှူဝတ္ထုကို စွန့်ကြဲကြောင်းဖြစ်သော စေတနာလည်း။ ဝိရတိပိ၊ ဝိရတိစေတသိက်လည်း။ ဒေယျာခမ္မောပိ၊ လှူအပ်သော အလှူဝတ္ထုလည်း။ ဇာတိ၊ ဤသို့။ တိဝိခံ၊ သုံးပါးအပြားရှိ၏။

ရင်းအဋ္ဌကထာ အလိုအားဖြင့်။ ဒါနမည်သည်။ လှူဘွယ်ဝတ္ထုကို စွန့်ကြဲပေးကမ်း လှူဒါန်း ခြင်း။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် တို့ကိုရှောင်ကြဉ်ပြီး၍။ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်ဟုဆိုအပ်သော။ ဝိရတိစေတသိက်ဖြင့်ရင်း။ လှူဘွယ်ဝတ္ထု ပစ္စည်းအရုရတို့ဖြင့်ရင်း။ အလှူခံပုဂ္ဂိုလ်သို့ ရှေးရှု လှူဒါန်းရာ တွင်။ ရင်းအင်္ဂါသုံးပါးနှင့်ပြည့်စုံရမည်ဟု–ဆိုလိုသည်။ ရင်းအင်္ဂါသုံးပါးပြည့်စုံလုံလောက်မှသာလျှင်။ ဒါနမြောက်နိုင်သည်ဟုမှတ်။

---

ထတ္တ စာဂစေတနာ ဒေတိတိဝါဒေယျခမ္မံ၊
ဒေန္တိတိဝါ ဝေါယာ ဒေယျာခမ္မန္တိဒါနံ။ ။
ကထာဝတ္ထုအဋ္ဌကထာ။

တဏ္ဍ၊ ထိုသုံးပါးသော ဒါနတို့တွင်။ စာဂစေတနာ၊ စွန့်ကြဲလိုသော စေတနာ ဖြင့်။ ဒေယျဓမ္မ ၊ လှူအပ်သော အလှူ ဝတ္ထုကို။ ဒေတိ၊ ပေးလှူတတ်၏။ ဣတိ ဝါ၊ ဤသို့သောကဏ္ဍ သာဓနဝစနတ္ထအားဖြင့်ရင်း။ တေသယ၊ ဤစေတနာတရားဖြင့်။ ဒေယျဓမ္မ ၊ လှူအပ်သော အလှူဝတ္ထုကို။ ဒေန္တိ၊ ပေးလှူကုန်၏။ ဣတိဝါ၊ ဤသို့သော ကရဏ သာဓန ဝစနတ္ထ အား ဖြင့် ရင်း။ ဒါနံ၊ ဒါနမည်သည်။ ဟောတိ၊ ဖြစ်၏။

ရင်းအဋ္ဌကထာအလိုမှာ။ ထိုသုံးပါးသော ဒါန တို့တွင်။ စွန့်ကြဲလိုသော စေတနာဖြင့် လှူဘွယ် ဝတ္ထုကို လှူဒါန်းခြင်း ဖြင့်ရင်း။ သုံးတန်သော စေတနာ ပြဋ္ဌာန်းလျက်။ လှူဘွယ် ဝတ္ထုတို့ကို လှူဒါန်း ပေးကမ်း ခြင်းဖြင့်ရင်း။ ဒါနမည်၏ဟု မှတ်။

---

တနည်း။— ဒါနံနာမ စေတနာဒါနံ ဒေယျဓမ္မဒါနန္တိ၊
ဒုဝိဓံ ဟောတိ။ ။
သုတ္တသင်္ဂဟာအဋ္ဌကထာ။

ဒါနံနာမ၊ ဒါနမည်သည်ကား။ စေတနာဒါနံ၊ စေတနာဒါ နရင်း။ ဒေယျဓမ္မဒါနံ၊ ဒေယျဓမ္မဒါနရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ရင်းအဋ္ဌကထာအလိုအားဖြင့်။ ဒါနဟူသည်။ စေတနာ ဒါန၊ ဒေယျဓမ္မဒါန—နှစ်ပါးကို ပြဆိုလေသည်ဟုမှတ်။

တနည်း။— ပရေသံ ပူဇာ နုဂ္ဂဟာ ကာမ တာယ
အတ္တနော ဝိဇ္ဇမာနဝတ္ထု ပရိစ္စဇန ဝသပ္ပ
ဝတ္တာ စေတနာ ဒါနံနာမ။ ။
(ဋီကာကျော်။)

No. 23.

(အနက်။) ပဍေသံ၊ သူတပါးတို့အား။ ပူဇာဒနဂ္ဂဟာထာ ကာမတာယ၊ ပူဇော်ခြင်း၊ ချီးမြှောက် ခြင်း၄ါ-အလိုရှိသည်၏အစွမ်းအားဖြင့်။ ဝါ၊ ပူဇော်လို-ချီးမြှောက်လိုသဖြင့်။ အတ္တနော၊ မိမိ၏။ ဝိဇ္ဇမာနဝတ္ထုံ ပရိစ္စဇနဝသပ္ပဝတ္တာ၊ ထင်ရှားရှိသောဝတ္ထုကို စွန့်ခြင်း၏အစွမ်းအားဖြင့်ဖြစ်သော။ စေတနာ၊ စေတနာသည်။ ဒါနံနာမ၊ ဒါနမည်၏။ ဝိုကာကျော်အလိုမှာ။ သူတပါးတို့အား။ ပူဇော်ခြင်း။ ချီးမြှောက်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၄ါအလိုရှိသဖြင့်။ မိမိ၌ထင်ရှားရှိသော-လှူဘွယ်ဝတ္ထုကို။ မုတ္တစာဂီသဘောဖြင့်၊ လွှတ်လွှတ်စွန့်ကြဲခြင်းသည်သာလျှင်ဖြစ်သော-စေတနာသည်။ ဒါနမည်၏ဟုမှတ်။

ထင်ရှားမရှိသော ဝတ္ထုကို အာရုံပြု၍ဖြစ်သော စေတနာသည်။ ဒါန မမည်ဟုမှတ်။ ထို့ကြောင့်။ မဏိမဉ္ဇူကျမ်း၌။

အဝိဇ္ဇမာနဝတ္ထုံ မာရဗ္ဘ ပဝတ္တာ စေတနာ ဒါနံနာမ ဟောတိ။ ။(အနက်။) အဝိဇ္ဇမာနဝတ္ထုံ၊ ထင်ရှား မရှိသော ဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊စေတနာသည်။ ဒါနံနာမ၊ ဒါနမည်သည်။နဟောတိ၊ မဖြစ်။

---

## ၂၁။ စေတနာသုံးချက်ကို ခွဲပြချက်။

ပုဗ္ဗစေတနံ၊ မုဉ္စစေတနံ၊ ပရစေတနဉ္စ၊ တိဿောပိစေတနာ။ ကေတော ကတွာ ဒါနမယံ၊ ပုညကရိယာဝတ္ထုနာမဟောတိ။

အဋ္ဌသာလိနီ။

ပုဗ္ဗစေတနံ၊ ဝတ္ထုကိုမစွန့်မှီ ရှေ့အဘို့၌ဖြစ်သော စေတနာ ၎င်း။ မုဉ္စစေတနံ၊ ဝတ္ထုကိုစွန့်ဆဲကာလ၌ ဖြစ်သောစေတနာ ၎င်း။ ပရစေတနံ၊ ဝတ္ထုကိုစွန့်ပြီး နောက်ကာလ၌ ဖြစ်သော စေတနာ၎င်း။ ဣတိ၊ ဤသို့။ တိဿောပိ၊ သုံးပါးလည်းဖြစ်

ကုန်သော၊ စေတနာ၊ စေတနာတို့ကို။ ဧကတော၊ တပေါင်းတည်း။ ကတွာ၊ ပြု၍။ ဒါနမယံ၊ ဒါနမယဖြစ်သော၊ ပုညကြိယာဝတ္ထု နာမ၊ ပုညကြိယာဝတ္ထုမည်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား။ မလှူမီ ရှေးအဘို၌ ဖြစ်သော စေတနာသည်။ ပုဗ္ဗစေတနာဟူ၍မှတ်။ ။လှူဆဲခဏ၌ဖြစ်သော စေတနာသည်။ မုဉ္စစေတနာဟူ၍မှတ်။ ။လှူပြီးသည်နောက်မှဖြစ်သော စေတနာသည်၊ ပရစေတနာဟူ၍မှတ်။

ထို့ကြောင့်။—

ပုဗ္ဗေကာလေ ပဝတ္တာစေတနာ၊ ပုဗ္ဗစေတနာ နာမ။
မုဉ္စကာလေ ပဝတ္တာစေတနာ၊ မုဉ္စစေတနာ နာမ။
အပရေကာလေ၊ ပဝတ္တာစေတနာ၊ အပရစေတနာ နာမ။

အနက်။ ပုဗ္ဗေကာလေ၊ မလှူမီရှေးအဘိုကာလ၌၊ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ ပုဗ္ဗစေတနာနာမ၊ ပုဗ္ဗစေတနာမည်၏။

မုဉ္စကာလေ၊ လှူဆဲခဏကာလ၌။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ မုဉ္စစေတနာနာမ၊ မုဉ္စစေတနာမည်၏။

အပရေကာလေ၊ လှူပြီးသောနောက်ကာလ၌။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ အပရစေတနာ နာမ၊ အပရစေတနာမည်၏။

ထို့ကြောင့်။— ဆက္ကအင်္ဂုတ္တိုရ် အဋ္ဌကထာ၌။—

ပုဗ္ဗေဝ သုမနော ဒါနာ၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ ဧသာ ပုညဿ သမ္ပဒါ။

ဒါနာ၊ ဝတ္ထုကြီးပေးကမ်း လှူဒါန်းသည်မှ၊ ပုဗ္ဗေဝ၊ ရှေးဦးမဆွ။ စောစောစီးစီးကသာလျှင်။ သုမနော၊ သဒ္ဓါလျှံဖိတ်။

ဝမ်းမြောက်သောစိတ်ရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဒဒံ၊ ဖွန့်
ကြဲပေးကမ်းလှူဒါန်းစဉ်။ စိတ္တံ၊ ကြောင်းကျိုးမျှော်မြင်။ ဒါ
နရှင်၏စိတ်ကို။ ပသာဒယေ၊ မစ္ဆေးကင်းစင်။ ဖွေးဖွေးလွှင်
အောင်။ စင်ကြယ်စေရာ၏။ ဒတွာ၊ စိတ်စေတနာ။ သဒ္ဓါရှေး
ရှု။ကောင်းမွန်စွာပေးလှူပြီး၍။အတ္တမနော၊ ဝိပ္ပဋိသာရ။ကင်း
ပကုန်ပျောက်။ ဝမ်း မြောက် ရသည်။ ဟောတိ၊ မုချမသွေ။
ဖြစ်ရချေ၏။ ဧသာ၊ ဤသို့စေတနာ။ သုံးဖြာထင်လင်း။ပြည့်စုံ
ခြင်းကြောင့်။ ပုညသာ၊ နိဗ္ဗာန်ရောက်ရာ။ ကောင်းစွာမှန်လှ။
မြတ်ပုည၏။ သမ္ပဒါ၊ မယိုမယွင်း-ပြည့်စုံခြင်းပေတည်း။

၎င်း အဋ္ဌကထာ အလိုမှာ။ စေတနာသာ, မူလဖြစ်လေ
သည်။ ထိုစေတနာသည်ပင်လျှင်။ ကံ-ဟု။ မြတ်စွာဘုရား
ဟောတော်မူသည်။

ထို့ကြောင့်။— မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌။—

ယထာဟ စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ၊ စေတ
ယိတွာ ကမ္မံကရောတိဘိဝါ၊ ကသ္မာပန စေတနာ
ကမ္မန္တိဝုတ္တာစေတနာမူလကတ္တာကမ္မဿ။ ။

ယထာဟ၊ ဘုရား အဘယ်သို့ ဟောသနည်း။ ဘိက္ခဝေ၊
ရဟန်းတို့။ စေတနာ၊ စေတနာကို။ ကမ္မံ၊ ကံ-ဟူ၍။ အဟံ၊
ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ စေတယိတွာ၊ စေ့
ဆော်၍။ ကမ္မံ၊ ကံ-ကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ အာဟ၊
ဘုရားဟောတော်မူ၏။ ပန၊ စေတနာဦးအံ့။ ။ကသ္မာ၊
အဘယ့်ကြောင့်။ စေတနာ၊ စေတနာကို။ ကမ္မန္တိ၊ ကံ-ဟူ၍။
ဝုတ္တာ၊ ဘုရားဟောတော်မူသနည်း။ စေတနာ၊ စေတနာ။
သည်။ ကမ္မဿ၊ ကံ-၏။ မူလကတ္တာ၊ အရင်းဖြစ် သော
ကြောင့်တည်း။ ။ထိုအဋ္ဌကထာအရ။ မလှူမှီ-လှူဆဲ-လှူ

ပြီးဖြစ်သော, စေတနာကံ–သည်။ ကောင်းကျိုး, မကောင်းကျိုးနှစ်ပါးတို့တွင်။ ကောင်းကျိုးကိုသာလျှင်ပေး၏။ မှုလ, စေတနာကိုသာလျှင်-အရေးကြီးသည်ဟုမှတ်။ ဘာကြောင့်လဲဆိုသော်။ အလှူပေးပုဂ္ဂိုလ်၏ စေတနာကံတရားက–ချိုတဲ့ပါလျှင်။ အကျိုးတရားသည် ချိုတဲ့၏။ အလှူပေးပုဂ္ဂိုလ်၏ စေတနာကံတရားက, ထက်သက်မြက်မြက်, ဉာဏ်ပညာရှေ့ထား၍ မြင့်မြတ်သော ဒါနကို ပြုရပေပြီ။ ထိုဒါန၏ အကျိုးဆက်ကား။ နိဗ္ဗာန်ထိဘ်ချောက်ချောက်အောင်။ အကျိုးတရားရှိပေသည်ဟု။ အလောဘစေတနာ ဖြင့်။ ယုံကြည်သောသဒ္ဓါတရားရှေ့သွား၍ ပေးလှူရမည်ဟုမှတ်။

ထို့ကြောင့်။-မိလိန္ဒပဉ္ဟာ အဋ္ဌကထာ၌။—

ဒါန နာဝါယ သံသာရ သာဂရပါရံ အနုဂစ္ဆန္တိ။ ။

(အနက်။) ဒါနနာဝါယ၊ ဒါနဟူသော လှေသင်္ဘော ဖြင့်။ သံသာရ သာဂရပါရံ၊ သံသရာ တည်း ဟူသော သမုဒ္ဒရာကမ်းတဘက်သို့။ အနုဂစ္ဆန္တိ၊ အစဉ်ရောက်လေကုန်၏။

အဓိပ္ပါယ်ကား။ ဒါနကုသိုလ်သည်။ လှေသင်္ဘောနှင့်တူ၏။ သံသရာကား, သမုဒ္ဒရာနှင့်တူသည်။ နိဗ္ဗာန်ကား, ကမ်းတဘက်နှင့် တူသည်။ ဒါနကို လှူသော်။ ထိုနိဗ္ဗာန်ကမ်း တဘက်သို့ ရောက်ကုန်သည်။ ဒါနကုသိုလ်ကား, မဂ်ဖိုလ်ထိအောင်အကျိုးပေးနိုင်သည်ဟုမှတ်။ ။ထိုဒါနဝတ္ထုကို။ ဂင်္ဂါဝါဠု။ သဲပုမက၊ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်၊ ဒါနကို၊ အစအဦး ထား၍။ ဘုရားအဖြစ်သို့ ရောက်ရောက်တော်မူသည်ဟုမှတ်။

## No. 24.

ထို့ကြောင့်။ ဗုဒ္ဓဝင်အဋ္ဌကထာ၌။—

ယေစဗုဒ္ဓါ အတီတာစ၊ သမုဒ္ဒဝါဠုကူပမာ။
ဒါနံဝ အာဒိံ ကတွာ၊ သမ္ဗောဓိံ စ လဒ္ဓန္တိတေ။ ။

အတီတာစ၊ ရှေးအတိတ်ကာလက၊ ပွင့်တော် မူကြကုန်ပြီးသော။ သမုဒ္ဒဝါဠုကူပမာ၊ ဂင်္ဂါဝါဠု။ သဲစုမက။ ပွင့်တော်မူကြကုန်သော။ ယေစဗုဒ္ဓါ၊ အကြင် ဘုရားရှင်-ကိုယ်တော်မြတ်ကြီးတို့သည်။ အတ္ထိသန္တိ၊ ရှိတော်မူကြလေကုန်၏။ တေစဗုဒ္ဓါ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်။ ဒါနံဝ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့-ဒါနပါရမီကို သာလျှင်။ အာဒိံ ကတွာ၊ အစအဦးပြု၍။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ လဒ္ဓန္တိ၊ ရတော်မူကြလေကုန်၏။ ပါရမီဆယ်ပါးမှာ။ ဒါနပါရမီကို။ မြတ်စွာဘုရား ရှေးဦးစွာဟောတော်မူခြင်းကိုထောက်သဖြင့်။ ဒါနကို-လက်မလွှတ်သင့်ဟု၊ သေသေချာချာမှတ်။

———000———

၂၂။ ဝဋ္ဋနိဿိတ-ဝိဝဋ္ဋနိဿိတ-နှစ်ပါးကိုခွဲပြချက်။

ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတုတိဧဝံဝိဝဋ္ဋံ။
ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္ဘာပဋ္ဌိတံ အရဟတ္တံပိ။
ပစ္စေကဗောဓိ ဉာဏံပိ၊ သဗ္ဗညုတ ဉာဏံပိ ဒါတုံ
သက္ကောတိယေဝ။ ။

မေ၊ အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤကောင်းမှု သည်။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော, နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ ဣတိဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်မှ ထွက်မြောက်ခြင်းကို။

ပဗ္ဗဇ္ဇာနော့နှ၊ တောင့်တ သဖြင့်။ ဝိဝဋ္ဋဝသေနှ၊ ဝဋ်မှ ထွက်မြောက်လိုသည့်၏ အစွမ်းအားဖြင့်။ သမ္မာပဏိဓိတံ၊ ကောင်းသောတောင့်တခြင်းသည်။ အရဟတ္တံပိ၊ အရဟတ္တဖိုလ်ကိုငင်း။ ပစ္စေကဗောဓိညာဏံပိ၊ ပစ္စေကဗောဓိဉာဏ်ကိုငင်း။ သဗ္ဗညုတညာဏံပိ၊ သဗ္ဗညုတ ဉာဏ်ကို ငင်း။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။ ။

ငင်းအဋ္ဌကထာအလိုအားဖြင့်။ နိဗ္ဗာန်ကို အဦးထား၍။ ဝဋ်ကင်းရာမှန်။ ပြည့်နိဗ္ဗာန်ကို။ ရည်သန်တောင့်တပြီးလျှင်။ဒါနဝတ္ထုကို လှူဒါန်းသည်ဖြစ်စေ။ သီလကို စောင့်ထိမ်းသည်ဖြစ်စေ။ ကမ္မဋ္ဌာန်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်-ဟုဆိုအပ်သော၊ဝဋ်ဒုက္ခကိုမြင်၍။ ဝဋ်ကင်းရာ နိဗ္ဗာန်ကို၊ တောင့်တခြင်း သည်။ ဝိဝဋ္ဋဖြစ်သည်ဟုမှတ်။

တာကြောင့်၊မြတ်စွာဘုရားသခင်-ဟောတော်မူသည်မှာ။
သိဝံပတ္ထေထ ဘိက္ခဝေ သိဝံပတ္ထေတွာန၊
ဒါနံဒါတဗ္ဗံ၊ သီလံရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗံ။ ။

ဘိက္ခဝေ၊ ချစ်သားတို့။ သိဝံ၊ နိဗ္ဗာန်ကို။ ပတ္ထေထ၊တောင့်တကြကုန်လော။ သိဝံ၊ နိဗ္ဗာန်ကို။ ပတ္ထေတွာန၊ တောင့်တပြီး၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ သီလံ၊ သီလကို။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်၏။ ဘာဝနာ၊ ကမ္မဋ္ဌာန်းဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်၏။ ။ထို ဂါထာ အလို မှာ။ နိဗ္ဗာန် တောင့်တ၍ ပြုလုပ်သော။ ဒါန၊ သီလ၊ ဘာဝနာ တို့သည်။ ဝဋ်ဆင်းရဲ၌။ အိုခြင်းဒုက္ခ။ နာခြင်းဒုက္ခ။ သေခြင်းဒုက္ခ။ ပဋိသန္ဓေနေခြင်းဒုက္ခ။ အပါယ်လေးပါး၌ ကျင်လည်ရခြင်းဒုက္ခတွေကို၊ ကြောက်ရွံ့ထိပ်လန့်ခြင်းသံဝေဂဉာဏ် ရှေ

သွားလျက်၊ နိဗ္ဗာန် ဆုတောင်းခြင်း သည်။ ဝိဝဋ္ဋ=ဖြစ်သည် ဟူ၍မှတ်။

ထို့ကြောင့်။ ဒီဃနိကာယ်အဋ္ဌကထာ၌။—

တေသု ဝဋ္ဋဂါမိပုညဿ၊ ပရိယောသာနံ မနုဿလောကေ။ စက္ကဝတ္တိသိရိဝိဘဝေါ၊ဝိဝဋ္ဋဂါမိကုသလဿ၊ မဂ္ဂဖလနိဗ္ဗာနသမ္ပတ္တိ။ ။

တေသု။ထိုကုသိုလ်တို့တွင်။ ဝဋ္ဋဂါမိပုညဿ၊ ဝဋ္ဋနိဿိတကုသိုလ်၏။ မနုဿလောကေ၊ လူ့ဘုံ၌။ စက္ကဝတ္တိသိရိဝိဘဝေါ၊ စကြဝတေးမင်းစည်းစိမ်ဘဝအထူးကိုရခြင်းသည်။ ပရိယောသာနံ၊ အပြီးအဆုံးတည်း။ ဝိဝဋ္ဋဂါမိကုသလဿ ဝိဝဋ္ဋကုသိုလ်၏။ မဂ္ဂဖလနိဗ္ဗာနသမ္ပတ္တိ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ခြင်းသည်။ ပရိယောသာနံ၊ အပြီးအဆုံးတည်း။ ။ဤအဋ္ဌကထာအလိုမှာ။ ဝဋ္ဋနိဿိတကုသိုလ်သည်။ လောကီအကျိုးကိုသာ ဆောင်နိုင်၏။ မဂ်ဖိုလ်ကို မဆောင်-ဟူသော, အဓိပ္ပါယ်ကိုလည်း ပြတော်မူသည်။ သို့ဖြစ်သောကြောင့်။ ပါယ်လိုလျှင်။ ဝဋ္ဋနိဿိတကိုသာ, ပါယ်ရမည်။ ဒါန၊ သီလ၊ ပုည-တို့ကို မပါယ်သင့်။ ဥပမာ။ ပဏ္ဏမြားကျောက်သွေးသမားသည်။ မကောင်းသဖြင့် သွေးခြင်းကိုသာ, ပါယ်ရမည်။ ကျောက်တခုလုံးကို—မပါယ်ရသကဲ့သို့ မှတ်လေ။ ကျောက်တခုလုံး ပါယ်လျှင်။ ပဏ္ဏမြားရတနာ—လက်လွတ် ပြီးလျှင်။ မွဲတေ၊ ငတ်မွတ်၊ အဝတ်မရှိ။ အချည်းနှီးသာလျှင် ဖြစ်ဘတ်၏။ ထို့အတူ။ ဒါန သီလ တခုလုံး၊ ကောင်းမှုကိုပါယ်လျှင်။ ကောင်းမှု—လက်လွှယ်၍။ ပါယ်ငရဲသို့ ကျမည်မှာ။ အမှန်မုချမှတ်။

မူလပဏ္ဏာသအဋ္ဌကထာ၊ မဇ္ဈိမ ဒွေဓါဝိတက္က သုတ်အဖွင့်။

တနည်းပြဦးအံ့။ ။ယံပနိဒံ ဝိဝဋ္ဋူပနိဿိတံ ကုသလံ

သေယျထိဒံ၊ ဈာနေကဗ္ဗော၊ ဝိဝဋ္ဋံ ပဝတ္တနေ္တာ၊ ဒါနံဒေ
တိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊
ဂန္ဓမာလာဒိံပိ ဝတ္ထုပူဇံကရောတိ၊ ဓမ္မံသုဏာတိ၊ဒေ
သေတိ၊ ဈာနံသမာပဇ္ဇိယော၊ နိဗ္ဗတ္တေတိ။ ။

[ပထမဝါကျ။]

ယံပနဒံ ဝဍ္ဎဂါမိကုသလံ၊ သေယျထိဒံ ဈာနေကဗ္ဗော၊
ဝဋ္ဋံပဝတ္တနေ္တာ၊ သမ္ပတ္တိဘဝံ၊ ဈာနဓမာနော၊ ဒါနံဒေ
တိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊
ဂန္ဓမာလာဒိံပိ ဝတ္ထုပူဇံကရောတိ၊ ဓမ္မံသုဏာတိ၊ဒေ
သေတိ၊ ဈာနသမာပဇ္ဇိယော၊ နိဗ္ဗတ္တေတိ။ ။

[ဒုတိယဝါကျ။]

[ပထမဝါကျအနက်။]-
ဝိဝဋ္ဋူပနိဿိတံ၊ ဝဋ်ဆင်းရဲကင်းရာနိဗ္ဗာန်ကိုမှီသော။ ယံ
ပနိဒံ၊ ယံပနဈာနကုသလံ၊ အကြင် ကောင်းမှု ကုသိုလ်သည်။
အတ္ထိ ရှိ၏။ ဈာနကုသလံ၊ ဤကောင်းမှုကုသိုလ်သည်။သေယျ
ထကတမံ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဈာ၀ ဈာမေသ္မိံ
လောကေ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။
ဝိဝဋ္ဋံ၊ ဝဋ်ဆင်းရဲကင်းရာနိဗ္ဗာန်ကို။ ပတ္ထေနွော၊ တောင့်တ
လျက်။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။
သမာဒိယာတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံး
ခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဂန္ဓမာလာဒိဟိ၊ နံ့သာ-ပန်း
စသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ ရတနာသုံးပါးအား, ပူဇော်ခြင်း
ကို။ ကရောတိ၊ပြု၏။ဓမ္မံ၊တရားတော်ကို။ သုဏာတိ၊ကြားနာ

ဥပရိပဏ္ဏာသပါဠိတော်–သဠာယတနဝဂ္ဂ သုတ်၌။

ယဿဟိ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ သဒ္ဓါတာ၊ ပဉ္စဓမ္မာ အတ္တနိ ပဏ္ဍိတာ၊ တဿ ဂတိ အနိစ္ဆိတာ ယဿ ပဏ္ဍိတာ အတ္တနိပဉ္စဓမ္မာ၊ တဿာပိ ဂတိအနိစ္ဆိတာ၊ ယေသံ ဥဘယံအတ္တ၊ တေသံဂတိနိစ္ဆိတာယထာဟိ၊ အာကာသေ၊ ဓိတ္တဒဏ္ဍော၊အဂ္ဂေ နပါ၊ မဇ္ဈေနပါ၊ မူလေနပါ၊ နိပတိဿတိတိ နိယမော နတ္ထိ၊ ဧဝံသတ္တာနံ၊ ပဋိသန္ဓိဂဟဏံ၊ အနိယတံ၊ တသ္မာ ကုသလံ ကမ္မံကတ္ဝာ ဧကော်ဗ္ဗာနေ ပတ္တနံ ကာတုံ ဝဋ္ဋတိ။ ။

(အနက်။) ဟိတဒေဝသဒ္ဒ၊ ထိုစကား သည် မှန် ၏။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဒ္ဓါ၊ သီလ၊ သုတ၊စာဂ၊ပညာ၊ သဒ္ဓါတာ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ-ဟု ဆိုအပ်ကုန်သော။ ပဉ္စဓမ္မာ၊ ငါးပါးကုန်သော တရားတို့ သည်။ အတ္တနိ သန္တိ၊ ရှိကုန်၏။ ပဏ္ဍိတာ၊ ဆုတောင်းခြင်းသည်။ နအတ္တိ၊မရှိ။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ဂတိ၊ လားရာသည်။ အနိစ္ဆိတာ၊ မြဲမြန်ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပဏ္ဍိတာ၊ ဆုတောင်းခြင်းသည်။ အတ္တိ၊ ရှိ၏။ ပဉ္စဓမ္မာ၊ငါးပါးကုန်သောတရားတို့သည်။နအတ္တိ·နသန္တိ၊ မရှိကုန်၊တဿာပိ၊ ထိုပုဂ္ဂိုလ်၏လည်း။ ဂတိ၊ လားရာ သည်။ အနိစ္ဆိတာ၊ မြဲမြန်ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ ယေသံ၊ အကြင် ပုဂ္ဂိုလ်တို့အား။ ဥဘယံ၊ နှစ်ပါးပုံသည်။ အတ္တိ၊ ရှိ၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ ဂတိ၊ လားရာသည်။ နိစ္ဆိတာ၊ မြဲမြန်သည်။ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားကို။ ဥပမာဖြင့် ထင်လျှား အောင်ပြဆိုဦးအံ့။ အာကာသေ၊ ကောင်းကင်၌။ ခိတ္တဒဏ္ဍော၊ ပစ်လွှင့်လိုက်သော–တုတ်လှံတန်သည်။ အဂ္ဂေနပါ၊ အဖျားဖြင့်ဇင်း။ မဇ္ဈေနပါ၊ အလယ်ဖြင့်ဇင်း။ မူလေနပါ၊ အရင်းဖြင့်

လည်းကောင်း၊ နိပတိဿတိ၊ ကျလတ္တံ့၊ ဇာတိ၊ ဤသို့၊ နိယမော၊ မြဲမြံခြင်းသည်။ နတ္ထိ၊ မရှိသကဲ့သို့၊ ဧဝံ၊ ဤအတူ၊ သတ္တာနံ၊ သတ္တဝါတို့အား။ ပဋိသန္ဓိဂဟဏံ၊ ပဋိသန္ဓေကိုယူခြင်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ အနိယတံ၊ မမြဲ။ တသ္မာ၊ ထို့ကြောင့်။ ကုသလံကမ္မံ၊ ကုသိုလ်ကံကို။ ကတွာ၊ ပြု၍။ ဧကသ္မိံ ဌာနေ၊ တခုသောနေရာ၌။ ပတ္ထနာ၊ ဖြစ်လိုပါကြောင်း။ ဆုတောင်းပတ္ထနာခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်၏။

၎င်းပါဠိတော်အဓိပ္ပါယ်မှာ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ—ဟုဆိုအပ်သော။ သူ တော် ကောင်း တရားငါးပါးသည်ရှိ၏။ ဆုတောင်းခြင်းသည်-မရှိ။ ထိုပုဂ္ဂိုလ်သည်။ လားရာဂတိ—မမြဲဟုမှတ်။ အကြင်ပုဂ္ဂိုလ်သည်။ ဆုတောင်းခြင်းကား—ပြု၏။ သူတော်ကောင်းတရား-ငါးပါးကား—မရှိ။ ထိုပုဂ္ဂိုလ်သည်။ လားရာဂတိ—မမြဲဟုမှတ်။ အကြင်ပုဂ္ဂိုလ်သည်။ ဆုတောင်းခြင်းပတ္ထနာလည်း—ပြု၏။ သူတော်ကောင်းတရားငါးပါးလည်း-ရှိ၏။ ထိုပုဂ္ဂိုလ်သည်။ လားရာဂတိ-မြဲ၏ဟုမှတ်။ ။ဥပမာ။ ကောင်းကင်သို့ပစ်လွှင့်လိုက်သော။ တုတ်သွန်ကန်သည်။ အဖျားဖြင့်သော်၎င်း။ အလယ်ဖြင့်သော်၎င်း။ အရင်းဖြင့်သော်၎င်း။ ကျခြင်းသည်။ မမြဲသကဲ့သို့။ ထို့အတူ။ သတ္တဝါတို့၏ ပဋိသန္ဓေ သည်လည်း—အမြဲမရှိ။ သို့အတွက်။ နိဗ္ဗာန်သို့မရောက်သေးသမျှ။ ကျင်လည်ရာ ဘဝတို့၌ကောင်းမြတ်သော သုဂတိဘဝကို တောင့်တခြင်းသည်။ တောင့်တအပ်၏ဟုမှတ်။

တနည်းပြဦးအံ့။ ဣမေသတ္တာဗဟုံ ဝဋ္ဋဂါမိကမ္မံ အာယူဟိတွာ၊ သုခေန သုခံ အနုဘဝန္တာ အရဟတ္တံ ပတ္တာ၊ ဂဏနပထံဝီတိဝတ္တာ။

## အဋ္ဌသာလိနီ၊ သမ္မောဟဝိနောဒနီ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ။

(အနက်။) ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ဗဟု များစွာသော။ ဝဋ္ဋဂါမိကမ္မံ၊ ဝဋ်ဆင်းရဲ၌ကျင်လည်စေတတ်သောကံကို။ အာယူဟိတွာ၊ အားထုတ်ကုန်၍။ သုခေန၊ ချမ်းသာတပါးဖြင့်။ သုခံ၊ ချမ်းသာတပါးလို။ အနုဘဝိတွာ၊ အစဉ်ခံစားကုန်သည်ဖြစ်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကုန်သော သတ္တဝါတို့ သည်။ ဂဏနပထံ၊ ရေတွက်ကြောင်းအစဉ်ကို။ အတိဝတ္တာ၊ လွန်၍ဖြစ်ကြလေကုန်ပြီ။

၎င်းအဋ္ဌကထာအလိုအားဖြင့်။ ဝဋ်ဆင်းရဲ၌ ကျင်လည်စေတတ်သော ကုသိုလ်ကောင်းမှုတို့ကို များစွာ ပြုလင့် ကစား။ သံသရာ၌ တခုသောချမ်းသာမှ၊ တခုသောချမ်းသာသို့၊ ရွေ့ပြောင်း ခံစားပြီးလျှင်။ အဆုံးဘဝ – အရဟတ္တဖိုလ်သို့ ရောက်ကုန်သော, သတ္တဝါ တို့သည်။ ရေတွက်ခြင်း၌ မတတ်နိုင်ကုန်ဟုမှတ်။

| | |
|---|---|
| တနည်းပြဦးအံ့။ | တယောမေ ဥပနိဿယာ၊ ဒါနူပနိဿယော၊ သီလူပနိဿယော၊ ဘာဝနူပနိဿယောတိ၊ တေသု ဒါနသီလူပ နိဿယာ၊ ဒုဗ္ဗလာ ဘာဝနူပနိဿယော၊ ဗလဝါ၊ ဒါနသီလူပနိဿယာဟိ၊ တယောမဂ္ဂေစ၊ ဖလာနိစ ပါပေန္တိ၊ ဘာဝနူပနိဿယော၊ အရဟတ္တံ၊ ပါပေတိ။ ။ |
| ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်။ | |

ဥပနိဿယာ၊ ပညာရှိတို့၏ မှီရာကောင်းမှုတို့သည်။ ဒါ နူပနိဿယော၊ မှီရာဒါနကောင်းမှု၎င်း။ သီလူပနိဿယော၊

မှိရာသိလကောင်းမှုရင်း။ ဘာဝနပနိုသယော၊မှိရာဘာဝနာကောင်းမှုရင်း။ ရှုတိရှုမေတယော၊ ဤ သုံး ပါး တို့ သည်။ ဟောသနှိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုသုံးပါးတို့တွင်။ ဒါနသိလပနိသယာ၊ ဒါန သိလ-မှိရာနှစ်ပါးတို့သည်။ ဒုဗ္ဗလာ၊ အားနည်းကုန်၏။ ဘာဝနပနိသယော၊ မှိရာဘာဝနာ ကောင်းမှုသည်။ ဗလဝါ၊ အားရှိ၏။ ဟိ၊ ထိုစကားသည်မှန်၏။ ဒါနသိလပနိသာယာ၊ ဒါန သိလ တို့သည်။ တယောမဇ္ဈေ၊အောက်မက်သုံးပါးတို့ကိုရင်း။ ဖလာနိစ. အောက်မိုလ် သုံးပါး တို့ကိုရင်း။ ပါပေနို၊ အရောက်ကျေးဇူးပြုတတ်ကုန်၏။ ဘာဝနပနိသယော မှိရာဘာဝနာကောင်းမှုသည်၊ အရဟတ္တံ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့။ ပါပေတိ၊ ရောက်စေတတ်၏။

ရင်းပါဠိတော်အရမှာ။ ဒါန၏-မှိရာကောင်းမှု။ သိလ၏-မှိရာကောင်းမှု။ ဘာဝနာ၏-မှိရာကောင်းမှုဟူ၍။သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ဒါန၏-မှိရာ—သိလ၏-မှိရာကောင်းမှုတို့သည်။ အားနည်း၏။ ဘာဝနာ၏-မှိရာ ကောင်းမှု သည်သာလျှင် အားကြီး၏။ ထို့ကြောင့်။ ဒါန—သိလ—တို့သည်။ အောက်မက် သုံးပါးကို ရင်း။ အောက်ဖိုလ် သုံးပါးကို ရင်း။ အကျိုးပေး၏ဟုမှတ်။ ။အောက်မက်သုံးပါးကား။ သောတာပတ္တိမဂ်။ သကဒါဂါမိမဂ်။ အနာဂါမိမဂ်-သုံးပါးကိုယူလေ။ အောက်ဖိုလ်သုံးပါးကား။ သောတာပတ္တိဖိုလ်။ သကဒါဂါမိဖိုလ်။ အနာဂါမိဖိုလ်-သုံးပါးကို ယူလေ။ ။ဘာဝနာ၏ မှိရာကောင်းမှုသည်။ အရဟတ္တမဂ်—အရဟတ္တဖိုလ်အထိ အကျိုးပေးနိုင်၏ဟုမှတ်၊

(အထူးမှာ။) ရင်းအဓိပ္ပါယ်သည်။ ဒါန-သိလ-တို့ကို။ မပယ်အပ်, မပယ်ထိုက်။ ဘာ့ကြောင့်ဆိုသော်။ ။အယုတ်

အမြတ်နှစ်ပါးကို၊ ကိလေသာရှိ မရှိ ဆုံးဖြတ်အပ်၏။ ခွဲပတိတ်၊ ဘိပတိတ်-အားဖြင့်။ ဉာဏ်သက်ဝင်၍ဆုံးဖြတ်အပ်၏။ အကြီးကြီးသည်–မကြီးသည်ကို။ သဒ္ဓါ စေတနာ ထက် မထက်ဖြင့် ဆုံးဖြတ်အပ်၏။ ဝဋ္ဋ–ဝိဝဋ္ဋကိုလည်း။ တဏှာသမုဒယဖြင့်။ ဆုတောင်းပတ္ထနာ–ရှိ မရှိကို၊ ဆုံးဖြတ်အပ်၏။ အကျိုးပေးမှာ။ ဆုတောင်းမပါလျှင်။ တူသော အကျိုးကိုသာ, ပေး၏။ ဆုတောင်းပါလျှင်။ တောင်းသည်အတိုင်း, အကျိုးပေးသည်ဟု မှတ်၊ စင်စစ်သော်ကား။ ကောင်းမှုပြုသော ကုသိုလ် ရှင်၏ အလိမ္မာ ပညာ ဉာဏ်သာလျှင် အရင်းမူလဟုမှတ်။

ထို့ကြောင့်။ ဉာဏ်ရှိသောသူနှင့်၊ ဉာဏ်မရှိသောသူ-နှစ်ယောက်တို့တွင်။ ဉာဏ်ရှိသောသူ၏–ကုသိုလ်ကောင်းမှုက၊ အကျိုးပေးထက်သန်သည်ဟုမှတ်။ ။

ထို့ကြောင့်။— သုတ္တသင်္ဂဟာအဋ္ဌကထာ၌။
သမ္မာ သံဗုဒ္ဓေါပန၊ သာရိပုတ္တ
ထေရဿ ဒိန္နံမဟပ္ဖလတရံ။ ။

ပန၊ အထူးကား။ သမ္မာသံဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သာရိပုတ္တထေရဿ၊ အရှင်သာရိပုတ္တရာ–မထေရ်အား။ ဒိန္နံ၊ လှူအပ်သောဒါနသည်။ မဟပ္ဖလတရံ၊ လွန်ကဲမြင့်မြတ်သော အကျိုးရှိ၏။ ၎င်းအရမှာ။ မြတ်စွာဘုရားက–အလှူခံ။ ရှင်သာရိပုတ္တရာက–အလှူပေးဒါယကာ။ ရှင်သာရိပုတ္တရာက–အလှူခံ။ မြတ်စွာဘုရားက–အလှူပေးဒါယကာ။ ၎င်းနှစ်မျိုးတို့တွင်။ မြတ်စွာဘုရား၏–ဒါနက၊ အကျိုးမြင့်မြတ်ကြောင်းကိုပြသည်ဟုမှတ်။ ဒါနက-မခက်။ လှူသူသာ–ခက်သည်။ လှူသောသူ၏–ဉာဏ်အားကောင်းဖို့ကိုသာလိုသည်ဟုမှတ်။

တနည်းပြဦးအံ့။ နေတ္တိအဋ္ဌကထာ။

သဒ္ဓါဓိကော၊ မုဒ္ဓပ္ပသန္နောဟောတိ၊ အဝတ္ထုသ္မိံ ပသီဒတိ၊ ပညာဓိကော၊ ကေရာဋိယပက္ခံဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိတော ဝိယ၊ ရောဂေါ၊ အတေကိစ္ဆော၊ စိတ္တုပ္ပါဒမတ္တေန၊ ကုသလံ ဟောတီတိ၊ အတိဓာဝိတွာ၊ ဒါနာဒီနိ ပုညာနိ အကရောန္တော နရယေ၊ ဥပ္ပဇ္ဇန္တိ။ ။

(အနက်။) သဒ္ဓါဓိကော၊ သဒ္ဓါလွန်သောသူသည်။ မုဒ္ဓပ္ပသန္နော၊ မိုက်သော ကြည်ညိုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဝတ္ထုသ္မိံ၊ မကြည်ညိုသင့်သောအရာ၌။ ပသီဒတိ၊ ကြည်ညိုတတ်၏။ ပညာဓိကော၊ ပညာလွန်သောသူသည်။ ကေရာဋိယပက္ခံ၊ ကောက်ကျစ်စဉ်းလဲသောအဘို့သို့။ ဘဇတိ၊ ကပ်ရောက်တတ်၏။ ဘေသဇ္ဇ သမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ရောဂေါဝိယ၊ အနာကဲ့သို့။ အတေကိစ္ဆော၊ မကုစားနိုင်။ စိတ္တုပ္ပါဒမတ္တေနာပိ၊ စိတ်ဖြစ်ခါမျှဖြင့်လည်း။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အတိဓာဝိတွာ၊ ဉာဏ်လွန်ပြေး၍။ ဒါနာဒီနိ၊ အလှူပေးခြင်း အစရှိကုန်သော။ ပုညာနိ ကောင်းမှုတို့ကို။ အကရောန္တော၊ မပြုသည်ဖြစ်၍။ နရယေ၊ ငရဲ၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရ၏။

၎င်းနေတ္တိအဋ္ဌကထာအလိုအားဖြင့်။ သဒ္ဓါတရားလွန်ကဲ၍ ကြည်ညိုခြင်းသည်။ မိုက်သော ကြည်ညိုခြင်းဟု ဆိုလိုသည်။ မကြည်ညိုသင့်သောအရာ၌ ကြည်ညိုတတ်၏။ ပညာလွန်ကဲ သောသူသည်။ ကောက်ကျစ် စဉ်းလဲသော အဘို့ရှိ၏။ ဘာ ကြောင့်ဆိုသော်။ ဆေးကြောင့် ဖြစ်သော-ရောဂါ ကဲ့သို့။ ကုစား၍ မရနိုင်သော-သဘောရှိ၏ဟုမှတ်။ စိတ်သည်။ ကု

သိုလ်စိတ်ဖြစ်အောင်သာလျှင်။ မိမိကိုယ်ကို၊ သတိ သမ္ပဇည တရားဖြင့်။ အမြဲနှစ်လုံးသွင်းထားရမည်ဟုမှတ်။ ယ္ခုလို–ကု သိုလ်ပုညတရားတွေကို ပြုလုပ်နေခြင်းဖြင့်။ သံသရာမှာ။ အ ကျိုးဆက်တွေ·မပြတ်မပြတ်ဖြစ်နေ၍။ လူစည်းစိမ်၊ နတ်နည်း စိမ်တွေ–စက်ဆုတ်ပါတယ်။ မလိုခြင်ပါ။ မခံစားခြင်ပါ။ သံသရာ ကြောက်လွန်းလို့။ ကျုပ်တို့များ–ဒါနတွေ၊ သီလ တွေကို။ ဘဝ ဘဝက–ပြုလုပ်လာခဲ့လို့။ အားရလောက်ပြီ။ တင်းတိမ်လောက်ပြီ။ သို့အတွက်။ ဒါနလဲ–ပြုစရာမလိုတော့။ သီလလဲ–ဆောက်တည်ကျင့်သုံးရန် မလိုတော့။ ယ္ခုတော့ ဖြင့်။ တထိုင်ထဲနဲ့ နိဗ္ဗာန်ရောက်ပြီ။ ကုသိုလ် အကုသိုလ်– ဇွန့်ကုန်ပြီလို့ ပြောကြ ဟောကြတာတွေကြားရတော့။ ယ္ခု ရေးသားသော, နေတ္တိအဋ္ဌကထာအလို။ ဒါနအစရှိသော။ကု သိုလ်ပုညတို့ကို။ မပြုမလုပ်ဘဲနေသောသူသည်။ ငရဲသို့-ကျ ရောက်လေ၏ဟု ဆိုခြင်းကြောင့်။ ဂဂ်ါဝါဠု၊ သဲရမက၊ ပွင့် တော်မူကြကုန်သော။သဗ္ဗညု မြတ်စွာဘုရားသခင်တို့သည်။ ဒါနမှု၊ သီလမှုတို့ကို မပြုကြနှင့်။ အကုသိုလ် ဖြစ် သည် ဟု။ တဆူသောဘုရားရှင်မှ–မဟောကြားခဲ့ပါ။ ဟောကြားသော ပါဠိတော်၊ အဋ္ဌကထာလဲ-မတွေ့ဘူးပါ။ ကုသိုလ် ကောင်းမှု ကို၊ မကြာမကြာ ပြုရမည်။ ကုသိုလ် ကောင်းမှုကို ပြုပါက။ ကောင်းသော သုဂတိသို့ သွားရောက်ခံစားရ သည်ဟူ၍သာ၊ ဟောကြားသော, ဒေသနာ တော်ကိုသာ။ ငါတို့–သင်ဘူး, ကြားဘူး, တွေ့ဘူး, မြင်ဘူးပါသည်။

> "ဒါနပြု၍။ မဟာအဝိစိငရဲ၌ ကျခံရသော,
> ဝတ္ထု သက်သေ သာဓက–မတွေ့ဘူးပါ။"

———ooo———

၂၃။ ဒါန–မပြုသို့၊ ဥစ္စာဟူသော လောဘကြောင့်၊
မိမိအိမ်တွင်–ခွေး, ဖြစ်ရ၍၊
ခွေး, ဘဝမှ-သေလွန်လျှင်။ ငရဲ၌ ကျခံရသော။
**တောဒေယျ-ပုဏ္ဏားဝတ္ထုကိုဆိုဦးအံ့။**

မြတ်စွာဘုရားသခင်သည်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌၊ ကိန်းအောင်း စံမှုယ်တော် မူသော အခါ၊ မြတ်စွာဘုရားကျောင်းဦး၌နေထိုင်သော၊တောဒေယျပုဏ္ဏားကြီးသည်—ရှိသတတ်။ ထို ပုဏ္ဏားကြီး၌၊ သားကလေးတယောက်ရှိသတဲ့။ ထိုသားကလေး၏အမည်ကား၊ သုဘာဟူ၍ ခေါ်ဝေါ် သမုတ်ကြ၏။ ထို တောဒေယျ-ပုဏ္ဏားကြီးသည်၊ မြတ်စွာဘုရား သခင် နှင့် တကွ၊ သံဃာတော်များအား၊ ဆွမ်းတဇွန်း–ယာဂုတဇွန်း, ပေးလှူခြင်း,ဘယ်အခါမှ မရှိ၊ ဥစ္စာဟူသော, လောဘကြောင့်၊ သေလွန်တဲ့အခါမှာ၊ ၎မိအိမ်တွင်–ခွေးဖြစ်၍နေလေ၏။

တာကြောင့်။—ဓူရဝိဟာရေ ဝသတော၊ သမ္မာသံဗုဒ္ဓဿ
ယာဂုံ၊ ဥလုင်္ကမတ္တံဝါ၊ ကဋစ္ဆုမတ္တံဝါ၊
ဘတ္တံ အဒတွာ မနလောဘေန ကာလင်္
ကတွာ တတ္ထေဝ ယေဝ ဃရေ သုနခေါ
ဟုတွာ နိဗ္ဗတ္တော။ ။

ဥပရိပဏ္ဏာသအဋ္ဌကထာ။ သုဘာသုတ်အဖွင့်မှာ။ ကြည့်လေ။

အနက်။ ။ဗြဟ္မဏော၊ တောဒေယျ-ပုဏ္ဏားကြီး-သည်။ ဓူရဝိဟာရေ၊ ကျောင်းဦး၌၊ ဝသတော၊ နေ သည် ဖြစ် ပါလျက်၊ သမ္မာသံဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဥလုင်္ကမတ္တံ ဝါ၊ တယောက်ချိုမှုသော။ ယာဂုံ ဝါ၊ ယာဂုကိုသော်၎င်း။ကဋစ္ဆုမတ္တံ

ဝါ၊ တယောင်းမမျှသော။ ဘဏ္ဍာဝါ၊ ဆွမ်းကိုဂင်း။ အဒတွာ၊ မပေးလှူမှု၍။ ခနလောဘေနေ၊ ဥဿာဟုသောလောဘကြောင့်။ ကာလင်္ကတွာ၊ သေလွန်၍။ တသ္မိံယေဝဃရေ၊ ထိုမိမိအိမ်၌ပင်လျှင်။ သုနခေါ၊ ခွေးနက်ကျားကလေး သည်။ ဟုတွာ၊ ဖြစ်၍။ နိပ္ပဇ္ဇိ၊ ဖြစ်လေ၏။

သုနခေါပန၊ ကာလင်္ကတွာ၊ နိရယေ နိပ္ပဇ္ဇိသတိ။

အနက်။— သုနခေါပန၊ ခွေးနက်ကျား-နရွက်ကုတ်ကလေးသည်ကား။ ကာလင်္ကတွာ၊ ခွေးနက်ကျား-နရွက်ကုတ်ကလေး, ဘဝမှ-သေလွန်သည်ရှိသော်။ ဝါ၊ သေလွန်၍။ နိရယေ၊ မသူတော်တို့၏ ကျက်စားရာ ဖြစ်သော, မဟာအဝီစိငရဲကြီး၌။ နိပ္ပဇ္ဇိဿတိ၊ ဖြစ်သတည်း။

---

ထိုအခါ။ မြတ်စွာဘုရားသခင်သည်။ တောဒေယျပုဏ္ဏားကြီး-သေလွန်၍။ မိမိအိမ်တွင်၊ ခွေးနက်ကျားကလေး, ဖြစ်နေသည်ကို။ ရွှေဉာဏ်တော်စက္ခုဖြင့်၊ သိမြင်လေသော်။ ငါဘုရားကြွသွား၍၊ တခွန်းတည်းသော စကားဖြင့်-ပြောဆိုအံ့ဟု၊ နှစ်လုံးတော်ပိုက်လျှက်။ တောဒေယျ-ပုဏ္ဏားအိမ်သို့ကြွလာပြီးလျှင်၊ ရပ်တော်မူလေ၏။

ထိုတောဒေယျပုဏ္ဏားကြီးက, ဖြစ်လာတဲ့၊ ခွေးနက်ကျားကလေးကို။ သူ၏သားဖြစ်သူ-သုဘ, ကဖြင့်။ အလွန်မြတ်နိုးချံမက်လေ၏။ မွန်မြတ်လှစွာသော-ထောပတ် ဆီဦးတို့ဖြင့်။ ကျွေးမွေးလေ၏၊ အိပ်ရာ, နေရာမှာလဲ၊ သုဘ-နှင့်အတူတကွ၊ ကမ္ဗလာကော်ဇောများ ခင်း၍၊ အတူတကွ-အိပ်လေ့ ရှိ၏၊ ထိုပုဏ္ဏားကြီး၏သား, သုဘ-မရှိခိုက်၊ မြတ်စွာဘုရားသခင်

ကြွလာတော်မူတဲ့အခါ။ ထို ခွေးနက်ကျားကလေး–သည်။ မြတ်စွာဘုရားအား။ အူ–ဟောင်–ခြင်းအမှုကိုပြုလေ၏။ ထို အခါ။ မြတ်စွာဘုရားသခင်က။ ဟဲ့–တောဒေယျခွေး။ အသင် သည်။ လူ ဖြစ်စဉ်ကလည်း၊ ငါဘုရားအား။ ဘော-ဂေါတမ, ဘော-ဂေါထမ,–ဟု၊ ပြောဆိုလေ့ရှိ၍။ ယခုအခါ။ အသင် ပုဏ္ဏားကြီး, ခွေးဖြစ်ပြန်တော့လဲ။ ငါဘုရားအား၊ အူ-ဟောင် ခြင်းအမှုကို။ အသင်-ဘာကြောင့်ပြုလေသနည်း။ အသင်ခွေး သည်။ လူဖြစ်စဉ်အခါက။ ငါဘုရားအား၊ ယာဂ–တဖွန်း, ဆွမ်းဘဖွန်း–မလှူရက်။ ဥစ္စာဟူသော လောဘကြောင့်။ အ သင်–ခွေး, ဖြစ်ရလေသည်။ ထိုခွေးဘဝမှ-သေလွန်ခဲ့သော်။ မဟာအဝီစိ ငရဲ၌၊ ဖြစ်ရလိမ့်အုံးမည်ဟု။ မြတ်စွာဘုရားမိန့် ကြားတော်မူပြီးလျှင်။ ကြွသွားတော်မူလေ၏။ ထိုအခါ တော ဒေယျပုဏ္ဏား, ခွေးနက်ကျားကလေး·သည်။ မိမိ၏–ဇာတိ သရဉာဏ်ဖြင့်၊ အောင်းမေ့ ဆင်ခြင်ပြီးလျှင်။ ငါ့အား၊ ခွေး ဘဝသို့ ရောက်သည်အဖြစ်ကို။ မြတ်စွာဘုရား, သိမြင်တော်မူ လေပြီ။ ငါသည်၊ မှားခြင်းကြီး မှားလေစွဟု။ စိတ်နှစ်လုံး မသာမယာနဲ့၊ မျက်နှာညှိုးငယ်ပြီးလျှင်။ ပြာပုံတွင်းသို့၊ သက် ဆင်း၍ အိပ်လေ၏။ များမကြာမှီ။ သားသုဘ, အိမ်သို့ရောခ် လာပြီးလျှင်။ သူ့ဘခင်–ခွေးနက်ကျားကလေး, ပြာပုံ၌အိပ် နေသည်ကို မြင်သောအခါ။ ငါ၏ခွေးကို၊ မည်သူ့ရိုက် နှက် လေသနည်း။ ပြာပုံတွင်–အဘယ့်ကြောင့် အိပ်သနည်း-ဟု။ အိမ်နေသူ, ကျေးကျွန်များကို မေးမြန်းလေသော်။ မည်သူမျှ ရိုက်နှတ်ခြင်းကို–မပြုပါ။ နံနက်က, ဘုရားသခင်–ကြွလာ တော်မူ သော အ ခါ။ အရှင်၏–ခွေးကလေး–သည်။ အူ, ဟောင်–ခြင်းကို၊ ပြုပါ၏။ ထိုအခါ၊ ဘုရားသခင်က။ ဟဲ့-

တောဒေယျ။ အသင်သည်၊ ငါဘုရားအား။ အဘယ်ကြောင့်၊ အရှ–ဟောင်–ခြင်းအမှုကို ပြုလေသနည်းဟု၊ ပြောဆိုတဲ့အခါ မှစ၍။ ပြာပုံသို့ဆင်း၍ ဖိုဝ်ပါသည်ဟု–ပြော ကြား လေ၏။ ထိုအခါ၊ သုဘ–သည်။ ဒေါသအမျက်၊ ချောင်းချောင်းထွက် လျှက်။ ရှင်ကြီးဂေါတမ–သည်။ ငါ့အဖေ-ကို။ တောဒေယျ ဟူသော အမည်ဖြင့်။ ငါ၏ခွေးကို ပြောဆိုလေသည်။ ငါ၏ အဖေ–သည်။ ဗြဟ္မာ့ပြည်သို့ လားရောက်လေသည်။ယ္ခုမှာ မူကား။ ငါ၏ဖခင်-သေ သည်ကို။ ခွေးဖြစ်သည်ဟုပြောဆို သောစကားသည်။မသင့်မလျော်။ အကယ်၍ထင်ရှားအောင် မပြောဆိုနိုင်ပါလျှင်။ ရှင်ဂေါတမအား။ မုသာဝါဒဖြင့်-ဖွပ် စွဲအံ့ဟု နှလုံးပြုလျှက်၊ ကျောင်းတော်သို့သွားလေ၏။ မြတ်စွာ ဘုရားအထံသို့ရောက်သောအခါ။ အရှင်ဘုရား, တပည့်တော် ၏ဖခင်–ပုဏ္ဏားကြီးသည်။ အကွနိုပ်ဖိမ်၌၊ ခွေး-ဖြစ်သည်ဟု အရှင်ဘုရား, ဆိုသည်မှာ။ အမှန်ပင်–ခွေးဖြစ်ပါသလားဟု၊ မေးလျှောက်လေ၏။ “ဖိမ်း,-ခွေးဖြစ်တာ၊ မှန်သည်ဟုမိန့် တော်မူလေ၏။” ထိုအခါ၊ သုဘ–သည်။ အရှင်ဘုရား။ ခွေး ဖြစ်ကြောင်းကို၊ ဘာကြောင့်—အရှင်ဘုရားသိပါသလဲ–ဟု။ လျှောက်ထားပြန်သော်။ မြတ်စွာဘုရားက၊ မိန့်တော်မူသည် မှာ။ ချစ်သား, သုဘ။ အသင့်အား၊ ထင်လျှားအောင် ပြော ပြဦးအံ့။ အသင်ချစ်လှစွာသော-ထိုခွေးကလေးကို။ မွန်မြတ် လှစွာသော၊ ထောပါတ်ဆီဦးတို့ဖြင့်၊ ဝပြောအောင်-ကျွေးမွေး ပြီးလျှင်၊အသင်၏ဖိပ်ရာ၌နေစေပြီးလျှင်။ဖိပ်ပျော်သောအခါ၊ အသင်က–မေးပါလေ။ ငါ၏ ဖခင်၊ အသင် မြေ၌ မြှုပ်နှံ၍ ထားသော၊ အဘိုးတသိန်း ထိုက်တန်သော, ရွှေပန်းခိုင်၊ ရွှေ ခြေနင်း၊ ရွှေအိုးကြီးများ, အဘယ်မှာနည်း။ ငါ့အား ပေးပါ လောဟု တောင်းလေ။ တောင်း သော အခါ။ အသင့်အား,

ခေါ်သွားပြီးလျှင်။ ရွှေအိုးမြှုပ်ထားသောနေရာရောက်လျှင်။ လက်နှင့် ရက်၍ ပြလိမ့်မည်။ ၎င်းနေရာကို တူးဖေါ်၍ ကြည့်ပါက။ ရွှေအိုးများ, ရလိမ့်မည်ဟု။ မြတ်စွာဘုရား မိန့်တော်မူလေ၏။ ထိုအခါ. သုဘ-သည်။ မြတ်စွာဘုရားအထံမှ၊ ပဲခွဲ၍။ အိမ်သို့ရောက်သောအခါ။ မြတ်စွာဘုရား, မိန့်တော်မူသည့်အတိုင်း။ ထောပေါတ် ဆိဦး တို့ဖြင့်၊ ကျွေးမွေးပြီး လျှင်။ အိပ်ပျော်သောအခါ-မေးလေ၏။ ထိုအခါ၊ ခွေးနက်ကျားကလေး, သည်၊ အိပ်ရာမှနိုးပြီးလျှင်၊ သား, သုဘ-ကို ခေါ်၍၊ ရွှေအိုးမြှုပ်ရာဌာနသို့ရောက်လျှင်၊ မြေကြီးကိုလက်နှင့် ရက်၍ ပြလေ၏။ ထိုနေရာ၌ တူး ဖေါ်လေ သော်။ အတိုးတသိန်းထိုက်တန်သော။ ရွှေပန်းနိုင်၊ ရွှေခြင်း၊ ရွှေအိုးကြီး တို့ကိုရလေ၏။ ထိုခွေးနက်ကျားကလေး-သည်။ ထိုရွှေအိုးများ, ဖေါ်ပေးပြီးနောက်။ ပျားမကြာမီ—ဂုဘောစိတ် ကျ၍။ မဟာအဝီစိငရဲသို့ ကျရောက်ခံစားရလေ၏။ သုဘ—သည်။ ဘုရားအထံသို့သွား၍။ ဟုတ်မှန်ကြောင်း, လျှောက်ထားလေသော်။ "မြတ်စွာဘုရားက၊ အသင်ချစ်သား-သုဘ။ ငါဘုရားအား၊ ကိုးကွယ်ဆည်းကပ်၊ တရားတော်မြတ်အား၊ ကိုးကွယ်ဆည်းကပ်၊ သံဃာတော်အား၊ ကိုးကွယ် ဆည်း ကပ် လော ဟု၊" သရဏဂုံပေးသောအခါ။ သုဘ-သည်။ ဒိဋ္ဌိ အယူကို၊ စွန့်လွှတ်၍၊ သရဏဂုံ၌ တည်လေ၏။

၎င်းအဋ္ဌကထာအလိုမှာ။ စွန့်ကြဲ ပေးကမ်း လှူဒါန်း ခြင်း အမှုကို မပြုလုပ်ဘဲ။ ငါ့ပစ္စည်း, ငါ့ဥစ္စာ-ဟူသော, လောဘကြောင့်၊ ခွေးဖြစ်သည်ကို-ထောက်ဆသောအားဖြင့်။ ဒါနမှု, မပြုလို့-ခွေးဖြစ်တာ, ဘယ်သူ ညင်းနိုင်သေးသလဲ။ ခွေးဖြစ်ပြီးသည့်နောက်။ သေလွန်တဲ့အခါ၊ ငရဲသို့ ကျရောက် တာ, ဒါန၊ သီလ-ပြုကျင့်လို့ ငရဲသို့ရောက်ရသလား။ ဒါန၊ သီလ

များကို ဝွန့်ပါယ်၍။ မ်န္တာဒိဋ္ဌိ အယူကို၊ လက်ကိုင်တုတ် ပြု
လုပ်လျှက်။ အဘောင် အရင်းနဲ့၊ အတင်းပြောဆိုကြတဲ့သူ
များသည်။ မိမိတို့ပြောဆိုတဲ့စကားကို၊ ပညာရှိ ပုဂ္ဂိုလ်များ
ကြားသိရတဲ့ အခါ။ ကျမ်းဂန်မှာမရှိ။ အတ္တနော မတိ ဖြင့်။
ထင်မှိုထင်ရာ၊ ဆင်ကန်းတောတိုး၊ နွားသိုး ကျိုးပြတ်။ မစပ်
မဟတ်တဲ့ စကားတွေကို၊ သူတို့ပစပ်က, ထွက်မှ ထွက်ရက်
လေတယ်။ ရှက်ဖွယ်လိလိ၊ မသိမမြင်၊ မဆင်ခြင်ဘဲ၊ အလွဲ
လွဲကို။ ငရဲသို့ အဖေါ်ညှိ၊ မသိတဲ့ သူတွေ ဖျားယောင်း ပြီး။
အပေါင်းအဖေါ် တွေ များများနဲ့။ ငရဲသွားဘို့ စီမံနေကြတဲ့၊
လူ့ဒိဋ္ဌိတို့၊ သတိထား၍ စဉ်းစားပါလေ။ နောက်ကပြဆိုခဲ့
ပြီးသော, နေ့ဘို့ အဋ္ဌကထာ အလိုမှာ။— ဒါနာဒိနံ ပုညာနံ
အကရောဏေန နိရယေဥပ္ပဇ္ဇန္တိ—ဟု။ ဆိုထားခဲ့သည်မှာ။
ပေးလှူခြင်း အစရှိကုန်သော-ကောင်းမှုတို့ကို၊ မပြုလုပ်ခြင်း
ကြောင့်။ ငရဲ၌-ဖြစ်ရ၏ဟု၊ အဋ္ဌကထာဆရာစကားကိုထော်
ထား၍သိသင့်လှပေ၏။ ဗုဒ္ဓဘာသာ, မြန်မာလူမျိုးလည်းဖြစ်
မယ်။ မိစစ်-ဖစစ်ကလည်း, မွေးဖွါးလာ သည်လည်း, ဖြစ်
မယ်။ ဇာိမ်သာတည်ထောင်၍ လူ့ဘောင်မှာနေ သည်လည်း
ဖြစ်မယ်။ ထမင်းစားပြီး, ရေသောက်-ကြီးတဲ့သူလည်း ဖြစ်
မယ်ဆိုခဲ့ပါလျှင်။ ယှူလောက် ကျမ်းဂန် အကိုးအကားနှင့်
တကွ၊ ထင်ရှားအောင်ပြလို့မ, မသိဘာဖြင့်။ သွားလေတော့
"အဝိဇ္ဇာ။"—

ငါဆရာ—ဥပမာတခု ပြဦးအံ့။ ။တခုသော-ပစ္စန္တရာဇ်
အရပ်၌။ မျက်စိနှစ်ကွင်း အလင်းရ၍၊ ခြေ လက် အင်္ဂါ မရှိ
သောသူ တယောက်၊ မျက်စိ နှစ်ကွင်း အလင်း မရ၍။ ခြေ
လက်အင်္ဂါ ရှိသောသူ တယောက်။ ၎င်းသူ—နှစ်ယောက်တို့
သည်။ တဦး နှင့် တဦး, တိုင်ပင်၍ခရီးသွားကြတာနဲ့ ဥပမာ

တချို့၊ မျက်စိမြင်သောသူက၊ အဆွေတော်၊ အသင်က, ခြေ
လက်အင်္ဂါကောင်း၏၊ မျက်စိက, မမြင်။ အကျွန်ုပ်က, မျက်
စိက, ကောင်း၏၊ ခြေလက်အင်္ဂါ မရှိသည်ဖြစ်၍။ အသင်က,
အကျွန်ုပ်ကို၊ ပခုံးပေါ်သို့ထမ်းဆောင်၍သွားပါ။ ကျွန်ုပ်က၊
အသင့် ပခုံးပေါ်ကနေ၍။ လက်ျာ လမ်းကို သွား လို လျှင်။
လက်ျာနားရွက်ကို ဆွဲလိုက်မည်။ လက်ဝဲ လမ်းကို သွားလို
လျှင်၊ လက်ဝဲ နားရွက်ကို ဆွဲ လိုက်မည်။ သို့မှသာ၊ မြို့ကြီး
ပြကြီးသို့ရောက်၍၊ စားကောင်း သောက်ဖွယ်တို့ကို တောင်း
ရမ်း၍ စားရလိမ့်မည်ဟု၊ တိုင်ပင်ပြောဆိုကြတဲ့အခါ၊ မျက်
မမြင်-ဒုက္ခိတ, က၊ အဆွေ ပြော တဲ့ စကား, ကောင်း ပါ ပြီ။
အဆွေကို-အကျွန်ုပ်, ထမ်းဆောင်၍ သွားပါ့မယ်ဟု၊ သဘော
တူသွားကြလေ၏။ သွား၍.- ခရီး တော် တော် လေး ပေါက်
ရောက်သွားတဲ့အခါမှာ။ တောတောင်ထူထပ်တဲ့ နေရာအရပ်
သို့ရောက်တဲ့အခါ။ ရာဟုဆောင့်က, လေနီကြမ်းကြီးဆင်၍
တိုက်ခတ်လာခဲ့သော်။ မျက်စိမြင်သော-ဒုက္ခိတက လည်း၊
လေနီကြမ်းကြီး တိုက်ခတ်တာနဲ့-မျက်စိထဲ၌၊ သဲလဲတွေက
ဝင်တာနဲ့၊ မျက်စိကလဲ မမြင်၊ ထမ်းဆောင်၍ လာခဲ့သော-
ဒုက္ခိတ-မျက်မမြင်ကလဲ၊ ဘယ် လမ်း သွား ရ မှန်း မ သိ နဲ့။
အကြီးအကြယ်ဒုက္ခကြီးရောက်၍နေလေရာ။ အစာအဟာရ
ဆာလောင်၍နေသော—ကျွဲကြီး, တကောင်သည်။ တော
မှထွက်၍ အစာရှာလေသော်။ ယှဉ်က—ဒုက္ခိတနှစ်ယောက်
ကိုတွေ့မြင်၍။ လျင်မြန်စွာ-ဖမ်းယူပြီး၊ ကျွဲကြီး၏-ခံတွင်းဝ
သို့၊ သွင်းဆိုး သေကြရလေ၏။ ။ထို ဥပမာ အတိုင်း၊
ဘုရားဟောဒေသနာကို-ဖြစ်ပါယ်ကာ။ အဲဘောင်-အာရင်း
နဲ့ ပြောတဲ့သူက၊ မျက်စိ သာမြင်၍၊ ခြေလက်အင်္ဂါ-မရှိသော

သူနှင့် တူ၏။ ထိုသူ၏ ပြောဆိုသော စကားကို၊ ကောင်းပါ ခင်ဗျား, ဟုတ်ပါခင်ဗျားလို့၊ လိုက်နာဆောင်ရွက်တဲ့ သူက၊ ခြေလက်အင်္ဂါသာရှိ၍၊ မျက်စိပုံကမ်းနှင့် တူ၏။ ထိုသူ-နှစ်ယောက်တို့တွင်။ ကျားစားခံရပင် ခံရညားသော်လဲ။ မျက်စိမြင်တဲ့သူက၊ လူပေါ်ကလဲ-စီးလိုက်ရသေးရဲ့၊ မျက်မမြင်ဒုက္ခိတရဲ့-နားရွက်ကိုလဲ ဆွဲလိုက်ရသေးရဲ့။ သူက, အတော်ကလေး အမြတ်ရလိုက်သေးတာပေါ့။- ပခုံးနဲ့ ထမ်းဆောင်၍ သွားရတဲ့-ဒုက္ခိတမှာဖြင့်၊လူတယောက်လုံးလဲ-ပခုံးက ထမ်းရလေသေးရဲ့။ ကိုယ့်နားရွက်လဲ အဆွဲခံလိုက်ရသေးရဲ့၊ ကျားစားလဲ-ခံရလေသေးရဲ့။ ဘယ်မှာ သက်သာခွင့် ရှိသလဲဆိုတာ၊ နဖူးပေါ်လက်ဘင်၍ ဆင်ခြင်စင်းစား, သတိထားကြ။ ရေနက်ကလဲ လိုက်ရသေး, လင်းပက်လဲ ကိုက်ရသေး ဆိုတာလို မဖြစ်ကြစေနဲ့။ ယွှလို သာသနာတော်ကြီးနဲ့, တွေ့ကြုံ လို့၊ လူ့ဘဝ ရကြတဲ့အခါမှာ၊ မမှားကြစေနဲ့။ မှားလျှင်၊ ကျားစားခံရလိမ့်မည်။ တာကြောင့်၊ အကျိုးလိုလို့-ညောင်ရေလောင်းပါ၊ ပဋ္ဌာန်းတွေ့ဆိုတာလို ဖြစ်နေကြမည်။

အချို့သောသူများက, ပြောကြသေးသည်။ လောဘကို၊ အားနည်းအောင် မလုပ်ရဘူးတဲ့။ လောဘကို အား နည်းအောင် လုပ်ခဲ့ပါလျှင်။ ခန္ဓာကိုယ်ကို စောင့်ရှောက်ရာ မကြဘူးလို့ပြောကြသတဲ့။ ထိုစကားကို ရှင်းပြဦးအံ့။ လောဘစိတ်သည်။ နွား သန္တာန်၊ ကျွဲ သန္တာန်၊ ခွေး သန္တာန်တို့၌ ဖြစ်ခဲ့သော်၊ မြတ္တာဘုံသို့သာ, လားစေ တတ်သော သဘော ရှိ၏။ လူ သန္တာန်၊ နတ် သန္တာန်၊ ဗြဟ္မာ သန္တာန်၌ ဖြစ်ခဲ့သော်၊ မြိဘ္ဘာဘုံသို့သာ, လားစေတတ်၏။ (အဋ္ဌသာလိနီ။)

ယေဘူယေျနဟိ၊ သတ္တာတဏှာယ၊
ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။ ။

ယောဘုံယျန၊ ပုံားသေ ါအားဖြင့်။ သဗ္ဗာ၊ သက္ကဝါတို့ သည်၊ ကဏ္ဍာယ၊ တဏှာလောဘကြောင့်။ ပေတ္တိဝိသယံ၊ ဖြဲဘွာဘုံသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြကုန်၏။

ထိုအတူ၊ ဒေါသ ဇိတ်သည်။ တိရစ္ဆာန် တို့၏ သန္တာန်၊ လူ-နတ်-ဗြဟ္မာတို့၏ သန္တာန်၌ ဖြစ်ခဲ့သော်။ ငရဲ ဘုံသို့သာ, လားစေတတ်၏။ (အဋ္ဌသာလိနီ။) ။

ဒေါသေနဟိ စဏ္ဍဇာတိတာယ၊
ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ။ ။

ဟိသစ္စံ၊ မှန်၏။ ဒေါသေန၊ ဖျက်ဆီးတတ် ကိုးကန်း ညှိုး ထားရန်ဖြစ်သော,ဒေါသဖြင့်။ စဏ္ဍဇာတိတာယ၊ကြမ်းတမ်း သော သဘောရှိသည်၏ အဖြစ်ကြောင့်။ ဒေါသသဒိသံ၊ ဒေါ သနှင့်တူသော၊ နိရယံ၊ ငရဲဘုံသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြ ကုန်၏။

ထို့အတူ၊ မောဟစိတ်သည်။ တိရစ္ဆာန်တို့၏ သန္တာန်၊ လူ-နတ်-ဗြဟ္မာ-တို့၏ သန္တာန်၌ဖြစ်ခဲ့သော်။ တိရစ္ဆာန်ဘုံသို့ သာ, လားစေတတ်၏။ (အဋ္ဌသာလိနီ။) ။

မောဟေနဟိ နိစ္စံ သမ္မူဠ္ဟံ တိရစ္ဆာန
ယောနိယံ ဥပပဇ္ဇန္တိ။ ။

ဟိသစ္စံ၊ မှန်၏။ မောဟေန၊ တွေဝေပိတ်ဖုံး မောဟတု ဖြင့်။ နိစ္စံ၊ အမြဲ။ သမ္မူဠ္ဟံ၊ မိုက်မဲတွေဝေ သော။ တိရစ္ဆာန ယောနိယံ၊ တိရစ္ဆာန်အမျိုးသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြ ကုန်၏။ ။ထိုကဲ့သို့ကျမ်းဂန်မှာ။ ထင်လျားစွာရှိပါလျက်နှင့်။ လောဘ၊ ဒေါသ၊ မောဟ-တရားစုတွေကို။အားနည်းအောင် ပြုလုပ်ရဘူးလို့-ပြောဆိုကြတဲ့သူများသည်။ ဘုရားချန်သူ၊

တရားရန်သူ၊ သံဃာ့ရန်သူ-ဟူ၍။ တထစ်ကြမှတ်။ ။ဘာကြောင့်လဲ။ ၎င်းတရားသုံးပါးသည်။ ပဟာတဗ္ဗတရားဟူ၍မှတ်။ ပယ်အပ်သော တရားဖြစ်သည်။ မပယ်အပ်တဲ့-ဒါန၊ သီလ-ကိုတော့၊ ပယ် လေ သည်။ ပယ်အပ်တဲ့ တရားကိုတော့၊ မပယ်ခြင်းသည်။ မိမိကိုယ်ကို၊ ငါမိုက်တယ်ကွ။ အဇိဇိဇောက်ထိုး-ဆင်းဝန့်တယ်။ ငါလို-ဇောက်ထိုးဆင်းဝန့်တဲ့သူရှိလျှင် ထွက်ခဲ့ကြဟာ။ ထန်းရေမှုး-ပြောတဲ့ စကား နှင့်တူသည်ဟုမှတ်။

—000—

## ၂၄။ သရဏဂုံသီလအကြောင်း ခွဲပြချက်။

သရဏဂုံ ဟူသည်။ လောကုတ္တရာသရဏဂုံ၊
လောကီသရဏဂုံဟူ၍၊ နှစ်ပါးရှိ၏။

သရဏ ဂမနဘေဒေပန၊ ဒုဝိဓံ သရဏဂမနံ၊
လောကုတ္တရာ၊ လောကီယဉ္စ။ ။
မူလပဏ္ဏာသအဋ္ဌကထာ။

သရဏဂမနဘေဒေပန၊ သရဏဂုံ၏ အပြား သည်ကား။ သရဏဂမနံ၊ သရဏဂုံသည်။ လောကုတ္တရဉ္စ၊ လောကုတ္တရာသရဏဂုံ ၎င်း။ လောကီယဉ္စ၊ လောကီ သရဏဂုံ ၎င်း။ ဣတိ၊ ဤသို့၊ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ ။ထိုနှစ်ပါးတို့တွင်။

လောကုတ္တရာ သရဏဂုံ မည်သည်ကား။

တတ္ထ လောကုတ္တရံ ဒိဋ္ဌသစ္စာနံ မဂ္ဂက္ခဏေ သရဏဂမနုပက္ကိလေသ သမုစ္ဆေဒေန အာရမ္မဏတော၊ နိဗ္ဗာနာရမ္မဏံ ဟုတွာ ကိစ္စတော သကလေပိ ရတနတ္တယေ ဣဇ္ဈတိ။ ။
မူလပဏ္ဏာသအဋ္ဌကထာ။

(အနက်။) တစ္ဆ၊ ထိုနှစ်ပါး သော သရဏဂုံ တို့တွင်။ လောကုတ္တရ၊ လောကုတ္တရာဖြစ်သော သရဏဂုံသည်။ ဒိဋ္ဌသစ္စာနံ၊ မြင်အပ်သော သစ္စာ ရှိကုန်သော သူတို့အား၊ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ သရဏ ဂမနုပက္ကိလေသ သမုစ္ဆေဒေန၊ သရဏဂုံ ညစ် ညူး ကြောင်း ဖြစ်သော-ကိလေသာကို ပယ် ဖြတ်သဖြင့်။ ဇ္ဇာနူတိ၊ ပြီး၏။ အာရမ္မဏတော၊ အာရုံအား ဖြင့်။ နိဗ္ဗာနာရမ္မဏံ၊ နိဗ္ဗာန်ကို အာရုံရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကိစ္စတော၊ ကိစ္စအားဖြင့်။ သကလေပိ၊ အလုံးစုံ လည်း ဖြစ် သော။ ရတနတ္တယေ၊ ရတနာသုံးပါးအပေါင်း၌။ ဇ္ဈာတိ၊ ပြီးပြည့်စုံ၏။

အဓိပ္ပါယ်ကား။ ထိုလောကုတ္တရာသရဏဂုံသည်။ မြင်အပ် သောသစ္စာရှိကုန်သောသူတို့အား။ မဂ်ခဏ၌၊ ရသဏဂုံ၏ ညစ်ညူးကြောင်းဖြစ်သော,ကိလေသာတရားအယုတ်တို့ကို။ ပယ်ဖြတ်ခြင်း၊ နိဗ္ဗာန်ကို အာရုံပြုခြင်း၊ မဂ်တရားကို ပွားစေ ခြင်း၊ ရတနာသုံးပါးတို့၏ ဂုဏ် ကျေးဇူး တို့ကို ပိုင်းခြား၍သိ ခြင်း၊ ဤကိစ္စတို့ဖြင့် ပြီးသော, သရဏဂုံသည်။ လောကုတ္တရာ သရဏဂုံမည်၏ဟုမှတ်။

လောကီသရဏဂုံမည်သည်ကား။

လောကီယမ္ပန ပုထုဇ္ဇနာနံ၊ သရဏဂမနုပက္ကိလေသေ ဝိက္ခမ္ဘနတောအာရမ္မဏတော၊ဗုဒ္ဓါဒိဂုဏာရမ္မဏံကတွာ ဇ္ဈာတိ။ ။

မူလပဏ္ဏာသအဋ္ဌကထာ။

(အနက်။) လောကီ ယမ္ပန၊ လောကီ သရဏဂုံ သည်

*No. 30.*

ကာ။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ သရဏဂမနံပက္ကိလေသေ၊ သရဏဂုံ၏ညစ်ညူးကြောင်းဖြစ်သော-ကိလေသာတို့ကို။ ဝိက္ခမ္ဘနေန၊ ခွါသဖြင့်။ အာရမ္မဏတော၊ အာရုံအားဖြင့်။ ဗုဒ္ဓါဒိဂုဏာရမ္မဏံ၊ ဘုရားအစရှိသောအာရုံကို။ ကတွာ၊ ပြု၍။ ဇာယတိ၊ ဖြစ်၏။

အမိပ္ပါယ်ကား။ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ သရဏဂုံ၏ညစ်ညူးကြောင်း ဖြစ်သော—ကိလေသာ ဘေးရန်ကို ခွါ သဖြင့်။ ဘုရားအစရှိသော, အာရုံကို—အာရုံပြုလျက်။ ဆောက်တည်သဖြင့်ပြီးသော သရဏဂုံသည်။ လောကီ သရဏဂုံမည်၏။

မူလပဏ္ဏာသအဋ္ဌကထာ။

လောကီသရဏဂုံ၏—တရားကိုယ်ကား။—

တံအတ္ထတော ဗုဒ္ဓါဒီသု ဝတ္ထူသု၊ သမ္မာသမ္ဗုဒ္ဓေါ၊
ဘဂဝါတိ အာဒိနာ၊ သဒ္ဓါပဋိလာဘော၊ ယထာ
ဝုတ္တသဒ္ဓါ ပုဗ္ဗင်္ဂမာစ သမ္မာဒိဋ္ဌိ။ ဒသသု ပုညကိရိ
ယာဝတ္ထူသု၊ ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။ ။

(အနက်။) တံ၊ ထိုလောကီသရဏဂုံသည်။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ ဝတ္ထူသု၊ ရတနာ သုံးပါးတို့၌။ သမ္မာသမ္ဗုဒ္ဓေါ၊ ကောင်းစွာ မိမိ အလိုလို၊ ကိုယ်တော်တိုင် သိတော်မူပါပေ၏။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူပါပေ၏။ ဣတိအာဒိနာ၊ ဤသို့အစရှိသဖြင့်။ သဒ္ဓါပဋိလာဘော၊ သဒ္ဓါတရားကိုရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ယထာဝုတ္တသဒ္ဓါပုဗ္ဗင်္ဂမာစ၊ အကြင် ဆိုအပ်ခဲ့ပြီးသော သဒ္ဓါတရားလျှင်ရှေ့သွားရှိသော။ သမ္မာဒိဋ္ဌိစ၊ သမ္မာဒိဋ္ဌိဟု ဆိုအပ်သော-ပညာသည်လည်း။ ဟောတိ၊

ဖြစ်၏။ ဒသသု ပုညာ ကိရိယာ ဝတ္ထူသု၊ ပုည ကိရိယာ ဝတ္ထု ဆယ်ပါးတို့တွင်၊ ဒိဋ္ဌိဇုကမ္မန္တိ၊ ဒိဋ္ဌိဇုကမ္မဟူ၍၊ ဝုစ္စတိ၊ ဆို အပ်၏။

(အဓိပ္ပါယ်ကား။) ထိုလောကီသရဏဂုံသည်။ တရား ကိုယ်အားဖြင့်။ ဘုရားအစဉ်ကုန်သော။ ရတနာသုံးပါးတို့၌။ အရဟံအစ၊ ဘဂဝါအဆုံးရှိသော။ ကိုးပါးသောဂုဏ်တော်။ သွာက္ခာတတာ-အစရှိသော တရားတော်၏ ဂုဏ်တော်။ သုပ္ပဋိပန္နတာ အစရှိသော၊ သံဃာတော်၏ဂုဏ်တော်တို့၌။ ကြည်လင်ရွှင်လန်းသော သဒ္ဓါတရားလျှင် ရှေ့သွားပြုလျက်။ သမ္မာ ဒိဋ္ဌိဟုဆိုအပ်သော ပညာပင်သည်။ အမြင်မှန်-အသိမှန်ကို ရသဖြင့်။ ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်၏။ ဒိဋ္ဌိဇုကမ္မသည်။ အယူကို ဖြောင့်မှန်စွာယူခြင်းကို ဆိုလိုသည်။

လောကီသရဏဂုံသည်လည်း-လေးပါး အပြားရှိ၏။

တယိဒံ စတုဓာ ပဝတ္တတိ၊ အတ္တသန္နိယျာတနေန၊ တပ္ပရာ
ယနတာယ၊ သိဿဘာဝူပဂမနေန၊ ပဏိပါတေနာတိ။။
မူလပဏ္ဏာသအဋ္ဌကထာ။

'တဒိဒံ တံဣဒံ သရဏဂမနံ၊ ထိုလောကီသရဏဂုံသည်။ အတ္တသန္နိယျာတနေန၊ အတ္တသန္နိယျာတန သရဏဂုံဖြင့် ၎င်း။ တပ္ပရာယနတာယ၊ တပ္ပရာယန သရဏဂုံဖြင့် ၎င်း။ သိဿဘာဝူပဂမနေန၊ သိဿဘာဝူပဂမန သရဏဂုံဖြင့်၎င်း။ ပဏိပါတေန၊ ပဏိပါတသရဏဂုံဖြင့်၎င်း။ ဣတိ၊ ဤသို့။ စတုဓာ၊ လေးပါးအပြားအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။

ထိုလေးပါးတို့တွင်။ အတ္တသန္နိယျာတန သရဏဂုံ မည် သည်ကား။—

တဏ္ဍအဏ္ဍသန္နိယတနံ့နာမ၊ အဇ္ဈအာဒိ ကတွာ၊ အဟံ အတ္တာနံ၊ ဗုဒ္ဓဿနိယျာဒေမိ၊ ဓမ္မဿ-သံဃဿာတိ၊ ဧဝံ ဗုဒ္ဓါဒိနံယေဝ၊ သံသာရဒုက္ခ နိသရဏတ္ထံ၊ အတ္တနော၊ အတ္တဘာဝဿပရိစ္စဇနံ။ ။

မူလပဏ္ဏာသအဋ္ဌကထာ။

(အနက်။) တဏ္ဍ၊ ထိုလေးပါးသော,သရဏဂုံတို့တွင်။ အတ္တသန္နိယတနံ့နာမ၊ အတ္တသန္နိယတန သရဏဂုံမည်သည် ကား။ အဇ္ဇ၊ ယနေ့။ အာဒိ ကတွာ၊ အစပြု၍။ အဟံ၊ ငါသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိယျာ ဒေမိ၊ အပ်နှင်းပါ၏။ ဓမ္မဿ၊ တရားတော်မြတ်အား။ နိယျာ ဒေမိ၊ အပ်နှင်းပါ၏။ သံဃဿ၊သံဃာတော်အား။နိယျာဒေမိ၊ အပ်နှင်းပါ၏။ ဣတိဧဝံ၊ ဤသို့။ ဗုဒ္ဓါဒိနံ ယေဝ၊ ဘုရား အစရှိ သော, ရတနာသုံးပါးတို့သည်သာလျှင်။ သံသာရဒုက္ခနိသာ ရဏတ္တံ၊ သံသရာဆင်းရဲမှ ထွက်မြောက် အံ့သောငှါ။ အတ္တ နော၊မိမိ၏။ အတ္တဘာဝဿ၊ အတ္တဘောဖြစ်သော, မိမိကိုယ် ကို။ ပရိစ္စဇနံ၊ စွန့်ခြင်းတည်း။

အဓိပ္ပါယ်ကား။ ။ယနေ့ကိုအစပြု၍၊ ငါသည်။ မိမိကိုယ် ကို။ ဘုရားအား၊ ဆောင်နှင်းပါ၏။ တရားတော်အား၊ဆောင် နှင်းပါ၏။ သံဃာတော်အား၊ ဆောင်နှင်းပါ၏။ ဤသို့ရတနာ သုံးပါးတို့သည်သာလျှင်။ သံသရာတည်းဟူသောဝဋ်ဆင်းရဲ မှ၊ လွတ်မြောက်စေခြင်း အကျိုးငှါ၊ မိမိအတ္တဘော ဖြစ်သော ကိုယ်ကို၊ စွန့်လွှတ် ခြင်း သည်။ အတ္တသန္နိယတန သရဏဂုံ မည်၏။

—— ၀၀၀ ——

တနည်း၊ သီလက္ခန်အဋ္ဌကထာ၌လည်း။—

အပိစ ဘဂဝတော အတ္တာနံ ပရိစ္စဇာမိ၊ ဓမ္မဿ
သံဃဿ အတ္တာနံ ပရိစ္စဇာမိ၊ဇီဝိတံပရိစ္စဇာမိ၊
ပရိစ္စတ္တောယေဝ မေ အတ္တာနံ၊ ပရိစ္စတ္တံယေဝ
ဇီဝိတံ၊ ဇီဝိတ ပရိယန္တိကံ၊ ဗုဒ္ဓံ သရဏံဂစ္ဆာ
မိ၊ ဗုဒ္ဓေါမေသရဏံ တာဏံ လေဏန္တိ၊ ဧဝံပိ
အတ္တသန္နိယာတနံ ဝေဒိတဗ္ဗံ။ ။

(အနက်။) အပိစ၊ နည်း တပါး လည်း။ ဘဂဝတော၊ မြတ်စွာဘုရားအား။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ ဓမ္မဿ၊ တရားတော်မြတ်အား။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ သံဃဿ၊ သံဃာတော်အား။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ မေမယာ။ ငါသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိစ္စတ္တောယေဝ၊ စွန့်လှူ သည် သာ လျှင်တည်း။ မေ၊ ငါ၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဓမ္မဿ၊ တရားတော်မြတ်အား။ သံဃဿ၊ သံဃာတော်အား။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စတ္တံယေဝ၊ စွန့်လှူ သည် သာလျှင် တည်း။ ဇီဝိတပရိယန္တိကံ၊ အသက်ထက်ဆုံး။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ ငါ၏။ သရဏံ၊ ကိုးကွယ်ရာတည်း။ တာဏံ၊ မှီခိုရာတည်း။ လေဏံ၊ ပုန်းအောင်းရာတည်း။ ဣတိ ဧဝံပိ၊ ဤသို့လည်း။ အတ္တသန္နိယာတနံ၊ အတ္တသန္နိယာတနသရဏဂုံကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အဓိပ္ပါယ်။ မြတ်စွာဘုရားအားရင်း။ တရားတော်မြတ်

အားရင်း။ သံဃာတော် မြတ်အား ရင်း။ မိမိ ခန္ဓာကိုယ်နှင့် တကွ။ အသက်ပါ စွန့်လှူပါ၏။ ရတနာ သုံးပါးသည်သာ လျှင်။ ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လည်းလျောင်းရာ-ဖြစ်လေတော့သတည်းဟု။ ရတနာသုံးပါး အား။ ယုံကြည်မြတ်နိုးခြင်းသည်။ အတ္တသန္နိယျာတနသရဏာ ဂုံမည်၏ဟုမှတ်။

တပ္ပရာယနသရဏာဂုံမည်သည်ကား။-
မူလပဏ္ဏာသအဋ္ဌကထာ။

တပ္ပရာယနတာနာမ· အဇ္ဇအာဒိံကတွာ အဟံ ဗုဒ္ဓပရာ ယနော၊ ဓမ္မပရာယနော၊ သံဃပရာယနော၊ ဣတိမံ ဓာရေထာတိ၊ ဧဝံ တပ္ပရာယနဘာဝေါ။ ။

(အနက်။) တပ္ပရာယနတာနာမ၊ တပ္ပရာယန သရဏာဂုံ မည်သည်ကား။ အဇ္ဇ၊ ယနေ့။ အာဒိံကတွာ၊ အစပြု၍။ အဟံ၊ ငါသည်။ ဗုဒ္ဓပရာယနော၊ ဘုရားကို-ကိုးကွယ်လည်းလျောင်း ရာရှိ၏။ ဓမ္မပရာယနော၊ တရား တော် ကို-ကိုးကွယ် လည်း လျောင်းရာရှိ၏။ သံဃပရာယနော၊ သံဃာတော်ကို-ကိုးကွယ် လည်းလျောင်းရာရှိ၏။ ဣတိ၊ ဤသို့။ မံ၊ အကျွန်ုပ်ကို။ ဓာရေ ထ၊ မှတ်တော်မူပါကုန်။ ဣတိဧဝံ၊ ဤသို့။ တပ္ပရာယနဘာ ဝေါ၊ တပ္ပရာယနသရဏာဂုံမည်သည်ကို။ ဝေဒိတဗ္ဗော၊ သိ အပ်၏။

အဓိပ္ပါယ်။ တပ္ပရာယန သရဏာဂုံသည်။ ယနေ့ကို အ စပြု၍။ ငါသည်၊ ဘုရားသာလျှင်၊ ကိုးကွယ် လည်းလျောင်း ရာရှိ၏။ တရားတော်သာလျှင်၊ ကိုးကွယ်လည်းလျောင်းရာရှိ ၏။ သံဃာတော်သာလျှင်၊ ကိုးကွယ် လည်းလျောင်းရာရှိ၏။

အကျွန်ုပ်ကို၊ ရတနာသုံးပါးကို-ကိုးကွယ်ဆည်းကပ်ပါ၏ဟု၊ ဆောက်တည်သော, သရဏဂုံသည်။ တပုဿဝါယတနသရဏဂုံမည်၏ဟုမှတ်။

သိဿဘာဝုပဂမန သရဏဂုံ မည်သည်ကား။-
မူလပဏ္ဏာသအဋ္ဌကထာ။

သိဿ ဘာဝုပ ဂမနံနာမ၊ အဇ္ဇ အာဒိံ ကတွာ၊ အဟံ ဗုဒ္ဓဿ၊ အန္တေဝါသိကော၊ ဓမ္မဿ သံဃဿ အန္တေဝါသိကောတိ၊ ဣတိမံ ဓာရေထာတိ၊ ဧဝံ သိဿဘာဝုပဂမော။ ။

(အနက်။) သိဿဘာဝုပဂမနံနာမ၊ သိဿဘာဝုပဂမန သရဏဂုံမည်သည်ကား။ အဇ္ဇ၊ ယနေ့။ အာဒိံကတွာ၊ အစပြု၍။ အဟံ၊ ငါသည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အန္တေဝါသိကော၊ အန္တေဝါသိက-တပည့်တည်း။ ဓမ္မဿ၊ တရားတော်မြတ်၏။ အန္တေဝါသိကော၊ အန္တေဝါသိက-တပည့်တည်း။ သံဃဿ၊ သံဃာတော်မြတ်၏။ အန္တေဝါသိကော၊ အန္တေဝါသိက-တပည့်တည်း။ ဣတိ၊ ဤသို့။ မံ၊ အကျွန်ုပ်ကို။ ဓာရေထ၊ မှတ်တော်မူပါကုန် လော။ ဣတိဧဝံ၊ ဤသို့။ သိဿဘာဝုပဂမော၊ သိဿဘာဝုပ ဂမန သရဏဂုံဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အဓိပ္ပါယ်ကား။ ယနေ့ကို အစပြု၍။ ငါသည်။ ဘုရား၊ တရား၊ သံဃာတော်မြတ်၏၊ အန္တေဝါသိက-တပည့်တည်းဟု။ ဆောက်တည်သော, သရဏဂုံသည်။ သိဿဘာဝုပ သရဏဂုံမည်၏ဟုမှတ်။

## ပဏိပါတ သရဏဂုံ မည်သည်ကား။—
## မူလပဏ္ဏာသအဋ္ဌကထာ။

ပဏိပါတောနာမ၊ အဇ္ဇအာဒိံ ကတွာ အယံ၊ အဘိဝါဒနံ ပစ္စုပဋ္ဌာနံ၊ အဉ္ဇလိကမ္မံ၊ သာမီစိကမ္မံ၊ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမိ၊ ဣတိမံ ဓာရေထာတိ၊ ဧဝံ ဗုဒ္ဓါဒီသု၊ ပရမနိပစ္စကာရော။ ။

(အနက်။) ပဏိပါတော နာမ၊ ပဏိပါတ သရဏဂုံ မည်သည်ကား။ အဇ္ဇ၊ ယနေ့။ အာဒိံ ကတွာ၊ အစပြု၍။ အယံ၊ ငါသည်။ အဘိဝါဒနံ၊ ရှိခိုးခြင်းကို၎င်း။ ပစ္စုပဋ္ဌာနံ၊ ခရီးဦးကြိုဆိုခြင်းကို၎င်း။ အဉ္ဇလိကမ္မံ၊ လက်အုပ်ချီခြင်းအမှုကို၎င်း။ ဗုဒ္ဓါဒီနံယေဝ၊ ဘုရားအစရှိသည်တို့၏သာလျှင်။ တိဏ္ဏံဝတ္ထူနံ၊ ရတနာသုံးပါး အပေါင်းတို့အား။ ကရောမိ၊ ပြုပါ၏။ ဣတိ၊ ဤသို့။ မံ၊ အကျွန်ုပ်ကို။ ဓာရေထ၊ မှတ်တော်မူပါကုန်။ ဣတိ၊ ဤသို့။ ပရမနိပစ္စကာရော၊ လွန်စွာ ကြီးနှံ့ နှိမ့်ချသော အခြင်းအရာကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အဓိပ္ပါယ်ကား။ ယနေ့ကိုအစပြု၍။ ငါသည်။ ရှိခိုးခြင်း။ ခရီးဦး ကြို ဆို ခြင်း။ လက်အုပ်ချီခြင်း။ အရိုအသေပြုခြင်း။ ရတနာသုံးပါးတို့အား, ဆည်းကပ် ပူဇော်ခြင်းဖြင့်-ဆောက်တည်သော—သရဏဂုံသည်။ ပဏိပါတ သရဏဂုံမည်၏ ဟုမှတ်။

---

## ၂၅။ သရဏဂုံ ဆောက်တည်၍။ အကျိုးထူး ခံစားရပုံ။

မြတ်စွာဘုရားသခင်သည်။ အင်္ဂတိုင်း၊ မဂဓတိုင်း-နှစ်ခု

တို့၏အကြား။ တရသော, သဲပန္ဒ နေ တော် မူစဉ်။ တပည့် အပေါင်းတို့အား။ တော-တို့ကို၊ ကိုးကွယ်ကုန်သလော။တောင်-တို့ကို၊ ကိုးကွယ်ကုန်လော။ အရံ-သစ်ပင် တို့ကို၊ ကိုးကွယ် ကုန်လောဟု-စသည်ဖြင့်။ ဆုံးမ၍ နေလေ့ရှိသော။ ဓမ္မဒေသနာ ရသေ့ကို-အကြောင်းပြု၍။—

ဗဟူ ဝေ သရဏံယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ၊ အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ၊ နေတံ ခေါ သရဏံ၊ ခေမံ၊ နေတံ သရဏမုတ္တမံ၊ နေတံသရဏ မာဂမ္မ၊ သဗ္ဗ ဒုက္ခ ပမုစ္စတိ။ ။ယောစ ဗုဒ္ဓဉ္စ၊ ဓမ္မဉ္စ၊ သံဃဉ္စ၊ သရဏံဂတော၊ စတ္တာရိ၊ အရိယ သစ္စာနိ၊ သမ္မပ္ပညာယပဿတိ၊ ဒုက္ခံဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ၊ အရိယအဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။ ။ ဧတံခေါသရဏံ ခေမံ၊ ဧတံသရဏ မုတ္တမံ၊ ဧတံသရ ဏမာဂမ္မ၊ သဗ္ဗ ဒုက္ခ ပမုစ္စတိ။ ။

မူလပဏ္ဏာသ—ဓမ္မပဒ ပါဠိတော်။

ဘယတဇ္ဇိတာ၊ ဘေးဖြင့် ထိတ်လန့်ကုန်သော။ မနုဿာ၊ လူတို့သည်။ ဗဟူ၊ များစွာကုန်သော။ ပဗ္ဗတာနိစ၊ တောင်တို့ ကိုရင်း။ ဝနာနိစ၊ တောတို့ကိုရင်း။ အာရာမရုက္ခစေတျာနိစ၊ အရံ-အဓိကရ, သစ်ပင်တို့ကိုရင်း။ ဝေ၊ စင်စစ်။ သရဏံ၊ကိုး ကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ် ကုန်၏။ တထာပိ၊ ထိုသို့ ဆည်းကပ်သော်လည်း။ ဧတံ၊ ဤ-တော, တောင်, သစ်ပင်, အပေါင်းသည်။ ခေမံ၊ ဘေး ကင်း သော။ သရဏံ၊ ကိုး ကွယ်ရာသည်။ နဟောတိ၊ မဖြစ်။ ဧတံ၊ ဤ-တော, တောင်, သစ်ပင်, အပေါင်းသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုး

ကွယ်ရာသည်။ နဟောတိ၊ မဖြစ်။ တေံသရဏံ၊ ၎င်းကိုး ကွယ်ခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခာ' ခပ်သိမ်းသော,ဆင်း ရဲအပေါင်းမှ။ နမုစ္စတိ၊ မလွတ်။ ယောစ၊ အကြင်သူသည် လည်း။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုရင်း။ ဓမ္မဉ္စ၊ တရားတော်မြတ် ကိုရင်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုရင်း။ သရဏံ၊ ကိုး ကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ သော၊ ထိုရတနာ သုံးပါးကို-ဆည်းကပ်သောသူသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာရင်း။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော,သမုဒယသစ္စာ ရင်း။ ဒုက္ခဿစအတိက္ကမံ၊ ဒုက္ခကို လွန်မြောက်ရာဖြစ်သော, နိရောဓသစ္စာရင်း။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ် ပါးနှင့်ပြည့်စုံသော။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန် သို့-ရောက်ကြောင်း ဖြစ်သော။ မဂ္ဂံ၊ မဂ္ဂသစ္စာရင်း။ ဣတိ၊ ၎င်းသို့။ စတ္တာရော၊ လေးပါးကုန်သော။အရိယသစ္စာနိ၊ အရိယ သစ္စာတို့ကို။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ မဂ်တည်းဟူ သော-ပညာဖြင့်။ ပဿတိ၊ မြင်၏။ ဧတံ၊ ၎င်းရတနာသုံးပါး အပေါင်းသည်။ ခေါ၊ စင်စစ်။ ဝါ၊ အဟုတ်သဖြင့်။ ခေမံ၊ ဘေးမရှိသော။ သရဏံ၊ ကိုးကွယ်ရာမည်၏။ ဧတံ၊ ၎င်းရတ နာသုံးပါးအပေါင်းသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုး ကွယ်ရာမည်၏။ ဧတံသရဏံ၊ ၎င်းရတနာ သုံးပါး အပေါင်း အား, ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်း သောဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်၏။ ။၎င်းကား-ယောဇနာ။

အဓိပ္ပါယ်ကား။ ဘေးမှ ကြောက်ကုန်သည် ဖြစ်၍။ လူ တို့သည်။ တော, တောင်, သစ်ပင်-စသည်တို့ကို။ ကိုးကွယ် ကုန်၏။ ထိုသို့ကိုးကွယ်ခြင်းသည်။ ခပ်သိမ်းသော ဆင်းရဲမှ မလွတ်နိုင်။ သရဏဂုံသုံးပါးတို့ကို၊ ကိုးကွယ် ဆည်းကပ်မှ သာလျှင်။ခပ်သိမ်းသော,ဆင်းရဲအပေါင်းတို့မှလွတ်ကုန်၏ဟု။

မြတ်စွာဘုရား ဟောဒေတော်မူသောအခါ။ တပည့်-တသောင်း နှင့်တကွ။ အင်္ဂုဒတ္တ-ရသေ့ကြီး-သည်။ ဧဟိဘိက္ခုရဟန္တာ ဖြစ်ကြ၍။ နိဗ္ဗာန်သို့ရောက်တော်မူကြလေကုန်၏။ ။သရဏဂုံ ဆောက်တည်ရသောအကျိုး။ ။

တနည်းပြဦးအံ့။ ။ဤကမ္ဘာမှ ပြန်၍ရေသည် ၃၁သော်။ ကိုးဆယ့်တကမ္ဘာထက်၌။ ဝိပဿီ မြတ်စွာဘုရား သည်။ ပွင့်တော်မူ၏။ ထိုအခါ။ ဗန္ဓုမတီပြည်၌။ အမိ-မျက်မမြင်ကို လုပ်ကျွေးမွေးမြူလျက်နေသော-ယောကျ်ား တယောက်သည်။ ရဟန်းပြုလိုသောဆန္ဒ များစွာပင်ရှိသော်လည်း။ အမိ-မျက် မမြင်ကို။ လုပ်ကျွေးမွေးမြူ၍ နေရသောကြောင့်။ ရဟန်းပြု အံ့သောငှါ၊ အခွင့်ကို မရ သည် ဖြစ်၍။ ငါသည်။ ကုသိုလ် ကောင်းမှု ဘာတခုမျှ-မပြု လုပ် ရပါဘကား ဟု။ စဉ်းစား ဆင်ခြင်လေသော်။ သရဏဂုံ ဆောက်တည်လိုသော-သမ္မာ ဆန္ဒရှိသည်ဖြစ်၍။ ကျောင်းသို့ သွားပြီး လျှင်။ တပါးသော အရှင်ထံ၌။ သရဏဂုံ ဆောက်တည်ခံယူလေ၏။ ထိုသရဏဂုံ ဆောက်တည်ရသော အကျိုးအားဖြင့်။ ထိုယောကျ်ားသည်။ ဤဘဝမှ-ရတေမနေ၊ သေလွန်ခဲ့သည်ရှိသော်။ အပါယ်လေး ပါးသို့၊ တခါကဆစ်မျှ-မကျမရောက်ဘဲ။ သုဂတိ ဘုံတို့၌သာ၊ ကျင်လည်ရ၍။ ငါတို့-မြတ်စွာဘုရား လက်ထက်တော်အခါ မှာ။ သာဝတ္ထိပြည်ဝယ်။ သူကြွယ်၏သား, ဖြစ်လာ၍။ ခုနစ် နှစ်-အရွယ်သို့ရောက်သည်ရှိသော်။ သရဏဂုံသုံးပါးကို၊ အမြဲ ဆောက်တည်ကျင့်သုံးခြင်းကြောင့်။ ခုနစ်နှစ် အရွယ်ကပင်၊ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရား ကိုယ်တော် မြတ်အထံ၌။ ရဟန်း ပြုလပ်သော်။ ပဋိသမ္ဘိဒါ-လေးပါး။ အဘိညာဏ်-ခြောက်ပါး။ သမာပတ်-ရှစ်ပါးနှင့် ပြည့်စုံပြီး လျှင်။ သရဏဂမန-မထေရ် ရယ်ဟု။ ကိုယ်တော်မြတ်ဘုရား

လက်ထက်တော်မှာ၊ ထင်ရှားစွာဖြစ်လာရခြင်းသည်။ သရဏဂုံ-ဆောက်တည်ရသော, အကျိုးတရားဟူ၍မှတ်။

———ooo———

## ၂၆။ သီလခဏ်းကို ပြဦးအံ့။

သီလတီတိ သီလံ. ကာယဝစိကမ္မာနိ၊
သမာဒဟာတိ၊ သမာဋ္ဌပေတီတိ အတ္ထော။ (ဋီကာ။)

(အနက်။) သီလတိ၊ စောင့်ထိမ်း၍ထားတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သီလံ၊ သီလမည်၏။ ကာယဝစိကမ္မာနိ၊ ကာယကံ၊ ဝစီကံ-တို့ကို။ သမာဒဟာတိ—သမာဋ္ဌပေတိ၊ တည်ကြည် ငြိမ်သက်အောင် ထားတတ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

အဓိပ္ပါယ်ကား။ ကာယကံ-သုံးပါး။ ဝစီကံ-လေးပါး။ မနောကံ-သုံးပါး။ ၎င်းဒုစရိုက်တရား,ဆယ်ပါးကိုမလွန်ကြူးရအောင်၊ မဖြစ်မှားရအောင်၊ သတိဆောင်၍။ ထိုအကုသိုလ်ဒုစရိုက်တရားတို့သည်။ ငါ့အား၊ မဖြစ်ပါစေနဲ့။ ထို အကုသိုလ် ဒုစရိုက် တရားများ ဖြစ်ပေါ်၍ လာခဲ့သော်။ အပါယ်လေးပါးသို့ သွားရောက် ခံစားရမည်ကို။ ကြောက်လန့်ခြင်းကြောင့်။ ၎င်းဒုစရိုက်တရားများကို၊ ပါယ်ရှား ကွင်းရှောင်၍။အလင်းရောင်တည်းဟူသော-ဝိဇ္ဇာဉာဏ်ဖြင့်။ ကိုယ်တိုင်ပြုကျင့်တဲ့-ကာယကံ။ ဝစီက-မြွက်ဆို၍ လွန်ကြူးသော-ဝစီကံ။ စိတ်ဖြင့် ဖြစ်မှားလွန်ကြူးတဲ့-မနောကံတို့ကို။ မလွန်ကြူး မဖြစ်မှားစေရန်။ ရည်သန်စိတ်ထား၍။ ကျင့်သုံးဆောင်တည်ကြသည်ဟုမှတ်။ ။ကာယကံ-သုံးပါး ဟူသော်ကား။ ။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ-၎င်း

သုံးပါးတည်း။ ။ဝစီကံ–လေးပါး ဟူသော်ကား။ ။မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ–၎င်းလေးပါးတည်း။ ။မနောကံ–သုံးပါး ဟူသော် ကား။ ။အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ–၎င်းသုံးပါးတည်း။

သင်္ဂြိုဟ်အဋ္ဌကထာ၌။—

ကထံ၊ ပါဏာတိပါတော၊ အဒိန္နာဒါနံ၊ ကာမေသု
မိစ္ဆာစာရော စေတိ၊ ကာယ ဝိညတ္တိ သင်္ခါတေ
ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ။
ကာယကံ–သုံးပါး။

မုသာဝါဒေါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖ
လာပေါစေတိ၊ ဝစီဝိညတ္တိ သင်္ခါတေ ဝစီဒွါရေ
ဗာဟုလ္လဝုတ္တိတော၊ ဝစီကမ္မံ နာမ။
ဝစီကံ–လေးပါး။

အဘိဇ္ဈာ ဗျာပါဒေါ မိစ္ဆာ ဒိဋ္ဌိ စေတိ အညတြာပိ
ဝိညတ္တိယာ၊ မနသ္မိံယေဝ၊ ဗာဟုလ္လ ဝုတ္တိတော၊
မနောကမ္မံ နာမ။
မနောကံသုံးပါး။

—

ယျှ၊ အဋ္ဌကထာအလိုအားဖြင့်။ ၎င်းဒုစရိုက်တရား ဆယ်ပါးတို့သည်။ အဘယ်သို့သောစိတ်၌ ဖြစ်ပါလေသနည်းဟု။ မေးရန်ရှိ၏။ ထိုအမေးကို ဖြေကြားလို၍။—.

တေသု ပါဏာတိပါတော၊ ဖရုသဝါစာ၊ ဗျာပါ
ဒေါစ ဒေါသမူလေန ဇာယန္တိ၊ ကာမေသု မိစ္ဆာ

စာရော အဘိဇ္ဈာမိစ္ဆာဒိဋ္ဌိစ လောဘမူလေန၊သေ
သာနိ စဒ္ဒွာရိပိ၊ ဒွိဟိမူလေဟိ သမ္ဘဝန္တိ။
သင်္ဂြိုဟ်အဋ္ဌကထာ။

၎င်းအဋ္ဌကထာအလိုမှာ။ ဒေါသကြောင့်ဖြစ်သောတရားကား။ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်း။ ဖရုသဝါစာ၊ လွှကဲ့သို့ ကြမ်း ထမ်း သော စကားကို ပြောဆို ခြင်း။ ဗျာပါဒ၊ သူတပါး စည်းစိမ် ချမ်းသာကို၊ ဖျက်ဆီးကြောင်းဖြစ်သော ဒေါသ။ ဒေါသကြောင့်ဖြစ်သောတရားဟူ၍မှတ်။ လောဘကြောင့် ဖြစ်သော တရားကား။ ကာမေသုမိစ္ဆာစာရော၊ မသွားလာအပ်သော=မာတုရက္ခိတ အစရှိသော–မိန္မတို့၌ လွန်ကြူးခြင်းစေတနာဟုဆိုအပ်သော, ကာမဂုဏ်တို့၌ မှားသောကျင့်ခြင်း။ အဘိဇ္ဈာ၊ သူတပါးတို့၏ စည်းစိမ်ချမ်းသာကို ရှေးရှုသောအားဖြင့် ကြံခြင်း။ မိစ္ဆာဒိဋ္ဌိ၊ ဖေါက်ပြန်သောအားဖြင့် မြင်ခြင်း။ ၎င်းသုံးပါးကား။ လောဘကြောင့်ဖြစ်သော တရားဟူ၍မှတ်။ ထိုတရားခြောက်ပါးမှကြွင်းသော။ အဒိန္နာဒါန၊ အရှင်သည်–ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးတို့၏ဥစ္စာကို ခိုးယူခြင်း။ မုသာဝါဒ၊ မဟုတ်မမှန်၊ ဖေါက်ပြန်ချွတ်ချွင်းသောစကားကို ပြောဆိုခြင်း။ ပိသုဏာဝါစာ၊ သူနှစ်ယောက်တို့၏ အချစ်ကို မှုန့်မှုန့် ညက်ညက် ဖျက်ဆီးခြင်း။ သမ္ဖပ္ပလာပါ၊ စီးပွါး ချမ်းသာကို ဖျက်ဆီးတတ်သော, သီတာမိဖုရားကို, ဆောင်ခြင်း အစရှိသော-ဖြိန်ဖြင်းသောစကားကို ပြောဆိုခြင်း။ ၎င်းတရား လေးပါး သည်။ လောဘ–ဒေါသ–ဟူသော, မူလနှစ်ပါးကြောင့် ဖြစ်သည်ဟူ၍မှတ်။ ထိုဆိုအပ်ခဲ့ပြီးသော, ဒုစရိုက်-ဒုရာဇီဝတို့မှလွတ်ကင်းရန် စောင့်ထိန်းအပ်သော-သီလဟူသည်မှာ။ (၁) ငါးပါးသီလ။ (၂) ဗြဟ္မစရိယ ပဉ္စမက သီလ။ (၃) ဝိကာလ

ဘောဇနေ မတ္တညုသီလ။ (၄) အဋ္ဌင်္ဂ ဥပေါသထ သီလ။ (၅) အာဇီဝဋ္ဌမကသီလ။ (၆) နဝင်္ဂသီလ။ (၇) ဒသင်္ဂဟဋ္ဌသီလ။ (၈) ဒသသုစရိတသီလ–ဟူ၍ ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးကို။ အင်္ဂါနှင့်တကွ ခွဲပြနေပါလျှင်။ ကျမ်း လေး မည် စိုး၍။ လစ်လျူရှုလိုက်သည်။ ရှေးရှေးအကျော်၊ဆရာတော်တို့-ဆုံးဖြတ်အပ်သော။ သီလဝိနိစ္ဆယမှာ–ကြည့်လေ။ ။ယခုရေးသားမည်ဖြစ်သော, သီလမှာ။ ငါးပါးသီလ၏-အကျိုးအာနိသံသကိုသာ, ရေးသားပေတော့အံ့။ ။

ထိုငါးပါးသီလ၌။ ပါဏာတိပါတာ။ အဒိန္နာဒါနာ။ ကာမေသုမိစ္ဆာစာရာ။ မုသာဝါဒါ။ သုရာမေရယ–ဟူ၍။ငါးပါးရှိ၏။ ထိုသီလသည်။ ဟာနဘာဂိယသီလ။ ဌိတိဘာဂိယသီလ။ ဝိသေသဘာဂိယသီလ။ နိဗ္ဗေဓဘာဂိယ သီလ–ဟူ၍။ လေးမျိုး လေးစား ရှိ၏။

(၁) သီလကိုခံယူပြီးလျှင်။ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ဖြင့်။ အကြံအစီတွေများပြီးလျှင်။စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ ဟု ဆိုအပ်သော။ ဣန္ဒြေ ခြောက်ပါးကို မစောင့်စည်းဘဲ။ ပျက်စီးဆုတ်ယုတ်ခြင်းသဘောရှိသော, သီလသည်။ ဟာနဘာဂိယ သီလမည်၏ဟုမှတ်။

(၂) သီလခံယူပြီးသည်နောက်။မကျိုးမပေါက်၊မပျောက်မကြားရစေဘဲ။ သမထ-ဘာဝနာ၊ ဝိပဿနာ-ဘာဝနာ တို့ဖြင့်၊ ပွါးများအားထုတ်ခြင်းမပြုဘဲ။သီလလုံခြုံ၍၊ စောင့်ထိမ်းရုံမျှသာ အဘိုရှိသော, သီလသည်။ ဌိတိဘာဂိယ သီလမည်၏ဟုမှတ်။

(၃) စောင့်ထိမ်းအပ်သော, သီလကို၊ လုံခြုံ ပြည့် စုံ စေ လျက်။ အထက် တရားထူး ဝိသေသ ဖြစ်သော။ ဈာန်၊ အဘိ ညာဏ်သမာပတ်၊ မြင့်မြတ်သော, သမထ-ဝိပဿနာ၊ဘာဝနာ-တရားတို့ကို။ အလွန်အကျူး၊ အထူး အား ထုတ် ခြင်း သဘောရှိသော, သီလ-သည်။ ဝိသေသဘာဂိယသီလမည် ၏ဟုမှတ်။

(၄) သီလ တည်ရုံမျှနှင့် အားရတင်းတိမ်ခြင်းမရှိ။ ခန္ဓာ ကိုယ်ကြီး၌ ရပ် နာမ်ကိုခွဲလျက်၊ စက်ဆုပ် ရွံရှာ ဖွယ်၊ အ သွယ်သွယ်သော, ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အကြော-အစရှိသဖြင့်။ နွှည့်သကာယကို။ ထင် မြင်အောင်ရှုလျက်။ ကြည့်ရှုပွါးများ၍ ငြီးငွေ့ခြင်း သဘော ရှိသော, သီလ-သည်။ နိဗ္ဗေဓဘာဂိယသီလ မည်၏ဟု မှတ်။

သီလသည်။ မငြင်ထိုက်သောတရားဟုမှတ်။ အာဇီဝဟေ တုကို မငဲ့မူ၍။ ဝါ အသက် မွေး ခြင်း လျှင် အကြောင်းမရှိ သော။ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ တည်းဟူသော, ဝစီဒုစရိုက်လေးပါးမှ ကြဉ်ခြင်း လက္ခဏာ ရှိသော, သမ္မာဝါစာစေတသိက်-တခု။ အာဇီဝဟေတုကိုမငဲ့ မူ၍။ ဝါ အသက်မွေးခြင်းလျှင် အကြောင်းမရှိသော၊ပါဏာ တိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ-တည်းဟူသော, ကာယဒုစရိုက်သုံးပါးမှ ကြဉ်ခြင်း လက္ခဏာရှိသော၊ သမ္မာ ကမ္မန္တ စေတသိက်-တခု။ အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍။ ဝါ၊ အသက် မွေးခြင်းလျှင် အကြောင်း ရှိသော၊ ဝစီဒုစရိုက် လေးပါး၊ ကာယ ဒုစရိုက် သုံးပါးမှ ကြဉ်ခြင်း လက္ခဏာရှိ သော, သမ္မာအာဇီဝ စေတသိက်-တခု။ ဤသို့အားဖြင့်၊ ဝိရတီ စေတသိက်-သုံးပါးဟူ၍မှတ်။ မငြင်အားဖြင့်၊ သီလမငြင်ဟု-

ဆိုသည်။ သိက္ခာအားဖြင့်။ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာဟုဆိုသည်။ အဓိသီလသိက္ခာမှာ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ—ဟူ၍ သုံးပါးတည်း။ အဓိစိတ္တသိက္ခာမှာ။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူ၍ သုံးပါးတည်း။ အဓိပညာ—သိက္ခာမှာ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ—ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုမဂ္ဂင်ရှစ်ပါးတရားသည်။ နိဗ္ဗာန်ရောက်ကြောင်းတရားမည်၏။ ထိုမဂ္ဂင်တရားကိုကျင့်ကြံကျိုးကုတ်အားထုတ်မှသာလျှင်။ မဂ်တရားကိုရ၍။ နိဗ္ဗာန်တုတ်ခြောက် ရောက်နိုင်၏ဟုမှတ်။

ကိလေသေ မာရေန္တော ဂန္တီတိမဂ္ဂေါ။
နေတ္တိဋီကာ။

ယောဓမ္မော၊ အကြင်တရားသည်။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေန္တော၊ သတ်လျက်။ ဂန္တိ၊ နိဗ္ဗာန်သို့သွားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောဓမ္မော၊ ထိုတရားသည်။ မဂ္ဂေါ၊ မဂ်မည်၏။

နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတီတိဝါ မဂ္ဂေါ။
နေတ္တိဋီကာ။

ဝါ၊ တနည်းကား။ နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်ကိုအလိုရှိသော သူတို့သည်။ မဂ္ဂီယတိ၊ ရှာမှီးအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောဓမ္မော၊ ထိုတရားသည်။ မဂ္ဂေါ၊ မဂ်မည်၏။

အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ။ဝိဘင်းပါဠိတော်။

အရိယော၊ ကိလေသာတို့မှ ဝေးသော။ ဝါ၊ အရိယာ၏

အဖြစ်ကိုပြုတတ်သော။ မဂ္ဂေါ၊ မဂ်တရားသည်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။

မဂ္ဂတောအညံ မဂ္ဂံ နတ္ထိ။ ။အဋ္ဌသာလိနီ။

မဂ္ဂတော၊ မဂ်တရားမှ။ အညံ၊ တပါးသော။ မဂ္ဂံ၊ မဂ္ဂင်သည်။ နတ္ထိ၊ မရှိ။

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော။ ။ဓမ္မပဒပါဠိတော်။

မဂ္ဂါနံ၊ မဂ်တို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော မဂ်သည်။ သေဋ္ဌော၊ မြတ်၏။

နိဗ္ဗာနာဂမနော အရိယမဂ္ဂေါ ကိလေသေ ပဇဟတိ။
အဋ္ဌသာလိနီ။

နိဗ္ဗာနာဂမနော၊ နိဗ္ဗာန်သာလျှင်အာရုံရှိသော။ အရိယာ မဂ္ဂေါ၊ အရိယာမဂ်သည်။ ကိလေသေ၊ ကိလေသာ တို့ကို။ ပဇဟတိ၊ စွန့်၏။

ယခုပြဆိုခဲ့ပြီးသော, မဂ္ဂင်ရှစ်ပါး၌။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ-ဟုဆိုအပ်တဲ့ သိက္ခာ သုံးရပ်ကို။ ဆောက်တည် ကျင့်သုံးရန်မှာ။ အဓိသီလကို ပဌာနထား၍ ကျင့်သုံး ဆောက် တည်သင့်၏။

ဘကြောင့်ဆိုသော်။ ဧကနိပါတ်-အင်္ဂုတ္တိုရ်ကျမ်း၌။ ။

သီလဝတောဘိက္ခဝေ၊ စေတောဝိသုဒ္ဓတ္တာ ပဏီဓိ သမိဇ္ဈတိ-ဟူ၍။ ဝိသေသအားဖြင့်၊ ဘုရား ဟော တော်မူသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ သီလဝတော၊ သီလရှိသော သူအား။ စေတောဝိသုဒ္ဓတ္တာ၊ စိတ်၏ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ ပဏီဓိ၊ တောင်းသမျှသောဆုသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

ရင်းပါဠိတော်အရမှာ။ စိတ်၏ စင်ကြယ်မှု-အဓိစိတ္တ။ သီလ၏ စင်ကြယ်မှု-အဓိသီလ။ ထိုအဓိစိတ္တ၊ အဓိသီလ တို့၏စင်ကြယ်မှု—သန့်ရှင်းမှု တို့ကြောင့်။ ကမ္မဝဋ်၊ ကိလေသာဝဋ်၊ ဝိပါကဝဋ်-ဟုဆိုအပ်တဲ့၊ ဝဋ်ကင်းရာမှန်၊ပြည်နိဗ္ဗာန်သို့ရောက်ကြောင်းတရားအစစ်, ဧကန်ဖြစ်သည်ဟု။ ညာဏသမ္ပယုတ်နှင့်ယှဉ်၍ သိတတ်သော ပညာ သည်။ အဓိပညာ မည်၏ဟုမှတ်။ ထို့ကြောင့်။ သီလစင်ကြယ်မှသာလျှင်။မိမိအလိုရှိတဲ့နိဗ္ဗာန်-ရောက်နိုင်သည်။ လိုရင်းအဓိပ္ပါယ်မှာ။ ကိလေသာစင်ကြယ်မှုလိုရင်းဖြစ်၏။ကိလေသာဆိုသည်မှာလဲ။ သံသရာ၌ နစ်မြော ကျဉ်လည်စေတတ်သော, အကုသိုလ်ဟူသမျှကိုကောက်ယူရမည်။

ကောက်ယူပုံမှာ။ သင်္ဂြိုဟ်အဋ္ဌကထာ၌။—

အာသဝေါဃာစ·ယောဂါစ၊တယောဂန္ထာစဝတ္ထုတော။
ဥပဒါနာ၊ ဒုဝေဝုတ္တာ၊ အဋ္ဌနီဝရဏာသိယုံ။
ဆဠေဝါနုသယာဟောန္တိ၊ နဝသံယောဇနာမတာ။
ကိလေသာဒသဝုတ္တောယံ၊ နဝဓာပါပသင်္ဂဟော။

ရင်းအဋ္ဌကထာအလိုမှာ။ အာသဝ-လေးပါး။ ဩဃ-လေးပါး။ ယောဂ-လေးပါး။ ဂန္ထ-လေးပါး။ ဥပါဒါန်-လေးပါး။ နီဝရဏ ခြောက်ပါး။ အနုသယ-ခုနစ်ပါး။ သံယောဇဉ်-ဆယ်ပါး။ သုတ္တန်နည်း။ ။ရင်းပြင်။ အဘိဓမ္မာနည်း-ဆယ်ပါး။ တရားကိုယ် ကောက်ယူလျှင်။ သံယောဇဉ် ကိုးပါး။ ကိလေသာ-ဆယ်ပါးဟူ၍မှတ်။ ။ရင်း အကုသိုလ် ဖြစ်စေတတ်သော, တရားအပေါင်းတို့ကို။ စဉ်ကြယ်အောင် ဆေးကြောသုတ်သင်နိုင်ခြင်းသည်။ သီလတည်းဟူသော ရေစဉ်နှင့် ဆေးကြောမှသာလျှင်။ စဉ်ကြယ်စေနိုင်သည်ဟုမှတ်။

ဂုင်းအဋ္ဌကထာ၏ အနက် အဓိပ္ပါယ်တို့ကိုသိလိုလျှင်။ ဂုင်းအဋ္ဌကထာမှာကြည့်လေ။ ကျယ်ဇွံ့စိုး၍ ချန်လှပ်ခဲ့သည်။

ထို့ကြောင့်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ (၁) သာသာသနေ ကုလပုတ္တာနံ၊ပတိဋ္ဌာနတ္ထိယံဝိနာ၊အာနိသံသပရိစ္ဆေဒံ၊တဿ သီလဿကောဝဒေ။ (၂) နဂင်္ဂါယမုနာစာပိ၊ သရဘူဝါ သရဿတိ၊ နိန္နဂါဝါစိရဝတီ၊ မဟီဝါပိ မဟာနဒီ၊ သက္ကု ဏန္တိ ဝိသောဓေတုံ တံမလံဣဓပါဏိနံ၊ဝိသောဓယတိ၊ သတ္တာနံ၊ ယံဝေသီလဇလံမလံ။ (၃) သဂ္ဂါရောဟဏသောပါနံ၊ အညံသီလသမံကုတော၊ ဒွါရံဝါပန နိဗ္ဗာန၊ နဂရဿပဝေသနေ–ဟူသော, ဒေသနာတော်ကို ဟောတော်မူ၏။

(၁)–အနက်။ ဘိက္ခဝေ၊ သံသရာဘေးဟု ရှုလေ့ရှိကုန်သော-သူတော်ကောင်း အပေါင်းတို့။ ဣဓသာသနေ၊ ဤငါဘုရားသာသနာတော်၌။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားအမျိုးကောင်းသမီးတို့အား။ ယံသီလံ၊ အကြင်သီလကို။ ဝိနာ၊ ကြဉ်ဖယ်ရှောင်ရှား၊ အလွတ်ထား၍။ ပတိဋ္ဌာ၊ တည်ရာ၊မှီရာ ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ။ တဿသီလဿ၊ ထိုသီလ၏။ အာနိသံသပရိစ္ဆေဒံ၊ အကျိုး အာနိသင်၏ အပိုင်း အခြားကို။ ကော၊ အဘယ်အမည်ရှိသော, လူ၊ နတ်၊ ဗြဟ္မာ-သည်။ ဝဒေ ဝဒေယျ၊ ကုန်စဉ်အောင် ဟောကြား နိုင်ပါအံ့နည်း။ နဝဒေယျ၊ ကုန်စဉ်အောင် မဟောကြားနိုင်ပေရာ။

(၂)–ဣဓသာသနေ၊ ဤ ငါဘုရား သာသနာတော်၌။ ပါဏိနံ၊ သတ္တဝါတို့၏။ ယံမလံ၊ အကြင် ကိလေသာတည်းဟူသော အညစ်အကြေးကို။ သီလဇလံ၊ သီလတည်းဟူသော, ရေသည်။ ဝိသောဓယတိ၊ သုတ်သင်စဉ်ကြယ်စေနိုင်၏။ တံ မလံ၊ ထိုကိလေသာတည်းဟူသော,အညစ်အကြေးကို။ ဂင်္ဂါ

စာပိ၊ ဂင်္ဂါမြစ်ကြီးသည်၎င်း။ ယမုနာစာပိ၊ ယမုနာမြစ်ကြီးသည်၎င်း။ သရဘူဝါပိ၊ သရဘူမြစ်ကြီးသည်၎င်း။ သရဿတိဝါ၊ သရဿတိမြစ်ကြီးသည်၎င်း။ နိန္နဂါ၊ တသွင်သွင်စီးဆင်း၍နေသော။ အစိရဝတီဝါ၊ အစိရဝတီမြစ်ကြီးသည်၎င်း။ မဟီဝါပိ၊ မဟီမြစ်ကြီးသည်၎င်း။ တာဝမဟာနဒီ၊ ထိုမြစ်ကြီး အပေါင်းတို့သည်။ ဝိဿသာတော့်၊ အညစ်အကြေးကုန်စဉ်အောင် ဆေးလျှော်သုတ်သင်ခြင်းငှါ။ နသက္ကုဏာန္တိ၊ မတတ်နိုင်လေကုန်။ ဝေ၊ စင်စစ်ကောန် အမှန်ဆေးကြောနိုင်ပုံကိုဆိုသည်ရှိသော်။ သီလဇလံ၊ သီလတည်းဟူသော, ရေ–သည်သာလျှင်။ သတ္တာနံ၊ သတ္တဝါတို့အား။ တံမလံ၊ ထိုကိလေသာတည်းဟူသော, အညစ်အကြေးကို။ ဝိသောဓယတိ၊ ရှိသမျှအလုံးစုံ၊ ကုန်စဉ်အောင် လျှော်ဆေး၍။ ဖြူဖွေးအောင်စွမ်းဆောင်နိုင်လေတော့သတည်း။

(၃)–သီလသမံ၊ သီလနှင့်တူသော။ အညံ၊ သီလမှတပါးသော။ သဂ္ဂါရောဟဏသောပါနံ၊ နတ်ရွာ တက် ကြောင်း, စောင်းတန်း လှေခါးကောင်းသည်။ ကုတောဘဝိဿတိ။ အဘယ်မှာ ရှိပါအံ့နည်း။ သိလံ၊ သီလသည်။ ဝါ၊ ငါးပါး, ရှစ်ပါးဟု ဆိုအပ်သော, သီလ-သည်။ နိဗ္ဗာန နဂရဿ၊ နိဗ္ဗာန်ပြည်ကြီးသို့။ ပဝေသနေ၊ ဝင်ရာလမ်းမ၏။ ဒွါရံဝါပန၊ တံခါးမည်သည်၊ ဟောတိ၊ ဖြစ်၏။

၎င်းအဋ္ဌကထာ–ပထမ, ဂါထာအရမှာ။ ငါဘုရား-သာသနာတော်၌။ ကလျာဏ, သူတော်စဉ် မှန် သမျှ တို့သည်။ သီလကိုကြည်ဖယ်၍။ တည်ရာ, မှီရာ, ကိုးကွယ်ရာသည်-မရှိ။ ထိုသီလ၏ အကျိုးဆက်-အပိုင်း အခြားကို။ ဘယ်လူ၊ ဘယ်

*No. 35.*

နတ်၊ ဘယ်ဖြိုဟ္ဆွာ-သော်မှ။ ကုန်စည်အောင် ဟောကြားခြင်း ၌-မစွမ်းနိုင်ဟူ၍မှတ်။

ဒုတိယဂါထာအရမှာ။ သတ္တပါတို့၏ သန္တာန်၌။ ကိန်း အောင်း၍နေသော။ အာသဝေါ လေးပါး။ ဩဃလေးပါး။ ယောဂလေးပါး-အစရှိသော, ကိလေသာအညစ်အကြေးတို့ ကို၊ ကုန်စည်အောင် ဆေးကျော်သုတ်သင်ခြင်း၌၊ သီလတည်း ဟူသော, ရေစည်ဖြင့် ဆေးကျော်မှသာလျှင်။ စည်ကြယ် သန့် ရှင်းနိုင်ပေ၏။ ယ္ဘုလောကကြီး၌။ မြစ်ကြီး-ငါးသွယ်၊ မြစ် ငယ်-ငါးရာဟု-ဆိုအပ်တဲ့၊ ရေစည်ဖြင့် ဆေး ကျော် ခြင်း၌ မစွမ်းဆောင်နိုင်ဟုမှတ်။ ဘာကြောင့်ဆိုသော်။—

မြစ်ကြီး-ငါးသွယ်၊ မြစ်ငယ်-ငါးရာ၌ရှိသော,ရေ အလျဉ် သည်။ ကြည်လင်အေးမြပေ၏။ အဝတ် ပုဆိုး၊ အင်္ကျီ၊ လုံ ချည်၊ အထည် အလိပ်များကိုသာ, ဖြူစည်အောင် ကျော်ဆေး နိုင်ပေ၏။ သတ္တဝါတို့၏ ခန္ဓာကိုယ်တွင်း၌ အမြဲကိန်းအောင်း လျှက်နေသော။ တဏှာ၊ မာန၊ ဒိဋ္ဌိ-ဟု ဆိုအပ်တဲ့။ ကိလေ သာ, အညစ်တို့ကို ကုန်စည်အောင် ကျော်ဆေးခြင်း၌။ ဘယ် လိုနည်းနှင့်မှ မဖြူစည်နိုင်။ သီလတည်းဟူသော, ရေစည်၊ ရေ ကောင်း၊ ရေသန့်၊ ရေကြည်-တို့ဖြင့် ကျော်ဆေးမှ သာလျှင်။ ကိလေသာ, စည်ကြယ်၏။ ကိလေသာ, စည်ကြယ်မှသာလျှင်၊ နိဗ္ဗာန်ရမည်ဟုမှတ်။ ။နောက်က, ကိလေသမာရေန္တော ဂန္တတိတိမဂ္ဂေါ-ဟူ၍။ ဆိုအပ်ပြီးသောစကား,ထောက်ဆ၍ သိလေကုန်။

တတိယ-ဂါထာ၏အရမှာ။ သီလမှတပါး။ နတ်ရွာနိဗ္ဗာန် သို့ရောက်ကြောင်း၊ စောင်းတန်းကောင်းမည်သည်မရှိ။ ဘာ ကြောင့်လဲဆိုသော်။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါး

သီလ၊ ဆယ်ပါးသီလ–တို့သည်။ ဒုစရိုက်၊ ဒုရာစာရ-တို့ကို။ တရန်ဘဆစ်မျှ ပြုကျင့်ရန်အားမထုတ်-မပြုကျင့်ဘဲ၊တသက်ပါတ်လုံး, ရှောင်ကွင်း၍။ သုစရိုက်တရား, ကုသိုလ်ကမ္မပထတရား, ဆယ်ပါးတို့ကို။ ကြိုးကြိုးကုတ်ကုတ်၊ အားထုတ်၍နေခြင်းကြောင့်။ထိုပုဂ္ဂိုလ်၏သန္တာန်မှာ။ ရာဂမီး၊ ဒေါသမီး။ မောဟမီး၊ မာနမီး၊ ဗိဇ္ဇမီး·တို့သည်။ တဖြေးဖြေး,အေးငြိမ်း၍သွားလေတော့၏။ ထိုမီး တဆယ် တစ်ပါး, ငြိမ်းအေးမှသာလျှင်။ သဥပါဒိသေသ-နိဗ္ဗာန်သို့။ လျှင်မြန်စွာရောက်နိုင်၏ဟုမှတ်။

## သီလ၏အကျိုးကို ပြဆိုဦးအံ့။

လွန်လေပြီးသောအခါ။ ခုနစ်ရာကုန်သော, ကုန်သည်တို့သည်။ သင်္ဘောဖြင့်၊ သမုဒ္ဒရာသို့ သွားကုန်၍။ ကုန်ရောင်း, ကုန်ဝယ်-သွားကြလေသော်။ ခုနစ်ရက်မြောက်သော နေ့၌။ သင်္ဘော သည်။ သမုဒ္ဒရာ၏ အလယ်၌ ကွဲလေ၏။ ထိုအခါ။ သင်္ဘောသား, ခုနစ်ရာတို့သည်။ သေရမည့်ကိုကြောက်လန့်၍။ နတ်များကို တမ်းတ၍ ငိုကြွေးကြကုန်၏။ ထိုသင်္ဘောသား, ခုနစ်ရာတို့တွင်။ တယောက်သော-ဥပါသကာသည်။ သင်္ဘောသို့ တက်ရောက်ခါနီး၊ ရဟန်း သံဃာတော် အား။ ဆွမ်းဘောဇဉ်တို့ဖြင့် လှူဒါန်းပြီးလျှင်။ သရဏဂုံသုံးပါးနှင့်တကွ။ ငါးပါးသီလကို ဆောက်တည်ခဲ့၍။ သေရမည့်ဘေးကို၊ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ။ မိမိ၏သီလကိုသာ, ဆင်ခြင် နှစ် လုံး သွင်း လျက် နေလေ၏။ ထိုအခါ၊ အခြားသော သင်္ဘောသားတို့သည်။ ထိုဥပါသကာကို–မြင်သည်ရှိသော်။ အသင်-မိတ်ဆွေ။ အသင်သည်၊ အဘယ်ကြောင့်–ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိပါသလဲဟု–မေးလေသော်။ ငါသည်။

သဘော်သို့-တက်ရောက်ခါနီးတွင်။ သံဃာတော်အား, ဆွမ်းဘောဇဉ်တို့ဖြင့်၊ ဆက်ကပ် လှူဒါန်းပြီးလျှင်။ သရဏဂုံသီလကို ဆောက်တည်ခဲ့သည်။ ထို့အတွက်၊ ငါသည်=မကြောက်ဟုပြော၏။ အဆွေတော်၊ အသင်၏သီလကို၊ ငါတို့အား,ပေးပါဟုတောင်း၏။ ထိုအခါ။ သဘော်သား, ခုနစ်ရာကို၊ ခုနစ်ရပ်ပြု၍။ ပဉ္စသီ-ကိုပေး၏။ ပထမ-တစ်ရာတွင်။ ရေ-သည်၊ ဖမျက်-တိုင်အောင် ရောက်၏။ ဒုတိယ-တစ်ရာတွင်။ ဒူးဆစ်သို့ရေခံ၏။ တတိယ-တစ်ရာတွင်။ ခါးသို့ရေခံ၏။ စတုတ္ထတစ်ရာတွင်။ ရေ-သည်၊ ချက်သို့ ရောက်၏။ ပဉ္စမ-တစ်ရာတွင်။ ရင်ဘတ်သို့ရောက်၏။ ဆဋ္ဌမ-တစ်ရာတွင်။ လည်ပင်းသို့ ရောက်၏။ သတ္တမ-တစ်ရာတွင်။ ခံတွင်းသို့-ဆားငံရေ-ဝင်လျက်၊ ပဉ္စသီ-ကို၊ ဆောက်တည်လေ၏။ ထိုသို့-သီလကိုပေးပြီးသော်။ သင်တို့အား, တပါးသော ကိုးကွယ်ရာသည်၊ မရှိပြီဟု-ကြွေးကြော်ပြီးလျှင်၊ ရတေလေသော်။ တာဝတိံသာ, နတ်ပြည်၌။ နတ်၏ စည်းစိမ်ကို ခံစားရလေ၏။ သီလ၏ အကျိုးဟူ၍မှတ်။

တနည်း, သာခက-ထုတ်ဆောင်၍ ပြဦးအံ့။ ။ဝိပဿီမြတ်စွာဘုရား ကိုယ်တော်မြတ် ပွင့်တော်မူရာ။ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ ဂုဏ်အင်္ဂနွမ်းပါး။ ရေခပ်၍ စားရသော, သူငယ်မကလေး-တယောက်သည်။ တနေ့သ၌။ ဗန္ဓုမတီ၊ မင်းနေပြည်ကြီး၌။ ရှင်ဘုရင်နှင့်တကွ၊ တိုင်းသူ ပြည်သား, လူအများတို့သည်။ ဘုရားသခင်-ကျောင်းတော်သို့။ ဥပုသ်စောင့်သွားကြသည်မှာ။ သူ့ထက်ငါ-ပလူ ထွက် သကဲ့သို့။ အဆက်မပြတ်သွားကြသည်ကို။ ထိုသူငယ်မကလေး,မြင်တဲ့အခါ။ ကြော်—ရှင်ဘုရင်နှင့်တကွ။ တိုင်းသူပြည်သား, လူအများတို့သည်။ ကျောင်းတော်သို့သွား၍၊ ဥပုသ်စောင့်သုံး

ကြလေ၏။ ကောနီမုချ၊အကျိုးကျေးဇူးများ၍သော။ယှုလောက်သူ့ထက်ငါ့ဥပုသ်သီလကို-စောင့်သုံးကြတာဘဲ။ ငါလဲ၊ လူ၏ဘဝကို ရပါလျှက်။ ကုသိုလ်ကောင်းမှု၊ ဘာတခုမျှ၊ မပြုမလုပ်ရသည်အတွက်။ ယနေ့တရက်-ထိုသူများကဲ့သို့ ဥပုသ်သီလကို-ဆောက်တည်အံ့ဟု။ ဘုရားကျောင်းတော်သို့သွားပြီးလျှင်။ သီလ ဆောက်တည်လေ၏။ ထိုဘဝမှ-ဇုတေလေသော်။ ဘာဝတိံသာနတ်ပြည်သို့ရောက်၍။ နတ်သွီး-တသိန်းခြံရံလျှက်။ နတ်မိဇရား, ခြောက်ဆယ့် လေး ကြိမ်။ စကြာဝတေးမင်း၏-မိဖုရား, ခြောက်ဆယ့်လေးကြိမ်ဖြစ်ပြီးလျှင်။ ငါတို့-မြတ်စွာဘုရား, လက်ထက်တော်အခါ၌။ သာဝတ္ထိပြည်။ သူကြွယ်၏ သွီးဖြစ်၍။ ခုနစ်နှစ်အရွယ်က, ဘိက္ခုနီမပြုလုပ်၍။ တဆဲ့ငါးရက် တိုင်တိုင်။ ရုပ် နာမ် မွေ့၊ သင်္ခါရကို၊ ပွါးများအားထုတ်၍။ အရဟတ္တဖိုလ်သို့ရောက်ရသော။ "ကေပေါသထိက-ဘိက္ခုနီမ"-ဟု။ ထင်ရှားစွာ ဖြစ်သည်ကိုထောက်ထားသောအားဖြင့်။ သီလ၏အကျိုးကိုသိလော့ပြီ။

တနည်းပြဦးအံ့။ ။တသင်္ချေနှင့် ကမ္ဘာတသိန်း ထက်၌။ စန္ဒာဝတီ-ပြည်ကြီးဝယ်။ အနောမဒဿီ, အမည်ရှိသည့်။ မုနိပုင်္ဂဝ၊ စေဇုန္တ သည်။ သစ္စာလေးဆင့်၊ ပွင့်လင်းသည့်အခါ။ "ပဥ္စသီလသမ္မာဒါနိယ,မထေရ်၏ အလောင်းသည်။" ဆင်းရဲနွမ်းပါးသောအမျိုးသားဖြစ်၍။ သူတပါးတို့၏ အိမ်၌။ အခစား, သူရင်းငှါးအဖြစ်ဖြင့်၊ အသက်မွေးရလေ၏။ ထိုသူသည်၊ ဘဝါဘဝက-ပါရမီကံ,အမြင်သန်၍။ သံသရာတွင်-အဖြစ်မြင်လေသော်။ သာသနာတော်ထမ်း-ရဟန်းပြုအံ့ဟုကြံပါသော်လဲ အခွင့်မရ၍။ အနော်မဒဿီ-မြတ်စွာဘုရား၏ တပည့်သားဖြစ်သော။ အရှင်-နိသဘ, မထေရ်-အထံ။ ငါးပါးသီလ၊ မြတ်

ဓမ္မကို။ ကာလမြင့်ရှည်၊ ဆောက်တည်လေ၏။ ထိုမှတဖန်၊ ဗုဒ္ဓပြန်သော်။ လူ့ရပ်–နတ်ထံ၊ အဖန်ဖန် အထပ်ထပ်။ သုဂတိရပ်တို့တွင်၊ ခံစားစံစားပြီးလျှင်။ ငါတို့-မြတ်စွာဘုရား ပွင့်တော်မူလာတဲ့အခါမှာ။ ဝေသာလီပြည်တွင်။ စည်းစိမ် ဥစ္စာ၊ ကြွယ်ဝချမ်းသာသော, အမျိုး၌ဖြစ်၍။ မိဘများ,သီလ ဆောက်တည်သည်ကိုမြင်သဖြင့်။ သီလ၏ ဂုဏ်ကျေးဇူးကို အောင်းမေ့ ဆင်ခြင် ပြီးလျှင်။ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း ကို စီးဖြန်းလျက်။ ရဟန်းပြုပြီး၊ မကြာမီ၊ အာသဝေါ လေး တန်၊ ပါယ်လှန်ခွါမြှောလျက်၊ ရဟန္တာအဖြစ်သို့ရောက်လေ၏။ ငါတို့ဘုရားလက်ထက်။ "ပဉ္စသီလ သမာဒါနိယ-ရဟန္တာ" ဖြစ်၍။ ပရိနိဗ္ဗာန်စံတော်မူရလေသည်ကို ထောက်ဆ၍။ ယခု ကာလ, လူများက။ ငါးပါးသီလ၊ ရှစ်ပါးသီလ-အစရှိသည် တို့သည်။ တံငါ မုဆိုး ဆောက် တည်တဲ့ သီလ-လို့ ပြော ဆိုကြသည်များ၊ အပါယ်ရိက, ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ မှ–မရှက်လေရော့သလား။ အနောတ္တပ္ပ, ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ-မကြောက်လေရော့သလားဟု၊ တွေးတော ဆင်ခြင်မိလေ၏။ သို့သော်။လောကကြီးအလယ်မှာ၊ အရှက် အကြောက်ရှိရမည်။ အရှက်အကြောက်ရှိမှသာလျှင်။ လူ– ဟူ၍ခေါ်ဆိုသမုတ်အပ်၏။ ပခုံးနှစ်ဘက်ကြား-ခေါင်းပေါက် လျက်။ ထမင်းစား ကြီးသော်လည်း။ ကုသိုလ်–အကုသိုလ် ကို၊ ခွဲခြမ်း၍သိရမည်။ အကျိုးဟုတ်သည်–မဟုတ်သည်ကို၊ ခွဲခြမ်း၍သိရမည်။ အကြောင်းဟုတ်သည်-အကြောင်းမဟုတ် သည်ကို၊ ခွဲခြမ်း၍သိရမည်။ ဘာကြောင့်လဲ။ တံငါမုဆိုးတို့ မည်သည်မှာ။ နေ့စဉ်–နေ့စဉ်၊ ပါဏာတိပါတ ကံတွေကို။ အမြဲမပြတ် ပြုလုပ်နေကြသူတွေမှာ။ အဘယ်မှာလျှင်၊ သီလ ဆောက်တည်ပါအံ့နည်း။

သည့်တွင်မျှ မကသေး။ သီလကို-အထူးဆောက်တည်နေရန်မလို။ ဆော့တည်နေလျှင်။ ခန္ဓာကိုယ်က, ဆာလောင်မွတ်သိပ်ခဲ့သော်။ ခန္ဓာကိုယ်ကို၊ နှိပ်စက်ညှင်းဆဲရာ ရောက်သည်။ သို့အတွက်။ အဟာရကို၊ အချိန်မရွေး စားသောက်နိုင်သည်ဟု-ပြောဟောကြသော သူများသည်။ ဗုဒ္ဓဘာသာမဟုတ်တဲ့၊ တရုပ်-ကုလားများတောင်၊ ယှူလို-မပြောကြပါ။ သူတို့၏ ဘာသာအလျောက်၊ သူတို့ ကိုးကွယ်ကြ လေသည်။ ယှူမှာမူကား။ ဘယ်လိုလူစားက, ဘယ်လိုစကားများပြောဝန့်ကြသည်ဆိုတာကို။ ငါတို့များ, ကြက်သီးမွေးညှင်းထမိပါ၏။

အချို့က ကုသိုလ်ကံ-အကုသိုလ်ကံ-မရှိ။ အကျိုးတရားလည်း မရှိဟု ဆိုကြသေး၏။ အကြောင်းလည်း မရှိဟု၊ ပြောဆိုကြသေး၏။ ။အပါယဂမနီယဖြစ်တဲ့ ဒိဋ္ဌိကြီး သုံးပါး၊

ယထာဘူတ ဂဟာဏာဘာဝေန၊ မိစ္ဆာ ပဿတီတိ၊
မိစ္ဆာဒိဋ္ဌိ။ ။(အဋ္ဌသာလိနီ။)

(အနက်။) ယထာ ဘူတ ဂဟာဏာ ဘာဝေန၊ ဟုတ်မှန်သော သဘောကို ယူခြင်း မရှိသဖြင့်။ မိစ္ဆာ၊ ဖောက်ပြန်သောအယူကို။ ပဿတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။ ။မိစ္ဆာပဿတီတိ ဝိတထံပဿတိ။ ။(မူလဋီကာ။) ။မိစ္ဆာပဿတီတိ၊ မိစ္ဆာပဿတိဟူသည်ကား။ ဝိတထံ၊ ချွတ်ယွင်းဖေါက်ပြန်သည်ကို။ ပဿတိ၊ ရှုတတ်၏။ ။မိစ္ဆာဝိပရီတတော ပဿတီတိ မိစ္ဆာဒိဋ္ဌိ။ (ဝိဘာဝနီဋီကာ။) ။မိစ္ဆာဝိပရီတတော၊ အယူမမှန်။ ဖေါက်ပြန်သောအားဖြင့်။ ပဿတိ၊ ရှုမြင်တတ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။

တနည်း။—(မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။)

ဣမာသုပန တီသုဒိဋ္ဌီသု နတ္ထိကဒိဋ္ဌိဝိပါကံပဋိဗာဟတိ၊ အကြိယဒိဋ္ဌိ ကမ္မံပဋိဗာဟတိ၊ အဟေတုကဒိဋ္ဌိ ဥဘယံ ပဋိဗာဟတိ။ ။

(အနက်။) ပန၊ အထူးကိုဆိုဦးအံ့။ ။ဣမာသုတီသုဒိဋ္ဌီသု၊ ဤသုံးပါးသော, ကမ္မပထမြောက်သောဒိဋ္ဌိတို့တွင်။ နတ္ထိကဒိဋ္ဌိ၊ နတ္ထိကအယူရှိသော သူသည်။ ဝိပါကံ၊ အကျိုးတရားကို။ ပဋိဗာဟတိ၊ တားမြစ်၏။ အကြိယဒိဋ္ဌိ၊ အကြိယ အယူရှိသောသူသည်။ ကမ္မံ၊ ကုသိုလ်ကံ-အကုသိုလ်ကံကို။ ပဋိဗာဟတိ၊ တားမြစ်၏။ အဟေတုကဒိဋ္ဌိ၊ အဟေတုက အယူရှိသောသူသည်။ ဥဘယံ၊ အကျိုးကံနှစ်ပါးစုံကို။ ပဋိဗာဟတိ၊ တားမြစ်၏။ ။လိုရင်းအဓိပ္ပါယ်မှာ။ ကုသိုလ်ကံ-အကုသိုလ်ကံ၏ အကျိုးတရားကို ပယ်ခြင်းသည်။ နတ္ထိက ဒိဋ္ဌိဟု မှတ်။ ကုသိုလ်ကံ-အကုသိုလ်ကံတရားကိုပယ်ခြင်းသည်၊ အကြိယဒိဋ္ဌိဟုမှတ်။ အကျိုးတရား ကံတရားကိုပယ်ခြင်း သည်။ အဟေတုကဒိဋ္ဌိဟုမှတ်။ ၎င်းဒိဋ္ဌိကြီးသုံးပါးသည်။ နတ်ရွာမဂ်ဖိုလ်နှစ်ပါးလုံးကို၊ တားမြစ်နိုင်၏။ အနန္တရိယကံ,မိစ္ဆာဒိဋ္ဌိ ဆယ်ပါး သည်။ မဂ်ဉာဏ်ကိုသာ, တားမြစ်၏။ နတ်ရွာကို မတားမြစ်။ သက္ကာယဒိဋ္ဌိ နှစ်ဆယ်သည်၊ နတ်ရွာ မဂ်ဉာဏ်နှစ်ပါးလုံးကို၊ မတားမြစ်တက်ဟုမှတ်။ သို့သော်။ ထိုသက္ကာယဒိဋ္ဌိ နှစ်ဆယ်သည်၊ နတ်ရွာ မဂ်ဉာဏ်ကို မတားမြစ်ဟုဆိုသော်လည်း။ ထိုသက္ကာယဒိဋ္ဌိနှစ်ဆယ်၌။ တပါးပါးကို စွဲလမ်း၍ သေသွား ပါလျှင်။ နတ်ရွာသို့ မရောက်နိုင်။ ငရဲ၌သာ, နစ်မြုတ်ရလေ၏။ ထိုအပါယဂမနိယဖြစ်တဲ့ဒိဋ္ဌိကြီးများကို၊ယူမှားသောပုဂ္ဂိုလ်တို့သည်။ သံသရာ၌သစ်ငုတ်

ကြီး,ဧကံဖြစ်၏ဟုမှတ်။ မြေကြီးစောင့်သော,ပထဝီဒေဝါပက ပုဂ္ဂိုလ်ဟု–သမုတ်အပ်၏။

အင်္ဂုတ္တိုရ်ပါဠိမြတ်၌။ ။မိစ္ဆာဒိဋ္ဌိ ပရမာနိ ဘိက္ခဝေ ဝဇ္ဇာနိ။ ။ဘိက္ခဝေ။ ချစ်သားတို့။ ဝဇ္ဇာနိ၊ အပြစ်တို့သည်။ မိစ္ဆာဒိဋ္ဌိ ပရမာနိ၊ မိစ္ဆာဒိဋ္ဌိ အပြစ် လျှင်၊ လွန်ကဲသော သဘောရှိကုန်၏။ ။သီလခဏ်းပြီးပြီ။

---

## ၂၇။ ဘာဝနာခဏ်းကိုပြဦးအံ့။

ဘာဝနာဟုဆိုသည်မှာ၊ ကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့ကို ပွါးများခြင်းကိုဆိုသည်။

ဘာဝေတိကုသလေဓမ္မေ အာသေဝတိ ဝဍ္ဎေတိ ဧတာယာတိ ဘာဝနာ။ ။(ဋီကာကျော်။)

ဧတာယ၊ဤစေတနာဖြင့်။ ကုသလေဓမ္မေ၊ကုသိုလ်တရားတို့ကို။ ဘာဝေတိ အာသေဝတိ ဝဍ္ဎေတိ။ ပွါးစေတတ်၏။ ဣတိတသ္မာ၊ ဤသို့ပွါးစေကြောင်း ဖြစ်သော သတ္တိကြောင့်။ သာစေတနာ၊ ထိုစေတနာသည်။ ဘာဝနာ၊ဘာဝနာမည်၏။

(တနည်း)—စတ္တာလီသာယ ကမ္မဋ္ဌာနေသုခန္ဓာဒိသုစ ဘူမိသုပရိကမ္မသမသန ဝသပ္ပဝတ္တာ အပ္ပနံအသမ္ပတ္တာ ဂေါတြဘုပရိယောသာန စေတနာ ဘာဝနာနာမ။ ။ (ဋီကာကျော်။)

စတ္တာလီသာယ၊လေးဆယ်အပြားရှိသော။ကမ္မဋ္ဌာနေသုစ၊ ကမ္မဋ္ဌာန်းတို့၌၎င်း။ ခန္ဓာဒိသု၊ ခန္ဓာ အစရှိကုန်သော။ ဘူမိသုစ၊

ဝိပဿနာ၏ အာရုံတို့၌ငှင်း။ ပရိကမ္မ သမသန ဝသပ္ပဝတ္တာ၊ အဖန်တလဲလဲ စီးဖြန်းခြင်း သုံးသပ်ခြင်း၏အစွမ်းအားဖြင့်ဖြစ်သော။ အပ္ပနံ၊ အပ္ပနာသို့။ အသမ္ပတ္တာ၊ မရောက်သော။ ဂေါတြဘူပရိယောသာနစေတနာ၊ ဂေါတြဘူအဆုံးရှိသောစေတနာသည်။ ဘာဝနာ နာမ၊ ဘာဝနာမည်၏။ ။အမိပ္ပါယ်ကား။ ။ကမ္မဋ္ဌာန်းလေးဆယ်တို့၌ငှင်း။ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့၌ငှင်း။ ဝိပဿနာ၏ အာရုံအားဖြင့်၊ အဖန်တလဲလဲ စီးဖြန်းခြင်း၊ သမသနဉာဏ်ဖြင့် သုံးသပ်ခြင်းသည်၊ အပ္ပနာသို့ မရောက်သေး။ ဂေါတြဘူအဆုံးရှိသော, စေတနာကိုသာလျှင်၊ ဘာဝနာဟူ၍မှတ်။ ဂေါတြဘူမှစ၍၊ ရှာန်မဂ်တို့၏အခြားမဲ့၌၊ စီးဖြန်းအပ်သော,ဘာဝနာသည်။အပ္ပနာပတ္တဘာဝနာမည်၏ဟူ၍မှတ်။

တနည်း။— ဒေသနာသဝန ဒိဋ္ဌိဇုကာပန ကုသလာ ဓမ္မာ သေဝနတော ဘာဝနာမယေသင်္ဂဟံဂစ္ဆန္တိ။ ။
(ဋီကာကျော်။)

ဒေသနာသဝနဒိဋ္ဌိဇုကာပန၊ ဓမ္မဒေသနာ၊ ဓမ္မသဝန၊ ဒိဋ္ဌိဇုကမ္မတို့သည်ကား။ ကုသလာဓမ္မာသေဝနတော၊ ကုသိုလ်တရားကို သုံးသပ်သောကြောင့်။ ဘာဝနာမယေ၊ ဘာဝနာမယကုသိုလ်၌။ သင်္ဂဟံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ငှင်း-ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ တရားတို့သည်။ ကုသိုလ်တရား၌ သုံးသပ်ခြင်း-ဆင်ခြင်ပွါးများခြင်းကြောင့်။ ဘာဝနာမယကုသိုလ်၌ ပေါင်း၍ယူအပ်ကုန်၏။

ဘာဝနာဟူသည်။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍၊ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ သမထဘာဝနာသည်။ ။ပဋ္ဌနိကဓမ္မေ သမေတီတိ သမထော။ ။ယာ

သမာဓိ၊ အကြင်သမာဓိသည်။ ပစ္စနိကဓမ္မ၊ ဆန့်ကြင်ဘက် ဖြစ်သော။ ကာမစ္ဆန္ဒ-နီဝရဏ၊ ဗျာပါဒနီဝရဏ-တရားတို့ကို။ သမေတိ၊ ငြိမ်းအေးစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော သမာဓိ၊ ထိုသမာဓိသည်။ သမထော၊ သမထမည်၏။ ။ ၎င်းသမထဘာဝနာ၌။ သမာဓိကြီးစိုးသည်။ သမာဓိကိုရမှ သာလျှင်။ မဂ်ဖိုလ်၏ ဘေး အန္တရာယ် ဖြစ်သော၊ နီဝရဏ တရား, ခြောက်ပါးတို့သည်။ ငြိမ်းအေးနိုင်မည်။ ထိုနီဝရဏ တရား, မငြိမ်းအေးပါက၊ သမထ-မဖြစ်နိုင်ဟုမှတ်။

ဝိပဿနာ ဘာဝနာဆိုသည်မှာ။ ။အနိစ္စာဒိဝသေန၊ ဝိဝိဓာကာရေန၊ ပဿတီတိ ဝိပဿနာ။ ။

(ဋီကာကျော်။)

ယာပညာ၊ အကြင်ပညာသည်။ အနိစ္စာဒိဝသေန၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ဝိဝိဓာကာရေန၊ အထူးထူး အပြားပြားသော အချင်းအရာအားဖြင့်။ ပဿတိ၊ ရှုမြင်တတ် ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာပညာ၊ ထိုပညာသည်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

ထိုဝိပဿနာဘာဝနာ၌။ ပညာကြီးစိုးသည်။ ထိုပညာ သည်။ မဂ္ဂင်အားဖြင့်၊ ပညာမဂ္ဂင်။ ဣန္ဒြေအားဖြင့်၊ ပညိန္ဒြေ။ ဗိုလ်အားဖြင့်၊ ပညာဗိုလ်။ ဗောဇ္ဈင်အားဖြင့်၊ ဓမ္မဝိစယသမ္ဗော ဇ္ဈင်။ အဓိပတိအားဖြင့်၊ ဝိမံသာဓိပတိ–ဟူ၍မှတ်။ ထိုပညာ စေတသိက်သည်။ ဟိတ်ဌာန၊ မဂ္ဂင်ဌာန၊ ဣန္ဒြေဌာန၊ ဗိုလ်ဌာ န၊ အဓိပတိဌာနအားဖြင့်၊ ငါးဌာန–တတ်သည်။

၎င်း-သမထဘာဝနာ၊ဝိပဿနာဘာဝနာနှစ်ပါးတို့တွင်။ သမထ-အားထုတ်သောပုဂ္ဂိုလ်အား။ ဥပစာရသမာဓိ၊ အပ္ပ

နာသမာဓိ-မှတပါး။ လောကုတ္တရာ—တရားကို, ရခြင်းမည်သည်မရှိ။ ဝိပဿနာ-အားထုတ်သော,ပုဂ္ဂိုလ်သည်။ ခဏိကသမာဓိမှတပါး။ လောကုတ္တရာ·တရားကို, ရခြင်းမည်သည်မရှိ။ ထိုသမထ-ဝိပဿနာ, နှစ်ပါးကို အား ထုတ် သောသူသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ—ဟုဆိုအပ်သော။ ဝိမောက္ခမုခတရားမှလွတ်၍။ လောကုတ္တရာ-တရားကို ရခြင်းမည်သည်မရှိဟုမှတ်။

> ထို့ကြောင့်။— မူလအဋ္ဌကထာ၌။ ။သမထယာနိကဿပိ၊ ဥပစာရပ္ပနာဘေဒံ သမာဓိံ၊ ဝိပဿနာ၊ ခဏိကသမာဓိံ၊ ဥဘယေသမ္ပိဝိမောက္ခမုခတ္တယံ၊ ဝိနာန-ကဒါစိပိ၊ လောကုတ္တရ မဂ္ဂမော သမ္ဘဝတိ၊ တေနာဟ၊ သမာဓိဥ္စ၊ ဝိပဿနဥ္စ ဘာဝယမာနောတိ။ ။

(အနက်။) ဟိသစ္စံ၊ မှန်၏။ သမထယာနိကဿ၊ သမထအားထုတ်သော ပုဂ္ဂိုလ်အား။ ဥပစာရပ္ပနာဘေဒံ၊ ဥပစာရအပ္ပနာအားဖြင့် ကွဲပြားခြင်းရှိသော။ သမာဓိံ၊ ဥပစာရသမာဓိ-အပ္ပနာသမာဓိကို။ ဝိနာ၊ ကြဉ်၍။ ကဒါစိပိ၊ တရံတဆစ်မျှလည်း။ လောကုတ္တရမဂ္ဂမော၊ လောကုတ္တရာတရားကိုရခြင်းသည်။ နသမ္ဘဝတိ၊ မဖြစ်။ ဝိပဿနာယာနိကဿ၊ သမထယာနိကပုဂ္ဂိုလ်မှတပါး။ ဝိပဿနာအားထုတ်သော-ပုဂ္ဂိုလ်အား။ ခဏိကသမာဓိံ၊ ခဏိကသမာဓိကို။ ဝိနာ၊ ကြဉ်၍။ ကဒါစိပိ၊ တရံတဆစ်မျှလည်း။ လောကုတ္တရမဂ္ဂမော၊လောကုတ္တရာတရားကိုရခြင်းသည်။ နသမ္ဘဝတိ၊ မဖြစ်။ ဥဘယေသမ္ပိ၊ သမထယာနိက-ဝိပဿနာ ယာနိက, နှစ် ပါး ရဲတို့ အားလည်း။ ဝိမောက္ခမုခတ္တယံ၊ အနိစ္စနုပဿနာ၊ ဒုက္ခနုပဿနာ၊ အနတ္တနုပဿနာဟူသော,ဝိမောက္ခသုံးပါးကို။ ဝိနာ၊ ကြဉ်၍။ ကဒါစိပိ၊

တရံဘဆစ်မျှလည်း။ လောကုတ္တရာမဂ်မော၊ လောကုတ္တရာတရားကိုရခြင်းသည်။ နသမ္ဘဝတိ၊ မဖြစ်။ တော၊ ထို့ကြောင့်။ သမာဓိံ၊ ဝိပဿနဉ္စ၊ ဘာဝယမာနေ့ာတိ။ ။သမာဓိဉ္စ၊ ဝိပဿနဉ္စ၊ ဘာဝယမာနော-ဟူ၍။ အာဘာ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

၎င်း အဋ္ဌကထာဆရာ၏ အလိုအတိုင်း။ ရှေးဦးစွာ, သမထ အလုပ်ကို၊ တွင်ဘွင်ကြီး, အားထုတ်ရမည်။ သမထ-သည်၊ သမာဓိဦးစီးသည်။ ထိုသမာဓိသည်။ မဂ္ဂင်၊ ဈာန်၊ ဗိုလ်၊ ဗောဇ္ဈင်-ထိုက်သော တရားဟူ၍မှတ်။ ထို့ကြောင့်၊ နိဗ္ဗာန်မင်္ဂလာကို အလိုရှိကြသော, အမျိုးကောင်းသားသမီး တို့သည်။ သမထအလုပ်ကို-ရှေးဦးစွာ အားထုတ်သင့်လှပေ၏။ ထိုသမထ, အားထုတ်ရာတွင်။ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင်၊ အထွန်ဆုံး-အမြတ်ဆုံး-ဖြစ်တဲ့။ ဗုဒ္ဓါနုဿတိ-ကမ္မဋ္ဌာန်းကို ရှေးဦးစွာ အားထုတ်သင့် ကြောင်းကို။- အပါဒါန်ပါဠိတော်။ ။

(၁) ထေရအဋ္ဌကထာ၌။ ။ပဒုမုတ္တရ မြတ်စွာဘုရားသခင်သည်။ နန္ဒရသေ့အား, ဟောတော် မူသည်မှာ။ ။ ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနံ အနုတ္တရံ-ဟု။ ဟောတော်မူသည်။ ။နန္ဒ၊ နန္ဒရသေ့။ ဘာဝနာနံ၊ ဘာဝနာတကာတို့ထက်။ အနုတ္တရံ၊ အထွန်ဆုံး-အမြတ်ဆုံးဖြစ်သော။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ-ကမ္မဋ္ဌာန်း ကို။ တွံ၊ သင်-နန္ဒရသေ့-သည်။ ဘာဝေဟိ၊ ပွါးများအား ထုတ် လေလောဟု။ မြတ်စွာဘုရားဟောတော်မူသည်။ ထိုနန္ဒ-ရသေ့သည်။ ဗုဒ္ဓါနုဿတိ-ဘာဝနာဟူသော-ကောင်းမှုကြောင့်။ ကမ္ဘာတသိန်းကာလပါတ်လုံး။ အပါယ်လေးပါးသို့၊ တကြိမ်တခါ

*No. 38.*

မှု-မလား မကပ်ရဘဲ။ ငါတို့မြတ်စွာဘုရားလက်ထက်တော်အခါမှာ။ ကုဋေ ရှစ်ဆယ်သော-ရွှေငွေ ရတနာကို စွန့်ပါယ်၍။ သာ သနာ တော်- ထမ်း ဆောင် ၍၊ ရဟန်း ဘောင်သို့ ရောက်သောအခါ။ မကြာမြင့်မှီ၊ ရဟန်းတရားအားထုတ်၍။ "သုဘူတိမထေရ်" ရယ်ဟု။ ရဟန္တာအဖြစ်သို့-ရောက်တော်မူလေ၏ဟုမှတ်။

တနည်းပြဦးအံ့။— ဗုဒ္ဓါရမ္မဏာပိတိံ ပဋိလဘိတွာ ဝိပဿနံ၊ ဝဍ္ဎေတွာ အရဟတ္တံပါပုဏိ။ ။

(၂) ပရိဝါအဋ္ဌကထာ။ ထေရော၊ အန္တကာရဗုဿဒေဝမထေရ်သည်။ ဗုဒ္ဓါရမ္မဏာ၊ ဘုရားလျှင် အာရုံရှိသော။ ပိတိံ၊ ပိတိကို။ ပဋိလဘိတွာ၊ ရ၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွါးစေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်လေ၏။ ။ထိုအန္တကာရဗုဿဒေဝမထေရ်-သည်။မာရ်နတ်မင်းဖန်ဆင်း၍ ပြအပ်သော။ မြတ်စွာဘုရား၏—အသွင် သဏ္ဌာန်တော်ကို မြင်ရ၍။ ရာဂ၊ ဒေါသ၊ မောဟ-မကင်းဘဲလျှက်။ ယှူလောက် တင့်တယ်သေး၏။ ရာဂ၊ ဒေါသ၊ မောဟ-ကင်းပြီးသော, ဘုရားသခင်မှာမူကား။ အဘယ် ဆိုဘွယ်ရာ ရှိအံ့နည်း။ အလွန့်အလွန်-တင့်တယ်တော်မူပါပေစွတကားဟု။ ဘုရားလျှင် အာရုံရှိသော။ ဗုဒ္ဓါရမ္မဏာပိတိကိုရ၍။ ဝိပဿနာကို ပွါးများအားထုတ်လိုက်သော်။ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

(၃) တနည်းပြဦးအံ့။ ။သိဟဠဝတ္ထု၌။ နန္ဒိဝါဏိဇ္ဇ-ကုန်သည် တယောက်သည်။ ကုန်ရောင်း ကုန်ဝယ် သွားတဲ့အခါ။ မိမိခင်ပွန်းသည်မိန်းမ,လေသာတံခါး၌နေစဥ်။အမတ်

တယောက်သည်။ ထိုမိန်းမ၌။ ရာဂဖြင့်-တပ်သောစိတ်ရှိသည်ဖြစ်၍။ ဆေးဆရာကိုခေါ်ပြီးလျှင်။ နန္ဒဝါဒိစ္စကုန်သည်ကိုအသတ်ခိုင်းလေ၏။ ဆေးဆရာ-သည်။သူသေကောင်-ကို၊ ဇတ်သွင်း၍ လွှတ်လိုက်လေ၏။ ကုန်ရောင်း အပြန်တွင်-တွေ့လေသော်။ ထိုဘီလူးသည်။ ကြောက်မက်ဘွယ်သော, အခိုးအလျှံကို လွှတ်၍-ပြ၏။ ကုန်သည်လည်း။ ဣတိပိသောဘဂဝါ-အရပ်-အစရှိသော, ဂုဏ်တော်ကို၊ ရွတ်ဘတ်သရဇ္ဈာယ်သဖြင့်။ သံဝေတိုင်း ကာရံသည်ထင်မှတ်၍။ ပြန်သွားလေ၏။ ထိုအတူ၊ သုံးကြိမ်စေ့အောင်-စေလွှတ်၏။ မြတ်စွာဘုရား၏-ဂုဏ်တော်ကြောင့်။ အနီးသို့ မကပ်နိုင်ဘဲ။ ဆေးဆရာ နှင့်အမတ်ကို။ သန်လျက်ဖြင့် ခုတ်သတ်လေ၏။

(၄) ၊ တနည်းပြဦးအံ့။ ။ကဿပမြတ်စွာဘုရား-သာသနာတော်၌။ အလမ္ပါယ်ပုဏ္ဏား တယောက်သည်။ မြွေရှာသွားလေသော်။ မိုးချုပ်၍ တခုသောရွာ၌ အိပ်လေ၏။ ထိုရွာ၌ နေကြသောသူတို့-ရွတ် ဆို အပ် သော။ ဗုဒ္ဓါနုဿတိအသံကို ကြားလေ၏။ မိုးသောက်လတ်သော်။ မြွေရှာသွားလေ၏။ ထိုအခါ။ နဂါးမင်းကို-မြွေမှတ်ထင်၍။ ဖမ်းမည်ပြုရာတွင်။ နဂါးမင်းသည်၊ အမျက်ထွက်၍။ အလျှင်အမြန်လိုက်လေသော်။ ထိုအလမ္ပါယ် သည်။ လွတ် အောင် ပြေး သော်လည်း။ ကျောက်ခဲ တိုက်မှီ၍ လဲလေ၏။ ထိုအခါ၊ အလမ္ပါယ်သည်။ ကိုးကွယ်စရာမရှိ၍။ ညအခါက-ကြားခဲ့ဘူးသော-ဗုဒ္ဓါနုဿတိကို-ရွတ်ဆိုသဖြင့်။ နဂါးမင်းသည်၊ မလိုက်မူ၍။ ရွှေပန်း, သုံးပွင့်ကို ပေးလေ၏။ တပွင့်-ကို၊ ငါ၏ ကိုယ်စား, စေတီတော်အား၊ ပူဇော်ပါလေ။ တပွင့်-ကို၊ အသင်၏ကိုယ်စား, စေတီတော်အား၊ ပူဇော်ပါလေ။ တပွင့်-ကို၊ သင်အား-အသက်မွေးလေဟု-ပေးလိုက်၏။ နဂါးမင်း ဆိုလိုက်

တိုင်းပြု၏။ ထိုပုဏ္ဏားသည်။ အလမ္ပါယ်အတတ်ကို စွန့်ပါယ်၍ ကောင်းမှုကုသိုလ်ပြု၍ စုတေသော်။ နတ်ပြည်၌ ဖြစ်လေ၏။

(၅) တနည်းပြဦးအံ့။ ။မဟာကပ္ပိန္နမင်းသည်။ ကုက္ကုဋဝတီပြည်ကိုစွန့်၍။ အမတ် တထောင် နှင့်၊ မြတ်စွာဘုရား အထံသို့လာရာ။ အစောက်—တဂါဝုတ်၊ အနံ—နှစ်ဂါဝုတ်ရှိ သော။ အပရဝစ္ဆမြစ်သို့ ရောက်သောအခါ။ လှေ ဖေါင်ရှာ၍ နေသော်၊ ကြာလင့်မည်။ ရတနာ သုံးပါး ဂုဏ် တော် ကို အာရုံ၍။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို၊ စီးဖြန်းလျက်၊ မြင်းစီး လျက်။ အမတ်တထောင်နှင့်၊ မြင်းကိုစိုင်းလေသော်။ ကျောက် ဖြာအပြင်၌ စိုင်းနှင်ရသကဲ့သို့။ ခွါများကိုမျှ—ရေမစွတ်ကုန်။

(ထေရဂါထာ အဋ္ဌကထာ။)

(ဓမ္မပဒအဋ္ဌကထာမှာ ကြည့်လေ။)

———ooo———

၂၁။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပုံကို ဆိုဦးအံ့။

အနု အနုဿရဏံ၊ အနုဿတိ၊ အရဟာဘာဒိ ဗုဒ္ဓ
ဂုဏာရမ္မဏာ၊ အနုဿတိ၊ ဗုဒ္ဓါနုဿတိ။ ။
(ဝိဘာဝနီဋီကာ။)

(အနက်။) အနု အနု၊ အဖန်တလဲလဲ။ သရဏံ၊ အောက်မေ့ခြင်း။ အနုဿတိ၊ အဖန်တလဲလဲအောက်မေ့ခြင်း။ အရဟာထာဒိဗုဒ္ဓဂုဏာရမ္မဏာ။ အရဟာတာအစရှိသော၊ ဘုရားဂုဏ် လျှင် အာရုံရှိသော။ အနုဿတိ၊ အဖန်တလဲလဲအောက်မေ့ခြင်း သည်။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိမည်၏။ ။ထိုဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော, ယောဂါဝစရပုဂ္ဂိုလ်သည်။ ရှေး ဦးစွာ၊ ဝန်ဆင်းရဲတို့၏ ကုန်ငြိမ်းရာ၊ အလွန် အေးမြ လှစွာ သော, နိဗ္ဗာန်ရွှေပြည်မြတ်ကို တောင့်တလျက်။—

ဣမာသံ ဘန္တေ၊ အဋ္ဌဘာဝံ၊ ဘဂဝတော၊
ကောဒိသံ၊ ပရိဒ္ဓဓာမိ။ ။(သုံးခေါက်ဆို။)

ဘန္တေ၊ ရွှေဘုန်းတော်သခင်၊ အရှင် သူမြတ်ကြီး ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣမံအဋ္ဌဘာဝံ၊ ဤအဋ္ဌဘောကြီးကို။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ကောဒိသံ၊ တနေ့ပါတ်လုံး။ ပရိဒ္ဓဓာမိ စွန့်လှူပါ၏။ ။ယှူ့အတိုင်း–သုံးခေါက်ဆို၍။ မိမိခန္ဓာကိုယ် အဋ္ဌဘောကြီးကိုလှူပြီးလျှင်။ သရဏဂုံသုံးပါးနှင့်တကွ။ ငါးပါး သီလ ဖြစ်စေ။ ရှစ်ပါး သီလ ဖြစ်စေ။ ဆောက်တည်ပြီးလျှင်။ မိမိတတ်စွမ်းသမျှ·ဘုရားရှိခိုး၍။ဒုက္ခိတသတ္တဝါ၊ သုခိတသတ္တဝါများကို။ မေတ္တာပို့·အမျှဝေပြီး လျှင်။

[အနုလုံ စီးဖြန်းနည်း။]

(၁) သောဘဂဝါရှုတိပိ-အရဟံ။

(၂) သောဘဂဝါရှုတိပိ-သမ္မာသံဗုဒ္ဓေါ။

(၃) သောဘဂဝါရှုဘ်ပိ-ဝိဇ္ဇာစရဏသမ္ပန္နော။

(၄) သောဘဂဝါရှုတိပိ-သုဂတော။

(၅) သောဘဂဝါရှုတိပိ-လောကဝိဒူ။

(၆) သောဘဂဝါရှုတိပိ-အနုတ္တရောပုရိသဓမ္မသာရထိ။

(၇) သောဘဂဝါရှုတိပိ-သတ္တာဒေဝမနုဿာနံ။

(၈) သောဘဂဝါရှုတိပိ-ဗုဒ္ဓေါ။

(၉) သောဘဂဝါရှုတိပိ-ဘဂဝါ။

**No. 39.**

[ပဋိလုံ စီးဖြန်းနည်း။]

(၁) သောဘာဂဝါဏ္ဏတိပိ-ဘဂဝါ။

(၂) သောဘာဂဝါဏ္ဏတိပိ ဗုဒ္ဓေါ။

(၃) သောဘာဂဝါဏ္ဏတိပိ-သတ္ထာဒေဝမနုဿာနံ။

(၄) သောဘာဂဝါဏ္ဏတိပိ-အနုတ္တရောပုရိသဓမ္မသာရထိ။

(၅) သောဘာဂဝါဏ္ဏတိပိ-လောကဝိဒူ။

(၆) သောဘာဂဝါဏ္ဏတိပိ-သုဂတော။

(၇) သောဘာဂဝါဏ္ဏတိပိ-ဝိဇ္ဇာစရဏသမ္ပန္နော။

(၈) သောဘာဂဝါဏ္ဏတိပိ-သမ္မာသံဗုဒ္ဓေါ။

(၉) သောဘာဂဝါဏ္ဏတိပိ-အရဟံ။

ဝှင်းဂုဏ်တော်ကိုးပါးကို။ နှုတ်တက်ရအောင်-ကြက်ထား ပါ။ နှုတ်တက်ရသောအခါ။ တရေ့ရှစ်လုံးရှိသော-စိတ်ပုတီး နှင့်။ "အနုလုံ—ပဋိလုံ၊ အပြန်-အလှန်"-မနေမနား။ အာရုံ တပါးသို့ မသွားရအောင်၊ သတိဆောင်၍။ ဂုဏ်တော်ကိုးပါး ကို။ အဖန်တလဲလဲ-ပွါးများအားထုတ်ပါ။ ။အားထုတ်သော အခါမှာ။ ဘုရားသခင် ရှေ့တော်မှာဖြစ်စေ၊ အိမ်မှာဖြစ်စေ။ ဆိတ်ငြိမ်ရာ နေရာအရပ်၌။ ယောကျ်ားဖြစ်လျှင်၊ တင်ပလ္လင် ခွေထိုင်ပါ။ မဟာပလ္လင်ထိုင်နည်း။ မိန်းမဖြစ်လျှင်။ အဆုံပလ္လင် ထိုင်နည်း-ဒူးနှစ်ဖက်ချ၍ထိုင်ပါ။ ထိုင်ပြီးလျှင်။ အာရုံဟူသမျှ မမြင်ရအောင်၊ မျက်စိကို မှိတ်ထားပါ။ အာရုံဟူသမျှ-မကြား ရအောင်၊ နားကို ပိတ်ထားပါ။ အနံ့ဟူသရွေ့-မနံရအောင်၊ နှာခေါင်းကို ပိတ်ထားပါ။ ဒွါရ-ငါးပေါက်ကို ပိတ်ထားပြီး

လျှင်။ သက်တော်ထင်ရှား၊ မြတ်စွာဘုရား, ပုံသဏ္ဍာန်တော်ကို၊ ထင်မြင်အောင်၊ စိတ်က-ပြုပြင်၍ပေးပါ။ ပုံသဏ္ဍာန်တော်မှာ။ တင်ပလ္လင်ခွေ—ပုံသဏ္ဍာန်ဖြစ်စေ။ ရပ်တော်မူပုံသဏ္ဍာန်ဖြစ်စေ။ လျောင်းတော်မူ—ပုံသဏ္ဍာန်ဖြစ်စေ။ မိမိစိတ်ထဲ၌၊ အာရုံပြုပြီးလျှင်။ မိမိ၏ စက္ခု ဖြင့် မြင်ရသကဲ့သို့။ စိတ်ထဲက, မြင်လာအောင်။ နေ့စဉ် ညစဉ်၊ မပျက်မကွက်၊ သက်တော်ထင်ရှား၊ မြတ်စွာဘုရားသခင်အား၊ မမြင်မခြင်း, အားထုတ်ပါ။ အားထုတ်ဖန်များလာခဲ့သော်။ တနေ့နေ့ တွေ့ရပါလိမ့်မည်။ သည့်အတိုင်း အဟုတ်၊ ကောင်းကောင်းကြီး ပွါးများအားထုတ်၍။ ထိုစိတ်သည်။ ဗဟိဒ္ဓ အပြင်အပ, သို့။ မပြန့်မလွင့်ဘဲ၊ မြတ်စွာဘုရား၌ အမြဲတည်၍နေလျှင်။ သမာဓိ ခိုင်မြဲ၍ လာပါလိမ့်မည်။ ထိုသမာဓိ သည်။ ဥပစာရ သမာဓိ ဟူ၍မှတ်။ ။အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌။—

စိန္တေတီတိ စိတ္တံ၊ အာရမ္မဏံ ဝိဇာနာတိ အတ္ထော။ ။

ဤအရာ၌။ ဋီကာအလိုအတိုင်း အနက်မပေးမူ၍။ သဒ္ဒါသာရတ္ထဇာလိနီဆရာ-မိန့်မှာတော်မူတိုင်း။ အနက်၊အရာ၊အသင့်၊ ကာလဒေသကို ထောက်ချင့်၍။ အရာအားလျော်စွာ, အနက်ပေးရမည်။

အနက်။ ယံဓမ္မဇာတံ၊ အကြင် တည်ကြည်ခြင်းနှင့်ယှဉ်သော, သဘောတရားသည်။ အာရမ္မဏံ၊ အာရုံအပေါင်းတို့တွင်။ ဘုရားတည်းဟူသော—အတိဣဋ္ဌာရုံကို။ စိန္တေတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုတည်ကြည်ခြင်းနှင့်ယှဉ်သော သဘောတရားသည်။ စိတ္တံ၊ သမာဓိစိတ်မည်၏။ အာရမ္မဏံ၊ အာရုံကို။ ဝိဇာနာတိ၊ သိတတ်၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ငုံးဝစနတ္ထုနှင့်အညီ။ မိမိ၏ရှေ့က၊ ငါးတောင်ကွာခန့်အရပ်၌။ ဇောဓိပင်ရွှေပလ္လင် နှင့်၊ သက်တော်ထင်ရှား။ မြတ်စွာဘုရား သခင်—သိကင်းသုံး နေတော်မူဟန်ကို။ ကြည်ညိုသော သဒ္ဓါ တရား၊ ထင်ချင်သောစိတ်ထားနှင့်၊ မနေသွားရဖြင့်။ သေသေ ချာချာ မြင်အောင် ကြည့်ရမည်။ စိတ်ဖြင့် ကြို၍ ပေးရ မည်။ စိတ်ဖြင့် ချနစ်ရက်တိုင်အောင် စိတ်ကူး၍ပေးရမည်။ စိတ်ကူး လျှင်။ မကြာခင်၊ လျှင်မြန်စွာ-သက်တော်ထင်ရှား၊ မြတ်စွာ ဘုရားကို-အာရုံထင်လာလိမ့်မည်။ ဘုရား အာရုံ ထင်လျှင် ထင့်ခြင်း။ ဘုရားကို စေ့စေ့ကြည့်၍၊ စိတ်ဖြင့်-ဂုဏ်တော်ကိုး ပါးကို၊ ခပ်မြန်မြန် မနေမနား၊ မီးပွတ်သောယောက်ျားကဲ့ သို့။ လွန်စွာကြိုးကုပ်၊ အားပါးထုတ်၍။ အယုတ်ဆုံး၊ သုံး နာရီ—လေးနာရီလောက်ကြာအောင်—စီးဖြန်းရမည်။

ယခုကာလ, အချို့သောသူများကပြောကြသည်မှာ။ ဘုရား ကိုအာရုံပွဲ၍ ရှိခိုးခြင်းသည်။ သဏ္ဌာယပွဲဖြင့် ရှိခိုးသည်ဟု— ပြောကြသည်။ ။ရှင်းပြဦးအံ့။ ။ဘုရားသခင်၏အာရုံ၊ ဂုဏ် တော်၏ အာရုံသည်။ မဂ္ဂင်ထိုက်သောတရားဟူ၍မှတ်။ မဂ္ဂင် အားဖြင့်၊ သမ္မာသမာဓိမဂ္ဂင်။ ဘုရားကိုအောင်းမေ့ခြင်းသည်။ သမ္မာသတိမဂ္ဂင်။ ဘုရားဂုဏ်တော်ကို၊ လုလ္လဥဿဟ ဖြင့်။ အမြဲမပြတ် အားထုတ်ခြင်းသည်၊ သမ္မာဝါယမ, မဂ္ဂင်။ ၎င်း မဂ္ဂင် သုံး ပါး သည်။ သမ္မပ္ပဓာန်။ ဣန္ဒြိယပါတ်။ ဣဒ္ဓိ။ ဗိုလ်။ ဗောဇ္ဈင်—ထိုက်သော တရားတို့မည်ကုန်၏။ ဘုရားကိုအာရုံ ပြု၍ဖြစ်သော, သမာဓိသည်၊ သမ္မာသမာဓိ။ ငါးမျိုးတဲ့သူ။ ကျိုးထောင်တဲ့သူ၏ တခုတည်းသော, သမာဓိသည်။ မိစ္ဆာ သမာဓိဟူ၍မှတ်။

အချို့အချို့သောသူများက, ပြောကြသေးသည်။ စိတ်ကို၊

ချုပ်တည်းမထားရဘူးတဲ့။ စိတ်–ဆိုသည်မှာ။ သူ၏သဘာဝအတိုင်း၊ သွားလိုရာ သွားပစေ။ စိတ်ကို ချုပ် တည်း ၍ မထားရ။ စိတ်ကို ချုပ်တည်း၍ ထားပါလျှင်။ ခန္ဓာကိုယ်ကို နှိပ်စက်ညှင်းဆဲရာရောက်သည်ဟု–ပြောကြသည်၊

ဥပမာဘာရ-ပြီးအံ့။ ။သို့းချောကလေး, တယောက်၏သော, မိဘတို့သည်။ ထိုသူ့းကလေးကို။ မတော်တဲ့လမ်းကို မသွားရအောင်။ မတော်တဲ့သူနှင့် မပေါင်းရအောင်။ မတော်တာ, မဖြစ်ရအောင်။ ညှို့နက် သန်းခေါင်၊ သူ့ဘာပါးအိမ်သို့ မလယ်ရအောင်။ မိဘနှစ်ပါးက, စောင့်ရှောက် ထိမ်းသိမ်းရမည်မဟုတ်လား။ အကယ်၍၊ မိဘများက၊ ယှုလိုမစောင့်ရှောက်, မထိမ်းသိမ်းကဲ့ပါလျှင်။ ထိုသို့းကလေးသည်။ မိမိထင်သလိုနေ၊ ထင်သလိုသွား ဖြစ်နေခဲ့ပါလျှင်။ ထိုသို့းကလေးပျက်စီးမှာ–အမှန်မုချမှတ်။—ထိုသူ့းကလေးနှင့်၊ စိတ်သည်တူ၏။ မိဘနှစ်ပါးသည် သမာဓိ နှင့် တူ၏။ ထိုစိတ်သည်၊ နွားလားဥဿဘနှင့် တူ၏။ နွားရှင်သည်၊ ဂုဏ်တော်ကိုပွါးများအားထုတ်သော, ယောဂီပုဂ္ဂိုလ် နှင့် တူ၏၊ ခန္ဓာကိုယ်ကြီးသည်၊ နွားခြံကြီးနှင့်တူ၏။ အာရုံခြောက်ပါးသည်၊စပါးခင်းကြီး ခြောက်ခုနှင့်တူ၏။ နွားခြောက်ကောင်-သည်၊ စိတ်ဝိညာဏ်နှင့်တူ၏။ တံခါးခြောက်ခုသည်၊ ဒွါရ ခြောက်ပေါက်နှင့်တူ၏။ စပါးခင်းကြီးသို့ ထွက်စားလျှင်။ ငွေလျော်ရမည်ဘေးကို ကြောက်ခြင်းနှင့်၊ အပါယ်ဘေးကျမည်ကိုကြောက်ခြင်းနှင့်တူ၏။

ဆက်၍ပြဦးအံ့။ ။ဂုဏ်တော်ကိုးပါးကို၊ အဖန် တလဲလဲပွါးများ၍။ ဥပစာရသမာဓိကို၊ မိုင်မိုင်ကြီး, မိမိရ၊ရ၊လက်

ကိုင်ရရှိပါလျှင်။ ဝိပဿနာ ညာဏ်သို့ တက်၍ ရှုပါ။ ထို ဝိပဿနာ အားထုတ်ရာမှာ။ ရုပ် နှင့် နာမ် ကို။ အနိစ္စလက္ခ ဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဖြင့်။ ရုပ်၏ဖေါက်ပြန် မှု၊ နာမ်၏ ဖေါက်ပြန်မှုကို။ စေ့စေ့ကြည့်ပါ။ ပကတိ စက္ခု ဖြင့် ကြည့်ရှုရန်မလို။ ပညာမျက်စိဖြင့်–မြင်အောင်ကြည့်၍။ ဝိပဿနာညာဏ်ဖြင့်–ပွါးများအားထုတ်ပါ။

ဓမ္မသင်္ဂဏီ။ ဣမသ္မိံ သရိရေ ယံကိဉ္စိ ရုပ္ပနလက္ခဏံ ရူပံ။ ယဉ္စ ကိဉ္စိ နမနလက္ခဏံ နာမံ ဣဒဉ္စနာမံ၊ ဣဒဉ္စရူပံ၊ ဣဒံဝုစ္စတိ နာမရူပံ။ ။

ဣမသ္မိံ သရိယေ၊ ဤခန္ဓာကိုယ်ကြီး၌။ ယံကိဉ္စိ၊ အလုံးစုံ သော။ ရုပ္ပနလက္ခဏံ၊ ဖေါက်ပြန်ခြင်း လက္ခဏာ ရှိသော။ ရူပံစ၊ ရုပ်သည်၎င်း။ ယံကိဉ္စိ၊ အလုံးစုံသော။ နမနလက္ခဏံ၊ အာရုံသို့ညွတ်ခြင်းလက္ခဏာရှိသော။ နာမံစ၊ နာမ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒဉ္စနာမံ၊ ဤအာရုံသို့ ညွတ် ခြင်း လက္ခ ဏာရှိ သော နာမ် သည် ၎င်း။ ဣဒဉ္စရူပံ၊ ဤဖေါက် ပြန် ခြင်း လက္ခ ဏာရှိသောရုပ်သည်၎င်း။ ဣဒံ၊ ဤအာရုံသို့ ညွတ်ခြင်း လက္ခ ဏာ၊ ဖေါက်ပြန်ခြင်း လက္ခဏာရှိသော, သဘောတရား နှစ် ပါးကို။ နာမရူပံ၊ နာမ်ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဓါတ်လေးပါး၏ အစုအဝေးဖြစ်သော, ခန္ဓာကိုယ်ကြီးကို ဖေါက်ပြန်တတ်သောကြောင့်၊ ရုပ်ဟူ၍မှတ်။ စိတ်စေတသိက် တရားတို့ကို။ အာရုံသို့ရှေးရှု ညွတ်တတ်သောကြောင့်။ နာမ် ဟူ၍မှတ်။

———ooo———

၂၉။ ဝိပဿနာဉာဏ်ဖြင့်။ ရုပ် နာမ် ကို။
လက္ခဏာရေးသုံးပါးဖြင့် ပွါးများနည်း။

(၁) ရုပ်ကား ဖေါက်ပြန်။ နာမ်ကား ညွတ်တတ်။
ကိုယ်ရုပ် စိတ်နာမ်မှတ်။
(၂) အဝိဇ္ဇာ တဏှာ ကံ၊ ပြုအိမ်။ ရုပ်နာမ် ဖြစ်ရ၊
အကြောင်းပ။
(၃) ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ထောက်ပနိုမ၊
ရုပ်ဖြစ် အကြောင်းပ။

၎င်းလက်ခ်ကို၊ ကျေပြွန်အောင်ကျက်ပြီးလျှင်။ လက်ခ၏ အဓိပ္ပါယ်ကို၊ သဘောကျအောင်မှတ်။ ။အဓိပ္ပါယ်ကို ဖေါ်ရေးနေပါလျှင်။ ကျယ်အံ့ဖိုး၍ အကျဉ်းချုံ့နိုးလိုက်သည်။

တနည်းပြဉီးအံ့။

(၁) ဖြစ်ပြီး ပျက် ကျ၊ အနိစ္စ၊ ရုပ် နာမ် နှစ်ပါးပ။
အဖန်တလဲလဲရှု။—
(၂) ဖြစ် ပျက် ဖန်ဖန်၊ ဒုက္ခမှန်၊ ရုပ်နာမ် နှစ်ပါးပ။
အဖန်ဘလဲလဲရှု။—
(၃) အစိုးမရ၊ အနတ္တ၊ ရုပ်နာမ် နှစ်ပါးပ။
အဖန်တလဲလဲရှု။—

(၁) ရုပ် နာမ် နှစ် ပါးကား, အနိစ္စ။ ဖြစ်ပြီး ပျက်သည်ကား, လက္ခဏာ။ အနိစ္စ နှင့် လက္ခဏာ နှစ်ပါး ပေါင်းသော်၊ အနိစ္စလက္ခဏာဖြစ်၏။
(၂) ရုပ် နာမ် နှစ်ပါးကား, ဒုက္ခ။ အဖန်ဖန် ဖြစ် ပျက်သည်ကား, လက္ခဏာ။ ဒုက္ခနှင့် လက္ခဏာနှစ်ပါး ပေါင်းသော်၊ ဒုက္ခလက္ခဏာဖြစ်၏။

(၃) ရုပ် နာမ် နှစ် ပါး ကား, အနတ္တ။ အစိုး မရ သည် ကား, လက္ခဏာ။ အနတ္တ နှင့် လက္ခဏာ နှစ် ပါး ပေါင်းသော်၊ အနတ္တလက္ခဏာဖြစ်၏။

တနည်းပြဦးအံ့။ ။အနိစ္စကိုမြင်။ လောဘစင်၊ ဤတွင် မဂ်ကိုရ။ ။ဒုက္ခကိုမြင်။ ဒေါသစင်၊ ဤတွင်မဂ်ကိုရ။ ။ အနတ္တကိုမြင်။ မောဟာစင်၊ ဤဘွင် မဂ်ကိုရ။

ဋ္ဌင်းလက်ာအရမှာ။— အနိစ္စဒဿနေန၊ အလောဘော၊ ဟောတိ။ ဒုက္ခဒဿနေန၊ အဒေါသော၊ ဟောတိ။ အနတ္တ ဒဿနေန၊ အမောဟော၊ ဟောတိ။ (ဓမ္မသင်္ဂဟ။)

အနက်။ အနိစ္စဒဿနေန၊ အနိစ္စဟု–ရှုမြင်ခြင်းကြောင့်။ အလောဘော၊ လောဘကင်းစင်သည်။ ဟောတိ၊ ဖြစ်၏။

ဒုက္ခဒဿနေန၊ ဒုက္ခဟု ရှုမြင်ခြင်းကြောင့်။ အဒေါသော၊ ဒေါသကင်းစင်သည်။ ဟောတိ၊ ဖြစ်၏။

အနတ္တဒဿနေန၊ အနတ္တဟု ရှုမြင်ခြင်း ကြောင့်။ အမောဟော၊ မောဟကင်းစင်သည်။ ဟောတိ၊ ဖြစ်၏။

(၁) အနိစ္စာနုပဿနာယ ဝသေန၊ အနိမိတ္တ ဝိမောက္ခော ကထိတော။ ။

(၂) ဒုက္ခာနုပဿနာယ ဝသေန၊ အပဏိဟိတ ဝိမော က္ခော ကထိတော။ ။

(၃) အနတ္တာနုပဿနာယ ဝသေန၊ သုညတဝိမောက္ခော ကထိတော။ ။(ဓမ္မသင်္ဂဟ။)

(၁) အနက်။ အနိစ္စာနုပဿနာယ၊ အနိစ္စဟု·အဖန်တလဲလဲ ရှုခြင်း၏။ ဝသေန၊ အစွမ်းအားဖြင့်။ အနိမိတ္တဝိမောက္ခော၊

အနိမိတ္တ မဂ်ကို။ ဝါ၊ အနိမိတ္တဖိုလ်၊ အနိမိတ္တ နိဗ္ဗာန်ကို။ ကထိတော၊ ဟောတော်မူအပ်၏။

(၂) ဒုက္ခာနုပဿနာယ၊ ဒုက္ခဟု-အဖန်တလဲလဲရှုခြင်း၏။ ဝသေန၊ အစွမ်းအားဖြင့်။ အပဏိဟိတဝိမောက္ခော၊ အပဏိဟိတ မဂ်ကို။ ဝါ၊ အပဏိဟိတဖိုလ်၊ အပဏိဟိတ နိဗ္ဗာန်ကို။ ကထိတော၊ ဟောတော်မူအပ်၏။

(၃) အနတ္တာနုပဿနာယ၊ အနတ္တဟု-အဖန်တလဲလဲရှုခြင်း၏။ ဝသေန၊ အစွမ်းအားဖြင့်။ သုညတဝိမောက္ခော၊ သုညတ မဂ်ကို။ ဝါ၊ သုညတဖိုလ်၊ သုညတ နိဗ္ဗာန်ကို။ ကထိတော၊ ဟောတော်မူအပ်၏။

[မွေ့သင်္ဂဇာကျမ်းအရ၊ ငင်းလင်္ကာ—ရေးသွင်းလိုက်သည်။]

တနည်းပြဦးအံ့။— အနိစ္စလက္ခဏာ၊ တပါးသာ၊ မြင်ကာ မဂ်မရ။ ။ဒုက္ခလက္ခဏာ၊ တပါးသာ၊ မြင်ကာ မဂ် မရ။ ။ အနတ္တ လက္ခဏာ၊ တပါးသာ၊ မြင်ကာ မဂ် မရ။ ။သုံးပါး လက္ခဏာ၊ မြင်မှသာ၊ မှန်စွာ မဂ်ကိုရ။ ။[ယွှု-ရေးသားသော, လင်္ကာသည်။ ဝိသုဒ္ဓိမဂ်-မဟာဋီကာအလို။]

သောပိ ဟိ ဉာတရံ လက္ခဏာဒွယံ ဝိဘူတ တရံ ကတွာ။
သမ္မာသိတွာ ဝိသေသံ အဓိဂစ္ဆတိ၊ နအနိစ္စလက္ခဏမေဝ။

ဟိသစ္စံ၊ မှန်လှပေ၏။ သောပိ၊ ထို အနိစ္စ လက္ခဏာကိုရှုသော, ယောဂါဝစရ ပုဂ္ဂိုလ်သည်လည်း။ ဉာတရံ၊ ဤအနိစ္စ လက္ခဏာမှ တပါး သော။ လက္ခဏာ ဒွယံ၊ ဒုက္ခ လက္ခဏာ၊ အနတ္တလက္ခဏာဟူနှစ်ပါးကို။ ဝိဘူတ တရံ၊ အလွန်ထင်ရှားစွာ။ ကတွာ၊ ပြု၍။ သမ္မာသိတွာ၊ သုံးသပ်ခြင်းကြောင့်။ ဝိသေသံ၊

ဈာန်မဂ်ဖိုလ်တရားမြတ်-အသင်္ခတ ဓာတ်အထူးကို။ အဓိဂစ္ဆတိ၊ ရပေ၏။ အနိစ္စလက္ခဏာ မေဝ၊ အနိစ္စလက္ခဏာ တပါးတည်းသာလျှင်။ နှ၊ မဟုတ်။ ။ထို့ကြောင့်။ အနိစ္စလက္ခဏာ တပါးတည်းမြင်ရုံမျှနှင့်။ မဂ်အခြေ-ဖိုလ် အခြေကို၊ မရသေးဟုမှတ်။ လက္ခဏာရေးသုံးပါးကို တပြိုင်နက်မြင်မှသာလျှင်။ မဂ်ဖိုလ်ရ၏ဟုမှတ်။

အချို့သော, ကေစိဆရာတို့က—ပြောကြသေးသဗျ။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ—လက္ခဏာ, တို့သည်။ ခွဲးသိ၊ ဝက်သိ—တရားလို့၊ပြောကြ, ဟောကြသေးသဗျ။

ကျမ်းကိုး၍ပြဦးအံ့။ ။အနတ္တလက္ခဏ ပညာပနသ္မာ၊ အညေသံအဝိသယတ္တာ အနတ္တလက္ခဏဒီပကာနံ၊ အနိစ္စ ဒုက္ခ လက္ခဏာနံ့ ပညာပနသ္မာ၊ အဝိသယတာ ဒဿိတာဟောတိ။ ။

(အာယတနဝိဘင်္ဂမူလဋီကာ။)

အနက်။ အနတ္တလက္ခဏပညာပနသ္မာ၊ အနတ္တလက္ခဏာကိုပညတ်ခြင်း၏။ အညေသံ၊ ဘုရားမှ တပါးသော သူတို့ ၏။ အဝိသယတ္တာ၊ အရာမဟုတ်သည်၏ အဖြစ်ကြောင့်။ အနတ္တလက္ခဏဒီပကာနံ၊ အနတ္တ လက္ခဏာတို့ကို ပြတက်ကုန်သော။ အနိစ္စ ဒုက္ခ လက္ခဏာနံ့၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ တို့ကိုလည်း။ ပညာပနသ္မာ၊ ပညတ်ခြင်း၏။ အဝိသယတာ။ ဘုရားမှတပါးသောသူတို့၏ အရာမဟုတ်သည်၏ အဖြစ်ကို။ ဒဿိတာ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ၎င်းလက္ခဏာရေး သုံးပါးသည်။ ဘုရားသခင်မှတပါးသောသူတို့၏ အရာမဟုတ်။ ကိုယ်တော်မြတ်ဘုရား ပွင့်တော်မူမှသာလျှင်။ ၎င်းလက္ခဏာရေးသုံးပါးကို၊ ဟောတော် မူသည်ဟု မှတ်။ ၎င်းသုံးပါးတို့တွင်။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာနှစ်ပါးတို့သည်။ နိဗ္ဗာန်

ရောက်အပ်–အနုတ္တရလက္ခဏာကို ပြတတ်သော၊ အနိစ္စ လက္ခဏာ-ဒုက္ခလက္ခဏာ-တမျိုး။ နိဗ္ဗာန်ရောက်အပ်-အနုတ္တရလက္ခဏာကို-မပြတတ်သော၊ အနိစ္စလက္ခဏာ-ဒုက္ခလက္ခဏာ တမျိုး ဟူ၍၊ နှစ်မျိုး–နှစ်စားရှိ၏။ ထိုနှစ်ပါးတို့တွင်။ သာသနာပ, အခါဝယ်။ အိုး:ငယ်–ခွက်ငယ်-တို့သည်။ လက်မှ–လျောကျ သည်ရှိသော်။ ဩော်—အနိစ္စ၊ အမြဲမရှိလေစွတကား ဟု, ဆိုတဲ့–အနိစ္စ။ မိမိအဘွားဘောဉ်၊ ပေါ်ပေါက်၍ လာသော၊ အိုင်းအမာဉ်၊ တစုံတရာနှင့် ထိခိုက်မိသည်ရှိသော်။ ဩော် ဒုက္ခ၊ ဆင်းရဲလေစွတကားဟု·ဆိုတဲ့၊ ဒုက္ခတို့သည်။ နိဗ္ဗာန် ရောက်အပ်-အနုတ္တရလက္ခဏာကို-မပြတတ်သော, အနိစ္စလက္ခဏာ–ဒုက္ခလက္ခဏာတို့မည်ကုန်၏ဟုမှတ်။

---

## ၃၀။ ပေပင်ဆရာတော်ဘုရားကြီး၏ သဏ္ဍာနဒိဋ္ဌိ–အတ္တဒိဋ္ဌိ–ခွါပုံ။ ဩဝါဒ-ဒေသနာ။

သာသနာတော်အတွင်းဝယ်။ ရုပ် နာမ်ဓမ္မ၊ သင်္ခါရတို့၏ ဖြစ်ပျက် ဆင်းရဲပုံကို။ သေသေချာချာ သိမြင်နိုင်သော။ အနိစ္စ ဒုက္ခတို့သည်။ နိဗ္ဗာန်သို့ရောက်အပ်၊ အနုတ္တရလက္ခဏာကို ပြတတ်သော–အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ–တို့မည်ကုန်၏ ဟူ၍မှတ်။ ထို့ကြောင့်။ ခန္ဓာ ကိုယ် ကြီးကို စွဲလမ်းနေတဲ့၊ သဏ္ဍာန။ ။သဏ္ဌာ သံဝိဋ္ဌမာနော၊ ကာယော၊ သဏ္ဍာ ယော။ ။သဏ္ဌော သံဝိဋ္ဌမာနော၊ ထင်ရှား ရှိသော။ ကာ ယော၊ ကိုယ်တည်း။ သဏ္ဍာယော၊ ထင်ရှားရှိသောကိုယ်။ ရင်းဒိုကာ၏အလိုမှာ။ ခန္ဓာကိုယ်ကြီးသည်၊ ထင်ရှားရှိ၏ဟု ယူမှတ်ခြင်းသည်။ သဏ္ဍာယဒိဋ္ဌိဟုမှတ်။ ငါအစိုးရ၏။ ငါ့ အလိုသို့လိုက်၏။ ငါဟုတ်၏ဟူ၍ ယူမှတ်ခြင်းသည်။ အတ္တဒိဋ္ဌိ ဟူ၍မှတ်။ ။ထို့ကြောင့်။—

> ယောပန အနိစ္စံ၊ ဒုက္ခံ အနတ္တာတိ၊ တိလက္ခဏာနိ သလ္လက္ခေတိ၊ တဿပဉ္စက္ခန္ဓာ ကလ္လောဗန္ဓကုဏပံ ဝိယဟောန္တိ၊ သင်္ခါရာ ရမ္မဏာမေဝဉာဏံ၊ သင်္ခါ ရတောဝုဋ္ဌာတိ။ ။(ဓမ္မာသင်္ဂဏီ။)

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တံ၊ အနတ္တ။ ဣတိ၊ ဤသို့။ တိလက္ခဏာနိ၊ လက္ခဏာရေးသုံးပါးတို့ကို။ သလ္လက္ခေတိ၊ မှတ်ထင်၏။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး-ရုပ်နာမ်တရားတို့သည်။ ကလ္လော၊ လယ်ပင်း၌။ ဗန္ဓကုဏပံဝိယ၊ ဖွဲ့ချည်အပ်သော အကောင်ပုတ်ကဲ့သို့။ ဟောန္တိ၊ မှတ်ထင်ကုန်၏။ သင်္ခါရ ရမ္မဏာမေဝ၊ သင်္ခါရတရားသာလျှင်-အာရုံရှိသည်ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ သင်္ခါရတော၊ တေဘုမ္မက-သင်္ခါရမှ၊ ဝုဋ္ဌာတိ၊ ထ-၏။ ဝါ၊ ထ-သောမဂ်ဖြစ်၏။

အဓိပ္ပါယ်ကား။ ။အကြင်ပုဂ္ဂိုလ်သည်။ အနိစ္စ။ ဒုက္ခ။ အနတ္တ—ဟု။ အဖန်တလဲလဲ-စီးဖြန်း သည့် ရှိသော်။ မိမိခန္ဓာကိုယ်—ရုပ် နာမ် နှစ်ပါးတို့ သည်။ လယ်ပင်း၌ ဆွဲထားအပ်သော။ ခွေးကောင်ပုတ်-မြွေကောင်ပုတ်ကြီးများကဲ့သို့။ စိတ်ထဲမှာ, အမြဲထင်မှတ်၍။ မပြတ်စီးဖြန်း ပွားများ အားထုတ်ရမည်။ သို့မှသာလျှင်၊ တေဘုမ္မက-သင်္ခါရတရားတို့မှ။ ထ, မြောက်၍။ အရိယာမဂ်သို့ ရောက်မည်ဟူ၍မှတ်။

ထို့ကြောင့်။ အရိယာကရဓမ္မာ အနိစ္စဒဿနာဒယော၀။ ။
(မူလဋီကာ။)

အနက်။ ။အရိယာကရဓမ္မာ၊ အရိယာအဖြစ်ကို ပြုတတ်သောတရားတို့သည်။ အနိစ္စဒဿနာဒယော၀၊ အနိစ္စလက္ခ

ထာကို မြင်ခြင်း အစရှိသည်တို့ သည်သာလျှင် တည်း။ ဝါ၊ အနိစ္စ လက္ခဏာကို မြင်ခြင်း၊ ဒုက္ခ လက္ခဏာကို မြင်ခြင်း၊ အနတ္တလက္ခဏာကို မြင်ခြင်း တို့သည်သာလျှင် တည်း။ ။ ဂုင်းလက္ခဏာရေးသုံးပါး, မပါဘဲနှင့်၊ အရိယာမဂ်ကိုမရနိုင် ဟုမှတ်၊

"ဝိနည်းအကျော်။ ရွှေဥမင်ဆရာတော်၊ မိန့်တော်မူသည့် မှာ။" လယ်လုပ်–မခက်၊ လယ်တည်–ခက်သည်။ အကျင့် မခက်၊ အသိ–ခက်သည်။ သူတော်-မခက်၊ ပညာရှိ–ခက် သည်ဟု–မိန့်တော်မူ၏။

ဂုင်း-အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တို့သည်။ အလွန်နက်နဲ၊ ခက်ခဲသော တရားဟူ၍မှတ်။ ထို့ ကြောင့်၊ ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ၌။—

> အနိစ္စလက္ခဏံ သန္တတိယာ၊ ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ၊ သန္တတိယာ ဝိကောပိတာယ၊ အနိစ္စလက္ခဏံ ယာ ထာဝသရသတော ဥပဋ္ဌာတိ ဒုက္ခလက္ခဏံ ဣရိယာ ပထေဟိ ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ၊ ဣရိယာပထေ ဥဃ္ဃာ ဋိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာ တိ၊ အနတ္တလက္ခဏံ ဃနေန ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ၊ ဃန ဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။ ။

အနက်။ ။သန္တတိယာ၊ ရှေ့နောက်အစဉ် ဖြစ်ခြင်းဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးအပ်သည်၏ အဖြစ်ကြောင့်၊ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ နဥပဋ္ဌာတိ၊ မထင်။ သန္တတိယာ၊ ရှေ့ နောက်အစဉ်ဖြစ်ခြင်းကို။ ဝိကောပိတာယ၊ ဥာဏ်ဖြင့်ခွါအပ်

သည်ရှိသော်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်မှန်တိုင်းသောမိမိ၏ကိစ္စသဘောလက္ခဏာအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်မြင်၏။ ဣရိယာပထေဟိ၊ လေးပါးသော-ဣရိယာပုတ်တို့ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ နဥပဋ္ဌာတိ၊ မထင်။ ဣရိယာပထေ၊ လေးပါးသော ဣရိယာပုတ်ကို။ ဥဃာဋိတေ၊ ခွါသည်ရှိသော်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်မှန်တိုင်းသော-မိမိ၏ကိစ္စ လက္ခဏာ သဘော အားဖြင့်။ ဥပဋ္ဌာတိ၊ ထင် မြင် ၏။ ဃနေန၊ အဆိုင်အခဲမပျက်၊ တခဲနက်တရားဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နဥပဋ္ဌာတိ၊ မထင်။-ဃနဝိနိဗ္ဘောဂေ၊ အဆိုင်အခဲမပျက်၊ တခဲနက်တရားကို-ခွဲချမ်း ဝေဘန် ခြင်းကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်မှန်တိုင်းသော-မိမိ၏ကိစ္စသဘောလက္ခဏာအားဖြင့်။ ဥပဋ္ဌာတိ ထင်မြင်၏။

ထိုလက္ခဏာရေးသုံးပါးတို့တွင်။ ဖြစ်ခြင်း ပျက်ခြင်းကို၊ နှစ်လုံးမသွင်း မဆင်ခြင်ခြင်းကြောင့်။ တစပ်ထည်း တည်သကဲ့သို့။ ရှေ့နောက်အစဉ်ဖြင့် ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့်။ အနိစ္စလက္ခဏာသည်။ သတ္တဝါတို့အား မထင်နိုင်ကုန်။ ထို့ကြောင့်။ အနိစ္စတရားကို-သန္တတိ ဖုံးလွှမ်းသည်ဟုမှတ်။ ။ ဖြစ်ခြင်း ပျက်ခြင်းကို သိမ်းဆည်း၍ တစပ်ထည်း ကဲ့သို့ ရှေ့နောက်အစဉ်ကို၊ ဉာဏ်ဖြင့်ပါယ်ခွါ၍ ကောင်းစွာ ဖျက်ဆီးအပ်သည်ရှိသော်။ အနိစ္စ လက္ခဏာ သည်။ ဟုတ်မှန်တိုင်းသော၊ မိမိကိစ္စ သဘော လက္ခဏာအားဖြင့် ထင်မြင်လေ၏ဟုမှတ်။

သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းဖြင့် မပြတ်မလပ်။ အထပ်ထပ်-အဖန်ဖန်. အတန်တန် နှိပ်စက် တတ် သည်ကို။ နှစ်လုံး မသွင်းခြင်းကြောင့်။ လေးပါးသော ဣရိယာပုတ် ကိုဖြင့် ဖုံးလွှမ်းသည်၏အဖြစ်ကြောင့်။ ဒုက္ခ လက္ခဏာသည်။ သတ္တဝါတို့အား, မထင်နိုင်ကုန်။ ထို့ကြောင့်၊ ဒုက္ခတရားကို ဣရိယာပုတ် ဖုံးလွှမ်းသည်ဟုမှတ်။ ။မပြတ်မလပ်၊အထပ်ထပ် အဖန်ဖန်၊ အတန်တန်နှိပ်စက်တတ်သည်ကို၊ နှစ်လုံးသွင်းခြင်း ဆင်ခြင်ခြင်းကိုပြု၍။ လေးပါးသော, ဣရိယာပုတ်ကို ခွါသည်ရှိသော်။ ဟုတ်တိုင်း မှန်တိုင်းသော, မိမိကိစ္စ သဘော လက္ခဏာအားဖြင့်။ ဒုက္ခလက္ခဏာသည်၊ ထင်မြင်လေ၏ဟုမှတ်။

အထူးထူးသော ဓာတ်တို့ကို။ မပြတ်စီးဖြန်း-ခွဲချမ်းဝေဖန်ခြင်းကို။ နှစ်လုံးမသွင်း မဆင်ခြင်ခြင်းကြောင့်။ အဆိုင်မပျက်၊ တခဲနက်ဖြင့်၊ ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့်။ အနတ္တ လက္ခဏာသည်။ သတ္တဝါတို့အား, မထင်နိုင်ကုန်။ ထို့ကြောင့်။ အနတ္တတရားကို။ ဃနဖုံးလွှမ်းသည်ဟုမှတ်။ ။အထူးထူးသော ဓာတ်တို့ကို။ မပြတ်စီးဖြန်း, ခွဲချမ်းဝေဖန်၍။ အဆိုင်မပျက်၊ တခဲနက်ကို၊ ခွဲချမ်းဝေဖန်ခြင်း ပြုသည် ရှိသော်။ ဟုတ်မှန်တိုင်းသော, မိမိကိစ္စသဘောလက္ခဏာအားဖြင့်၊အနတ္တလက္ခဏာသည်။ ထင်မြင်လေ၏ဟုမှတ်။

နောက်ကပြဆိုခဲ့ပြီးသော, [ဋီကာ] အလိုမှာ။ သန္တော သံဝိဇ္ဇမာနော ကာယော၊ သက္ကာယော ဆိုတဲ့။ မိမိခန္ဓာကိုယ်ကြီးသည်။ ထင်ရှားရှိ၏ဟု-ထင်မှတ် ခြင်း သည်။ သက္ကာယဒိဋ္ဌိဟုမှတ်။ ငါ-အစိုးရ၏။ ငါ့အလိုသို့လိုက်၏။ ငါဟုတ်၏ဟု ယူမှတ်ခြင်းသည်။ အတ္တဒိဋ္ဌိဟုမှတ်။ ထို့ကြောင့်။ ငါတို့-ကျေးဇူးရှင်၊— "ပေပင်-ဆရာတော်ဘုရားကြီး-,သည်။"

သဏ္ဍာယဗိန္ဒြ၊ အတ္တဒိန္ဒြတို့မှ-လွတ်ကင်းစေရန်။ အနတ္တအမှန်ကို၊ ကေန်သိစေရန်အတွက်။ဩဝါဒ-ဒေသနာကို၊သေချာစွာဟောတော်မူလေသည်။

(၁) ငါက, ပျိုအောင်လုပ်တယ်၊ သူက-အိုတယ်။ ဒါ ငါလား။ သူအိုခြင်တိုင်း အိုနေတဲ့ ရုပ်တရား။ မအိုစေလို၊ ငါကဆိုလည်း။ ဤကိုယ်မရ၊ အိုကြလှ၊ အနတ္တ ခန္ဓာကိုယ်။

(၂) ငါက, ချမ်းသာအောင် လုပ်တယ်၊ သူက-နာတယ်။ ဒါ ငါလား။ သူနာခြင်တိုင်း နာနေတဲ့ ဝေဒနာ နာမ် တ ရား။ မနာစေလို၊ ငါကဆိုလည်း။ ဤကိုယ်မရ၊ နာကြလှ၊ အနတ္တ ခန္ဓာကိုယ်။

(၃) ငါက, မသေ အောင် လုပ် တယ်၊ သူက-သေတယ်။ ဒါ ငါလား၊ သူ သေခြင်တိုင်း သေ နေတဲ့ ရုပ် နာမ် တရား။ မသေစေလို၊ ငါကဆိုလည်း၊ ဤကိုယ်မရ၊ သေကြလှ၊ အနတ္တ ခန္ဓာကိုယ်။

ယျှုဆရာတော်ဆုံးမတဲ့၊ ဩဝါဒ ဒေသနာတော်ကို။ နှုပ်တက်ရအောင် ကျက်မှတ်ထားပြီးလျှင်။ ငါဆိုတဲ့-သဏ္ဍာယ, သည်။ အဘယ်မှာလျှင်–ငါဟုတ်သလဲ။ ငါ့အလိုသို့မလိုက်၊ ငါ-အစိုးမရခြင်းသည်၊ ကေန်စင်စစ်၊ အမှန်ဖြစ်၏။ သူအိုခြင်တိုင်း၊ သူနာခြင်တိုင်း၊ သူသေခြင်တိုင်း၊ သူတို့တံထွာ၊ ဓမ္မတာသဘောအစစ်၊ ကေန်ဖြစ်သည်ဟု၊ ရုပ် နှင့် နာမ်ကို၊ အမှန်မြင်အောင်ကြည့်။ ။

---ooo---

## ၃၁။ ဝိပဿနာဥာဏ်စဉ်-တဆယ့်ခြောက်ပါး, ခွဲပြချက်။

၁။ ပညာမျက်စိဖြင့်၊ အဟုတ်တကန်းမြင်လာခဲ့ပါလျှင်။ ဘုံသုံးပါး၌။ ရုပ် နာမ် နှစ်ပါးကိုပိုင်းခြား၍ သိမြင်သောဥာဏ်သည်၊ နာမရူပ ပရိစ္ဆေဒဥာဏ်မည်၏။

၂။ ဘုံသုံးပါး၌၊ ရုပ် နာမ် နှစ်ပါး၏ ဖြစ်ကြောင်းတရားကို၊ သိမ်းဆည်းသော ဥာဏ်သည်။ ပစ္စယ ပရိဂ္ဂဟ ဥာဏ်မည်၏။

၃။ ဘုံသုံးပါး၌၊ ရုပ်နာမ်နှစ်ပါးကို။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု၊ သုံးသပ်သော-ဥာဏ်သည်။ သမ္မသနဥာဏ်မည်၏။

၄။ ဘုံသုံးပါး၌၊ ရုပ် နာမ်နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်းကို၊ ထင်မြင်သောဥာဏ်သည်။ ဥဒယဗ္ဗယဥာဏ်မည်၏။

၅။ ဘုံသုံးပါး၌၊ ရုပ် နာမ် နှစ်ပါး ပျက်စီးခြင်းကို၊ ထင်မြင်သောဥာဏ်သည်၊ ဘင်္ဂဥာဏ်မည်၏။

၆။ ဘုံသုံးပါး၌၊ ရုပ် နာမ် နှစ်ပါးပျက်စီးခြင်းကို၊ ဘေးကြီးဟု ထင်မြင်သောဥာဏ်သည်၊ ဘယဥာဏ်မည်၏။

၇။ ဘုံသုံးပါး၌၊ ရုပ် နာမ်နှစ်ပါးပျက်စီးခြင်းကို၊ အပြစ်ကြီးဟု ထင်မြင်သောဥာဏ်သည်၊ အာဒီနဝဥာဏ်မည်၏။

၈။ ဘုံသုံးပါး၌၊ ရုပ် နာမ် နှစ်ပါးပျက်စီးခြင်းကို၊ စက်ဆုတ်ရွံရှာငြီးငွေ့ဘွယ်ဟု ထင်မြင်သော ဥာဏ်သည်၊ နိဗ္ဗိန္ဒ ဥာဏ်မည်၏။

၉။ ဘုံသုံးပါး၌၊ ရုပ်နာမ် နှစ်ပါးပျက်စီးခြင်းမှလွတ်ရာ၊

နိဗ္ဗာန်သို့-ညွတ် ကိုင်း ရှိုင်းသော ဉာဏ်သည်။ မဂ္ဂိတု ကမျ တာဉာဏ်မည်၏။

၁၀။ ဘုံသုံးပါး၌၊ ရုပ် နာမ် နှစ်ပါး ဖြစ်ခြင်း ပျက် ခြင်း စသည်ကို၊ တဖန်သိမ်းဆည်းပြန်သောဉာဏ်သည်။ ပဋိသင်္ခါ ဉာဏ်မည်၏။

၁၁။ ဘုံသုံးပါးမှလွတ်အောင်၊ ရုပ် နာမ် နှစ်ပါး၏ဖြစ်ခြင်း ပျက်ခြင်းကို၊ မုန်းခြင်း ချစ်ခြင်းမရှိ၊ လစ်လျူ ရှုသော ဉာဏ် သည်၊ သင်္ခါရုပေက္ခာဉာဏ်မည်၏။

၁၂။ ရှေ့ဉာဏ်-နောက်ဉာဏ်အား လျော်သောဉာဏ်သည်၊ အနုလောမဉာဏ်မည်၏။

၁၃။ ပုထုဇဉ် အနွယ်ကိုဖြတ်၍၊ အရိယာအနွယ်ကို ပွါးစေ သောဉာဏ်သည်၊ ဂေါ္ဂြဘူဉာဏ်မည်၏။

၁၄။ နိဗ္ဗာန်ကို၊သိမြင်သောဉာဏ် သည်၊မဂ်ဉာဏ်မည်၏။

၁၅။ နိဗ္ဗာန်ကို၊သိမြင်သောဉာဏ် သည်၊ဖိုလ်ဉာဏ်မည်၏။

၁၆။ မဂ် ဖိုလ် နိဗ္ဗာန် ပယ်ပြီး, မပယ်ပြီး သေးသော- တရားငါးပါးတို့ကို၊ဆင်ခြင်သောဉာဏ် သည်၊ ပစ္စဝေက္ခဏာ ဉာဏ်မည်၏။

ထို ဝိပဿနာဉာဏ်-တဆယ့် ခြောက်ပါးတို့တွင်။ နာမ ရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟာဉာဏ်-နှစ်ပါးနှင့်ပြည့်စုံ ပါလျှင်၊ စူဠသောတာပန်မည်၏။

ထို့ကြောင့်။- ဣမိနာပနညာဏေန၊ သမန္နာဂတော၊ ဝိပဿကော၊ ဗုဒ္ဓသာသနေ၊ လဒ္ဓဿာ သော၊ လဒ္ဓပတိဋ္ဌော၊ နိယတဂတိ ကော၊ စူဠသောတာပန္နောနာမဟော တိ။ ။[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

အနက်။ ။ဉာဏမိနာပနညာဏေန၊ ဤ နာမရူပ ပရိစ္ဆေဒ ဉာဏ်၊ ပစ္စယပရိဂ္ဂဟာဉာဏ် နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ အားထုတ်သော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား, သာ သ နာ တော်၌။ လဒ္ဓဿာသော၊ နိဗ္ဗာန် ချမ်း သာ ကြီးသို့ ရောက်ကြောင်း၊ တရားကောင်းကို သိမြင်သောကြောင့်၊ စိတ်၏ သက်သာရာ ရသည်ဖြစ်၍ငင်း။ လဒ္ဓပတိဋ္ဌော၊ သံသရာဝဲဆင်နှဲကြီးမှ ထွက်မြောက်ကြောင်းတရားကို သိမြင်သောကြောင့်၊ စိတ်၏ မှီခိုရာ၊ ကိုးကွယ်ရာ၊ ဆောက်တည်ရာကြီးကို-ရသည်ဖြစ်၍ ငင်း။ နိယတဂတိကော၊ မဂ်ဖိုလ်နိဗ္ဗာန်ကို-လျှင်မြန်စွာ ရေခံ ကြောင်းတရားကိုအားထုတ်နိုင်သော၊ လူ့ဘုံ၊ နတ်ဘုံ ဖြဟ္မာ့ ဘုံ၌၊မြဲသောဂတိရှိသည်ဖြစ်၍ငင်း။ စူဠသောတာပန္နောနာမ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသက်ပ္ပ·အစရှိသော၊ မဂ္ဂင် ရှစ်ပါး တည်းဟူသော–ရေအလျဉ်သို့၊ ရှေးဦးစွာ ရောက်သောကြောင့်။ စူဠ သောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

ယွှုရေးသားသော–စူဠသောတာပန်-ဖြစ်သည်ဟု၊ ဆိုသည်မှာ။ ဘုရားဟောတော်မူသည့်အတိုင်း။ ပါဠိတော်အဋ္ဌကထာ, ဋီကာမှ ထုတ်နုတ်၍။ ဒေသနာတော်အတိုင်း၊ ကြိုး ကြိုးကုတ်ကုတ်၊ အဟုတ်တန်းအားထုတ်ပါလျှင်။ ယွှုဘုရား သာသနာတော်အတွင်း၌။ မဂ်လေးပါး၊ဖိုလ်လေးပါး၊ နိဗ္ဗာန် တရားများကို။ ရနိုင်–ရောက်နိုင်–ကြောင်းကိုသာ, ရေးသား လိုက်သည်။ [ငါတို့-ငင်းတရားများ, ရပြီးပြီ။ သိပြီးပြီ။ မြင် ပြီးပြီ။ ငါတို့ ပြုဘွယ်ကိစ္စ-ဘာမျှမရှိ။ ဒါန–သီလတွေ–ပြု လုပ်ရန်မလို။ စာ တတ်နေရန်မလို။ ဘုရား၊ တရား၊ သံဃာ ကို။ ကိုးကွယ်ဆည်းကပ်နေရန် မလိုဟူ၍၊ ငါတို့–မဆိုလို- မရေးသား။ ကျမ်းဂန် အတိုင်းသာ, ရနိုင်ကြောင်းကိုသာ,

ရေးသားရခြင်းဖြစ်ပေသည်။] အချို့သောပုဂ္ဂိုလ်၊ အချို့သော ကေစိဆရာတို့က။ ပရိယတ္တိ-ပါယ်ယောင်ယောင်။ ဒါန သီလ တွေ-ပါယ်ယောင်ယောင်။ ရတနာသုံးပါးကို။ ထိပါးပုတ်ခတ်၍။ စာတလုံး-မတတ်၊ ကျမ်းဂန်-မသင်ကြားဘူးပါဘူးတဲ့။ သူတို့က ဝန်ခံပြီးလျှင်။ ဝိညာဏ်က စားလျှင်-စားမှန်းသိ သိ။ သွားလျှင်-သွားမှန်း-သိ သိ။ အိပ်လျှင်-အိပ်မှန်း-သိ သိ။ ဝိညာဏ်က, သိလျှင်။ သူတို့မှာ၊ အရိယာ အစစ်၊ ကေန်ဖြစ်သည်။ ကုသိုလ်–အကုသိုလ်၊ သူတို့မှာ မရှိတော့ဘူးတဲ့။ ရတနာ သုံးပါးလဲ-မကိုးကွယ်။ ပရိယတ္တိပါယ်၍။ ဒါန သီလ တွေ–သံသရာ ကြွယ်တယ်လို့။ ပြဘွယ်ကိစ္စမရှိ။ တကယ့် အရိယာအစစ် ဖြစ်သည်ဟု။ ပြောဆိုကြတာများ, ကျမ်းဂန် နှင့်ပြဦးအံ့။

၃၂။ သညာ၊ ဝိညာဏ်၊ ပညာ–သုံးပါးတို့ကို၊
ဋီကာလာတိုင်း ခွဲပြချက်။

ပကာရေန ဇာနာတိ၊ အနိစ္စာဒိဝသေန၊ အဝဗုဇ္ဈတီတိ ပညာ၊ သာဝေ၊ ယထာ သဘာဝါဝ ဗောဓနေ၊ အာဒိ ပစ္စယောဂတော. ဇာနန္တိယန္တိ၊ ပညိန္ဒြိယံ၊ အထသညာ ဝိညာဏ ပညာနံ၊ ကိံ နာနာကရဏန္တိ သညာတာဝ နီလာဒိဝသေန၊ သဉ္ဇာနန မတ္တံ ကရောတိ၊ လက္ခဏပ္ပ ဋိဝေဓံ ကာတုံ နသက္ကောတိ၊ ဝိညာဏံ လက္ခဏပ္ပဋိဝေ ဓေပိ သာဓေတိ၊ ဥဿုက္ကော္ကတွာ ပန၊ မဂ္ဂပါပေတုံ န သက္ကောတိ၊ ပညာပန တိဝိဓမ္ပိ ကရောတိ၊ ဗာလဂါမိ က ဟေရညိကာနံ၊ ဂဟာ ပဏာဝ ဗောဓနေ မေဇ္ဈ နိ ဒဿနန္တိ၊ ။

အနက်။ ။ပကာရေန၊ အပြားအားဖြင့်၊ အနိစ္စာဒိဝသေန၊ အနိစ္စ စသည်၏ အစွမ်း အားဖြင့်။ ဇာနာတိ-အဝဗုဇ္ဈတိ၊ သိ
တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပညာ၊ ပညာ မည်၏။
သာဓေ၊ ထိုပညာသည်သာလျှင်။ ယထာသဘာဝါဝဗောဓ
နေ၊ ဟုတ်မှန်သော သဘောကို ထိုးထွင်း၍သိရာ၌။ အဓိပစ္စ
ယောဂတော၊ အစိုးရခြင်း နှင့် ယှဉ် ခြင်း ကြောင့်။ ဣန္ဒြိယံ၊
ဣန္ဒြိယမည်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပညိန္ဒြိယံ၊ ပညိန္ဒြိယ
မည်၏။ အထ၊ ထိုအခါ၌။ သညာ ဝိညာဏ ပညာနံ၊ သညာ
ဝိညာဏ် ပညာ တို့၏။ နာနာကရဏံ၊ ထူးသောအကြောင်း
သည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသည်ကား အမေးတည်း။
သညာ၊ သညာ သည်။ တာဝ၊ ရှေးဦးစွာ။ နီလာဒိဝသေန၊
အညီစသည်တို့၏ အစွမ်းအားဖြင့်။ သဉ္ဇာနနမတ္တံ၊ သိခြင်းမျှ
ကို။ ကရောတိ၊ ပြုတတ်၏။ လက္ခဏပ္ပဋိဝေဓံ၊ လက္ခဏာကို
ထိုးထွင်း၍သိခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကောတိ၊ မ
စွမ်းနိုင်။ ဝိညာဏံ၊ ဝိညာဏ် သည်။ လက္ခဏပ္ပဋိဝေဓမ္ပိ၊
လက္ခဏာကို ထိုးထွင်း၍သိခြင်းကိုလည်း။ သာဓေတိ ပြီးစေ
တတ်၏။ ဥဿုက္ကော္ပတွာပန၊ လုံ့လပြု၍ကား။ မဂ္ဂံ၊ မဂ်ကို။
ပါပေတုံ၊ ရောက်စေခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ ပညာ
ပန၊ ပညာသည်ကား။ တိဝိဓမ္ပိ၊ သုံးပါး အပြား ရှိသည်ကို
လည်း။ ကရောတိ၊ ပြုတတ်၏။ ဗာလဂါမိကဟေရညိကာနံ၊
သူငယ်၊ ရွာသူ၊ ရွှေပန်းတိမ်-သည်တို့၏။ ဂဟာပဏာဝဗောဓ
နံ၊ အသပြာကို သိခြင်းသည်။ ဧတ္ထ၊ ဤအရာ၌။ နိဒဿနံ၊ ညွှန်
ပြခြင်းတည်း။ ဣတိ၊ ဤသို့-သိအပ်၏။

အဓိပ္ပါယ်။ ။ပညာသည်။ မဂ္ဂင်၊ ဈာန်၊ ဗိုလ်၊ ဗောဇ္ဈင်၊

*No. 44.*

ထိုက်သောတရားမည်၏။ တရားကိုယ်ကောက်လျှင်။ ညာဏ သမ္ပယုတ်စိတ် ကောက်။ ထိုသညာ၊ဝိညာဏ်၊ပညာ-တို့တွင်။ သညာ-သည်၊ ရွာသူ-သားငယ်နှင့် တူ၏။ ဝိညာဏ်–သည်၊ အမိ-နှင့်တူ၏။ ပညာ-သည်၊ ရွှေပန်းတိမ်သည်နှင့်တူ၏။ ရွာ သူ–သားငယ်သည်၊ ရွှေတုံးကလေးကို ကောက်ရ၏။ ဝင်း ဝင်း ပြောင်ပြောင်ကိုသာ-သူသိ၏။ ရွှေမှန်း–သူမသိ။ အမိကို ပြသောအခါ။ အမိသည်၊ ရွှေမှန်းတော့ သိ၏။ ဘယ်နှစ်မူးရေ ရှိမှန်းကို၊ အမိ–သည်၊ မသိ။ ရွှေပန်းတိမ်သည်အထံသို့ပြတဲ့ အခါ။ ရွှေပန်းတိမ်သည်က၊ မှတ်ကျောက်မှာ တင်ပြီးလျှင်။ ကိုးမူးရေ–ရှိသည်။ ဆယ်မူးရေ–ရှိသည်ဟု၊ ဆုံးဖြတ်နိုင်၏။ ထို့အတူ။ "ဗိုလ်ကုန်းဆရာတော်–ရေးသားသော။ ဒီပက, ကျမ်း၌။ သူငယ် အသပြာ၊ မြင်သောအခါ၌။ ညို ဝါ အရွေ၊ သိလေမှန်စွာ၊ အသပြာဟု၊ သေချာမသိ၊ ဂါမိကဟူ၊ အမိမူ ကား။ ဖြူ ဝါ တထွေ၊ ညို ရွှေငင်း၊ တကြောင်းအသပြာ၊ သိရုံ သာတည်း။ တန်ရာအသွေး၊ မည်မျှအဘိုး၊ သိရိုးမရှိ၊ ဟေရညိ က၊ နာမ အမည်၊ ပန်းတိမ်သည်ကား။ တပါးမကြွင်း ခပင်း ဉဿုံ၊ အလုံးစုံကို။ အကုန်မှန်စွာ၊ သိလေရာ၏။ သညာ၊ ဝိညာဏ်၊ ပညာယှဉ်လျက်၊ ဤသုံးချက်ကို၊ ယထက္ကမ၊ တူလေ စွာ့ဟု။ မိန့်ဟဋီကာ–ဆိုသတည်း။"

## ငါတို့-ငယ်စဉ်က, ကြားဘူးသော။ ဖုံဝဏ္ဏကလေးတခု ပြောပြဦးအံ့။

အောက်အရပ်ဒေသ၌။ ရွာ တရွာ တွင်။ ပစ္စည်း ဥစ္စာ, အတော်အတန် ပြည့်စုံသောသူတယောက်ရှိသတဲ့။ ထိုသူမှာ၊ သားကလေး တယောက်ရှိရာတွင်။ ထိုသားကလေး သည်။ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နဲ့။ လူပေ,—လူတေ,

ကလေး တယောက် ဖြစ်လေ၏၊ အဖေက, ဆုံးမပါသော်လည်း–မရ သည် ဖြစ်၍၊ တနေ့သ၌၊ အဖေက, ငါ့သား၊ အဖေသည်၊ အထက်အညာသို့သွား၍၊ ကုန်ရောင်း-ကုန်ဝယ်လုပ်အုံးမည်၊ အိမ်မှာ၊ ကောင်းကောင်း မွန် မွန် နေရစ်ပါရန်၊ ဆုံးမ၍သွားလေ၏၊ ထိုသူငယ် သည်၊ အဖေမရှိခိုက်၊ အိမ်ရှိ–ပစ္စည်းတွေကို၊ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နှင့် ကုန်ခဲ့ လေသော်၊ ကြံရာမရ၍၊ အိမ်နေတဲ့–ခွေးနက်ကြီးကို၊ ရိုက်သတ်ပြီးလျှင်၊ ခေါင်းတလုံးစပ်၍၊ ခွေးနက်ကြီးခေါင်းထဲ ထည့် ပြီးလျှင်၊ အနီး အနားမှ၊ ရပ် ရွာ တွေကို၊ ကျွန်တော်အဖေ-သေလို့ခင်ဗျား၊ ခုနစ်ရက်စေ့လျှင်၊ သင်္ဂြိုဟ်မည်ဖြစ်ပါ၍၊ ကြွသာတော်မူကြပါဟု–ဘိတ်ကြားပြီးလျှင်၊ မိမိအိမ်၌၊ နေ့စဉ်–ညတိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ နိုင်ခံပြီးလျှင်၊ ပျော်ပွဲကြီးတခု-ပြုလုပ်၍နေလေ၏၊ ထိုအခါ၊ ရွာ တရွာက, လူတယောက်သည်၊ ထိုသူငယ်၏ အဖေ နှင့်၊ အလွန်တရာ, ခင်မင်သည်ဖြစ်၍၊ ထို-အသုဘ, ခေါင်းနားသို့ သွားပြီးလျှင်၊ သူငယ်ချင်းဖြစ်သူကို–တန်းတလျှက်၊ ငိုကြွေးပြီး, ထိုသူငယ်ချင်း၏ သားကိုခေါ်၍၊ အမောင်—ငါ၏ သူငယ်ချင်းသည်၊ ယခု–အဆုံးစွန် တွေ့ရခြင်း ဖြစ်ပါသည်၊ ငါ၏–သူငယ်ချင်းမျက်နှာကို၊ သည်တခါ–အားရ၊ ပါးရ၊ ကြည့်လိုက်ပါရစေလို့ ပြောတဲ့အခါ၊ သားဖြစ်သူက၊ ခင်ဗျား, တယ်ရှာရှည်တဲ့ လူကြီးပါလား၊ မကြည့်ပါနဲ့ဗျာလို့ ပြောဆိုလေ၏၊ ထိုအခါ၊ သူငယ်ချင်းဖြစ်သူ–အဖိုးကြီးက, ညင်းဆန်ပြီး၊ အတင်းအဓမ္မ–ခေါင်းကို ဖွင့်ကြည့်တဲ့အခါမှာ၊ သူငယ်ချင်း–မတွေ့၊ ခွေးနက်ကြီး, တွေ့လေသော်၊ အံ့အားသင့်ပြီးလျှင်၊ ဘယ့်နှယ်လဲ မောင်ရယ်၊ ငါ၏ သူငယ်ချင်းမဟုတ်၊ ခွေးနက်ကြီးကျိုးနဲ့ တုပ် ထား သည်ကို တွေ့ရ ပါကလားဟု–မေးသော

အခါ။ ထိုသူငယ်က၊ ခင်ဗျားကြီး, တယ်ရှာရှည်တဲ့အဖိုးကြီး၊ ကျုပ်တို့ အမျိုးက၊ သေ—လျှင်။ ခွေးဖြစ်တယ်ဗျ—လို့ ပြောရှာသတဲ့။ "အဲသည်-ပုံဝတ္ထုကလေးကဲ့သို့ မဖြစ်ကြစေရန်၊ ရည်သန်စိတ်ထားလျက်။ ဓမ္မမိဗ္ဗာန်အားဖြင့်၊ ရေးသားလိုက်ရပေတော့သတည်း။"

အချို့စာဟောဆရာတို့က။ သက်သတ်လွတ်စားတာဟာ၊ ငတ်တာ—အကျိုးရှိတာဘဲလို့။ ပြောကြ ဟောကြသတဲ့ဗျ။—

ရှင်းပြဦးအံ့။ **သုမေဓော**၊ တေမိယော၊ ကဏှော၊ အကိတ္တိတာ ပသာဒယော၊ သမ္ဗုမံသံ ဝိဝဇ္ဇေတွာ၊ ပုရေသံ ဗောဓိပေတာဝေ၊ တသ္မာသလ္လေခိကော ပေါသော့ သံပဿံ အတ္ထမတ္တနော၊ သဗ္ဗမံသံဝိဝဇ္ဇေယျ၊ ယောဂက္ခေမဿ ပတ္တိယာ။ ။

အနက်။ ။သုမေဓေါ၊ သုမေဓါ-ရှင်ရသေ့သည် ၎င်း။ တေမိယော၊ တေမိ-ရှင်ရသေ့သည်၎င်း။ ကဏှော· ကဏှရှင်ရသေ့သည်၎င်း။ အကိတ္တိတာ ပသာဒယော၊ အကိတ္တိရှင်ရသေ့စသော, ဘုရားအလောင်းတို့သည်၎င်း။ သဗ္ဗမံသံ၊ အလုံးစုံသော အသားကို။ ဝိဝဇ္ဇေတွာ၊ ရှောင် ကြဉ် ကုန်၍။ ဗောဓိပေတာဝေ၊သဗ္ဗညုတဉာဏ် ရင့်သန်ခြင်း၏အကြောင်းကောင်းမြတ်သော ပါရမီ အဆောတ်အဦး တို့ကို။ ပုရေသုံ၊ ဖြည့် ကျင့် ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ သလ္လေခိကော၊ ခေါင်းပါးအောင်ကျင့်သော။ အတ္တနော၊ မိမိ၏။ အတ္တံ၊ အကျိုးကို။ သံပဿံ-သံပဿန္တော၊ ရှုသော။ ပေါသော၊ ရဟန်းသာမဏော၊ လူ သူတော်စဉ်။ သီလရှင်သည်။ ယောဂက္ခေမဿ၊ ယောဂလေးဖြာ၊ ကုန်ရာနိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်

ခြင်း၄ါ။ ဝါ၊ ရောက်လွယ်အောင်။ သဗ္ဗမံသ၊ အလုံးရုံသော အသားကို။ ဝိဝဇ္ဇေယျ၊ မစားအရှင်း ရှောင်ကွင်းရာ၏။ ၎င်း ပါဠိတော်အရ။ သန္တုဋ္ဌိ-သလ္လေခ-ဖြစ်အောင်။ ချိုးခြိုးစွာကျင့် ကြံကျိုးကုတ်၊ အား ထုတ် နေကြတဲ့။ သံဃာတော်ကောင်းကြီး တွေကို ပြစ်မှား ပုတ်ခတ် တာများ။ ရှင်ကြီးဂေါဘမထက်၊ ရွှေဘုံဘဏ်တော်-ဖူးရောတ်လျှက်။ ရှင်ဂေါတမောက်-ဘုရား ငယ်, လက်သစ်တွေ၊ အရိယာ, လက်သစ်တွေ-သတိထား။ အပိပိများ,-မင်းတို့ အမေ့လင်-မှတ်နေကြသလား။ နောက် ကပ်ကျမ်းဂန်မရှိပါဘဲနဲ့။ သူတပါးပုတ်ခတ်လို့ ဟောပြော ခဲ့ပါလျှင်။ "ယွှု ကျမ်းမှိုး-ဆယ်ကျမ်း-ရေးအုံးမည်။ ရေး နိုင်သည်။" မဟုတ် မဟတ်၊ ဗလာအရှင်း၊အနှစ်ကင်းလျှက်။ အဖြင်းပေါများ၊ အဆံမရှိတဲ့ စပါးလို။ လူကြွား-လူဝါတွေ သတိထား။-

———ooo———

No. 45.

၃၃။ သာသနာ-အောင်လန်-ခေါ်၊

# ဝိနယဓရ ပုဂ္ဂလ ဒေသနက္ကမ စာတန်း။

**နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသံဗုဒ္ဓဿ။**

---

အဟံ သမ္ဗုဘယံ ဝိနယဿ နွှ။
ဇိနစက္က ံ စိရံဒိဗ္ဗတု။

ဇိနစက္က ံ၊ ငါးပါးမာရ်အောင်။ မြတ်ဘုန်းခေါင်၏။ ဒေသနာနွတ်ထွက်၊ ဓမ္မစက်သည်။ စိရံ၊ ငါးထောင်သာသနာ။ ရှည်မြင့်ကြာအောင်၊ တည်တန့်စေ၍၊ အခါကာလပါတ်လုံး။ ဒိဗ္ဗတု၊ စကြာဝဠာ၊ နေဝန်းဖြာသကဲ့သို့။ ဘယ်ခါသော်မျှ၊ မမှေးမှိန်ရဘဲ။ ထွန်းလင်း တောက်ပတော် မူပါစေသတည်း။ ။

သာသနာဆိုသည်မှာ။ ပရိယတ္တိသာသနာ။ ပဋိပတ္တိသာသနာ။ ပဋိဝေဓ—သာသနာဟူ၍၊ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ပရိယတ္တိသာသနာ-ဆိုသည်မှာ။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟု-ဆိုအပ်တဲ့၊ ဓမ္မက္ခန္ဓာများကို။ နေ့ညမစဲ၊ တသဲသဲသင် အံ-လေ့ ကျက်၊ ဆောင်ရွက် ပို့ချ၊ နေ့ဝါ-ညဝါ-တို့ဖြင့်။ မပြတ် အား ထုတ်လျှက် ရှိကြသော။ မန္တလေး၊ ရန်ကုန်၊ သထုံ၊ မော်လမြိုင်၊ ပခုက္ကူ၊ ရေစကြိုဟ်၊ ရွှေဘို၊ မုံရွာ-အစရှိသော။ အမြို့မြို့ အရွာရွာ မှာ။ တစာစာ-ပို့ချ၍ နေတော်မူကြသော။ သံဃာတော် အရှင်မြတ်တို့သည်။ ပရိယတ္တိသာသနပုဂ္ဂိုလ်တွေဟူ၍မှတ်။ ပဋိပတ္တိသာသနာဆိုသည်မှာ။ လူသူမနီး၊ တောမြိုင်ကြီးတွင်၊ ရိပ်ကြီးခိုကာ၊ အရညဝါဖြင့်၊ ရူတင်တောရဿ၊ ယာပထဖြင့်။ မှုတ္တရှင်ပြုံး သီတင်းသုံး နေ ထိုင်တော်မူကြပေကုန်သော, သံဃာတော် အရှင်မြတ်တို့ သည်။

ပဋိပတ္တိသာသန-ပဋိပတ်တွေ့ ဟူ၍မှတ်။ ပဋိဝေဓ သာသနာ ဆိုသည်မှာ၊ တထောင်ငါးရာ၊ ကိလေသာမြွမ့်ေး၊ ကင်းစင် ဝေးလျှက်။ ညစ်ညှေးမတင်၊ အာသဝေါ ကုန်စဥ်၍၊ ကြည် လင်ဝမ်းမြောက်၊ နိဗ္ဗာန်တိုင် ပေါက်ရောက်တော် မူကြကုန် သော၊ မဂ္ဂဉာဏ်-လေးယောက်၊ ဖလဉာဏ်-လေးယောက်ဟု ဆိုအပ်သော၊ ရှစ်ယောက်သော, အရိယာသံဃာတော်မြတ် တို့သည်၊ ပဋိဝေဓသာသနာဟူ၍မှတ်၊ တာကြောင့်၊—

သာသိယန္တိ ဧတ္ထ ဧတေနာတိ ဝါ သာသနံ။ ၊

ဧတ္ထ၊ ဤ-ပရိယတ်၊ ပဋိပါတ်၊ ပဋိဝေဓ၌။ ဝါ၊ တနည်း ကား၊ ဧတေန၊ ဤ-ပရိယတ်၊ ပဋိပါတ်၊ ပဋိဝေဓဖြင့်၊ သာ သိယန္တိ၊ ဆုံးမအပ်ကုန်၏။ ဣတိ၊ တသ္မာ၊ ထိုသို့ဆုံးမရာ ဆုံးမ ကြောင်းဖြစ်သောသတ္တ်ကြောင့်၊ တံ၊ ထို-ပရိယတ်၊ပဋိပါတ်၊ ပဋိဝေဓ-သည်။ သာသနံ၊ သာသနာမည်၏။

(တနည်း၊) ။သာသနန္တိ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဝသေန တိဝိဓံ သာသနံ-ဟု။ ဝိမတိဝိနောဒနီ၌ဆိုလေသည်၊

သာသနန္တိ၊ သာသနံဟူသည်ကား။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဝသေန၊ ပရိယတ်၊ ပဋိပါတ်၊ ပဋိဝေဓ-တို့၏ အစွမ်း အားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ သာသနံ၊သာသနာ တည်း။

ဂုဏ်းသာသနာတော်သုံးရပ်ကို၊
ထပ်မံ၍ အကြွယ်ပြဦးအံ့။

ပရိယတ္တိသာသနာ-ဆိုသည်မှာ။- ပရိယတ်တိ ပရိပါပုဏိ ယတိ တီပရိယတ္တိ၊ ။သံဝိဥကံ၊ အကြွင် ပိဋကတ် သုံးပုံကို။ ပရိယတ်ိ ပရိ ပါပုဏိ ယတိ၊ သင်အပ်၏။ ဣတိ၊ တသ္မာ၊ ထို့

ကြောင့်။ တံပိဋကံ၊ ထိုပိဋကတ်သုံးပုံသည်။ ပရိယတ္တိ၊ ပရိယတ်မည်၏။

(တနည်း။) ။ပိဋကတ္တယ သံဂဟိတံ သဗ္ဗံပိ ဗုဒ္ဓဝစနံ ပရိယတ္တိသဒ္ဒမ္ဘော နာမ။ ။ပါရာဇိကာဏ် အဋ္ဌကထာ။ ။

ပိဋကတ္တယသံဂဟိတံ၊ ပိဋကတ်သုံးပုံတို့ဖြင့်ရေတွက်အပ်သော။ သဗ္ဗံပိ၊ အလုံးစုံလည်းဖြစ်သော။ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်သည်။ ပရိယတ္တိ သဒ္ဒမ္ဘော နာမ၊ ပရိယတ္တိသဒ္ဒမ္မ မည်၏။

(တနည်း။) ။ပရိယတ္တီတိ တိဏိပိဋကာနိ။ ။
(ဝိဘင်းအဋ္ဌကထာ။) ။ပရိယတ္တီတိ၊ ပရိယတ္တိ–ဟူသည်ကား။ တိဏိပိဋကာနိ၊ ပိဋကတ်-သုံးပုံတို့တည်း။

ပဋိပတ္တိသဒ္ဒမ္မ-ဆိုသည်မှာ။

ပဋိပဇ္ဇိယတီတိ ပဋိပတ္တိ။ ။ပဋိပဇ္ဇိယတိ၊ ကျင့်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပဋိပတ္တိ၊ ပဋိပါတ်မည်၏။

(တနည်း။) ။တေရသ ဓုတင်္ဂဓမ္မာ စုဒ္ဒသ ခန္ဓကဝတ္တာနိ ဒွေအသီတိ မဟာဝတ္တာနိ၊ သီလ သမာဓိ ဝိပဿနာတိ၊ အယံ ပဋိပတ္တိ သဒ္ဒမ္ဘော နာမ။ ။ပါရာဇိကာဏ်-အဋ္ဌကထာ။ ။

(အနက်။) ။တေရသဓုတင်္ဂဓမ္မာ၊ တဆယ့်သုံးပါးသော ဓုတင်ကျေးဇူးတို့ရင်း။ စုဒ္ဒသခန္ဓကဝတ္တာနိ၊ တဆယ့်လေးပါးသော-ခန္ဓကဝတ်တို့ရင်း။ ဒွေအသီတိမဟာဝတ္တာနိ၊ ရှစ်ဆယ့်နှစ်ပါးသော ဝတ်ကြီးတို့ရင်း။ သီလ သမာဓိ ဝိပဿနာ၊ သီလ သမာဓိ ဝိပဿနာတို့ရင်း။ ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ပဋိပတ္တိ သဒ္ဒမ္ဘော နာမ၊ ပဋိပတ္တိ သဒ္ဒမ္မ မည်၏။

(တနည်း။) ။ပဋိပတ္တိတိ ပဋိပဒါ။ ။ဝိဘင်းအဋ္ဌကထာ။။ ပဋိပဇ္ဇတိ၊ ပဋိပတ္တ °-ဟူသည်ကား။ ပဋိပဒါ၊ အကျင့်တည်း။

ပဋိဝေဓသာသနာဆိုသည်မှာ။ ။ပဋိဝိဇ္ဈိတဗ္ဗောတိ ပဋိဝေဓော။ ။ပဋိဝိဇ္ဈိတဗ္ဗော၊ ထိုးထွင်း၍သိအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပဋိဝေဓော၊ ပဋိဝေဓမည်၏။

(တနည်း။) ။စတ္တာရော အရိယမဂ္ဂါ စတ္တာရိစ သာမညဖလာနိ၊ နိဗ္ဗာနဉ္စာတိ အယံအဓိဂမသဒ္ဓမ္မောနာမ။ ။ပါရာဇိကာဌ်အဋ္ဌကထာ။ ။

စတ္တာရော၊ လေးပါးကုန်သော။ အရိယမဂ္ဂါစ၊ အရိယာမဂ်တို့ရင်း။ စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိစ၊ သာမညဖိုလ်တို့ရင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ရင်း။ ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ အဓိဂမသဒ္ဓမ္မောနာမ၊ အဓိဂမသဒ္ဓမ္မမည်၏။

(တနည်း။) ပဋိဝေဓောတိ၊ သစ္စပဋိဝေဓော။ ။ဝိဘင်းအဋ္ဌကထာ။ ။

ပဋိဝေဓောတိ၊ ပဋိဝေဓော-ဟူသည်ကား။ သစ္စပဋိဝေဓော၊ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းတည်း။

ယခုပြဆိုခဲ့ပြီးသော,သာသနာတော်သုံးရပ်ကို။ ယခုထက်တိုင်၊ မယိမ်းယိုင်ဘဲ၊ ကျောက်တိုင်ကဲ့သို့။ တည်တန့်နိုင်ခြင်းသည်။ ပရိယတ် ဝန်ဆောင်ပုဂ္ဂိုလ်များ, ထမ်းရွက်သည်မိုး၊ ကျိုးစားအားထုတ်၍သာလျှင်။ သာသနာတော်ကြီး, မပျက်

*No. 46.*

စိး, မကွယ်ပျောက်ဘဲ။ နေ ရောင်၊ လ ရောင်ကဲ့သို့၊ တပြောင်ပြောင်–ထွန်းလင်းတောက်ပလျက်။ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ပထမကျော်၊ စာချတန်း၊ စကြာသီဟ, စာမေးပွဲများကို၊ ကြည့်ရှုသောအားဖြင့်။ ပရိယတ္တိသာသနာသည်ပင်လျှင်။ အရင်းခံဖြစ်ကြောင်း၊ လူမှန်လျှင်–သိလောက်ပါရဲ့။ ပရိယတ္တိသာသနာသည်ပင်လျှင်။ အရင်းခံဖြစ်ကြောင်း,အကျယ်ပြဦးအံ့။

၁။ ဘဂဝတော၊ ငါတို့-အရှင်ဂေါတမ မြတ်စွာဘုရား၏။ ပရိနိဗ္ဗုတတော၊ ပရိနိဗ္ဗာန်စံတော်မူသည်မှ။ စတုမာသပစ္စေ၊ လေးလသို့ရောက်သည်ရှိသော်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ အဇာတသတ္တု၊ အဇာတသတ်မင်းကို။ နိဿာယ၊ အမှီပြု၍။ သတ္တမာသံ ခုနစ်လ ပါတ်လုံး။ သင်္ဂီတိကာရာနံ၊ ပထမ သင်္ဂါယနာ တင်တော်မူကုန်သော။ မဟာကဿပထေရပမုခါနံ၊ အရှင်မဟာကဿပ, မထေရ်အမှူးရှိကုန်သော။ ပဉ္စသတအရဟန္တာနံ၊ ငါးရာကုန်သော-ရဟန္တာ အရှင်မြတ်တို့၏။ သာမဂ္ဂိယာစ၊ တံခိုးတော်၏အစွမ်းအားကြောင့်ရင်း။ သာသနံ၊ သာသနာတော်သည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတိ၊ တည်၏။

၂။ ဘဂဝတော၊ ငါတို့-အရှင်ဂေါတမ မြတ်စွာဘုရား၏။ ပရိနိဗ္ဗုတတော၊ ပရိနိဗ္ဗာန်စံတော်မူသည်မှ။ ဝဿသတပစ္စေ၊ အနှစ်တရာသို့ ရောက်သည် ရှိသော်။ ဝေသာလိယံ၊ ဝေသာလီပြည်၌။ ကာလသောကံ၊ ကာလသောကမင်းကို။ နိဿာယ၊ အမှီပြု၍။ အဋ္ဌမာသံ၊ ရှစ်လတို့ပါတ်လုံး။ သင်္ဂီတိကာရာနံ၊ ဒုတိယသင်္ဂါယနာ တင်တော်မူကုန်သော။ မဟာရေဝတထေရပမုခါနံ၊ အရှင်မဟာယသထေရ်အမှူးရှိကုန်သော။

သတ္တသတအရဟန္တာနှင့်၊ ခုနစ်ရာကုန်သော, ရဟန္တာ အရှင်မြတ်တို့၏။ သာမဏ္ဍယာဝ၊ တံခိုးတော်၏ အစွမ်းအားကြောင့် ဖြင်း၊ [အထက်ကအတိုင်း။]

၃။ ဘဂဝတော၊ ငါတို့-အရှင်ဂေါတမ မြတ်စွာဘုရား၏။ ပရိနိဗ္ဗုတတော၊ ပရိနိဗ္ဗာန် စံတော်မူသည်မှ၊ ဒွိဝဿသတဆဋ္ဌိ သံပဝ္ဆရေ၊ အနှစ်-နှစ်ရာ့သုံးဆယ့်ခြောက်နှစ်သို့ ရောက် သည် ရှိသော်၊ ပါဋလိပုတ္တေ၊ ပါဋလိပုတ် ပြည်၌၊ အသောကဓမ္မရာဇ၊ သီရိဓမ္မာသောကမင်းကို။ နိဿာယ၊ အမှီပြု၍။ နဝမာသံ၊ ကိုးလပါတ်လုံး။ သင်္ဂီတိကာရာနံ၊ တတိယသင်္ဂါယနာတင်တော်မူကုန်သော။ မဟာမောဂ္ဂလိပုတ္တတိဿထေရပမုခါနံ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိကုန်သော။ သဟဿ အရဟန္တာနံ၊ တထောင် ကုန် သော, ရဟန္တာ အရှင် မြတ် တို့၏။ သာမတ္ထိယာဝ၊ တံခိုးတော် ၏ အစွမ်းအားကြောင့်ဖြင်း။ [အထက်ကအတိုင်း။]

၄။ ဘဂဝတော၊ ငါတို့-အရှင်ဂေါတမ မြတ်စွာဘုရား၏။ ပရိနိဗ္ဗုတတော၊ ပရိနိဗ္ဗာန် စံတော်မူသည်မှ။ စတုဝဿသတပဉ္စာသံပဝ္ဆရေ၊ အနှစ်လေးရာငါးဆယ်သို့ရောက်သည်ရှိသော်။ သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ ဝဋ္ဋဂါမဏိ၊ ဝဋ္ဋဂါမဏိမင်းကို။ နိဿာယ၊ အမှီပြု၍။ တေပိဋကံ၊ ပိဋကတ်သုံးပုံပါဠိကို အဋ္ဌကထာကို။ ပေါတ္ထကရုဠ္ဌာနံ၊ ပေထက်အက္ခရာတင်တော်မူကုန်သော။ မဟာအဂ္ဂထေရပမုခါနံ၊ အရှင်မဟာအဂ္ဂထေရ်အမှူးရှိကုန်သော။ ပဥ္စသတအရဟန္တာနံ၊ ငါးရာကုန်သော, ရဟန္တာအရှင်မြတ်တို့၏။ သာမတ္ထိယာဝ၊ တံခိုးတော်၏အစွမ်းအားကြောင့်ဖြင်း။ သာသနံ၊ သာသနာတော်သည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတိ၊ တည်၏။

၅။ တတောပရံ၊ ထိုနောက်ကာလ၌။ ဇောဗ္ဗိဝသာသတ သဟာသတေဏ္ဏိ သပတ္တေ၊ အနှစ်-တထောင့်နှစ်ရာ-သုံးဆယ့် သုံးနှစ်သို့ရောက်သည်ရှိသော်။ မဏ္ဍလာနုဂရဋ္ဌ၊ မဏ္ဍလေး မြို့တော်ကြီး၏။ မင်းတုံးတိလဋ္ဋနာမေန၊ မင်းတုံးမင်းတရား ကြီးဟူသော, အမည်နာမ ရှိပေသော။ ရာဇ်၊ မင်းတုံးမင်း ကို။ နိဿာယ၊ အမှီပြု၍။ တေပိဋကံ၊ပိဋကတ်သုံးပုံ-ပါဠိ အဋ္ဌ ကထာကို။ သေဋ္ဌကတ္တရရှင်ဘုန်း၊ ကျောက်ထက် အက္ခရာ တင် တော်မူကုန်သော။ ညောင်ယျာဘိမဇ္ဈ-ထေရပမုခါနံ၊ ဦးညောင်ယျာ မထေရ် အမှူးရှိကုန် သော။ ဒ္ဒိသဟာဿ-ဘိက္ခုသံဃာနံ၊ နှစ် ထောင်ကုန်သော, ရဟန်းသံဃာတော်တို့၏။ သာမဂ္ဂိယာစ၊ တံခိုးတော်၏ အစွမ်းအားကြောင့်ဇင်း။ သာသနံ၊ သာသနာ တော်သည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတိ၊ တည်၏။

ထိုကဲ့သို့-ပထမသင်္ဂါယနာ တင်သည်မှစ၍။ ယခုထက် တိုင်၊ သာသနာတော်၏အကျိုးကို၊ သည်ပိုးရွက်ဆောင်တော် မူကြကုန်သော။ သံဃာတော်အရှင်မြတ်တို့အား။ ထိပ်ပါးပုတ် ခတ်။ ပရိယတ်ချေကန်ပြီး၊ ပရမတ်သန်-အမြင်ကြီးတဲ့သူတွေ က။ နိဗ္ဗာန်ပေါက် မဂ်ခရီးကို။ တချက်ထည်း ရောက်ကြပေ တော့သည်ဟု၊ ကြွေးကြော်ကာ—ညာသံပေးပြီး။ ဗုဝေးကာ ဂိုဏ်း ဂဏ ပါတီတွေနဲ့။ ရဟန်းသမဏ-သံဃာမထေရ်တို့ ကို။ စာပေသင်တာ—အကျိုး မများ လေဘူးတဲ့။ ဆိုးဝါးတဲ့ ဝိပဿနာရယ်။ တကယ်စင်စစ်၊ ပရိယတ် ဒေသနာ က မှ။ သေအချာ ကျင့်စဉ်ထုံးကို။ နှစ်လုံးပိုက်ခါ—ကျင့်သုံး ထိုက် သည်ဟု။ ဘဂဝါအတုလ၊ သမ္ဗုဒ္ဓ၏-မိန့်မှာချက်ကို။ ပါယ် ဖျက်ပြီးခါ။ ငါတို့မှသာ—ပရမတ္ထသံဃာဟု။ ရယ်စရာ—လူ အများ၊ ပြောဆိုချက် ထိုစကားကို။ အောက်နားက, ပြလိုက် ဦးအံ့။

ငါတို့ကျေးဇူးရှင်-ဖြစ်တော်မူပေသော၊ပေပင်ဆရာတော်ဘုရားကြီး—မိန့်ကြားဘူးသည်မှာ။ ဘောကျောင်းနှ၊သိဘင်းသုံးနေထိုင်လျက်ရှိသော။ ညီတော်၊ နောင်တော်-ရဟန်းနှစ်ပါးတို့သည်။ ညည့်အခါ၊ တကျောင်းတည်း, သိ တင်း သုံးလျက် အိပ်နေစဉ်။ နောင်တော်ရဟန်းက၊ နှံသိရှုဘင်ဆောက်တည်သတဲ့။ ထိုအခါ၊ ညီငယ်ရဟန်းက, ကရေးနိုး၍၊ နောင်တော်ရဟန်း ကြည့်လိုက်သောအခါ၊ ထိုင်လျက် နေသည်ကိုမြင်လျှင်။ နောင်တော်-မကျိန်းစက် သေးဘူး လားဟု၊ မေးလျှောက်၏။ နောင်တော်ရဟန်းက၊ ငါ့ညီသာ-အိပ်ပါလော့ဟု-ပြောဆို၏။ နောက်တဖန်—အိပ်ရာကနိုး၍ ကြည့်လိုက်သောအခါ။ ယခင်ကကဲ့သို့-ထိုင်လျက်နေသည်ကို မြင် လျှင်။ နောင်တော်-မကျိန်းစက်သေးဘူးလားဟု-မေးလျှောက်ပြန်၏။

နောင်တော်ရဟန်းက။ ငါ့ညီသာ, အိပ်ပါလောဟု-ပြောဆို၏။ ထိုနောက်တဖန် ညီငယ်ရဟန်းက, သန်းခေါင်ကျော်အချိန်မှာ၊ တရေးနိုး၍ ကြည့်လိုက်သောအခါ။ နောင်တော်ရဟန်း ထိုင်နေသည်ကို-မြင်လေလျှင်။ နောင်တော်၊ နှံသိရှုတင် ဆောက် တည် သလားဟု၊ မေး လျှောက် ၏။ ထိုအခါ၊ နောင်တော် ရဟန်းက။ မိမိ ဆောက်တည်သော, ရှုတင်ကိုဖျက်၍။ ငါသည်၊ ရှုတင်-မဆောက်ဘည်ပါဟု ပြောလျက်။ အိပ်ရာ၌ လှဲ၍ ကျိန်းစက်လေ၏။ ထိုပုဂ္ဂိုလ်များကို ကြည့်ရှုသောအားဖြင့်။ မိမိ၏-ဆောက်တည်သော, ရှုဘင် အကျင့်မြတ်ကို။ ညီအရင်းဖြစ်တဲ့-တပါးသောသူကိုမျှ၊ အသိ မပေးကြဘဲ။ လျှို့ဝှက်၍၊ ကျင့်ကြံ ကျိုးကုတ်၊ အားထုတ်တော်မူကြသည်ကို။ နည်းယူဘွယ် ကောင်းလေစွ။ ။ဝှတင်အပိဿ ပုဂ္ဂိုလ်ဟူ၍မှတ်။

**No. 47.**

ထိုနောက်။ ရဟန္တာကိုယ်တော်မြတ်ကြီး, တပါး သည်။ ညဥ့်အခါ။ မဟာသမယသုတ်ကို၊ ရွတ်ဘတ် သရဇ္ဈာယ်နေသောအခါ။ ထို-မဟာသမယသုတ်, အဆုံးတွင်။ တယ်ပင်စောင့်—နတ်သမီးက။ သာဓု—သာဓု-ခေါ်လေသော်။ ရဟန္တာကိုယ်တော်မြတ်ကြီးက။ သာဓုခေါ်သောသူကား။ အဘယ်သူနည်းဟု-မေးလေ၏။ ထိုအခါ၊ နတ်သမီးက။ တပည့်တော်မ, နတ်သမီးပါဘုရားဟု—လျှောက်၏။ ရဟန္တာကိုယ်တော်မြတ်ကြီးက။ အသင်-နတ်သမီး။ မြတ်စွာဘုရားသခင်-မဟာသမယသုတ်—ဟောတော် မူစဉ် အခါက။ အသင်နတ်သမီး—ကြားနာလိုက်ရသည်မဟုတ်ပါလောဟု-မေး၏။ နတ်သမီးက, ကြားနာလိုက်ရပါ၏ဘုရားဟု-လျှောက်ထား၏။ ထိုစဉ်အခါက၊ မြတ်စွာဘုရားဟောတော်မူတဲ့—မဟာသမယသုတ်နှင့်။ ယခုငါရွတ်ဆိုသော, မဟာသမယသုတ်သည်၊ တူပါရဲ့လားဟု, မေးလေ၏။ နတ်သမီးက၊ မြတ်စွာဘုရားဟောတော်မူတဲ့၊ ဒေသနာတော်အတိုင်း၊ ထပ်တူ-ထပ်မျှ-ညီညွတ်ပါသည် ဘုရားဟု လျှောက်၏။ ထိုအခါ၊ ရဟန္တာကိုယ်တော်မြတ်ကြီးက။ အသင်နတ်သမီး၊ ဘုရားသခင်-ဟောတော်မူစဉ်က။ လူ၊ နတ်၊ ဗြဟ္မာတွေ။ အသင်္ချေ၊ အနန္တ၊ မရေတွက်နိုင်အောင်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြလေသည်။ အသင်နတ်သမီးမှာ။ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်များ-မဖြစ်လိုက်ဘူးလားဟု၊ မေးလေ၏။ နတ်သမီးက၊ တပည့်တော်—မဖြစ်လိုက်ပါဘုရားဟု၊ လျှောက်၏။ တဖြင့်-အသင်နတ်သမီးရယ်။— သောတာပန်လောက်တော့၊ ဖြစ်လိုက်ပါလိမ့်မည်ဟု-မေးလေသော်။ အရှင်ဘုရားမမေးအပ်တဲ့စကားကို—မေးသကိုး ဘုရားဟု၊ လျှောက်ထားပြီး။ နတ်သမီး ကွယ် ပျောက် သွား လေ၏။ ။ထိုစကားကိုထောက်ထား၍။ စဉ်းစားဆင်ခြင်၍ ကြည့်ရှုလိုက်သောအခါ။

မိန်းမတို့ မည်သည်မှာ၊ ယောက်ျားများထက်၊ ဂုဏ်ပကာ သနဝါကြွား ပလွှား တက်သော, ဒုလေ့ အကျင့် ရှိသော် လည်း၊ သူတော်ကောင်းတို့၏ စိတ်နှစ်လုံးကို၊ ဒုမြဲကျင့်သုံး လျက်။ မိမိရပြီးသော-မင်္ဂကိုမှု၊ သူတပါးအား, မပြောကြား ဘဲ၊ လျှို့ဝှက်စွာ သိမ်းဆည်းပြီး ထားနိုင်ခြင်းသည်။ အလွန် အံ့သြဘွယ် ကောင်းလေ စွာ့ဟု၊ ချီးမွမ်းမိပါပေ၏။ ။ဒုမိ ဂမအပိဿပုဂ္ဂိုလ်ဟူ၍မှတ်။

ထိုနောက်။ မာတိကာ, အမည်ရှိသော၊ ကျောင်းအမကြီး သည်။ သံဃာတော်အရှင်မြတ်တို့အား၊ ပစ္စည်းလေးပါးတို့ ဖြင့်၊ ထောက်ပန့်ကျွေးမွေး လှူဒါန်း၍နေလေ၏၊ တနေ့သ၌၊ မိမိကိုယ်တိုင်-ချက်ပြုတ်စီမံပြီးလျှင်၊ ကျောင်းသို့သွား၍ ဆွမ်း ပွဲတဲ့အခါမှာ၊ ကျောင်း၌ ရဟန်းတပါးမျှ-မတွေ့ရ၍၊ကျောင်းစီ ခေါင်းလောင်း, တီးခပ်လိုက်သောအခါ၊ တပါးစီ-တပါးစီ ကြွလာသည်ကို-မြင်လေသော်၊ တကာမကြီးက, လျှောက် ထားသည်မှာ။ အရှင်ဘုရားတို့၊ တပါး နှင့် တပါး၊ စကား မပြော၊ မနှီးနှောကြဘဲ၊ တပါးစီ-တပါးစီ-ခွဲခြမ်း၍ ဘယ် အတွက်ကြောင့်၊ ယွှလို နေကြပါသလဲ ဘုရားဟု-လျှောက် ထား လေ သော်။ မဟာထေရ်ကြီးက, အမိန့်ရှိ သည် မှာ၊ ကျောင်းအမကြီး,-ငါတို့ရဟန်းတော်များ၊ မသင့် မတင့်၍၊ တပါးစီ-နေထိုင်သည်မဟုတ်၊ ရဟန်းတရား အားထုတ်၍။ ဆိပ်ညိမ်ရာ၌၊ ဝိဝေက-ဖြစ်အောင်။ တပါးစီ နေထိုင် လျှက် သီတင်းသုံးကြသည်ဟု၊ အမိန့်ရှိလေ၏။ ထိုအခါ၊ ကျောင်း အမကြီး-သည်၊ အရှင်ဘုရားတို့ အားထုတ်သော, ရဟန်း တရားကို၊ တပည့်တော်မတို့-အားမထုတ်ကောင်းဘူးလား ဘုရားဟု-လျှောက်ထားလေသော်၊ တကာမကြီး,အားထုတ် ကောင်းသည်ဟု-အမိန့်ရှိလေ၏။ ဒါဖြင့်—တပည့်တော်မ,

အားထုတ်ပါရစေဘုရားဟု၊ လျှောက်ထားလေသော်။ ဒွတ္တ သကာယနှင့်၊ ခတ်ကြိုး-ငပါးကို။ ရုပ်နာမ်နှင့် တကွ၊ ခွဲပြ၍ ဟောတော်မူ၏။ ။ထိုတကာမကြီးသည်။ တရားနာပြီး လျှင်၊ အိမ်သို့ပြန်လာ၍။ ညဉ့်အခါတွင်၊ ငါဟူသော, သဏ္ဍာ ယဒိဋ္ဌိ၊ အဏ္ဍဇြဒိဋ္ဌ-တို့မှလွတ်ကင်းလျှက်။ လက္ခဏာရေး သုံး ပါးတို့ဖြင့်။ ဝိပဿနာဉာဏ် အမြင်သန့်ပြီးလျှင်။ သောတာပန် အစ၊ အနာဂါမ် အဆုံး။ သုံးပါးရုံ-မဂ် ဖိုလ် ကို။ လွယ်လင့် တကူ ရယူပြီးလျှင်။ ဆင်ခြင် စင်းစားသည်မှာ။ ငါ၏ရဟန်း တော်များသည်။ ရဟန်းကိစ္စပြီးစီး ပါပြီလားဟု။ “ပရစိတ္တ ဝိဇာနန-ဉာဏ်ဖြင့် ဆင်ခြင်သောအခါ။” ရဟန်းကိစ္စ မပြီး သေးဘဲ၊ ပုထုဇဉ်ဘဝနှင့်ပင် ရှိနေသေးကြောင်း,သိရလေ ၏။ ထိုအခါ၊ တကာမကြီးသည်။ နံနက် စောစော၊ ကိုယ် တိုင်ချက်ပြုတ်ပြီးလျှင်။ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အခါးဟူ သမျှတို့ကိုယူဆောင်၍၊ ကျောင်းသို့သွားပြီလျှင်။ အရှင်ဘုရား က–အချိုကြိုက်၍ အချိုပါ ဘုရား။ အရှင်ဘုရားက–အချဉ် ကြိုက်၍ အချဉ်ပါ ဘုရား–ဟု။ အသီးအသီးလျှောက်ထား၍ ဆက်ကပ်လေ၏။

ထိုရဟန်းတို့သည်။ သပ္ပါယအစာ,စားရပါသဖြင့်။ကြည် သာရွှင်လန်း၊ စိတ်ချမ်းမြေ့လျှက်။ ပျော်မွေ့စွာကြိုးပမ်း၍၊ ရဟန္တာချည်း ဖြစ်ကြလေ၏။ ဝါကျွတ် ကာလ၊ ဘုရားထံ ရောက်ကြသဖြင့်။ တကာမကြီး အကြောင်း၊ ပြန်ပြောင်း၍ လျှောက်ထားရာ။ အနားမှာရှိ၊ ရဟန်းတပါး သိလေ လျှင်။ ထိုရွာသို့သွားအံ့ဟု၊ ဘုရားထံ လျှောက်ထား၍ သွားလေရာ။ မာတိကာရွာသို့-ရောက်ရှာလျှင်။ ငါသည်၊ ခရီးပင်ပန်း နွမ်း နယ်၏။ ကျောင်းအိပ်ရာ–နေရာ, သုတ်သင်သူ၊ လွှတ်လိုက်မူ ကောင်းလေစွာ့ဟု ကြံဆ၍။ မကြာခင်-သုတ်သင်သူ ရောက်

လာ၏။ ဤသို့စသည့်ဖြင့်၊ ကြိတိုင်း ကြိတိုင်း ရောက်လာ၍၊ နောက်ဆုံး၌-ကြီမ်၊ တကာမကြီး-ကိုယ်တိုင်လာမှ၊ ကောင်း လေစွ၊ဟုကြံပြန်၏။ တကာမကြီးကိုယ်တိုင်လာ၍၊ တွေ့ကြ သောအခါ။ တကာမကြီးသည်။ သူတပါး စိတ် အကြံကို သိသလောဟု မေးလေ၏။ "ပရစိတ္တံ ဝိဇာနန ဘိက္ခု ဗဟု တာတ၊" ချစ်သားဘုရား။— သူတပါးမိတ်အကြံ သိဘုန် သော, ရဟန်းတို့သည်၊ အများကြီး ရှိဘုန်၏ဟု-လျှောက် ၏။ သူတပါးကို-မမေး၊ တကာမကြီးကိုသာ, ငါမေး၏ဟု ဆိုလေလျှင်။ "အဟံ ဇာနာမိတိ အဝတွာ၊" အကျွန်ုပ်သိ၏ ဟု-မဆိုမူ၍၊ ရှေး၌-တိုင်း လျှောက်လေ၏။

ထိုအခါ။ မဟာထေရ်ကြီးက၊ ဆွမ်း စား ပြီး တဲ့ အ ခါ။ တကာမကြီး-သူတပါးတို့၏စိတ်ကို၊ တကာမကြီး, သိပါ သလားဟု မေးလေ၏။ ထိုအခါ၊ ကျောင်းအမကြီးက။ မိမိ ရအပ်ပြီးသော, မဂ်ဖိုလ် တရားကို၊ ထင်လျှားစွာ မလျှောက် ထားဘဲ။ အရှင်ဘုရားတို့။—, မြတ်စွာဘုရား တရားတော် ကို၊ နှေည့မပြတ်—ဆည်းပူး အား ထုတ် ပါလျှင်။ သိတတ်ပါ သည်ဘုရားဟု၊ လျှောက်ထားသတဲ့။

ထို-တကာမကြီး, လျှောက် ထားသော စကားအရ။ မိမိ ရအပ်ပြီးသောတရားကို။ ငါရပြီ၊ ငါသိပြီ၊ ငါမြင်ပြီ၊ ငါရောက် ပြီဟု၊ မပြောမဆိုဘဲ။ လျှို့ဝှက်စွာသိမ်းဆည်း၍နေခြင်းသည်။

"သတံသပ္ပုရိသာနံ၊ အရိယပုဂ္ဂလာနံ၊ ဓမ္မော၊ သန္တမ္မော" ဆိုတဲ့-ဒေသနာတော်နှင့် ညီညွတ်ပါ ပေသည်။ ။အမိဂမ အပိန္တာပဋိလ်ဟူ၍မှတ်။

———ooo———

**No. 48.**

## ၃၄။ နိဗ္ဗာန်နှင့် အရဟတ္တဖိုလ်-အကြောင်း။

ဘဝါဘဝံ ဝိနန္တော၊ သံသိဗ္ဗန္တော၊ ဝါနသင်္ခါတာ ယ·တဏှာယ၊ နိက္ခန္တံ နိဗ္ဗာတိ ပါ ဇေတေန ရာဂဂ္ဂိအာဒိကောတိနိဗ္ဗာနံ။ ။အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျော်။

ဘဝါဘဝံ၊ သုဂတိဘဝ—ဒုဂ္ဂတိ ဘဝ၏ အစွမ်း အားဖြင့် လည်းကောင်း။ ဘဝါဘဝံ၊ ယုတ် သော ဘဝ—မြတ်သော ဘဝ၏ အစွမ်းအားဖြင့်ငှင်း။ ဘဝါဘဝံ၊ ငယ်သောဘဝ-ကြီး သောဘဝကို။ ဝိနန္တော-သံသိဗ္ဗန္တော၊ အောက် အထက် ပြန်သည်၏ အစွမ်း အားဖြင့်၊ တစပ်ထည်း ကဲ့သို့ စပ်တတ် သည်၏ အဖြစ်ကြောင့်။ ဝါနသင်္ခါတာယ၊ ဝါန ဟု ဆိုအပ် သော။ တဏှာယ၊ တဏှာမှ။ ယိႇမ္မဇာတံ၊ အကြွင်းအသင်္ခ ခတ်တရားသည်။ နိက္ခန္တံ၊ ဝိသယာဘိက္ကမန၏အစွမ်းအား ဖြင့် လွန်မြောက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံခမ္မဇာတံ၊ ထိုအသင်္ခတ ခတ်တရားသည်။ နိဗ္ဗာနံ နိဗ္ဗာန်မည်၏။ ဝါ၊ တနည်းကား။ ဇေတေန၊ ထိုအသင်္ခတခတ်တရားဖြင့်။ ရာဂဂ္ဂိ အာဒိကော၊ ရာဂအစရှိသောမီးသည်။ နိဗ္ဗာတိ ငြိမ်းတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ရာဂအစရှိသော မီး၏ ငြိမ်းကြောင်း ဖြစ် သောသတ္တိကြောင့်။ တံခမ္မဇာတံ၊ ထိုအသင်္ခတခတ်တရား သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ။အာဒိသဒ္ဒါဖြင့်။ ရာဂ၊ ဒေါ သ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ အစရှိသည်ကိုယူလေ။

အနုဋီကာ၌။ အစ္စေဝ ပရမတ္ထတော အသင်္ခတခတ္ထု။ ။ အသင်္ခတခတ္ထု၊အသင်္ခတဓါတ်ဟုဆိုအပ်သော နိဗ္ဗာန်သည်။ ပရမတ္ထတော၊ မချွတ်ဆတ် ပရမတ် အားဖြင့်။ အစ္စေဝ၊ ထင်ထင်ရှားရှားရှိသည်သာလျှင်တည်း။ ။မိလိန္ဒပဉှာ ပါဠိ တော်၌။ ရှင်နာဂသိန်-နိဗ္ဗာန်အကြောင်းဖြေကြားရာ၌။ ။

ဒုတ္ထိမဟာဏာဇာဓာ နိဗ္ဗာနံ မနောဝိညေယျံ–ဟူ၍။ ဖြေဆိုတော်မူ၏။ ။မဟာဇုဓာ၊ ပိလိန္ဒ–မင်းမြတ်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားသည်။ အဘို့၊ ရှိ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ မနောဝိညေယျံ၊ မနောဝိညာဏ်ဖြင့်သိအပ်၏။ ။ဥပမာအားဖြင့်။ ဝါယောဓာတ်ဟုဆိုအပ်သော, လေကဲ့သို့တည်း။ ။နိဗ္ဗာန်တရား, ထင်ရှားရှိသည်ဟု ဆိုရာ၌။ ရုပ်တရားကဲ့သို့။ စက္ခုဒွါရဖြင့်၊ ထင်ထင်ရှားရှား မြင်ရသည်မဟုတ်။ မနောဒွါရက၊ မနောဝိညာဏ်အားဖြင့်သာလျှင်၊ ထင်ရှား ရှိ၏ဟုမှတ်။ ။

အချို့သော ကေစိဆရာတို့က။ ပရိဘ်ကြီး ပါဠိတော်၌။ နိဗ္ဗန္တိဓိရာ ယထာယံ ပဒီပေါ–ဟူသော။ ပါဠိတော်ကို အထားရ၍။ နိဗ္ဗာန်ဟူသည်။ ဆီမီးကောက်ငြိမ်းခြင်းကဲ့သို့၊ ရာဂအစရှိသော, တဆဲ့ကပါးသောမီးတို့၏-ငြိမ်းခြင်းပင်တည်း။ ရာဂစသည်တို့၏ မရှိခြင်းမျှပေတည်းဟု–ပြောဆို ကြသော စကားသည်။ ပါဠိတော်အဋ္ဌကထာတို့နှင့်၊ ဖြောင့်ဖြောင့်ဆန့်ကျင်၏။ ပါဠိတော်အဆုံး၌။ ဓုဒ္ဒမ္ပိသံဃေ–ဟူသော,ပါဠိကို မမြင်၍။ ထင်ရာ မြင်ရာကို ပြောဆိုသော စကားပေ တည်း။ [မမှတ်သားအပ်။] ။ထိုအသင်္ခတဓာတ်၊နိဗ္ဗာန်မြတ်သည်၊ အရိယာ သာဝက တို့အား။ ပစ္စက္ခသိဒ္ဓိအားဖြင့် ထင်ရှား၏။ ကလျာဏပုထုဇ္ဇဉ်တို့အား။ အနုမာနသိဒ္ဓိအားဖြင့်၊ သိမြင်ထင်ရှား၏။ ဤပစ္စက္ခသိဒ္ဓိ၊ အနုမာနသိဒ္ဓိ-နှစ်ပါးတွင်လည်း။ဉာဏ်အမြင်၏ ထင်ရှားခြင်း။ ဉာဏ်အမြင်၏ အနည်းငယ်ထင်ရှားခြင်းအားဖြင့်။ အာရုံပြုသည်ကို မှတ်အပ်၏။ ။သဋ္ဌာယတနသံယုတ်အဋ္ဌကထာ၌။ ။သပ္ပုရိသာနံ၊ ပညာဒဿနေန ပဿန္တာနံ နိဗ္ဗာနံ အာလောကောဝိယ ဝိဘူတံ ဟောတိ။ ။ (အနက်။) ။ပညာဒဿနေန၊ ဉာဏ် ပညာ အမြင်အားဖြင့်။ ပဿန္တာနံ၊ ရှုမြင်ကြကုန်သော။ သပ္ပုရိသာနံ၊ သူတော်ကောင်း

ဖြစ်ကုန်သော။ ကလျာဏပုထုဇ္ဇဉ် အရိယာတို့အား။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်၊ နိဗ္ဗာန်မြတ်သည်။ အာလောကောဝိယ၊ နေလ—၏ အရောင်အလင်းကဲ့သို့။ ဝိဘူတံ၊ ထင်လင်း ပွင့်သည်။ ဟောတိ၊ ဖြစ်၏။

ငင်းအဋ္ဌကထာအလိုအားဖြင့်။ အရိယာသာဝကတို့အား၊ ပစ္စက္ခသိဒ္ဓိအားဖြင့်။ နိဗ္ဗာန်၏ သန္တိလက္ခဏာကို။ ပညာဖြင့် ထိုးထွင်း၍သိမြင်ခြင်းသည်။ သဥပါဒိသေသ၊ သုညတ၊ အနိမိတ္တ၊ အပဏိဟိတ-ဟူ၍မှတ်အပ်၏။

ကလျာဏပုထုဇ္ဇဉ် တို့၏ အနုမာန သိဒ္ဓိအားဖြင့်။ နိဗ္ဗာန်သည်။ အမှန်မုချ ထင်ရှားရှိ၏။ ရာဂ-ဒေါသ-အစရှိသော,မီး တဆယ့်တပါးတို့၏ ကင်းငြိမ်းရာဖြစ်သောကြောင့်။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၊ လွန်စွာနှစ်သက်မြတ်နိုးအပ်သော၊ နိဗ္ဗာန်သည်·ရှိ၏ဟူ၍။ အနုမာနအားဖြင့်၊ရမ်းဆ၍သိရခြင်းသည်။ ကလျာဏပုထုဇ္ဇဉ်တို့၏ အသိမျိုးဟူ၍မှတ်။

## နိဗ္ဗာန်နှင့်-အရဟတ္တဖိုလ်။

အရှင်သာရိပုတ္တရာ၏-တူဖြစ်သော။ အဝတ်မဝတ်သော-ပုရိဗိုဇ်-သည်။ ရှင်သာရိပုတ္တရာအား။ နိဗ္ဗာန်-နှင့်-အရဟတ္တဖိုလ်အကြောင်း, လျှောက်ထားပုံ။—

(သဠာယတနဝဂ္ဂ၊ ဇမ္ဗုခါဒက-သံယုတ်ပါဠိတော်၌။) ။
ဧကမန္တံနိသိန္နော ခေါ ဇမ္ဗုခါဒကော၊ ပရိဗ္ဗာဇကော၊
အာယသ္မန္တံ သာရိပုတ္တံ၊ ဧတဒဝေါစ၊ နိဗ္ဗာနံ နိဗ္ဗာနန္တိ၊
အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ ကတမံ နုခေါ၊ အာဝု
သော သာရိပုတ္တ နိဗ္ဗာနန္တိ၊ ယော ခေါ အာဝုသော။
ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံ
ဝုစ္စတိ နိဗ္ဗာနံ။ ။နိဗ္ဗာနသုတ်ပါဠိ။ ။

(အရဟတ္တသုတ်ပါဠိ။)- အရဟတ္တံ အရဟတ္တံ ဘိ အာဝု
သော သာရိပုတ္တ ဝုစ္စတိ၊ ကတမံ နုခေါ၊ အာဝုသော
သာရိပုတ္တ အရဟတ္တန္တိ၊ ယော ခေါ အာဝုသော၊ ရာ
ဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံ ဝုစ္စ
တိ အရဟတ္တံ။ ။

(အနက်။) ငြောမန္တံ၊ တင့်အပ် ကျောက် ပါတ် သော
အရပ်၌။ နိသိန္နောခေါ၊ နေပြီးသော။ ဇမ္ဗုခါဒကော၊ ဇမ္ဗု
ခါဒက-အမည်ရှိသော။ ပရိဗ္ဗာဇကော၊ အရှင်သာရိပုတြာ၏
တူဖြစ်သော။ အဝတ် မဝတ်သော, ပုရိဗိုဇ်-သည်။ အာယ
သ္မန္တံ-သာရိပုတ္တံ၊ အရှင်သာရိပုတ္တရာကို။ ဧတံဝစနံ၊ ဤသို့
သောစကားကို။ အဝေါစ၊ လျှောက်ထား၏။အာဝုသော-သာရိ
ပုတ္တ၊ အရှင်သာရိပုတြာ။ နိဗ္ဗာနံ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် နိဗ္ဗာန်ဟူ
၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အာဝုသော သာရိပုတ္တ၊ အရှင်သာရိ
ပုတြာ။ ကတမံနုခေါ၊ အဘယ်ကိုလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူ၍။
ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဣတိဧတံဝစနံ၊ ဤစကားကို။ အဝေါ
စ၊ လျှောက်၏။ ။အာဝုသော၊ ငါ့ရှင်-ဇမ္ဗုခါဒက။ ယော
ခေါ၊ အကြင်သဘောတရားသည်။ ရာဂက္ခယော၊ ရာဂ၏ကုန်
ကြောင်းဖြစ်၏။ ဒေါသက္ခယော၊ ဒေါသ၏ကုန်ကြောင်းဖြစ်
၏။ မောဟက္ခယော၊ မောဟ၏ကုန်ကြောင်း ဖြစ်၏။ ဣဒံ၊
ဤသဘောတရားကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အာဝုသော သာရိပုတ္တ၊ အရှင်သာရိပုတြာ။ အရဟတ္တံ၊
အရဟတ္တံ၊ အရဟတ္တ-အရဟတ္တ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။
အာဝုသော သာရိပုတ္တ၊ အရှင်သာရိပုတြာ။ ကတမံ နုခေါ၊
အဘယ်ကိုလျှင်။ အရဟတ္တံ၊ အရဟတ္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်
သနည်း။ ဣတိဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်၏။

**No. 49.**

အာဂုသော၊ ငါ့ရှင် ဓမ္မဒိန္နာ။ ယော်ခေါ်၊ အကြွင်း သဘောတရားသည်။ ရာဂက္ခယော၊ ရာဂ ကုန်သည်၏ အဆုံး၌ဖြစ်၏။ ဒေါသက္ခယော၊ ဒေါသကုန်သည်၏ အဆုံး၌ဖြစ်၏။ မောဟက္ခယော၊ မောဟကုန်သည်၏အဆုံး၌ဖြစ်၏။ ဤ၌၊ ဤ သဘောတရားကို။ အရဟတ္တံ၊ အရဟတ္တဟူ၍၊ ဝုစ္စတိ၊ ဆို အပ်၏။

အကြွင်းသူသည်ကား။ ဤပါဠိတော်အတိုင်း။ ကိလေသာ၏ကုန်ခြင်းမျှကို နိဗ္ဗာန်ဟူ၍ဆိုငြားအံ့။ ထိုသူကို၊ အဘယ်သူ၏ ကိလေသာကုန်ခြင်းကိုဆိုသနည်း။ မိမိ၏ကိလေသာကုန်ခြင်းကိုဆိုသလော။ သူတပါးတို့၏ ကိလေသာ ကုန်ခြင်းကိုဆိုသလောဟု–မေးအပ်၏။ မချွတ်လျှင်၊ မိမိ၏ ကိလေသာ, ကုန်ခြင်းကိုဆိုသတည်းဟုဆိုလတ္တံ့။ ထိုနောင်မှ ဂေါတြဘူဉာဏ်၏ အာရုံကား၊ အဘယ်နည်းဟု မေးအပ်၏။ သိသောသူဖြစ်ပါမူကား၊ နိဗ္ဗာန်ဟုဆိုလတ္တံ့။ ထိုဂေါတြဘူဉာဏ်ခဏာ၌။ ကိလေသာတို့ သည်၊ ကုန်ပြီးလော၊ ကုန်ဆဲလော၊ ကုန်လတ္တံ့လောဟု မေးအပ်၏။ ကုန်ပြီးဟူ၍ဂင်း။ ကုန်ဆဲဟူ၍ဂင်း–မဆိုအပ်။ ကုန်လတ္တံ့ဟူ၍ကား·ဆိုအပ်၏။ ထိုကြောင့်။ ကိလေသာတို့သည်။ ကုန်ပြီးသည်မဟုတ်ဘဲလျက်။ ဂေါတြဘူဉာဏ်သည်။ ကိလေသက္ခယကို အာရုံပြုသလောဟုဆိုအပ်၏။ ဤသို့ဆိုသည်ရှိသော်။ မချွတ်ဆိုရာမရှိသည်ဖြစ်လတ္တံ့။

မဂ်ဉာဏ်၌လည်း။ ဤစကားကို ယှဉ်၍ ယူအပ်၏။ ထိုစကားသည် မှန်၏။ မဂ်၏ခဏာ၌လည်း။ ကိလေသာ တို့ကို ကုန်ပြီးဟူ၍ဂင်း၊ ကုန်လတ္တံ့ဟူ၍ဂင်း၊ မဆိုအပ်ကုန်။ ကိလေသာတို့သည်။ ကုန်ပြီးသည် မဟုတ်ဘဲ လျက်။ ကိလေသက္ခယသည်လည်း-အာရုံမဖြစ်နိုင်။ ထို့ကြောင့်။ အကြွင်း

တရားကိုစွဲ၍ ရာဂအစရှိသည့်-ကုန်၏။ ထိုတရားသည်၊ နီဝွာန်မည်၏ဟူသောစကားကို ဝန်ခံအပ်၏။ ရူပိနေခါမျှ-အစရှိ ကုန်သော ပုဒ် တို့ တွင်။ အရူပိနေခါမျှ-ဟူသော ပုဒ် ဖြင့်။ သဗ္ဗိုဟ်အပ်သည်၏ အဖြစ်ကြောင့်။ ထို နီဝွာန် သည်။ ကိလေသာတို့၏ ကုန်ခြင်းမျှ သည်သာ မဟုတ်။ (ဇမ္ဗုခါဒက သုတ်အဋ္ဌကထာ၌။) ရာဂက္ခယ၊ ဒေါသက္ခယ၊ မောဟက္ခယ ဟူသော, အမည်သုံးပါးသည်။အရဟတ္တဖိုလ်၏အမည်လည်း ဖြစ်၏။ ထို့ကြောင့်။ နီဝွာန်၏အမည်ကိုလည်း။ အရဟတ္တဖိုလ်၏အမည်ဟူ၍မှတ်။ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ၎င်း။ အရဟတ္တဖိုလ်ကို ဆင်ခြင်ခြင်းသည်၎င်း။ အကြင် ဆို အပ်ခဲ့ပြီးသော, အရဟတ္တဖိုလ်နီဗ္ဗာန်ကို။ မျက်မှောက်ပြုခြင်း မည်၏။ ထိုအရဟတ္တဖိုလ်နီဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ကား။ မျက်မှောက်သော ကိုယ်၏အဖြစ်၌၊ သုခဝိဟာရ ဖြစ် ၍။ အရဟတ္တဖလသမာပါတ်၏ အကြောင်းဖြစ်သောကြောင့် တည်း။ ။ဤနေရာ၌။ အလွန်ခက်ခဲ၊ နက်နဲသော-သဘာဝ တရားဖြစ်၍။ သုံးလူ့ထွဋ်ထား၊ ရှင်တော်မြတ်ဘုရားသည်။ ဥဒ္ဒုမ္ဗရိမနုဿ ပါရာဇိက အာပါတ်ကို။ ဝေသာလီပြည်။ ဝဂ္ဂုမုဒါမြစ်နား၌ နေကုန်သော, ရဟန်းတို့၏ ဈာန်မဂ်ဖိုလ်တရား ကို။ ပြောကြွားခြင်း ဟူသော အကြောင်း ကြောင့်။ ပညတ် တော်မူသည်။ ။ဝေသာလိယံ ဝဂ္ဂုမုဒါတီရိယေ ဘိက္ခူ အာရဗ္ဘ တေသံဥဒ္ဒုမ္ဗရိမနုဿခမ္မာ ရောစ နဝတ္ထုသ္မိံ ပညတ္တံ။ (ကင်္ခါဝိတရဏီအဋ္ဌကထာ။) ။အနက်။ ဝေသာလိယံ၊ဝေ သာလီပြည်၌။ ဝဂ္ဂုမုဒါတီရိယေ၊ ဝဂ္ဂုမုဒါမြစ်နား၌နေကုန် သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ တေ သံ၊ ထိုရဟန်းတို့၏။ ဥဒ္ဒုမ္ဗရိမနုဿခမ္မာ၊ လူတို့တရား၊ ကံ ဆယ်ပါးထက်၊ ထူးခြားမြတ်လှ၊ ဈာန်မဂ်စသည်၊ အလီလီကို။

အာရောစနဝတ္ထုသို့ ပြောကြားခြင်းဝတ္ထုကြောင့်။ ပညတ္တံ၊ ပညတ်တော်မူ၏။

(ပါရာဇိကာလတ်ပါဠိတော်၌။) ယောပန ဘိက္ခု အနဘိဇာနံ၊ ဥတ္တရိမနုဿဓမ္မံ အတ္တုပနာယိကံ အလမရိယ ဉာဏဒဿနံ၊ သမုဒါစရေယျ၊ ဣတိဇာနာမိ၊ ဣတိပဿာမိတိ၊ တတောအပရေန သမယေန သမနုဂ္ဂါဟိယ မာနောဝါ၊ အသမနုဂ္ဂါဟိယမာနောဝါ၊ အာပန္နော ဝိသုဒ္ဓါပေက္ခော ဧဝံဝဒေယျ၊ အဇာနမေဝံ အာဝုသော၊ အဝစံ ဇာနာမိ၊ အပဿံ ပဿာမိ တုစ္ဆံမုသာဝိလပိန္တိ၊ အညတြအဓိမာနာ၊ အယမ္ပိပါရာဇိကော ဟောတိ၊ အသံဝါသော - ဟူ၍။ ဘုရားသခင်-ပညတ်တော်မူ၏။

(အနက်။) ။ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ အနဘိဇာနံ အနဘိဇာနန္တော၊ မသိဘဲ။ အလမရိယဉာဏဒဿနံ၊ ကိလေသာကို ဖျက်ဆီး ခြင်း၌ စွမ်း နိုင် သော-မြတ် သော ဉာဏ်အမြင်ဟုဆိုအပ်သော။ဥတ္တရိမနုဿဓမ္မံ၊ လူတို့ဘုရား၊ ကံဆယ်ပါးထက်၊ လွန်ခြားမြတ်လှ၊ ဈာန်မဂ်စသည်၊ အလိုလိုကို။ အတ္တုပနာယိကံ၊ မိမိ၌ ဥတ္တရိမနုဿဓမ္မကို ဆောင်သည်ကို။ ကတွာ၊ ပြု၍။ ဣတိ၊ ဤသို့၊ ဇာနာမိ၊ ငါသိ၏။ ဣတိ၊ ဤသို့။ ပဿာမိ၊ ငါမြင်၏။ ဣတိ၊ ဤသို့။ သမုဒါစရေယျ၊ ပြောဟောငြားအံ့။ တတော၊ ထိုပြောဟောသည်မှ၊ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ သမနုဂ္ဂါဟိယမာနော ဝါ၊ သူတပါးတို့ မေးစိစစ်အပ်သော်ရင်း။ အသမနုဂ္ဂါဟိယ မာနောဝါ၊ သူတပါးတို့ မမေး, မစိစစ်အပ်သော်ရင်း။ အာပန္နော၊ အာပတ်သို့ ရောက်ပြီးသော။ ဝိသုဒ္ဓါပေက္ခော၊ စင်ကြယ်ခြင်းကို အလိုရှိသော, ရဟန်းသည်။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ အာဝုသော၊ ငါ့ရှင်တို့။ ဧဝံ၊ ဤသို့။ အဇာနံ၊

ဥတ္တရမိမနုဿမေ့ကို မသိဘဲ။ ဓာနာဒိ၊ သိဖြင့်ဟူ၍။ အဝစံ၊ ငါ ဆိုမိ၏။ အပဿံ၊ ဥတ္တရိမနုဿမေ့ကိုမမြင်ဘဲ။ ပဿာမိ၊ မြင် ၏ဟူ၍။ အဝစံ ငါဆိုမိ၏။ တုစ္ဆံ၊ အချီးနှီးသော စကားကို။ ဝိလပိံ၊ငါဆိုပြီ။ မုသာ၊ချွတ်ရွှင်းသောစကားကို။ဝိလပိံ၊ ငါ ဆိုပြီ။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ အဓိမာနာ၊ ရနိုး ခြင်းကို အလိုရှိသော ရဟာန်းကို။ အညတြထပေတွာ၊ ကြဉ် သား၍။ အယမ္ပိဘိက္ခု၊ ဤရဟာန်းသည်လည်း။ ပါရာဇိကော၊ ...ဘသနာဒတော်မှ-ရှုံးခြင်းသို့ ရောက်သည်။ အသံဝါသော၊ ရဟန်းကောင်းတို့ နှင့် တကွ၊ တူသော ပေါင်းဘော်ခြင်း မရှိ သည်။ ဟောတိ၊ ဖြစ်၏။ ငှင်းနေ့ံ။ (မဟာဝါပါဠိတော်၌)—

ဥပသမ္ပန္နေနဘိက္ခုနာ ဥတ္တရိမနုဿဓမ္မောနဥလ္လပိတဗ္ဗော၊ အန္တမသော သုညာဂါရေ အဘိရမာမိတိ၊ ယောဘိက္ခု ပါ ပိစ္ဆော ဣစ္ဆာပကတော၊ အသန္တံ၊ အဘူတံ၊ ဥတ္တရိမနုဿမ္မံ ဥလ္လပတိ၊ ဈာနံဝါ၊ ဝိမောက္ခံဝါ၊ သမာဓိံဝါ၊ သမာပတ္တိံပါ၊ မဂ္ဂံဝါ၊ ဖလံဝါ၊ အဿမဏောဟောတိ၊ အသကျပုတ္တိယော၊ သေယျထာပိနာမ၊ တာလော၊ မတ္ထကစ္ဆိန္နော အဘဗ္ဗော ပုန ဝိရုဠ္ဟိယာ၊ ဧဝမေဝဘိက္ခု၊ ပါပိစ္ဆော၊ ဣစ္ဆာပကတော၊ အ သန္တံ၊ အဘူတံ၊ ဥတ္တရိ မနုဿမ္မံ ဥလ္လပိတွာ၊ အဿမဏော ဟောတိ အသကျပုတ္တိယော၊တံတေ ယာဝဇီဝံ၊အကရဏီယံ။

(အနက်။) ။ဥပသမ္ပန္နေန၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော။ ဘိက္ခုနာ၊ ရဟာန်းသည်။ ဥတ္တရိမနုဿဓမ္မော၊ လူတို့တရား၊ ကံဆယ်ပါးထက်၊ ထူးခြား မြတ်လှ၊ ဈာန်မဂ်စ သည်၊ အလီလီကို။ နဥလ္လပိတဗ္ဗော၊ မိမိကိုယ်မှာ ရရှိပါ၏ဟု။ ဆောင်ခါပြုသော။ စိတ်သဘောဖြင့်-မပြောဟောအပ်။ အန္တ

မာသော၊ ယုတ်သော အပိုင်းအခြား အားဖြင့်။ သုညဂါရေ၊ ဆိတ်ငြိမ်ရာကျောင်း၊ လှိုင်ဂူ ခေါင်း၌။ အဘိရမာမိတိ၊ ဘာဝနာရ၊ ဖြာဖြာရှု၍။ အမှုနှင့်သာ, မွေ့ လျော် ပါ၏ ဟူ ၍။ နညလ္လပ္ပိတဗ္ဗော၊ မိမိကိုယ်မှာ၊ ရရှိပါ၏ဟု၊ ဆောင်ခါပြုသော၊ စိတ်သဘောဖြင့်၊ မပြောဟောအပ်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ပါပိစ္ဆော၊ အပါယ် ရောက်ကြောင်း–တရား ပေါင်းကို။ ရဆောင်းထုတ်ခါ၊ ယုတ်မာသော အလို ရှိသည် ဖြစ်၍။ ရုစ္ဆာပကတော၊ အလို ဆိုး သည်၊ အမျိုးမျိုးထွက်၊ အလွန်နှိပ်စက်သည်ဖြစ်၍။ အသန္တံ၊ မိမိကိုယ်တွင်။ ထင်ရှား မရှိသော။ အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မံ လူ တို့တရား၊ ငါးဆယ်ပါးထက်၊ ထူးခြားမြတ်လှ၊ ဈာန်မဂ်စသည်၊ အလင်္လိကို။ ဥလ္လပ္ပတိ၊ ပြော ဟောမိ ငြားအံ့။ ဈာနံဝါ၊ ဈာန် ကသိုဏ်းကိုငင်း။ ဝိမောက္ခံဝါ၊ ဝိမောက္ခ တရားကို ငင်း။ သမာဓိံဝါ၊ သမာဓိတရားကိုငင်း။ သမာပတ္တိံဝါ၊ သမာပါတ် တရားကို ငင်း။ မဂ္ဂံဝါ၊ နိဗ္ဗာန် ရှာငြား၊ မဂ်တရားကို ငင်း။ ဖလံဝါ၊ အကျိုးဖြစ်ငြား၊ ဖိုလ်တရားကိုငင်း။ ဥလ္လပ္ပတိ၊ ပြော ဟောမိငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ အသမဏော၊ ရဟန်းမဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ အသကျပုတ္တိယော၊ သာကီနွယ်ဘွား, ဘုရားသားတော်စစ် မဟုတ်သည်။ ဟော တိ၊ ဖြစ်၏။ သေယျထာပိနာမ၊ ဥပမာပုံဆို–ဘယ်လိုနည်း ဟူမူကား။ တာလော၊ ထန်းနောင်းမြင့်ရှည်။ ထန်းပင်သည်ပင် လျှင်။ မတ္ထကစ္ဆိန္နော လည်သီးကစ။ ပြတ်၍ကျသည်ရှိသော်။ ပုန၊ ရှေ့သို့တဖန်။ ဝိရုဠှိယာ၊ စည်ပင်ပြန့်ထွား, ကြီးပွါးခြင်း ငှါ။ အဘဗ္ဗောယထာ၊ မထိုက် မရာသကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပါပိစ္ဆော၊ အပါယ် ရောက်ကြောင်း·တရားပေါင်းကို။ ရဆောင်းထုတ်ခါ။ ယုတ်

မာသေသာအလိုရှိသည်ဖြစ်၍၊ ဇူဿုာပကတော၊အလိုဆိုးသည်၊ အမျိုးမျိုးထွက်-လွန်နှိပ်စက်သည်ဖြစ်၍၊ အသန့်၊ မိမိကိုယ် တွင်-ထင်ရှားမရှိသော၊ အဘူတံ၊ မဟုတ်မမှန်သော၊ ဥတ္တရိ မနုဿဓမ္မံ၊ လူတို့တရား, ကံဆယ်ပါးထက်၊ ထူးခြားမြတ်လှ၊ ချာန်မဂ်စသည် အလီထိကို၊ ဥလ္လပိတ္တာ၊ မိမိကိုယ်မှာ,ရရှိပါ ၏-ဟု၊ ဆောင်ကာပြုသော, စိတ်သဘောဖြင့်၊ ပြောဟောမိ သောကြောင့်၊ အသမဏော၊ ရဟန်းမဟုတ်သည်၊ ဟော တိ၊ ဖြစ်၏၊ အသကျပုတ္တိယော၊ သာကီနွယ်ဘွား, ဘုရား သားတော်စစ် မဟုတ်သည်၊ ဟောတိ၊ ဖြစ်၏။ တံ၊ ထို-လူတို့ တရား၊ ကံဆယ်ပါးထက်၊ ထူးခြားမြတ်လှ၊ ချာန်မဂ်စသည်၊ အထိလီကို၊ မတည်သဘော၊ငါရသောဟု ပြောဟောမိခြင်း အမှုကို၊ မတတယာ၊ သင်ပဋ္ဌင်းသည်၊ ယာဝဇီဝံ၊ သိက္ခာ ပုဒ်တော်-ကိုယ်၌ တည်သမျှကာလပတ်လုံး၊ အကရဏီယံ၊ မပြုမကျင့်အပ်၊ ဝါ၊ မပြောဟောအပ်။

ဘုရားသခင်-ပညတ်တော်မူအပ်သော, ဝိနည်း ဒေသနာ တော်သည်၊ အလွန်နူးညံ့သိမ်မွေ့သည်ဖြစ်ပါသောကြောင့်၊ ရဟန်းတော်များမှာ၊ အထူးဂရုစိုက်၍လိုက်နာသင့်ပေသည်၊ ဘာကြောင့်ဆိုသော်၊ အယုတ်ဆုံးအားဖြင့်၊ ဆိတ်ငြိမ်ရာဖြစ် သော၊ တောကျောင်း-လှိုင်-ဂူ-အစရှိသည်တို့၌၊ ငါသည်၊ [တပါးတည်း, ဧကစာရဖြင့်၊ ကမ္မဋ္ဌာန်းတရား နှင့်]—မွေ့ လျော်၍ နေသည်ဟု—မပြောဟောအပ်ကြောင်း။

မိမိ၌ ထင်ရှား မရှိပါဘဲလျက်၊ ငါသည်၊ "ဈာန်တရား၊ ဝိမောက္ခတရား၊ သမာဓိတရား၊ သမာပတ်တရား၊ မဂ် တရား၊ ဖိုလ်တရား" များကို၊ ငါသိပြီး၊ငါရပြီး၊ငါမြင်ပြီး၊ ငါရောက်ပြီး—ဟု၊ အရိပ်-အရောင်-ဩဘာ-နိမိတ်—အစရှိ

သည်တို့ဖြင့်။ ပရိယာယ်အားဖြင့်ဟောကြားခဲ့သည်။ စတုဗ္ဗ ပါရာဇိက- သိက္ခာပုဒ်ကို။ နှစ်လုံးပိုက်သင့်ပေသည်။

**ဝိပ္ပတ္တိအပြား-လေးပါးကိုပြဦးအံ့။**

စတသော၊ ဝိပ္ပတ္တိယော၊ သီလဝိပ္ပတ္တိ၊ အာစာရဝိပ္ပတ္တိ၊ ဒိဋ္ဌိ ဝိပ္ပတ္တိ၊ အာဇီဝဝိပ္ပတ္တိ-ဟူ၍။ ပရိဝါပါဠိတော်၌ လာသည်။ သီလဝိပ္ပတ္တိ သီလပျက်စီးခြင်း။ အာစာရဝိပ္ပတ္တိ၊ အကျင့်ပျက် စီးခြင်း။ ဒိဋ္ဌိဝိပ္ပတ္တိ၊အယူပျက်စီးခြင်း။ အာဇီဝဝိပ္ပတ္တိ၊ အသက် မွေး-ပျက်စီးခြင်းဟူ၍ လေးပါး အပြားရှိ၏။ ထိုလေးပါး၏ အထူးကား။—

ပဌမာပတ္တိဒွေ အပတ္တိက္ခန္ဓာ သီလဝိပတ္တိနာမ၊ အဝသေသာ ပဉ္စအာစာရဝိပ္ပတ္တိနာမ မိစ္ဆာဒိဋ္ဌိစ အန္တဂ္ဂါဟိကဒိဋ္ဌိစ ဒိဋ္ဌိဝိပ္ပ တ္တိနာမ၊ အာဇီဝဟေတု ပညတ္တာနိ၊ ဆသိက္ခာပဒါနိ၊ အာဇီဝ ဝိပ္ပတ္တိနာမ။ ။(ပရိဝါအဋ္ဌကထာ၌။) ။ပါရာဇိကအာပတ်၊ သံဃာဒိသိသ်အာပတ် နှစ်ရသည်။ သီလဝိပ္ပတ္တိမည်၏။ ကြွင်း သော အာပတ်ငါးရသည်။ အာစာရဝိပ္ပတ္တိမည်၏။ မိစ္ဆာဒိဋ္ဌိ အန္တဂ္ဂါဟိက ဒိဋ္ဌိသည်။ ဒိဋ္ဌိဝိပ္ပတ္တိမည်၏။ အာဇီဝတည်းဟူ သော အကြောင်းကြောင့်။ ပညတ်အပ်ကုန်သော။ ခြောက်ပါး သောသိက္ခာပုဒ်တို့သည်။ အာဇီဝဝိပ္ပတ္တိမည်၏။ ။၎င်းအာဇီဝ ဝိပ္ပတ္တိ ခြောက်ပါးတို့တွင်။ လိုရင်း (၁) နံပါတ်အချက်ကား။ အာဇီဝဟေတု၊ အာဇီဝကာရဏာ၊ ပါပိစ္ဆော၊ ဣစ္ဆာပကတော၊ အသန္တံ၊ အဘူတံ၊ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ အာ ပတ္တိ၊ ပါရာဇိကဿ-ဟူသော, အသက်မွေးခြင်းတည်း,ဟူ သော။ အာဇီဝဝိပ္ပတ္တိ ပျက်ခြင်းကို ဂရုမထားဘဲနှင့်။ မိမိ ကိုယ်ကို။ သောတာပန်ယောင်ယောင်။ သကဒါဂါမိယောင် ယောင်။ အနာဂါမိယောင်ယောင်။ ရဟန္တာယောင်ယောင်။

ဥဒေါင်းယောင်ယောင်။ ဖေါင်းယောင်ယောင်နဲ့။ ယောင်
သုံးဆယ်-ကိုယ်ဟာဝါတို့။ ဟိုဟာဗျား,—သတိထားပါအုံး။
ဘုရားဟော မရှုံကု။ သာသနာ့သူပုန်။ ဘုရားဟော ဖေါက်
ဖျက်က။ အောက်နရက်တဲ့။ သတိထားကြ။

——၊၊၀၊၊——

**တနေ့သ၌၊ စာအုပ်ငယ်ကလေးတခု-တွေ့ရှိ၍၊ ကောက်ယူ ကြည့်မိုက်. အခါ၊ စာအုပ်ငယ်ကလေးထဲ၌ ပါလာသော အကြောင်းအရာ မှာ၊ အောက်ပါအတိုင်း တွေ့ရှိရလေ၏၊**

အခါတပါး၌၊ ဝိပဿနာဝါဒီ၊ မဟာထေရ်ကြီး-သည်။ ဟော့ တကာ၊ ဆွမ်းတော်များ, ကောက်ဟော့—တင်ဟော့ ဟု၊ အမိန့်ပြုလေရာ။ ကပ္ပိယ, ဒါယကာသည်။ ဆွမ်းတော်ပွဲ ကိုကိုင်ကာ။ အစိန္တေယျ၊ အပ္ပမေယျမှစ၍ သိဆိုကာ။ ဆွမ်း တော်တင်ပြီးအလာမှာ။ ဟော့တကာ၊ ဘယ်ဘုရားအား,တင် ခဲ့သနည်းဟု-ဆိုး၍မေးရာ။ ကြေးဘုရားအား, တင်ထားပါ သည်ဟု-လျှောက်ထားသတဲ့။ သည်သောအခါ။မဟာထေရ် က၊ တကာရယ်၊ ဖျင်းမ ဖျင်းပလေ၊ ကြေးဖြင့်-သည်မှာ- ဖွံ့နီး, ရှိသားကဘဲဟု-ဆိုသဖြင့်။ ကပ္ပိယဒါယကာ-သည်။ သားရိုးဘုရားအား-ရွှေ့၍ထားလိုက်ရှာသတဲ့။ ဟော့တကာ၊ ဘယ်ဘုရား, ရွှေ့လိုက်လဲ။ မံဘုရား-ရွှေ့ ထား ပါ ဘုရား။ တကာရယ်၊ ဒိမယ်-သားရိုးခွက်-ရှိသားဘဲ-ဒီတွင် တင်လိုက် ရေ့ပေါ့ဟု—ဆိုပြန်ရာ။ ကျောက်ဆင်းတုအား, ရွှေ့ထားရ ပြန်သတဲ့။ ထိုအခါ၊ ဘယ်ရွှေ့ပြန်သလဲ-တကာရဲ့။ ကျောက် ဆင်းတု-ရွှေ့ထားလိုက်ပါပြီဘုရား။ အဲ—ဖျင်းမ ဖျင်းရှာလေ- ကျောက်ဖြင့် ဟိုအနား, ဒါးသွေးနေတာ—တင်လိုက်ရေ့ပေါ့ ကွယ်ဟု—ဆိုပါသတဲ့။ စဉ်းစားကြလေတော့။—

***No. 51.***

ဝင်းစကားကို-ဖြေရှင်းရန်မှာ။ ဘုရားနှင့်-သံဃာ သည်။ ပညတ်တရားမှန်၏။ မွေ-သည်။ ပရမတ်တရားမှန်၏။ သို့ သော်။ ဂုဏ် ဂုဏော ပုဒ်ကို၊ သတိထားဘို့ကောင်းပါသည်။ အကယ်၍၊ ဘုရားက-ကြေးနှင့်၊ ဇွန်းကကြေး-တူသည်မှန်၏။ ဘုရားက-ကျောက်နှင့်၊ ဒါးသွေးကျောက်ကား-တူသည် မှန် ၏။ သို့သော်။ အသွင်သဏ္ဍာန်တော် အားဖြင့်—ရည်မှန်းပြီး။ ဘုရားသခင်၊ သက်တော်ထင်ရှားရှိစဉ်က။ သဗ္ဗညုဝါဝေဏော ယျတို့အား။ ဒေသနာ အမြွက်ဆေးဖြင့်၊ တိုက်ကျွေးတော်မူတဲ့ အခါ။ ယျွ—ပုံတော်အတိုင်း, ဟောကြားတော် မူသည်ကို။ အာရုံတန်း၍၊ ရည်မှန်းကိုးကွယ်ကြရလေသည်ကို။ ပရမတ် သန်သန်နှင့် ပြောလိုက်ခြင်းသည်။ ဝိရုဒ္ဓမ္မဗ္ဗာရဒေါသ-မသင့် ပါလော။ “ပရမတ်ဉာဏ်၊ အမြင်သန်။ လားရန်-အဝိဝိ” ဆိုတဲ့—စကားကို၊ သတိထားပါလေ။

[ဖြေရှင်းဦးအံ့] ဥပမာအားဖြင့်။ ပရမတ် သန်သန်နှင့်၊ ဝိပဿနာတင်၍ ပြောခြင်ပေမဲ့။ မရင့်သန်လှသေးတဲ့၊ အလုပ် သမား ကလေး များ နှင့်။ သဘော သဘာဝ-မယူဆတတ် သေးတဲ့ ပုဂ္ဂိုလ်များ အဘို့မှာ၊ ဝန်လေး မသွားပေဘူး လား။ မတင်လွန်း—မချလွန်းမှ၊ အမြင်မှန်ရကြပေမယ်။ ဥပမာပြ ခြင်းမှာ။ ဘယ်ဘုရားလဲမေးရင်၊ ကြေးဘုရား၊ ကျောက်ဘုရား၊ သားရိုးဘုရားလို့ ဆိုပေ့။ ဆရာလုပ်သူက, သည်လိုမပြော လေနှင့်။ ပရိနိဗ္ဗာန်ပြုသွားတဲ့—ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကို—အာရုံပြု၍။ ဘုရား ဆင်းတု တော်—ရှေ့တော်မှာ၊ တင်ရ ကြောင်း, သူ့ရကြောင်းကို၊ ပြပြင်ပေးမှ။ လမ်းမှန်သို့ရောက် မည်။ မှားသူက, မှား၊ ပြင်သူမရှိရင်-မခက်ပါလား။ ရှေ့ကို ဘုရားသာသနာတော်မှာ—လူဖြစ်ကျိုး နပ်တဲ့။ “ဘဝမြတ် ဝိပဿနာ” ကို။ တင်ပြလိမ့်မည်—မျှော်ပါ။

# ၃၅။ ကျမ်းပြီးနိဂုံး၊

အတ္ထပါဌိတ ပရဟိတ သဒ္ဒါတံ၊
ယုဂ်ဂံခရေတိတိ ယုဂန္တရော။ ။

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္ထပါဌိတ ပရဟိတသဒ္ဒါတံ၊ မိမိ၏-လောကီ, လောကုတ္တရာအကျိုး။ သူတပါးတို့၏-လောကီ, လောကုတ္တရာအကျိုးဟုဆိုအပ်သော။ ယုဂံ၊ လောကီနှင့် လောကုတ္တရာ၊ နှစ်ဖြာသော, ထန်းပိုး အစုံကို။ ခရေတိ၊ ဆောင်ယူကယ်တင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဆောင်ယူ ကယ်တင် တတ်သော သဘောကြောင့်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ယုဂန္တရော၊ ယုဂန္တရမည်၏။ ဤင်းဝိဂြိုဟ်ဝစနတ္ထအရ။ ဤကျမ်းကို ရေးသားရခြင်းသည်။ ပုဂ္ဂလမိဋ္ဌာန်အားဖြင့် ရေးသားသည်မဟုတ်။ ဓမ္မမိဋ္ဌာန်အားဖြင့်။ လမ်းမှန်ကို–ကျမ်းဂန် နှင့် ညှိ၍။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာတိုင်း၊ ချေးသား စီရင်ရပေသတည်း။ ။

# ဆုတောင်း။

ဣဒံမေပုညံ၊ အာသဝက္ခယာဝဟံ၊
နိဗ္ဗာနဿ၊ ပစ္စယော ဟောတု၊
မမ ပုညဘာဂံ၊ သဗ္ဗေ သတ္တာ၊
သမာလဘန္တု။ ။

မေမယာ၊ ငါသည်။ ဣဒံပုညံ-ဣမိနာပုညကမ္မေန၊ ဤသို့ လမ်းမှန်ကို—ကျမ်းဂန်နှင့်ညှိလျှက်၊ ရေးသား-စီရင်ရသော ကောင်းမှု ကုသိုလ်ကံ စေတနာ ကြောင့်။ အာသဝက္ခယာဝဟံ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ—တည်းဟူ သော, အာသဝေါတရား လေးပါးတို့၏။ ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာဖြစ်သော။ နိဗ္ဗာနဿ၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခဟု—ဆိုအပ်သော။ ဒုက္ခအပေါင်းတို့၏ ကင်းငြိမ်းရာ၊ နိဗ္ဗာန်ရွှေပြည်မြတ်ကြီး၏။ ပစ္စယော၊ အထောက် အပန့်သည်။ ဟောတု—ဘဝတု၊ ဖြစ်ပါစေ သတည်း။ ။
မမ၊ အကျွန်ုပ်၏။ ပုညဘာဂံ၊ ကောင်းမှုကုသိုလ်ကံ၏—အဘို့ ကို။ သဗ္ဗေ၊ ကြွင်းမဲ့ ဥဿုံ၊ အလုံးစုံကုန် သော။ သတ္တာ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့သည်။ သမာ၊ အတူ အမျှ၊ လဘန္တု၊ အမျှရကြ၍။ ချမ်း သာ ကြ ပါ စေ ကုန် သတည်း။ ။

“ပြည်ဘောင်ဘ၌ သာသနာတော်ကြီး ထွန်းလင်းရမည်။”

**ကိုယ်ရေးကိုယ်တာ ကြည့်ရန်၊ ဓမ္မစက် ဖျူရန် ပါနဲ့ပြရန် အတွက်**

**ဒါမျိုးမှ အကျိုးထူးမည်**

၁။ မဟာမြိုင်ဆရာတော်ဘုရား၏ ရုပ်-နာမ် ရှင်းတမ်း အသင်း
ဝိပဿနာ နှင့် မဂ်သာအသင်းပြကျမ်း။ ရှစ်နှုံးနှင့် ၂ိဂဲ။

၂။ ငင်းဆရာတော်ဘုရားကြီးရေး သောတာနေ့လစ်းပြ ဓမ္မသာဘာဝ ၁။

၃။ ဆင့်မယ်ဂါယနာဘင်တော့မည်၊ အာသိုသလဲ?
သာသနာ့ရဲဘော် ဒုဟိယတွဲ ၂ိ ဓဝဲ။ စပါယ်ရှယ်ချုပ် ၄ိ။

၄။ ဝိပဿနာဘရား ဆွေးနွေးမလား ? အလှုဒါနပြုလျှင်ဘယ်ပုံပြုမလဲ ?
ဘုရားရှိခိုးနှင့် ဝေဒပုပ်, ခြားနားပုံ၊ နိဗ္ဗာန်ကိုမစံဆဲမြန်နိုင်ရဲ လား?
အနှုံး အသိ ၊စုံရမဲ့ ရဘာနှင့်သတ်ဘာသာပြန်၊ ကြည့် ပိုဘဲ၊အနေအာဝ။

၅။ ရှေးကြက်စာတော်ကြီးများ ဘယ်လိုရေးသားခဲ့မသလဲ၊ ခေတ်
ပြစ်နှင့် အရေးကျူ ဥောင်ကံထေရ်ရမှတ်ပုံစာအုပ်ကြည့်၂၊ ဒိဂဲ။

၆။ နိဗ္ဗာန်ရောက်ကြောင်း ဆုပန်တောင်းသော်လဲ၊ ရှေသလောက်မဟတ်—
အရှင် ဥ၀ါဒါဂရ အသင်းပြ ကဗျာလင်္ကာရွေကျမ်းစာ တအုပ် ၅ိ။

၇။ အပါယ် ပဒိုအုံ၌ နိဗ္ဗာန်လိုညွှန်သော အခြေခံ
အရှင် ဥ၀ါဒါနေရေး ဒိဋ္ဌိပြဘ်သဘာဝကျမ်း တအုပ် ၂ိဂဲ

၈။ ကချင်နယ်ဒေသ၊ ထူးဆန်းရှာအင်းဖြစ်ပုံ နှင့် တံခိုးကြီးဘုရား၊
အထိကရ နတ်လမ်း လူလမ်းနှင့် အင်းဗော်ကြီးသမိုင်း ၁ိဂဲ။

၉။ ကလေးမိုနယ်၊ပုလလဲတာနှင့်ကိဖ္စကျင့်တောင်
တံခို ရှင် ထန်ဘုရား နှင့် ပျားကော်ဘုရား သမိုင်း-၁ိ ၃ဲ။

၁၀။ စိတ်သဘော ဖြူစွာနှင့်၊ ညီညာ၍ ပြည်တော်သာဘို
အရေး “ဗမာ့ရောင်ခြည်စကြာမို” သာကြည့် - ၁ိ။

၁၁။ မိဘာလူမျိုးတွေက လူသတ်လက်နက်တွေ အမျိုးမျိုးထွင်ကြပေမဲ့၊
မဟိဒ္ဓိအရှင် ဝိဇ္ဇာအပွဲက၊ လူတွေကို အသက်ရှည်ရေး၊သာသနာ
ဘော်ထွန်းလင်းဘို့ ဖန်တည်းပြီ၊ ပိဋကဝင်ဆမုန်း နှင့် ပဥ္စမထုတ်
နဂါးရစ်တောင်သမိုင်း၊ ဆောင်ထားကြ ၁ိဂဲ၊ ၂အင်ပေါင်းချုပ် ၃ိ၊

ရစ်ဝေးနေမိတ်ဆွေများကဗျာရင်-၁အုပ်အနဲဆုံးမှာက (V.P.P.) နှင့် ပို့မါမည်၊

(**နံးရာစာအုပ်ဆိုင်များတွင် စုံစမ်း၍ ဝယ်ယူတော်မူကြပါ။**)

‘‘သဥပါဒ်သေသပြည်သူ့ နိဗ္ဗာန် ဝိပဿနာဘာသာပြန်၊’’ ထွက်တော့မည် မျှော်ပါ၊

**ဦးစိန် -ဓဒါသုံ, နှင့် { မျိုးစေ့ပုံနှိပ်တိုက်၊**

**သစားများ { ၀၄-လမ်း၊ ဥပုဿတော်ကုန်းပြ၊ မန္တလေး**


စိတ်ချရသော မျိုးစေ့များကို စိုက်ပျိုးကြပါ
ရပ်ဝေးကို လွယ်ကူသော ဌါနက V. P. P နှင့် ပို့သည်။
နံပါတ် ၃၂ ပန်းဂေါ်ဖီ
အစောစိုက် သက်လပ်မျိုး
တထုပ် ၃ိ တအောင်စ ၅ိ
နံပါတ် ၁၂ ပန်းဖုံလာပွင့်ကြီး
မျိုးကောင်း တထုပ် ၃ိ ဂဲ
နိုင်ငံခြားဖုံလာ ဂေါ်ဖီထုပ်
သက်လပ် အစောစိုက်မျိုး
တထုပ် ၃ိ ဒီပ်ကြီး…… ၂ိ
အာမေရိကန် ဆလပ်ပင်ကြီး
မျိုး တထုပ် ဂဲ တအောင်စ ၅ိ
စပါယ်ရှယ် ခဲဗော့ ပဲမျိုး
အချို အသီးလျော့ များသည် ၁၂
ဗမာဝ ခရမ်းစိုက် တထုပ် ၆ိ ၃ိ
ကြက်ဟင်းခါးမျိုးကောင်း ၆ိ
ဖိုးယံ ခရမ်းချဉ် မျိုးစိုက်… ဂဲ
ခရမ်းရှည်မျိုး တထုပ်… ၁၂
နံပါတ် ၁၅ ဂျပန်မုံညင်းဖြူ
ပင်ကြီး မျိုးကောင်း အစစ် ၁၂
စပယ်ရှယ် တရုပ်မုံညင်းဖြူ ၁၂
တရုပ်မုံညင်းဖြူမျိုး တထုပ် ဂဲ
မာမာဆုံးပန်းရွက် ၆ိ
နံပါတ် ၉ လှုံတိုင်းစိုက်နေကျ
တရုပ်မုံလာဥ ဖေါ်သဘော
မုံလာဥဖြူ သက်လပ်မျိုး
တထုပ် ၁၂ တပေါင် ၃ိ ဂဲ
ဂျပန်မုံလာဥ သက်လပ်မျိုး
တထုပ် ၁၂ တအောင်စ ၃ိ ဂဲ
ဂျပန်ပြည်မှလာသော
ဂျပန်မုံလာဥကြီး အစစ်
တပင် တဥကျ ဥသည်
အာမခံ တထုပ်လျှင်… ၃ိ
တအောင်စ ၂ိ
ထိပ်ဆောင်တင် ဒေလီယာ
ဂျ လက်မမျိုး တထုပ်… ၅ိ
သုံးပန်လှ ဒေလီယာကြီး ၃ိ
ကြက်လယ်ဖုံ ဒေလီယာ… ၃ိ
ငုံး ဒေလီယာ ၅ မျိုး ၅ ထုပ် ၁ိ
မြေဖြူပန်း ခေါ် စိန်ဂန္ဓမာ
ရောင်စုံ ဂဲ တအောင်စ ၃ိ ဂဲ
စပါယ်ရှယ် ဂန္ဓမာပွင့်ကြီး
ရောင်စုံ ၁၂ တအောင်စ ၆ိ
၁၃ ကြယ်နီပန်းရောင်စုံ
တထုပ် ၆ိ တအောင်စ ၃ိ
အင်္ဂလိပ် ပန်းချင်ပေါင်
ရောင်စုံ တထုပ်…… ၆ိ
တအောင်စ …… ၆ိ
၆ အင်္ဂလိပ် ဇော်မှားပန်း
ရောင်စုံ တထုပ် …. ၁၂
ဆိတ်ဆက် ဇော်မှားကြီး ၃ိ
ဂျပန် နေကြာ အလှမျိုး ဂဲ
ဒေါင်း နေကြာ ပဒေသာ ၄ိ
ဒေါင်းဖန်ပါ ပန်း ရာသီ
မခွေးစိုက် တထုပ် … ၆ိ
တအောင်စ ရိ ရောင်စုံ
ကြက်ဖယောက်အာပုပိုင်းမျိုး
ရောင်စုံ တထုပ် …. ဂဲ
စိုက်ပျိုးသူတိုင်း လက်ကိုင်
ထားသင့်
သော
တောင်သူ
သိပ္ပံ
စိုက်ပျိုးရေး
စာအုပ်…. ၅ိ
ပန်းမျိုးစုံ
ရာသီစိုက်ပန်း
၁၀ မျိုး တစုံ ၄ိ
သစ္စာပန်း
ရောင်စုံ
အဖြူ ၁ ဒါဇင်
၄ိ ဂဲ
ရောင်စုံ …. ၃ိ
ဦးခိန်ဒေါ်သံ မြန်မာပြည်မျိုးစေ့ကုမ္ပဏီ
Burma Seeds Store.
မန္တလေး
MANDALAY.